# ၁။ ဘုရား ဇိအုန်၌ စံစားကျူး

| Key: D | The Lord in Zion Reigneth | SDAH. 7 | CH. 7 |
|---|---|---|---|

၁။ ဘုရားဇိအုန်၌စံစား၊ မြေကြီးဝမ်းမြောက်ကြချေ။
ကျေးဇူးပလ္လင်တော်ရှေ့ခစား၊ စိတ်ပါလျက်ကျူးအေးလေ၊
ဘုရားဇိအုန်၌စံစား၊ ချီးမွမ်းမည်ထိုအရပ်၊
ကိုယ်တော်အားမင်းအပေါင်းညွတ်တွား၊ ဘုရင်တို့ဘုန်းဆက်ကပ်။

၂။ ဇိအုန်၌စိုးစံဘုရား၊ ဘယ်သူမျှတုမနိုင်။
နက်နဲမြေကြီးလက်တော်၌ထား၊ စွမ်းကြီးပင်လယ်စိုးပိုင်၊
နာမတော်သိဒ္ဓိတင်ကုန်၊ အလံတော်ကိုထူလေ၊
ပင်လယ်၌ရှိကျွန်းအလုံးစုံ၊ ကယ်တင်တန်ခိုးသိစေ။

၃။ ဘုရားဇိအုန်၌စံပေ၊ ဤချိန်ကိုယ်တော်ဆိုင်လေ။
အို၊ ဗိမာန်တော်တံခါးသို့ဝင်၊ ကျူးအေးကြဝင်းတော်တွင်၊
အလံတော်မြတ်၏အောက်မှာ၊ သတ္တဝါပေါင်းဒူးထောက်၊
မြေမိုးဘုရင်စိုးညွတ်တွားရာ၊ ဘုရင်တကာတင်မြှောက်။

# ၂။ ငါ့ဖန်ဆင်းရှင်နှင့်ဘုရင်မင်းမြတ်ကျူး

| Key: C | My Maker and My King | SDAH. 15 | CH. 71 |
|---|---|---|---|

၁။ ဖန်ဆင်းရှင်ဘုရင်မြတ်၊ ရှိသမျှကိုပေးအပ်။
မြတ်မင်္ဂလာအပေါင်းတို့သည်၊ ကိုယ်တော်မှဆင်းသက်၏။
မြတ်မင်္ဂလာအပေါင်းတို့သည်၊ ကိုယ်တော်မှဆင်းသက်၏။

၂။ နိမိတ္တသတ္တဝါ၊ ကိုယ်တော်၌သက်ရှင်ပါ။
ကိုယ်တော်၏ကောင်းချီးများအတွက်၊ ကျေးဇူးတော်ချီးမွမ်းချင်။
ကိုယ်တော်၏ကောင်းချီးများအတွက်၊ ကျေးဇူးတော်ချီးမွမ်းချင်။

၃။ ရှိသမျှကိုယ်တော်ပိုင်၊ ကျွန်ုပ်ဘာများလှူနိုင်။
မေတ္တာတော်ကိုတုံ့ပြန်ရာဝယ်၊ အားနည်းလှ၏တကား။
မေတ္တာတော်ကိုတုံ့ပြန်ရာဝယ်၊ အားနည်းလှ၏တကား။

၄။ ကျွန်ုပ်၏ဝိညာဉ်ကို၊ ခွန်အားဖြင့်ပြည့်စေလို။
ကျွန်ုပ်ဆန္ဒများနှင့်သက်တာ၊ ကိုယ်တော်အဖို့ဖြစ်စေ။
ကျွန်ုပ်ဆန္ဒများနှင့်သက်တာ၊ ကိုယ်တော်အဖို့ဖြစ်စေ။

# ၃။ ဝမ်းမြောက်သောသီချင်းသီဆိုပါကျူး

| Key: A♭ | Wake the Song | SDAH. 34 | CH. 649 |
|---|---|---|---|

၁။ ဝမ်းမြောက်သောသီချင်းသီဆိုပါ၊ ကောင်းဆုံးသီချင်းကျူးအေးပါ။
ရှိသမျှဝမ်းနည်းခြင်းပယ်ကာ၊ ကျယ်လောင်စွာပြုထောပနာ
မိတ်ဆွေများနှင့်ပြန်ဆုံစေလို၊ ကိုယ်တော်အားချီးမွမ်း မြွက်ဆို။
ခြေတော်ရင်းပို့ဆောင်သောလမ်းကို၊ မေတ္တာတော်သံသင်ကြားလို။
*ထပ်ဆိုရန် -*
သီဆိုပါ၊ သီဆိုပါ၊ ဝမ်းမြောက်ရွှင်လန်းသောသီချင်း၊
သီဆိုပါ၊ သီဆိုပါ၊ ပျော်ရွှင်သာယာသီချင်း။

၂။ ဝမ်းမြောက်သောသီချင်းကျူးအေးမည်၊ ပျော်ဖွယ်နေ့ကိုနှုတ်ဆက်မည်။
ဟောရှက္ကာများကျယ်စွာဆိုမည်၊ ကျေးဇူးဂါရဝပြုမည်။
ကယ်တင်ရှင်ဘုန်းတော်ချီးမွမ်းမည်၊ ထက်ရပ်အကြောင်းစဉ်းစားစဉ်။
ရေးဝတ္ထုဟောင်းကိုဆက်ပြောမည်၊ ရွေးနုတ်တော်မူသောကြောင့်ပင်။

၃။ တစ်နှစ်လုံးကရုဏာများတွက်၊ သန့်ရှင်းအဖကျေးဇူးတင်။
ဤနေရာစုရုံးလျက်နေစဉ်၊ ကျေးဇူးတော်ချီးမွမ်းဆိုချင်။
သွေးတော်အားဖြင့်ရွေးနုတ်ခြင်းကို၊ ကယ်တင်ရှင်ကိုချီးမွမ်းလို။
ဝိညာဉ်တော်ဆင်းသက်တော်မူပါ၊ ကိုယ်တော်ထံသို့ပို့ဆောင်ပါ။

# ၄။ ယေရှုနာမတော်ချိုသာလှကျူး

| Key: C | The Name of Jesus Is So Sweet | SDAH. | CH. 643 |
|---|---|---|---|

၁။ ယေရှုနာမတော်ချိုသာလှ၊ ထောမနာသီချင်းကျူးအေးမည်။
ကျွန်ုပ်ဝမ်းမြောက်ခြင်းပြည့်စုံရ၊ ဖိုးထိုက်နာမတော်မြတ်တည်း။

*ထပ်ဆိုရန်*
ယေရှုနာမချိုသာလှ၊ ယေရှုပြောင်းလဲခြင်းမရှိ။
သန့်ရှင်းသူများ   ကြွေးကြော်ကြ၊ ထာဝစဉ်ချီးကျူးထိုက်ပေ။

၂။ ခပ်သိမ်းသောငါ့ဝမ်းနည်းခြင်းများ၊ သိရှိတော်မူ၍ဝေးပယ်ရှား။
ထိုကြောင့်ကိုယ်တော်ကိုချစ်မြတ်နိုး၊ ယေရှုနာမငါ့အားကိုး။

၃။ ထိုနာမမြတ်ကိုစဉ်ကြားလို၊ ထောမနာပြုခြင်းဖြင့်သီဆို။
ကျဆင်းသောမျက်ရည်ခြောက်စေရ၊ ယေရှုနာမချီးမြှောက်ကြ။

၄။ နာမတော်မည်မျှမြတ်နိုးဖွယ်၊ လူနှုတ်ဖြင့်ဖော်ထုတ်ရန်မလွယ်။
တိုးတက်ချီးမွမ်းလျက်ရှိကြစေ၊ နာမတော်ကိုချီးကျူးလေ။

# ၅။ ယေရှုအံ့ဖွယ်သောမေတ္တာကျူး

| Key: C | Wonderful Love of Jesus | SDAH. | CH. 650 |
|---|---|---|---|

၁။ ဝမ်းမြောက်မြင့်မြတ်သီချင်းသံပြိုင်
ကျေးဇူးသံနှင့်ကျွန်ုပ်ကျူးမှာ၊
သို့သော်မည်သူထိုက်စွာကျူးနိုင်၊
သခင်ယေရှုအံ့ဖွယ်သောမေတ္တာ။

*ထပ်ဆိုရန်* -
အံ့ဖွယ်မေတ္တာ၊ အံ့ဖွယ်မေတ္တာ၊
ယေရှုအံ့ဖွယ်သောမေတ္တာ၊
အံ့ဖွယ်မေတ္တာ၊ အံ့ဖွယ်မေတ္တာ၊
ယေရှုအံ့ဖွယ်သောမေတ္တာ။

၂။ နေ့ချိန်ဝမ်းမြောက်ညဥ့်ချိန်ဆိတ်အေး၊
လှိုင်း၌ငြိမ်ခြင်းမှောင်မိုက်လင်းရာ၊
နာလျှင်သာယာအားနည်းအားပေး၊
သခင်ယေရှုအံ့ဖွယ်သောမေတ္တာ။

၃။ ကောင်းလျှင်ပြစ်လွှတ်မည်မျှော်လင့်သည်၊
လဲလျှင်ချီမမူမည်ယုံပါ၊
ရှင်ခြင်းသေခြင်းအားလုံးပြည့်သည်၊
သခင်ယေရှုအံ့ဖွယ်သောမေတ္တာ။

# ၆။ သခင်နံနက်၌ကျူး

| Key: F | Lord, in the Morning | SDAH.39 | CH.39 |
|---|---|---|---|

၁။ ကျွန်ုပ်၏စကားပတ္တနာ၊ ကိုယ်တော်နံနက်ကြားမည်။
ကျွန်ုပ်မျက်စိနှင့်မျှော်ကြည့်ကာ၊ ကိုယ်တော်ကိုဆုတောင်းမည်။

၂။ သန့်ရှင်းသူတို့တွက်မှုဆောင်ရာ၊ စျာန်ကြွခရစ်တော်မှာ။
ခမည်းတော်ရှေ့ကျွန်ုပ်တွက်တာ၊ ခစားတောင်းပန်နေရှာ။

၃။ ဝိညာဉ်အားဖြင့်ကျွန်ုပ်ခြေများ၊ လမ်းကောင်း၌လျှောက်စေပါ။
ကျွန်ုပ်မျက်နှာရှေ့လင်းစေသား၊ မှုလမ်း၌ဖြောင့်စေပါ။

၄။ နာမတော်ကိုချစ်သူတို့သည်၊ မျှော်လင့်ခြင်းပြည့်စုံမည်။
တန်ခိုးကြီးသောဘုရားဝိုင်းပြီ၊ သူတို့ကိုကွယ်ကာမည်။

# ၇။ နေမြဲနေတော်မူပါကျူး

| Key: E♭ | Abide With Me | SDAH.50 | CH.50 |
|---|---|---|---|

၁။ ညဥ့်ဦးအချိန်ရှိပြီမိုးလည်းချုပ်သည်၊
ကိုယ်တော်အပြင်မစနိုင်သူမရှိ။
အကျိုးနည်းသူကိုထောက်ပံ့အံ့သောငှါ၊
အကျွန်ုပ်နှင့်အတူနေပါဘုရား။

၂။ အဆုံးတိုင်အောင်အသက်တာယုတ်လျော့သည်၊
မြေကြီးစံစားရာမွဲဘုန်းလဲစဲပြီ။
ဤလောက၌အနိစ္စသာထင်ရှား၊
အမြဲတည်ရှင်ကြွလာနေတော်မူပါ။

၃။ အစဉ်ကိုယ်တော်ကိုဖူးတွေ့လိုသတည်း၊
မာရ်နတ်တန်ခိုးဘယ်သူချိုးနိုင်သနည်း။
ကိုယ်တော်မြတ်သာလျှင်တတ်နိုင်တော်မူရာ၊
ဩကျေးဇူးရှင်နေမြဲနေတော်မူပါ။

၄။ ကောင်းကျိုးပေးရန်အနားမှာနေမူလျှင်၊
ဘေးများအတွက်မစိုးရိမ်ပါအရှင်။
သေမင်းလက်နက်အဘယ်မှာရှိသနည်း၊
တန်ခိုးတော်အားဖြင့်ကျွန်ုပ်အောင်လိမ့်တည်း။

# ၈။ နေအနောက်သို့ဝင်လုဆဲကျူး

| Key: G | Day Is Dying in the West | SDAH. 51 | CH. 51 |
|---|---|---|---|

၁။ နေအနောက်သို့ဝင်လုဆဲ၊ မြေကြီးအလုပ်မှရပ်စဲ။
စောင့်၍ကိုးကွယ်ညဥ့်ချိန်တွင်၊ ညနေမီးအရောင်ထွန်းလင်း၊
ကောင်းကင်ထက်တွင်။

*ထပ်ဆိုရန်*

သန့်ရှင်း၊ သန့်ရှင်း၊ သန့်ရှင်း၊ ဗိုလ်ခြေသခင်။
ကောင်းကင်နှင့်မြေကြီးတို့တွင်၊
ကိုယ်တော်ကိုချီးမွမ်းကြစဉ်၊
မြတ်ဆုံးသခင်။

၂။ စကြဝဠာအောက်ရပ်သည်၊ သက်သခင်အိမ်ဖြစ်မူသည်။
မျက်နှာတော်ကိုရှာသူအား၊ ရင်ခွင်၌စုသိမ်းမူပါ၊
ကိုယ်တော်နီးမှာ။

၃။ မှောင်မိုက်အရိပ်လွှမ်းမိုးခါ၊ မေတ္တာတော်ပွေ့ပိုက်မူပါ။
ကြယ်တို့ဘုန်းရောင်ခြည်များလည်း၊ မျက်နှာတော်ကို
ကွယ်သော်လည်း၊ ဆုတောင်းကြတည်း။

၄။ မျက်မှောက်မှထာဝရစဉ်၊ ကြယ်၊ နေ့၊ ညဥ့်များကွယ်လွန်လျှင်။
ဗိုလ်ခြေရှင်ကျွန်ုပ်တို့တွင်၊ ထာဝရနံနက်ထွန်းလင်း၊
မှောင်မိုက်ကင်းရှင်း။

# ၉။ ကိုယ်တော်သင်နှင့်တူရှိစေသောကျူး

| Key: B♭ | God Be With You | SDAH. 65 | CH. 35 |
|---|---|---|---|

၁။ ပြန်လည်တွေ့ဆုံရကြသည်တိုင်အောင်၊
ကိုယ်တော်သင်နှင့်တူရှိစေသော၊
သင့်ကိုသွန်သင်လမ်းပြရှေ့ဆောင်၊
သိုးတို့နှင့်လုံခြုံစွာသိမ်းစေသော။
*ထပ်ဆိုရန်*
ယေရှုရှင်ခြေတော်ရင်း
ပြန်လည်ဆုံတွေ့သည်တိုင်အောင်၊
သင်တို့နှင့်ကိုယ်တော်ရှင်၊
အစဉ်မပြတ်အတူရှိစေသော။

၂။ ပြန်လည်တွေ့ဆုံရကြသည်တိုင်အောင်၊
ကိုယ်တော်သင်နှင့်တူရှိစေသော၊
အတောင်တော်အောက်ဘေးကင်းစေအောင်၊
နေ့စဉ်မန္နမုန့်ကိုပေးစေသော။

၃။ ပြန်လည်တွေ့ဆုံရကြသည်တိုင်အောင်၊
ကိုယ်တော်သင်နှင့်တူရှိစေသော၊
ဒုက္ခထူထပ်ကျသည်တိုင်အောင်၊
လက်တော်ဖြင့်သင့်ကိုပိုက်ဖက်စေသော။

၄။ ပြန်လည်တွေ့ဆုံရကြသည်တိုင်အောင်၊
ကိုယ်တော်သင်နှင့်တူရှိစေသော၊
ချစ်ခြင်းအလံတော်လွှင့်ထူဆောင်၊
သေခြင်းလှိုင်းတံပိုးကိုငြိမ်းစေသော။

# ၁၀။ ခမည်းတော်ချီးမွမ်းကျူး

| Key: A♭ | Praise Ye the Father | SDAH. 70 | CH. 9 |
|---|---|---|---|

၁။ ခမည်းတော်ချီးမွမ်း၊ ကရုဏာရှင်ဖြစ်ပေ၊
လမ်းလွဲသူများအား၊ သိမ်မွေ့စွာစောင့်ရှောက်လေ၊
ကောင်းကင်တမန်များ၊ ကိုယ်တော်ကိုချီးမွမ်းကြ၊
ယေဟောဝါချီးမွမ်းပါ။

၂။ ကယ်တင်ရှင်ချီးမွမ်း၊ ကရုဏာတော်ကြီးပေ၊
ရွေးချယ်ခံသူအား၊ ကြင်နာစွာစောင့်ရှောက်လေ၊
လူငယ်လူရွယ်များ၊ သက်ကြီးသက်ငယ်များတို့၊
ကယ်တင်ရှင်ချီးမွမ်းစို့။

၃။ ဝိညာဉ်တော်ချီးမွမ်း၊ ဥပဇ္ဈာယ်ဆရာပေ၊
ကောင်းချီးပေးစေဖို့၊ စေလွှတ်ခြင်းခံရလေ၊
ခမည်းတော်၊ သားတော်၊ ဝိညာဉ်တော်သုံးပါးကို၊
ထောမနာပြုစေလို သေခြင်းလှိုင်းတံပိုးကိုငြိမ်းစေသော။
သင့်ကိုသွန်သင်လမ်းပြရှေ့ဆောင်၊
သိုးတို့နှင့်လုံခြုံ စွာသိမ်းစေသော။

# ၁၁။ တန်ခိုးအနန္တရှင်ကျူး

| Key: F | Come, Thou Almighty King | SDAH. 71 | CH. 3 |
|---|---|---|---|

၁။ တန်ခိုးအနန္တရှင်၊ ကြွလာမဟာဘုရင်၊
နာမတော်ကို၊ ကျွန်ုပ်တို့ချီးမွမ်းလို၊
အဖမစတော်မူအောင်မြင်ဘုန်းနှင့်အတူ၊
စိုးစံတော်မူ။

၂။ အို-ဥပဒ္ဒါယ်ဆရာ၊ သက်သေတော်ခံခြင်းငှါ၊
ယခုကြွပါ၊ တန်ခိုးခပ်သိမ်းရှိပါ၊
ဝိညာဉ်တော်မြတ်မဟာကျွန်ုပ်တို့အပေါ်မှာ၊
စိုးစံတော်မူ။

၃။ သုံးပါးတစ်ဆူဘုရား၊ ကိုယ်တော်အရှင်မြတ်အား၊
ချစ်ခင်ရိုကျိူး၊ အထက်ဘုံလက်စုံမိုး၊
ရှိခိုးဖူးမြော်တန်ခိုး၊ ရှိတော်မူအာနဘော်၊
စဉ်သာမှခေါ်။

# ၁၂။ သန့်ရှင်း၊ သန့်ရှင်း၊ သန့်ရှင်းကျူး

| Key: D | Holy, Holy, Holy | SDAH. 73 | CH. 73 |
|---|---|---|---|

၁။ သန့်ရှင်း၊ သန့်ရှင်း၊ သန့်ရှင်း၊ အနန္တအရှင်၊
မိုးသောက်ယံ၌အကျွန်ုပ်တို့ချီးမွမ်းအစဉ်၊
သန့်ရှင်း၊ သန့်ရှင်း၊ သန့်ရှင်းကရုဏာစွမ်းကြီးရှင်၊
ဝေနေယျကိုအစဉ်အုပ်စိုးဘုရင်။

၂။ သန့်ရှင်း၊ သန့်ရှင်း၊ သန့်ရှင်း၊ ကောင်းကင်သားတို့သည်၊
သူတို့ပေါင်းကိုဖန်ရေကန်ရှေ့ချတ်ကန်တော့ပြီ၊
ထောင်သောင်းသိန်းသန်းတို့သည်ပျပ်ဝပ်ကိုးကွယ်ကြသည်၊
ပစ္စုပ္ပန်အတိတ်အနာဂတ်မြဲတည်။

၃။ သန့်ရှင်း၊ သန့်ရှင်း၊ သန့်ရှင်း၊ ဘုန်းတော်ကိုသခင်၊
မှောင်ဖုံးကွယ်၍လူမျက်စိဖြင့်မမြင်သော်ပင်၊
ကိုယ်တော်သာလျှင်သန့်ရှင်း၊ တုပြိုင် မရှိအရှင်၊
တန်ခိုးမေတ္တာစင်ကြယ်ခြင်းပြည့်စုံလင်။

# ၁၃။ ချစ်တော်မူသည်ကိုကြည့်ရှုဆင်ခြင်လော့ကျူး

| Key: D♭ | Behold! What Love! | SS. 21 | CH. |
|---|---|---|---|

၁။ အပြစ်များသောကျွန်ုပ်တို့ပင်၊ သားတော်ခေါ်ခြင်းခံရလျှင်၊
ကိုယ်တော်မြတ်၏ချစ်မေတ္တာတော်၊ ဆင်ခြင်အောက်မေ့ကြလော့။

*ထပ်ဆိုရန်*

ဘုရားသခင်၏သားတော်၊ ခေါ်ဝေါ်ခြင်းအခွင့်ကို၊
ငါတို့သည်ရမည်အကြောင်းတည်း၊
ဘုရားသခင်ငါတို့ကိုချစ်မေတ္တာတော်၊ ကြည့်ရှုလော့။

၂။ သွန်းတော်မူသွေးတော်မြတ်ကြောင့်သာ၊ ကိုယ်တော်မြတ်နှင့်နီးလာ၊
ချစ်သားခေါ်သော်လက်ခံမှုပြီ၊ ရင်ခွင်တော်၌လျောင်းမည်။

၃။ နောင်ဘုန်းတော်တွင်ဘယ်သို့ဖြစ်မည်၊ ယခုမထင်ရှားသေး။
ကိုယ်တော်မြတ်ထင်ရှားပေါ်ထွန်းသော်၊ သဏ္ဍာန်တော်နှင့်တူချေ။

၄။ ထိုသို့မျှော်လင့်သူမည်သည်ကား၊ ကိုယ်တော်ကဲ့သို့ဖြစ်ရာ၊
သေခြင်းကိုအောင်၊ ဘုန်းကြီးအရှင်၊ မျက်နှာတော်မြတ်ဖူးမြင်။

# ၁၄။ ယေဟောဝါပလ္လင်တော်ရှေ့မှာကျူး

| Key: D | Before Jehovah's Awful Throne | SDAH. 82 | CH. 1 |
|---|---|---|---|

၁။ ယေဟောဝါပလ္လင်တော်ရှေ့မှာ၊
လူမျိုးတို့ရွှင်လန်းဦးချကုန်၊
ကိုယ်တော်သာဘုရားရှင်ဖြစ်ပါ၊
ဖန်ဆင်းနိုင်၍ဖျက်ဆီးနိုင်ကုန်။

၂။ တန်ခိုးတော်ဖြင့်သာငါတို့အား၊
မြေမှုန့်မှဖန်ဆင်းတော်မူပြီ၊
ငါတို့သိုးကဲ့သို့လမ်းလွဲရာ၊
သိုးခြံတွင်းသို့ပို့ဆောင်မူပြီ။

၃။ ကောင်းကင်တိုင်အောင်အသံလွှင့်လျက်၊
ကျေးဇူးဂုဏ်တော်ချီးမွမ်းကျူးအေး၊
မြေကြီးသားအပေါင်းရွှင်မြူးလျက်၊
မင်္ဂလာသြဘာပေးကြလေ။

၄။ အာဏာတော်မြေကြီးမျှကျယ်၏၊
မေတ္တာတော်အနန္တတည်သည်၊
သစ္စာတော်သည်ကျောက်လိုမြဲ၏၊
ကမ္ဘာကုန်ဆုံးတိုင်ဖြစ်သတည်း။

# ၁၅။ အို-ရှင်ဘုရင်ကိုကိုးကွယ်ဝတ်ပြု ကြကျူး

| Key: G | O Worship the King | SDAH. 83 | CH. 75 |
|---|---|---|---|

၁။ ကိုးကွယ်ဝတ်ပြုကြ၊ ထက်ဘုန်းကြီးရှင်ကို၊
အံ့ဖွယ်မေတ္တာကို၊ ကျေးဇူးတင်သီဆို၊
ငါတို့ဒိုင်းလွှားကွယ်ကာရှင်ဖြစ်တော်မူပါ၊
ခမ်းနားခြင်းနှင့်ဝိုင်းလျက်ချီးမွမ်းထိုက်လှရာ။

၂။ အာနုဘော်ကြော်ကြြာ၊ ကျေးဇူးချီးမွမ်းကုန်၊
မျက်နှာကြက်ကားမိုး၊ အလင်းကားဝတ်ရုံ၊
အမျက်တော်ထစ်ချုန်းမိုးကြိုးသံနှင့်တူချေ၊
သွားရာလမ်းမှောင်သောလေပြင်းအတောင်ဖြစ်စေ။

၃။ မဟာကျေးဇူးမည်၊ သူချီးမွမ်းနိုင်ရာ၊
လေတွင်ဖြန့်ကြဲလျက်၊ အလင်းတွင်တောက်လာ၊
တောင်ပေါ်မှစီးဆင်းလျက်မြေပြန့်သို့လာသည်၊
မိုးနှင်းရည်အဖြစ်၌မွှေးကြိုင်သင်းထုံသည်။

၄။ မြေမှုန့်ဇာတိလူ၊ မျိုးအားနည်းလှသည်၊
စွမ်းကြီးသောကိုယ်တော်၊ ၌အားကိုးပါပြီ၊
ဆုံးတိုင်ကရုဏာသိမ်မွေ့ခိုင်ခံ့တကား၊
ဖန်ဆင်းကွယ်ကာရွေးနုတ်မိတ်ဆွေမြတ်ဘုရား။

# ၁၆။ ကိုယ်တော်သာလျှင်ကြီးမြတ်တော်မူပေကျူး

| Key: B♭ | How Great Thou Art! | SDAH. | CH. |
|---|---|---|---|

၁။ အို၊ ဖဘုရား၊ ကျွန်ုပ်မှာအံ့ဖွယ်ရာများ၊
အောက်မေ့စဉ်ခါကိုယ်တော်ဖန်ဆင်းလျက်ထား၊
နက္ခတ်တာရာ၊ မိုးကြိုးထစ်ချုန်းသံများပြင်၊
ခပ်သိမ်းမူရာပြုပြင်တော်မူအရှင်။

*ထပ်ဆိုရန်*

ကျွန်ုပ်ဝိညာဉ်ကိုယ်တော်ကိုချီးမွမ်းချင်၊
ကိုယ်တော်သာလျှင်ကယ်တင်ပိုင်ရှင်၊
ကျွန်ုပ်ဝိညာဉ်ကိုယ်တော်ကိုချီးမွမ်းစေ၊
ကိုယ်တော်သာလျှင်ကြီးမြတ်မူပေ။

၂။ တောအုံတောင်ကြား၊ ကျွန်ုပ်ခရီးသွားရာလမ်း၊
ကျေးငှက်များစွာသာယာမြည်တွန်ပျံသန်း၊
ကုန်းမြင့်တောင်ထိပ်၊ ဆိတ်ငြိမ်ရာရပ်မှမြင်နိုင်၊
မြက်ခင်းလွင်ပြင်လေညင်းတိုက်ခတ်ယိမ်းယိုင်။

၃။ ဘုရားရှင်မှာ၊ သားတော်ကိုပင်မညှာပေ၊
လူသတ္တဝါပေါင်းတွက်သက်သေခံပေ၊
ကပ်တိုင်ပေါ်ဝယ်၊ သွေးတော်ပင်သွန်းခြင်းခံရှာ၊
လူတို့ပြစ်များကိုယ်တော်ဆောင်ယူကြွသွား။

၄။ ကြွလာခြင်းကို၊ ကျွန်ုပ်တို့မျှော်လင့်တောင့်တ၊
နေ့ညမပြတ်ဒူးထောက်ဆုတောင်းနေအပ်၊
ယေရှုသခင်၊ တစ်ဖန်ဆင်းသက်ကြွလာပ၊
ကောင်းကင်စံရာကျွန်ုပ်ကိုဆောင်ယူအပ်။

# ၁၇။ တန်ခိုးအကြောင်းငါသီချင်းကျူး

| Key: C | I Sing the Mighty Power | SDAH. 88 | CH. 93 |
|---|---|---|---|

၁။ သမုဒ္ဒရာချုပ်ထားပေရှာ၊ တောင်များပေါ်စေမူပေ၊
ကောင်းကင်တည်ရာတန်ခိုးမဟာ၊ အကြောင်းသီချင်းကျူးလေ၊
နေကိုဥပဒေစီရင်ပေ၊ ဉာဏ်တော်ကိုချီးမွမ်းသည်၊
အမိန့်တော်အတိုင်းလသာစေ၊ ကြယ်များနားထောင်ကြသည်။

၂။ ဘုရားသခင်ကောင်းမြတ်မှုလို၊ စားရန်မြေကြီးပြည့်ဝ၊
တန်ခိုးအတိုင်းသတ္တဝါတို့၊ ဖြစ်၍အလွန်ကောင်းစွ၊
အံ့ဖွယ်မှုတော်ဘယ်လောက်များစွာ၊ ကောင်းကင်သို့မျှော်ကြည့်လျှင်၊
နင်းသောမြေမှုန့်ကိုငုံ့ကြည့်ပါ၊ လက်ရာကိုကျွန်ုပ်မြင်။

၃။ သီးမြက်ပန်းပင်ရှိလေသမျှ၊ ဘုန်းတန်ခိုးထင်ရှားရာ၊
မိုးတိမ်နှင့်လှိုင်းတံပိုးတို့ကျ၊ မိန့်တော်အတိုင်းတက်လာ၊
လက်တော်ကသက်ရသတ္တဝါ၊ ကြည့်တော်မူခြင်းအရ၊
ကျွန်ုပ်တို့ပြေးရာအရပ်မှာ၊ ကိုယ်တော်ကိုတွေ့ရကြ။

# ၁၈။ ခမည်းတော်ကမ္ဘာပင်ကျူး

| Key: D | This is My Father's World | SDAH. 92 | CH. 646 |
|---|---|---|---|

၁။ ခမည်းတော်ကမ္ဘာပင်၊ ကျွန်ုပ်နားထောင်နေလျှင်၊
ကမ္ဘာတန်ဆာအပေါင်းတို့သည်၊ သီချင်းကျူးအေးသံမြည်။
ခမည်းတော်ကမ္ဘာပင်၊ ကျောက်ဆောင်သစ်ပင်ကောင်းကင်၊
ရေပြင်တို့ကြောင့်ဖန်ဆင်းတော်မူခြင်း၊
ကျွန်ုပ်ကောန်မှန်သိမြင်။

၂။ ခမည်းတော်ကမ္ဘာပင်၊ ကောင်းကင်ငှက်ကျူးအေးခြင်း၊
နံနက်ရောင်ခြည်နှင့်နှင်းပန်းများ၊ ကျေးဇူးတော်ချီးမွမ်းပါ။
ခမည်းတော်ကမ္ဘာပင်၊ သာယာခြင်းကိုတွေ့မြင်၊
လှုပ်ရှားမြက်ပင်ကိုယ်တော်လျှောက်သည်မှာ၊
သံတော်ကြားခပ်သိမ်းနေရာ။

၃။ ခမည်းတော်ကမ္ဘာပင်၊ ဘယ်ခါမျှမမေ့ချင်၊
အမှားသည်ထွက်ကြွတတ်သော်လည်း၊
ကိုယ်တော်အုပ်စိုးသေးသည်။
ခမည်းတော်ကမ္ဘာပင်၊ ဘယ်ကြောင့်ဝမ်းနည်းရနည်း၊
ကိုယ်တော်သည်ဘုရင်ဖြစ်လျက်အုပ်စိုး၊
ကောင်းကင်မြေကြီးသီချင်းဆို။

# ၁၉။ တင့်တယ်လှပရှိသမျှကျူး

| Key: G | All Things Bright and Beautiful | SDAH. 93 | CH. 421 |
|---|---|---|---|

၁။ လှပသောပန်းပွင့်ဖုံဖုံ၊ မြည်တွန်သောငှက်များလည်း၊
အရောင်အဆင်းအမျိုးစုံ၊ ကိုယ်တော်ဖန်ဆင်းသတည်း။

*ထပ်ဆိုရန်*
တင့်တယ်လှပရှိသမျှ၊ ကြီးငယ်သတ္တဝါသည်၊
အံ့သြဖွယ်ရာရှိပေစွ၊ ဘုရားဖန်ဆင်းမှုသည်။

၂။ အလွန်မြင့်သောတောင်ကြီးတို့၊ လှပသောမိုးတိမ်လည်း၊
နေထွက်နေဝင်ရောင်ခြည်ကို၊ ဖန်ဆင်းတော်မူသတည်း။

၃။ စပါးစိုက်သောမိုးဥတု၊ ချမ်းအေးသောဆောင်းရာသီ၊
အသီးမှည့်သောနွေဥတု၊ ကိုယ်တော်ကန့်သတ်လေသည်။

၄။ သစ်တောမှရသောသစ်သား၊ မိုးဖို့ဓနိသက်ငယ်၊
အိမ်ဆောက်ဖို့ရန်ခုတ်သောဝါး၊ ဖန်ဆင်းတော်မူပေတယ်။

# ၂၀။ ကိုယ်တော်စောင့်ထိန်းလိမ့်မည်ကျူး

| Key: B♭ | God Will Take Care of You | SDAH. 99 | CH.278 |
|---|---|---|---|

၁။ ဖြစ်သမျှမှာမကြောက်ပါနှင့်၊
ကိုယ်တော်စောင့်ထိန်းလိမ့်မည်။
မေတ္တာတော်တွင်ကိန်းဝပ်သဖြင့်၊
ကိုယ်တော်စောင့်ထိန်းလိမ့်မည်။

*ထပ်ဆိုရန်*

စောင့်ထိန်းတော်မူလိမ့်မည်၊
နေ့စဉ်လျှောက်ရာခရီးလမ်းမှာ၊
ကိုယ်တော်စောင့်ထိန်းလိမ့်မည်၊
ကိုယ်တော်စောင့်ထိန်းမူရှာ။

၂။ ဒုက္ခထဲမှာစိတ်ပျက်သောခါ၊
ကိုယ်တော်စောင့်ထိန်းလိမ့်မည်၊
သင့်လမ်းပေါ်မှာဘေးရောက်သောခါ၊
ကိုယ်တော်စောင့်ထိန်းလိမ့်မည်။

၃။ သင်လိုသမျှကိုယ်တော်ပေးမည်၊
ကိုယ်တော်စောင့်ထိန်းလိမ့်မည်၊
တောင်းသမျှလည်းမငြင်းပယ်ပြီ၊
ကိုယ်တော်စောင့်ထိန်းလိမ့်မည်။

၄။ အဘယ်ကဲ့သို့ဖြစ်သည်မဆို၊
ကိုယ်တော်စောင့်ထိန်းလိမ့်မည်၊
ရင်ခွင်တော်တွင်အားကိုးမှီခို၊
ကိုယ်တော်စောင့်ထိန်းလိမ့်မည်။

# ၂၁။ ကိုယ်တော်သစ္စာကြီးမြတ်ကျူး

| Key: D♭ | Great Is Thy Faithfulness | SDAH. 100 | CH. |
|---|---|---|---|

၁။ ကိုယ်တော်သစ္စာကြီးမြတ်အိုအဖဘုရား၊
ပြောင်းလဲရိပ်မရှိရာ၊ ကိုယ်တော်ရှင်သာ၊
ထာဝရတည်မြဲကျဆုံးခြင်းမရှိပါ၊
ကိုယ်တော်တည်ရှိခြင်းထာဝရသက်သာ။

*ထပ်ဆိုရန်*

ကိုယ်တော်သစ္စာကြီးမြတ်၊
ကိုယ်တော်သစ္စာကြီးမြတ်၊
နံနက်တိုင်းကရုဏာသစ်ကိုမြင်ရ၊
ငါလိုသမျှကို ကိုယ်တော်စီစဉ် မစ၊
ကိုယ်တော်သစ္စာကြီးမြတ်ကျွန်ုပ်ပေါ်မှာ။

၂။ နွေမိုးဆောင်းအချိန်နှင့်ရိတ်သိမ်းရာချိန်မှာ၊
နေလကြယ်များမိမိနေရာလင်းရာ၊
သဘာဝတရားနှင့်ဆက်နွှယ်သက်သေပါ၊
ကိုယ်တော်သစ္စာကြီးမြတ်ချစ်ကရုဏာ။

၃။ ပြစ်လွှတ်ခြင်းတွက်ငြိမ်သက်ခြင်းမြဲမြံတည်စေ၊
ကိုယ်တော်ပါဝင်လျှင်ပျော်ရွှင်ခြင်းဖြစ်ပေ၊
ယနေ့ခွန်အားနောက်နောင်တွက်မျှော်လင့်စရာ၊
ထောင်သောင်းမင်္ဂလာများအသင့်ရှိနေ။

# ၂၂။ ကိုယ်တော်မြတ်သည်ကျွန်ုပ်တို့ခိုလှုံရာကျူး

| Key: C | O God, Our Help | SDAH. 103 | CH. 81 |
| --- | --- | --- | --- |

၁။ ကိုယ်တော်ကာလအစဉ်အဆက်၊ ကျွန်ုပ်တို့ခိုလှုံရာ။
လေပြင်းကျသော်ကွယ်ကာမှုလျက်၊ စံတော်မူပါဘုရား။

၂။ ပလ္လင်တော်၏အရိပ်အောက်တွင်၊ လုံခြုံစွာနေရပြီ။
လက်ရုံးတော်ကိုဆန့်တော်မူလျှင်၊ ဘေးကင်း၍နေလိမ့်မည်။

၃။ မြေကြီးလွတ်လပ်လဟာဖြစ်ပေ၊ တောင်များမပေါ်မီခင်။
ကိုယ်တော်နိစ္စရူပတည်ပေ၊ လောကုတ္တရာဘုရင်။

၄။ အနှစ်တစ်ထောင်သည်လွန်ပြီးသော၊ မနေ့ကဲ့သို့ဖြစ်သည်။
ညဥ့်ယံတစ်ယံကဲ့သို့ကိုယ်တော်၊ မှတ်တော်မူလေသတည်း။

၅။ လွန်ခဲ့ကာလကိုယ်တော်မြတ်သည်၊ ကျွန်ုပ်တို့ခိုလှုံရာ။
နောင်လာလတ္တံ့ကာလထိုနည်း၊ စောင့်မတော်မူဘုရား။

# ၂၃။ အံ့ဖွယ်ကျေးဇူးတော်ကျူး

| Key: F | Amazing Grace | SDAH. 108 | CH. |
|---|---|---|---|

၁။ ကျေးဇူးမေတ္တာ၊ အံ့ဖွယ်ချိုသာ၊ ပြစ်သားငါ့ကိုကယ်ရှာ။
ပျောက်ဆုံးရာမှပြန်တွေ့ခဲ့ပြီ၊ ကန်းသောမျက်စိမြင်ပြီ။

၂။ သက်တာခရီး၊ ကြောက်ဖွယ်လမ်းများ၊ ကျေးဇူးတော်စဉ်ရှိပါ။
ယုံသည့်ချိန်မှာရဲရင့်အားရှိ၊ ကြောက်ခြင်းလျှင်းမရှိပြီ။

၃။ ဒုက္ခပြည့်ဝ၊ ပြစ်နွံတွင်းမှ၊ ကိုယ်တော်ထံသို့လာပြီ။
ငါ့အားကယ်တင်ကျေးဇူးတော်သည်၊ အိမ်တော်သို့ပို့ဆောင်မည်။

၄။ နေထက်တောက်ပ၊ ထိုပြည်တော်မှာ၊ အံ့ဖွယ်ကျေးဇူးတော်များ။
ရေးကကဲ့သို့ချီးမွမ်းဆိုမည်၊ ကုန်ဆုံးခြင်းမရှိပြီ။

# ၂၄။ အံ့ဖွယ်ကရုဏာကျေး

| Key: G | Marvelous Grace | SDAH. 109 | CH. |
|---|---|---|---|

၁။ ချစ်ဖွယ်ဘုရားရှင်အံ့ဖွယ်ကရုဏာ၊
ပြစ်ဒုစရိုက်ထက်၊ သာလွန်ကရုဏာ၊
သိုးသငယ်သွေးခံရာကရာနီ၊
ဟိုတောင်ကုန်းပေါ်သွေးတော်သွန်းခဲ့ပြီ။

*ထပ်ဆိုရန်*

ဘုရားရှင်၊ ကရုဏာ၊
(အံ့ဖွယ်ကရုဏာ၊ စုံလင်ကရုဏာ)
အပြစ်အားလုံးခွင့်လွှတ်ဆေးကြောသည်၊
ဘုရားရှင်၊ ကရုဏာ၊
(အံ့ဖွယ်ကရုဏာ၊ စုံလင်ကရုဏာ)
အပြစ်အားလုံးထက်ကြီးမားပေသည်။

၂။ ပြစ်နှင့်စိတ်ပျက်ခြင်းရေလှိုင်းပမာ၊
ငါ့ဝိညာဉ်ကိုစည်းခြိမ်းခြောက်နေကာ၊
ပြောမကုန်ကရုဏာတော်ကြီးမားပေ၊
ခိုလှုံရာကပ်တိုင်ကိုညွှန်ပြနေ။

၃။ အံ့ဖွယ်ကန့်သတ်ကင်းဆုံးမဲ့ကရုဏာ၊
ယုံကြည်သူအားခမဲ့ပေးကမ်းရာ၊
မျက်နှာတော်အား၊ ဖူးတွေ့လိုသင်ကား၊
ခချိန်ကရုဏာတော်လက်ခံမည်လား။

# ၂၅။ ထက်ဘုံတော်မှကောင်းကင်သားများကျူး

| Key: B♭ | Angels From the Realms of Glory | SDAH. 119 | CH. 113 |
|---|---|---|---|

၁။ ထက်ဘုံတော်မှကောင်းကင်သားများ၊ မြေကြီးပေါ်သို့ကြွဆင်းလာ၊
ဖန်ဆင်းစကချီးမွမ်းသူများ၊ မေရှိဖွားကြောင်း ကြွေးကြော်ပါ၊
ကိုးကွယ်ဖို့ရာခုလာကြပါ၊ သူငယ်တော်အားဦးချကြ။

၂။ သိုးထိန်းများသည်ကွင်းပြင်ပေါ်မှာ၊ သိုးများကိုစောင့်ထိန်းစဉ်ခါ၊
ရှင်ဘုရားသည်လူဇာတိနှင့်၊ မြေကြီးပေါ်သို့ ကြွသက်ဆင်း
ကိုးကွယ်ဖို့ရာခုလာကြပါ၊ သူငယ်တော်အားဦးချကြ။

၃။ ပညာရှိများတွက်ချက်ရာမှ၊ ဗျာဒိတ်တော်ကိုရှုမျှော်ကြ၊
လူမျိုးပေါင်းတောင့်တမေရှိယ၊ ထူးဆန်းကြယ်တွေ့မြင်သိရ၊
ကိုးကွယ်ဖို့ရာခုလာကြပါ၊ သူငယ်တော်အားဦးချကြ။

၄။ သန့်ရှင်းသူများကြာမြင့်လှစွာ၊ စောင့်ခဲ့ပြီပလ္လင်ရှေ့မှာ၊
ကိုယ်တော်ရှင်သည်ဆင်းကြွလာပြီ၊ ကျွန်ုပ်တို့တွင်ကိန်းဝပ်သည်၊
ကိုးကွယ်ဖို့ရာခုလာကြပါ၊ သူငယ်တော်အားဦးချကြ။

# ၂၆။ သီချင်းသံကြားရပြီကျူး

| Key: G | There's a Song in the Air | SDAH.120 | CH.106 |
|---|---|---|---|

၁။ သီချင်းသံကြားရပြီး၊ ကောင်းကင်တွင်ကြယ်ပေါ်သည်၊
ချစ်မိခင်ဆုတောင်းသံ၊ သူငယ်တော်သံနားစံ၊
ကြည်လင်လှပသောကြယ်မိုးကောင်းကင်တွင်စီခြယ်၊
ကြောင်းမူကားဗက်လင်မြို့တွင်သူငယ်တော်ဖွားမြင်။

၂။ ရှင်လန်းစိတ်များအံ့ကြ၊ အံ့ဖွယ်ဖွားမြင်ပြီးမှ၊
ပျိုကညာဝမ်းတွင်နေ၊ မိုးမြေအုပ်စိုးရှင်ပေ၊
ကြည်လင်လှပသောကြယ်မိုးကောင်းကင်တွင်စီခြယ်၊
ကြောင်းမူကားဗက်လင်မြို့တွင်သူငယ်တော်ဖွားမြင်။

၃။ ထိုကြယ်တော်လမ်းပြရာ၊ ကုန်မဆုံးတောက်ပရာ၊
ထိုသီချင်းသံချိုသာ၊ ကမ္ဘာဝန်းလုံးရောက်လာ၊
နေရာတိုင်းတွင်လှုပ်ရှားကြည်လင်လှပတကား၊
ယေရှုရှင်ဘုရင်ဖြစ်ဆိုအုပ်စိုးသောအိမ်လို။

၄။ အလင်းတော်တွင်ရှင်မြူး၊ သီချင်းတုံ့ပြန်အေးကျူး၊
ညချိန်ခါသီဆိုသံ၊ ကောင်းကင်သားများဆုပန်၊
ဝမ်းမြောက်ဖွယ်သတင်းကောင်းကျွန်ုပ်တို့ပွဲတင်ဆောင်၊
ကယ်တင်ပိုင်ရှင်ဘုရင်ကိုချီးမွမ်းလျက်သီဆို။

# ၂၇။ နားထောင်ကောင်းကင်သား ကြွေးကြော်ကျူး

| Key: F | Hark! The Herald Angels Sing | SDAH.122 | CH.111 |
|---|---|---|---|

၁။ နားထောင်ကောင်းကင်သား ကြွေးကြော်၊ ခုဖွားမြင်ဘုရင့်ဘုန်းတော်၊
ကမ္ဘာပေါ်တွင်ငြိမ်သက်စေ၊ ကောင်းကင်တွင်ဘုန်းကြီးစေသော်၊
အပြစ်ရှိသူများချမ်းသာ၊ ရွှင်လန်းဝမ်းသာဖူးတွေ့မှာ။
ဗက်လင်မြို့တွင်ကယ်တင်ရှင်၊ ဖွားမြင်ပြီကျွန်ုပ်တို့ရှင်၊
နားထောင်ကောင်းကင်သား ကြွေးကြော်၊ ခုဖွားမြင်ဘုရင့်ဘုန်းတော်။

၂။ ကောင်းကင်ဘုံသားတို့ဘုရင်၊ ထာဝရခရစ်တော်ရှင်၊
ချိန်တန်ကာလဆင်းသက်ပေ၊ ကညာဝမ်း၌ကိန်းအောင်းလေ၊
လူဇာတိကိုယ်တော်မြတ်ဆောင်၊ ကယ်တင်အံ့ငှါလူတို့ဘောင်။
ဧမာနွေလဆင်းသက်ပြီ၊ လူတို့တွင်တည်တော်မူသည်၊
နားထောင်ကောင်းကင်သား ကြွေးကြော်၊ ခုဖွားမြင်ဘုရင့်ဘုန်းတော်။

၃။ ကောင်းကင်ဖွားငြိမ်သက်အရှင်၊ တရားမင်းဘုန်းကြီးဘုရင်၊
အလင်းအသက်စည်းစိမ်မျိုး၊ မာရ်ငါးပါးကင်းစင်တန်ခိုး၊
ပေးပိုင်ရှင်သခင်မြတ်သည်၊ လူများတွင်သေခြင်းမတည်။
ကင်းစိမ့်သောငှါကောင်းကင်မှ၊ ဆင်းသက်သည်းခံဖွားမြင်ရ၊
နားထောင်ကောင်းကင်သား ကြွေးကြော်၊ ခုဖွားမြင်ဘုရင့်ဘုန်းတော်။

# ၂၈။ လောကဝမ်းမြောက်ဘုရားကြွလာကျူး

| Key: C | Joy to the World | SDAH.125 | CH.189 |
|---|---|---|---|

၁။ လောကဝမ်းမြောက်၊ ဘုရားကြွလာ၊ မြေကြီးဘုရင်ခံယူ၊
နလုံးခပ်သိမ်း၊ နေရာပြင်ထား၊
ကမ္ဘာမိုးမြေအေးကျူး၊ ကမ္ဘာမိုးမြေအေးကျူး၊
ကမ္ဘာ၊ ကမ္ဘာမိုးမြေအေးကျူး။

၂။ မြေကြီးဝမ်းမြောက်၊ ယေရှုစိုးစံ၊ လူများသီချင်းဆိုစေ၊
လယ်ပြင်ပင်လယ်၊ ကျောက်တောင်အသံ၊
ပြန်၍မြည်ကြကုန်လေ၊ ပြန်၍မြည်ကြကုန်လေ၊
ပြန်၍၊ ပြန်၍မြည်ကြကုန်လေ။

၃။ နောက်နောင်အပြစ်၊ ဒုက္ခမပွား၊ ဆူးပင်မနှောင့်ယှက်ပြီ၊
အမင်္ဂလာ မှ မင်္ဂလာ၊
ထုတ်ဖေါ်အောင်ကြွလာသည်၊ ထုတ်ဖေါ်အောင်ကြွလာသည်၊
ထုတ်ဖေါ်၊ ထုတ်ဖေါ်အောင်ကြွလာသည်။

၄။ သမ္မာတရား၊ ဆုကျေးဇူးဖြင့်၊ လောကအုပ်ချုပ်ပေသည်၊
မေတ္တာတော်ဘုန်း၊ တန်ခိုးတော်နှင့်၊
လူတိုင်းကိုသိစေသည်၊ လူတိုင်းကိုသိစေသည်၊
လူတိုင်း၊ လူတိုင်းကိုသိစေသည်။

# ၂၉။ ကြည်လင်သာယာသန်းခေါင်းယံမှာကျူး

| Key: A♭ | It Came Upon the Midnight Clear | SDAH.130 | CH.99 |
|---|---|---|---|

၁။ ကြည်လင်သာယာသန်းခေါင်းယံမှာ၊ ကောင်းကင်တမန်များသည်၊
ရွှေစောင်းများကိုကိုယ်စီကိုင်ကာ၊ ချီးမွမ်းကျူးအေးကြသည်၊
ငြိမ်သက်ခြင်းနှင့်အလိုတော်သည်၊ မြေကြီးပေါ်ရောက်စေသော်၊
ကောင်းကင်သီချင်းသံကြားစေမည်၊ တိတ်ဆိတ်သောမြေကြီးပေါ်။

၂။ ကောင်းကင်သားသီချင်းသံသာယာ၊ ကောင်းကင်မှထွက်လာသည်၊
မောပန်းလှသော၍လောကမှာ၊ ထိုသီချင်းသံကြားသည်၊
ဝမ်းနည်းဖွယ်ရာထိုလှိုင်းပေါ်မှာ၊ ကောင်းကင်သားများဝဲကြ၊
လောကရှုပ်ထွေးဒုက္ခထဲမှာ၊ ထိုသီချင်းသံကြားရ။

၃။ ပုရောဖက်များဟောကြားသမျှ၊ လျင်မြန်စွာပြည့်စုံရှာ၊
နှစ်များသည်လွန်သွားစဉ်ကာလ၊ ဟောချက်အတိုင်းဖြစ်လာ၊
ကောင်းကင်သစ်နှင့်မြေကြီးသစ်တွင်၊ ကိုယ်တော်ကိုဝန်ခံလျှင်၊
ကောင်းကင်သားများ၏သီချင်းကို၊ တစ်လောကလုံးကျူးဆို။

# ၃၀။ သစ္စာစောင့်သူများ လာကျူး

| Key:G | O Come, All Ye Faithful | SDAH.132 | CH.105 |
|---|---|---|---|

၁။ ရွှင်လန်းဝမ်းမြောက်ဝမ်းသာသစ္စာစောင့်သူများလာ၊
ဗက်လင်မြို့သို့အားလုံးသွားကြကုန်စို့၊
ကောင်းကင်ဘုရင်သားတော်ရှင်ကိုဖူးမြင်ဖို့။

*ထပ်ဆိုရန်* -

လာကြ၊ ကိုးကွယ်ကြကုန်အံ့၊
လာကြ၊ ကိုးကွယ်ကြကုန်အံ့၊
ခရစ်တော်ရှင်ကို ကိုးကွယ်ကြကုန်အံ့။

၂။ ထက်ကောင်းကင်တမန်များဝမ်းသာစွာသီချင်းဆို၊
ကောင်းကင်သားများသီချင်းကျူးအေးကြပါ၊
ထက်ကောင်းကင်ဘုရားဘုန်းတော်ကြီးပါစေသား။

၃။ ဝမ်းမြောက်ဖွယ်နံနက်မှာဖွားတော်မူခံရှင်အား၊
ဘုန်းတော်မြတ်ချီးကျူးလျက်နာမတော် ကြွေးကြော်၊
လူဇာတိခံသောဘုရားနှုတ်ကပါဠ်တော်။

# ၃၁။ အိုသိမ်ငယ်သောဗက်လင်မြို့မှာကျူး

| Key:F | O Little Town of Bethlehem | SDAH.135 | CH.104 |
|---|---|---|---|

၁။ အိုသိမ်ငယ်သောဗက်လင်မြို့၊ တိတ်ဆိတ်စွာရှိနေခါ၊
သာယာငြိမ်သက်လူတို့အိပ်ရာ၊ ကြယ်များဖြတ်သန်းသွားလာ၊
မှောင်မိုက်လွှမ်းမိုးလမ်းပေါ်မှာ၊ စဉ်မြဲကာလထွန်းကာ။
နှစ်ပေါင်းများစွာမျှော်လင့်လေရာ၊ ဤညဉ့်တွင်ပြည့်စုံလာ။

၂။ မယ်တော်မာရိသည်ထိုညဥ့်မှာ၊ သားတော်ဖွားတော်မူရှာ၊
ကောင်းကင်သားများကောင်းကင်ဘုံက၊ မေတ္တာတော်စောင့်ကြည့်ကြ၊
မိုးသောက်ကြယ်များတူတကွ၊ ဖွားမြင်ကြောင်း ကြွေးကြော်ကြ။
ဘုရားဂုဏ်တော်ချီးမွမ်း ကြွေးကြော်၊ ငြိမ်သက်ခြင်းမြေကြီးပေါ်။

၃။ ကြီးမြတ်သောသူသနားစဉ်ခါ၊ မည်မျှတိတ်ဆိတ်သာယာ၊
လူများပေါ်သို့ကောင်းချီးပေးရာ၊ ထိုနည်းတူပင်ဖြစ်ပါ၊
သံတော်နားဖြင့်မကြားရ၊ အပြစ်ပြည့်ဝလောက။
သို့သော်ကိုယ်တော်လက်ခံသူတွင်၊ ကိန်းဝပ်မူရန်ကြွဝင်။

၄။ ဗက်လင်မြို့သားသူငယ်ဘုရား၊ ဆင်းသက်ကြွတော်မူပါ၊
အပြစ်များကိုပယ်ရှားပြီးခါ၊ စိတ်တွင်ကိန်းတော်မူပါ၊
ဝမ်းမြောက်ဖွယ်ရာသတင်းကို၊ ကောင်းကင်သားများမြွက်ဆို။
ဧမာနွေလအရှင်ဘုရား၊ ကြွလာကိန်းတော်မူပါ။

# ၃၂။ ရှေ့ပြည်မှရှင်ဘုရင်သုံးပါးကျူး

| Key:G | O Little Town of Bethlehem | SDAH.137 | CH.107 |
|---|---|---|---|

၁။ ရှေ့ပြည်မှရှင်ဘုရင်သုံးပါး၊ လက်ဆောင်ပဏ္ဏာများနှင့်ရောက်လာ။
ထူးဆန်းသောကြယ်လမ်းညွှန်ပြရာ၊ လမ်းတစ်လျှောက်လုံးလိုက်လာ။

*ထပ်ဆိုရန် -*

အို- ရောင်ခြည်လင်း၊ အံ့ဖွယ်ကြယ်မင်း၊
တင့်တယ်တောက်ရောင်ခြည်ထွန်းလင်း၊
စုံလင်သောအလင်းတော်မြတ်သို့၊
ရှေ့ပြည်မှလမ်းပြဆောင်ပို့။

၂။ သူငယ်တော်အားဘိသိက်မြှောက်ရာ၊ ရွှေမကိုဋ်ကိုဆက်ရန်ယူလာ။
ကိုယ်တော်ရှင်ဘုရင်မင်းမြတ်သည်၊ စဉ်မပြတ်အုပ်စိုးမည်။

၃။ လောဗန်နှင့်မွှေးကြိုင်သောနံ့သာ၊ ဆက်ကပ်ဖို့ရာကျွန်ုပ်ယူလာ။
ဆုတောင်းပတ္ထနာချီးမွမ်းကာ၊ ဘုရားထံတော်ဝင်လာ။

၄။ မွှေးကြိုင်သောမုရန်စေးကိုသာ၊ ကျွန်ုပ်သည်ပူဇော်ဆက်ဖို့လာ။
သင်္ချိုင်းတွင်းမှာသိပ်ထားကာလ၊ မုရန်စေးမွှေးကြိုင်လှ

၅။ တိုင်ပေါ်မှာပူဇော်ပြီးသော်ခါ၊ ကယ်တင်ရှင်သေခြင်းမှထလာ။
ကောင်းကင်သားနှင့်မြေကြီးသားတွေ၊ ဟာလေလုယဆိုလေ။

# ၃၃။ သိုးထိန်းတို့သည်သိုးကိုစောင့်လျက်ကျူး

| Key:F | While Shepherds Watched Their Flocks | SDAH.139 | CH.101 |
|---|---|---|---|

၁။ သိုးထိန်းတို့သည်သိုးကိုစောင့်လျက်၊ မြေပေါ်ထိုင်နေစဉ်ခါ၊
ကောင်းကင်တမန်ထင်ရှားဆင်းသက်၊ ဘုန်းတန်ခိုးရောင်ခြည်ဖြာ။

၂။ မြေကြီးသားများမကြောက်ကြလင့်၊ ဝမ်းမြောက်ဖွယ်ရာသတင်း၊
သင်တို့ရှိရာဆောင်ခဲ့သဖြင့်၊ ကျူးကြဂုဏ်တော်သီချင်း။

၃။ ယနေ့ပင်လျှင်ဒါဝိဒ်မြို့တွင်၊ ဒါဝိဒ်အမျိုးအနွယ်၊
ခရစ်တော်သခင်ကယ်တင်ရှင်၊ ဖွားမြင်ပြီးမြတ်သူငယ်။

၄။ အဝတ်နှင့်ပတ်ရစ်အိပ်စက်စေ၊ စားကျင်းတွင်စက်တော်ခေါ်၊
သင်တို့ခုမသွေသွားရှာဖွေ၊ ဖူးတွေ့မည်သူငယ်တော်။

၅။ ကောင်းကင်တမန်ဤသို့မြွက်ပေ၊ ရောင်ဝါထင်ရှားဗိုလ်ခြေ၊
မြတ်ဘုန်းတော်ထောမနာပြုလို့၊ ဘုရားရှင်ချီပင့်စို့။

# ၃၄။ တိတ်ဆိတ်ညာ၊ သန့်ရှင်းညကျူး

| Key: B♭ | Silent Night, Holy Night | SDAH.143 | CH.102 |
|---|---|---|---|

၁။ တိတ်ဆိတ်ညာ၊ သန့်ရှင်းညာ၊ သူငယ်တော်အိပ်စဉ်ခါ။
ကောင်းကင်မှာကြယ်လင်းရောင်ခြည်၊
သူငယ်တော်ပေါ်ထွန်းတောက်သည်။
ကောင်းကင်ငြိမ်သက်ခြင်းသည်၊ ကိုယ်တော်မြတ်ပေါ်မှာတည်။

၂။ တိတ်ဆိတ်ညာ၊ သန့်ရှင်းညာ၊ မှောင်ကွယ်သွားရောင်ခြည်လာ။
ကောင်းကင်သားများသီချင်းသံ၊ သိုးထိန်းသားများတို့နာခံ။
ခရစ်တော်ကယ်တင်ရှင်၊ မြေကြီးပေါ်သို့သက်ဆင်း။

၃။ တိတ်ဆိတ်ညာ၊ သန့်ရှင်းညာ၊ လမ်းပြကြယ်လမ်းပြပါ။
ရှေ့ပြည်ကပညာရှိများ၊ ထံတော်သို့လက်ဆောင်ယူလာ။
ခရစ်တော်ကယ်တင်ရှင်၊ မြေကြီးပေါ်သို့သက်ဆင်း။

၄။ တိတ်ဆိတ်ညာ၊ သန့်ရှင်းညာ၊ အံ့ဖွယ်ကြယ်ထွန်းလင်းပါ။
ကောင်းကင်သားနှင့်တူတကွ၊ ဟာလေလုယအေးကျူးကြ။
ခရစ်တော်ကယ်တင်ရှင်၊ မြေကြီးပေါ်သို့သက်ဆင်း။

# ၃၅။ ယေရှုရှင်၏ဝတ္ထုပြောပါကျူး

| Key:D | Tell Me the Story of Jesus | SDAH.152 | CH.534 |
|---|---|---|---|

၁။ ယေရှုရှင်၏ဝတ္ထုပြောပါ၊ စုံစွာကျွန်ုပ်စိတ်တွင်ရေး၊
ဖိုးထိုက်ဝတ္ထုကိုပြောပြပါ၊ သာယာဆုံးဝတ္ထုဖြစ်ပေ၊
ကောင်းကင်ဗိုလ်ခြေအပေါင်းတို့သည်၊
ဖွားမြင်တော်မူစဉ်ကျူးအေး၊
ကောင်းကင်ဘဝင်ဘုန်းကြီးစေတည်း၊ မြေကြီး၌ငြိမ်ခြင်းရှိစေ။
*ထပ်ဆိုရန်*

ယေရှုရှင်၏ဝတ္ထုပြောပါ၊ စုံစွာကျွန်ုပ်စိတ်တွင်ရေး၊
ဖိုးထိုက်ဝတ္ထုကိုပြောပြပါ၊ သာယာဆုံးဝတ္ထုဖြစ်ပေ။

၂။ တော၌တစ်ဦးတည်းစာရှောင်ရာ၊ လွန်စေသောနေ့များပြောလေ၊
ဘယ်သို့စုံစမ်းခံတော်မူရှာ၊ သို့သော်အောင်မြင်တော်မူပေ၊
ဆောင်ရွက်ခဲ့သောနစ်များပြောပါ၊ ခံသောဝမ်းနည်းခြင်းပြောလေ၊
ငြင်းပယ်နှိပ်စက်ခြင်းများခံရာ၊ အိမ်မဲ့ဆင်းရဲခံရချေ။

၃။ ဆွဲထားကပ်တိုင်အကြောင်းပြောလေ၊ ဝေဒနာပြင်းစွာခံနေ၊
လျောင်းသောသင်္ချိုင်းတော်ကိုပြောလေ၊
ဘယ်သို့ထမြောက်ကြောင်းပြောလေ၊
မေတ္တာတော်သိမ်မွေ့ဝတ္ထုတွင်၊ သေချာထင်ရှားကျွန်ုပ်မြင်၊
သင်ပြောစဉ်ကျွန်ုပ်လျှင်ငိုမည်၊ မေတ္တာကျွန်ုပ်ကိုရွေးပြီ။

# ၃၆။ လက်ဝါးကပ်တိုင်ကျွန်ုပ်မြင်လျှင်ကျူး

| Key:D | When I Survey the Wondrous Cross | SDAH.155 | CH.118 |
|---|---|---|---|

၁။ ဘုန်းကြီးဘုရင်အသက်စွန့်သော၊
လက်ဝါးကပ်တိုင်ကျွန်ုပ်မြင်လျှင်၊
သုခချမ်းသာအနိစ္စသဘော၊
ညစ်ကြေးပယ်ရှင်းမာနကင်းစင်။

၂။ ကြည့်လော့လက်ခြေနံဘေးခေါင်းတော်၊
ဒုက္ခမေတ္တာရောလျက်ယိုစီး၊
ဤသို့တစ်ခါတွေ့ဖူးသလော၊
ဆူးဦးရစ်တော်မတူနိုင်ပြီ။

၃။ ခရစ်တော်ကပ်တိုင်မှတစ်ပါး၊
ကျွန်ုပ်ဝါကြွားရာမရှိပြီ၊
ပျော်မွေ့ရာနတ္တိပါတကား၊
အကုန်အစင်ကျွန်ုပ်စွန့်ပြီ။

၄။ စကြဝဠာလှူနိုင်သော်လည်း၊
ထိုဒါနမမည်ချည်းနီးတည်း၊
မေတ္တာတော်မြတ်အောက်မေ့သောခါ၊
အသက်ဝိညာဉ်ဆက်ကပ်မှသာ။

# ၃၇။ ဝေးလှသောတောင်ကုန်းပေါ် ထူထားသော တိုင်တော်ကျူး

| Key: A♭ | The Old Rugged Cross | SDAH.159 | CH.533 |
|---|---|---|---|

၁။ ဝေးလှသောတောင်ကုန်းပေါ် ထူထားသောတိုင်တော်သည်၊
ရုက်ကြောက်ဖွယ်ဒုက္ခခံရာတိုင်တည်း။
ပြစ်လောကကိုကယ်ရန်သေခံရာတိုင်တော်ကို၊
ကျွန်ုပ်သည်ထူးပင်ချစ်ခင်မြတ်နိုး။

*ထပ်ဆိုရန်*

တိုင်တော်ကိုကျွန်ုပ်သည်လေးမြတ်မည်၊
လမ်းဆုံးမှာအောင်ပန်းကိုချထားမည်။
ကျွန်ုပ်သည်မှီတွယ်သောတိုင်တော်နှင့်၊
သရဖူကိုတစ်နေ့ဖြင့်လဲချင်။

၂။ လောကလုံးရွံရှာသောလက်ဝါးကပ်တိုင်တော်သည်၊
ဆွဲနိုင်သောတန်ခိုးသည်အံ့ဖွယ်တည်း။
ထက်ကောင်းကင်ဘုန်းတော်ပင်သိုးသငယ်စွန့်ပြီးကာ၊
သစ်တိုင်မှာသေခံရန်ကြွဆင်းလာ။

၃။ သွေးတော်နှင့်စွန်းထင်းသောလက်ဝါးကပ်တိုင်တော်သည်၊
အံ့ဖွယ်တင့်တယ်စွာကျွန်ုပ်မြင်သည်။
ကျွန်ုပ်ကိုပြစ်လွှတ်လျက်သန့်ရှင်းစင်ကြယ်စေရန်၊
ယေရှုရှင်ထိုတိုင်ပေါ် မှာသေခံ။

၄။ တိုင်တော်ကိုကျွန်ုပ်သည်စဉ်သစ္စာရှိပါမည်၊
ကဲ့ရဲ့ခြင်းပြစ်တင်ခြင်းခံလိုသည်။
ကောင်းကင်ဘုံစံဖို့ရာကိုယ်တော်ရှင်ခေါ် သောအခါ၊
ကိုယ်တော်နှင့်အတူဘုန်းတော်ဝင်မှာ။

# ၃၈။ တိုင်တော်တွင်ကျူး

| Key: E♭ | At the Cross | SDAH.163 | CH. |
| --- | --- | --- | --- |

၁။ ကိုယ်တော်ဝန်ခံ၊ မှုတော်ဆောင်ရွက်၊ ကျွန်ုပ်အလျှင်းမရှက်။
နှုတ်ကပတ်တော်ချီးမွမ်းမြှောက်စား၊ တိုင်တော်မြတ်ဝါကြွားရာ
*ထပ်ဆိုရန်*
တိုင်တော်တွင်၊ တိုင်တော်တွင်၊ ပထမအလင်းမြင်၊
ကျွန်ုပ်နလုံးမှဝန်ထုပ်လိမ့်သွား၏။
ထိုမှာယုံခြင်းဖြင့်အလင်းကိုမြင်သည်၊
ယခု၊ တစ်နေ့လုံးဝမ်းမြောက်လျက်ရှိ။

၂။ ယေရှုနာမတော်မြတ်သိ၏၊ ထိုနာမကိုယုံကြည်။
ကျွန်ုပ်ဝိညာဉ်ရှက်ခြင်းကင်းစေ၊ မျှော်လင့်ခြင်းလည်းတည်စေ။

၃။ ပလ္လင်တော်မြတ်ခိုင်ခံ့သည်နည်း၊ ကတိတော်မြတ်တည်၏။
လက်တော်ထဲမှအပ်ထားသမျှ၊ ကိုယ်တော်စောင့်ထိန်းနိုင်ပါ။

၄။ ခမည်းတော်ရှင်မျက်မှောက်တော်တွင်၊ ကျွန်ုပ်တို့ဝန်ခံမည်။
ယေရှုရှုလင်မြို့တော်သစ်မှာ၊ ကျွန်ုပ်နေရာပြင်ထား။

# ၃၉။ သင်္ချိုင်းတွင်းမှာလျောင်းသည့်ကျူး

| Key:C | Low in the Grave He Lay | SDAH. | GM.158 |
|---|---|---|---|

၁။ သင်္ချိုင်းတွင်းမှာလျောင်းသည်၊ ယေရှုကယ်တင်ရှင်။
ထမြောက်ရာနေ့မျှော်ကြည့်၊ ယေရှုသခင်။
*ထပ်ဆိုရန်*
သင်္ချိုင်းတွင်းမှထမြောက်ပြီ၊
ရန်သူများပေါ် ဘုန်းတော်လွှမ်းမိုးခါ၊
နက်နဲရာထဲမှအောင်မြင်စွာတက်ကြွပြီ၊
သန့်ရှင်းသူနှင့်စိုးစံသက်ရှင်ထာဝရ၊
ထမြောက်ပြီ၊ ထမြောက်ပြီ၊
ဟာလေလုယထမြောက်ပြီ။

၂။ သင်္ချိုင်းချည်းနှီးစောင့်သည်၊ ယေရှုကယ်တင်ရှင်။
အလောင်းတံဆိပ်ခတ်သည်၊ ယေရှုသခင်။

၃။ သေမင်း မအောင်နိုင်ပြီ၊ ယေရှုကယ်တင်ရှင်။
သေခြင်းတန်ခိုးဖျက်ဆီး၊ ယေရှုသခင်။

# ၄၀။ ယေရှုသည်မှုထား၏လောကျူး

| Key:C | Does Jesus Care? | SDAH.181 | CH. |
|---|---|---|---|

၁။ စိတ်တွင်နာ၍ရှင်လန်းခြင်းကင်းကာ၊
သီချင်းမဆိုနိုင်စဉ်ခါ၊
ဝန်ကလည်းဖိထားလမ်းလည်းမရှင်းရှာ၊
ယေရှုရှင်မှုထားပါ၏လော။

*ထပ်ဆိုရန်* -

ဟုတ်ကဲ့မှုထား၊ ယေရှုမှုထား၊
ဝမ်းနည်းခြင်းကိုယ်တော်သိရှာ၊
မောပန်းနေ့များမှာ၊ စိတ်ညှိုးငယ်ညဥ့်ရှည်လျားချိန်မှာ၊
ယေရှုမှုထား။

၂။ ကျွန်ုပ်လမ်းတွင်မှောင်မိုက်ဖုံးလွှမ်းကာ၊
စိုးရိမ်ကြောက်မက်နေစဉ်ခါ၊
နေရောင်ညှိုးနွမ်းခါ၊ ညဥ့်မှောင်ရိပ်အောက်မှာ၊
ချဉ်းကပ်ဖို့မှုထားပါ၏လော။

၃။ ချစ်သူတို့ကိုနှုတ်ဆက်ပြီးချိန်ခါ၊
ယေရှုသည်မှုထား၏လော၊
ဝမ်းနည်းစိတ်နာကာကွဲမတတ်ဖြစ်စဉ်၊
ယေရှုရှင်ဝမ်းနည်းပါ၏လော။

# ၄၁။ မေတ္တာတော်သီချင်းဆိုမည်ကျူး

| Key: B♭ | I Will Sing of Jesus' Love | SDAH.183 | CH.529 |
|---|---|---|---|

၁။ မေတ္တာတော်သီချင်းဆိုမည်၊
ကျွန်ုပ်ကိုစတင်ချစ်သည်၊
ကိုယ်တော်သည်၊ ထက်ရပ်မှလာ၊
ကရာနီသေခံမူပြီ။

*ထပ်ဆိုရန်*

မေတ္တာတော်သီချင်းဆိုမည်၊
ကိုယ်တော်ကိုစဉ်ချီးမွမ်းမည်၊
ကယ်တင်ရန်သေခံမူပြီ၊
မေတ္တာတော်သီချင်းဆိုမည်။

၂။ မျက်ရည်များမယိုစီးမီ၊
မျက်ရည်တော်လူ့တွက်စီးပြီ၊
ဆုတောင်းခြင်း၊ မုပြုလုပ်မီ၊
ငါ့တွက်ဆုတောင်းမူလေပြီ။

၃။ မေတ္တာတော်အနန္တပင်
ကောင်းကင်မြေမသိအလျှင်း၊
ပြစ်များသည်၊ မည်းနက်လျက်ရှိ၊
မိုးပွင့်ကဲ့သို့ဖြူစေသည်။

၄။ ကိုယ်တော်တွက်ကောင်းမူမပြု
ကိုယ်တော်သည်မရှုလျစ်လျူ၊
ငါ့စိတ်ကို၊ ကိုယ်တော်ပိုင်ရာ၊
မေတ္တာတော်တုံ့ပြန်စေပါ။

# ၄၂။ ယေရှုဆပ်ပေးပြီးကျူး

| Key: B♭ | Jesus Paid It All | SDAH.184 | CH.527 |
|---|---|---|---|

၁။ ကယ်တင်ရှင်မိန့်မူရှာ၊ သင်ခွန်အားနည်းပါးသည်၊
စောင့်နေလျက်ဆုတောင်းပါ၊ စုံလင်ခြင်းငါ၌တွေ့မည်။
*ထပ်ဆိုရန်*
ရှိသောကျွန်ုပ်ကြွေး၊ ယေရှုဆပ်ပေးပြီး၊
ပြစ်စွန်းထင်းနီမြန်းသော်လည်း၊ မိုးပွင့်လိုဖြူစေတည်း။

၂။ သခင်ငါတွေ့သည်မှာ၊ ကိုယ်တော်တန်ခိုးသာလျှင်၊
နူနာကွယ်ပျောက်စေပါ၊ ကျောက်နှလုံးရေပျော်စေနိုင်။

၃။ ကျေးဇူးတော်နှင့်ထိုက်သည့်၊ ကောင်းမှုတစ်ခုမရှိ၊
သိုးသငယ်သွေးတော်သည်၊ ကျွန်ုပ်ဝတ်လုံဖြူစေမည်။

၄။ ပလ္လင်တော်ရှေ့ရပ်လျှင်၊ ကိုယ်တော်၌စုံလင်မည်၊
ယေရှုခြေရင်းတော်တွင်၊ သရဖူကိုချထားမည်။

# ၄၃။ ကောင်းဆုံးမိတ်ဆွေကျူး

| Key:G | Jesus Is All the World to Me | SDAH.185 | CH. |
|---|---|---|---|

၁။ ယေရှုသည်ကောင်းဆုံးမိတ်ဆွေတည်း၊ ရွှင်လန်းသက်ရှင်စေသည်၊
နေ့စဉ်ခွန်အား၊ ထံတော်မှရ၊ ကိုယ်တော်ပါမှပြီးရာ။
ဝမ်းနည်းသောခါ၊ ထံတော်ချဉ်းကပ်၊ အခြားမိတ်ဆွေမကယ်နိုင်ပါ၊
ကိုယ်တော်ရှင်သာ၊ ဝမ်းမြောက်စေသည်၊ မိတ်ဆွေတည်း။

၂။ ယေရှုသည်ကောင်းဆုံးမိတ်ဆွေတည်း၊ ဒုက္ခမှကယ်မသည်၊
ကောင်းချီးခံရန်၊ ထံတော်ချဉ်းကပ်၊ ထပ်မံ၍ပေးဦးမည်။
နေအလင်းနှင့်မိုးရေကိုပေး၊ ကောက်ပဲသီးနှံကြွယ်ဝစွာကျွေး၊
နေလင်း၊ မိုးရေ၊ သီးနှံပေးသည်၊ မိတ်ဆွေတည်း။

၃။ ယေရှုသည်ကောင်းဆုံးမိတ်ဆွေတည်း၊ ကျွန်ုပ်အမှန်ချစ်မည်၊
ဤမျှချစ်သော၊ မိတ်ဆွေစစ်ကို၊ ဘယ်ခါမျှမပယ်လို၊
လမ်းမှန်လျှောက်ရန်ကိုယ်တော်နောက်လိုက်၊
နေ့ညမပြတ်စောင့်ရှောက်စဉ်နိုက်၊
နောက်တော်သို့လိုက်၊ အစဉ်တစိုက်၊ မိတ်ဆွေတည်း။

၄။ ယေရှုသည်ကောင်းဆုံးမိတ်ဆွေတည်း၊ ခြားမိတ်ဆွေမလိုပြီ၊
ကိုယ်တော်ကိုသာ၊ ယုံကြည်အားကိုး၊ အသက်ဆုံးသည်တိုင်အောင်။
ကောင်းဆုံးမိတ်ဆွေနှင့်စဉ်ပျော်နေ၊ ထိုအသက်တာမဆုံးနိုင်လေ၊
ထာဝရသက်၊ ဝမ်းမြောက်စဉ်ဆက်၊ မိတ်ဆွေတည်း။

# ၄၄။ အိုကျွန်ုပ်သည်မိတ်ဆွေတွေ့ပြီကျူး

| Key: A♭ | I've Found a Friend | SDAH.186 | CH.531 |
|---|---|---|---|

၁။ အိုကျွန်ုပ်သည်မိတ်ဆွေတွေ့ပြီ၊ မသိမီချစ်တော်မူသည်။
မေတ္တာတော်ကြိုးဖြင့်ဆွဲယူသည်၊ ဤနည်းဖြင့်ချည်နှောင်မူသည်။
ကျွန်ုပ်နလုံးထိုကြိုးပတ်စည်း၊ ဘယ်အရာမဖြေနိုင်ပြီ။
ကျွန်ုပ်ကိုကိုယ်တော်ပိုင်သတည်း၊ ထာဝရစဉ်ဆက်ပိုင်သည်။

၂။ အိုကျွန်ုပ်သည်မိတ်ဆွေတွေ့ပြီ၊ ကျွန်ုပ်ကယ်ရန်သေခံသည်။
အသက်တော်ကိုပေးကမ်းခဲ့ပြီ၊ ကိုယ်ကိုပင်လည်းပေးမူသည်။
ကိုယ်ပိုင်မရှိပစ္စည်းလုံးလုံး၊ ပေးသောသခင်ကိုယ်တော်ရှင်။
နလုံးခွန်အားအသက်အားလုံး၊ ကိုယ်တော်ပိုင်မူ၏အစဉ်။

၃။ အိုကျွန်ုပ်သည်မိတ်ဆွေတွေ့ပြီ၊ တန်ခိုးအားလုံးအပ်နှံပြီ။
အထက်ခရီးလမ်းစောင့်ထိန်းသည်၊ ကောင်းကင်သို့ပို့ဆောင်မူမည်။
အဝေးမှဘုန်းတော်ရောင်ခြည်သည်၊
အားပေးရန်ထွန်းတောက်နေရှာ။
ယခုစောင့်လျက်လုပ်ကိုင်နေသည်၊ ထိုနောက်အစဉ်မြဲနားရာ။

၄။ အိုကျွန်ုပ်သည်မိတ်ဆွေတွေ့ပြီ၊ သစ္စာရှိသိမ်မွေ့ကြင်နာ။
ကြံပေးလမ်းပြလိမ္မာလှသည်၊ ကာကွယ်ရန်စွမ်းကြီးမူပါ။
ဤသို့ချစ်သောအရှင်ထံမှ၊ ခွဲခွာနိုင်တန်ခိုးရှိနည်း။
ရှင်ခြင်းသေခြင်းငရဲလောက၊ ကိုယ်တော်၌သာထာဝရ။

# ၄၅။ ယေရှုချစ်တော်မူပါသည်ကျူး

| Key:C | Jesus Loves Me! This I Know | SDAH.190 | CH. |
|---|---|---|---|

၁။ ယေရှုချစ်တော်မူပါသည်၊ ကျမ်းစာအားဖြင့်သိပါ၏။
စွမ်းအားကြီးသောကိုယ်တော်သည်၊ အားနည်းသူငယ်ကိုပိုင်၏။
*ထပ်ဆိုရန်*
အကျွန်ုပ်ကိုလည်း၊ ချစ်တော်မူပါ၏။
ကျမ်းစာ၌လာသည်၊ ယေရှုချစ်တော်မူ၏။

၂။ ချစ်တော်မူသောယေရှုရှင်၊ အသက်တော်စွန့်ခြင်းဖြင့်ပင်။
ကောင်းကင်ဘုံကိုဖွင့်ထားပြီ၊ ဆေးကြောလက်ခံတော်မူမည်။

၃။ ချစ်တော်မူပါသည်အစဉ်၊ ကျွန်ုပ်နားနေအားနည်းလျှင်။
ကောင်းကင်ဘုံကကိုယ်တော်သည်၊ ဆင်း၍ကြည့်ရှုတော်မူမည်။

၄။ ယေရှုချစ်တော်မူပါသည်၊ ကိုယ်တော်နီးနေတော်မူမည်။
ကျွန်ုပ်ပြန်၍ချစ်ခဲ့လျှင်၊ အိမ်တော်၌နေမည်အစဉ်။

# ၄၆။ မေတ္တာတော်မြတ်ကျူး

| Key: A♭ | Love Divine | SDAH.191 | CH.142 |
|---|---|---|---|

၁။ မေတ္တာတော်မြတ်သာလွန်မေတ္တာ၊ ကောင်းကင်မှမြေသို့ကြွလာ။
အကျွန်ုပ်တို့နေအိမ်ကုပ်မှာ၊ ကရုဏာတော်ကိန်းအောင်းပါ။
ယေရှုကိုယ်တော်ကြွယ်ဝမေတ္တာ၊ အနန္တမေတ္တာရှင်မှာ။
ကယ်တင်ခြင်းနှင့်ကြွလာမူရှာ၊ တုန်လှုပ်စိတ်ထဲစံမူပါ။

၂။ ကိုယ်တော်ချစ်ခြင်းဝိညာဉ်သွန်းလေ၊ သောကပူပန်စိတ်တို့တွင်။
ကျေးဇူးတော်များအမွေခံစေ၊ ကတိတော်ချမ်းသာနားဝင်။
ဒုစရိုက်အလိုများပယ်ရှား၊ အာလဖနှင့်ဩမေဃ။
စိတ်လွတ်ခြင်းအခွင့်ပေးသနား၊ ယုံခြင်းအဆုံးနှင့်အစ။

၃။ ကယ်ချွတ်ရန်စွမ်းကြီးသောအရှင်၊ ကျွန်ုပ်တို့ကျေးဇူးခံစေ။
လျင်မြန်ဆင်းလျက်ကျွန်ုပ်ထဲတွင်၊ ဗိမာန်ကိုစွန့်ပယ်နှင့်လေ။
ကိုယ်တော်ကိုအစဉ်ချီးမွမ်းလို၊ ကောင်းကင်ဗိုလ်ခြေတူစွာလေ။
ဆုတောင်းနေလျက်မေတ္တာတော်ကို၊ ချီးမြှောက်ရန်မပြတ်လိုပေ။

၄။ အသစ်ဖန်ဆင်းပြီးစေမူလို၊ ကျွန်ုပ်တို့သန့်ရှင်းစုံလင်။
ကိုယ်တော်ကယ်တင်ခြင်းတရားကို၊ ပြည့်စုံတည်ကြည်ခြင်းမြင်ချင်။
ကောင်းကင်ဘုံသို့ရောက်သည်တိုင်အောင်၊
ဘုန်းတော်မှဘုန်းတော်ဝင်မှာ။
သရဖူများရှေ့တော်ပို့ဆောင်၊ အံ့ဩချီးမွမ်းကြပေမည်။

# ၄၇။ အိုသိုးထိန်းဘုရားကျူး

| Key: E♭ | Oh Shepherd Divine | SDAH.192 | CH. |
|---|---|---|---|

၁။ အိုသိုးထိန်းဘုရား၊ ကျွန်ုပ်တွက်ဖြစ်ရာ၊
ညမှောင်ချိန်မှာရှာဖွေမူရှာ၊
မှောင်အေးလောကမြေ၊ သိုးခြံနွေးထွေးနေ၊
သိုးထိန်းရှင်နောက်တော်လိုက်မှာ။
ကိုယ်တော်ဆီမီး၊ ကျွန်ုပ်လမ်းရောင်ခြည်ထွန်းလင်း။
စုံလင်ခြင်းနေ့တိုင်အောင်၊ ဘုန်းတော်ရောင်လင်းစေ၊
စိမ်းလန်းမြက်ခင်းပြင်ချိုင့်ဝှမ်းလျှောင်းစေကာ၊
သိုးထိန်းရှင်နောက်တော်လိုက်မှာ။

၂။ အိုသိုးထိန်းဘုရား၊ ကျွန်ုပ်တွက်ဖြစ်ရာ၊
စိတ်နှလုံးတော်ကြေကွဲမူရှာ၊
ကိုယ်တော်ကျေးဇူးနှင့်ပညတ်တော်တို့သည်၊
ဆုံစည်းကြကရာနီမှာ။
သက်တော်မြတ်ပေး၊ ကျွန်ုပ်ဝိညာဉ်ပြစ်လွှတ်စေ။
ပြစ်သားစုံလင်စေရန်စိတ်တော်ကြေကွဲရှာ၊
ပျောက်ကွယ်ဤလောက၊ ကပ်တိုင်၌ထင်ရှား၊
သိုးထိန်းရှင်နောက်တော်လိုက်မှာ။

၃။ အိုသိုးထိန်းဘုရား၊ ကျွန်ုပ်တွက်ဖြစ်ရာ၊
နောက်တော်လိုက်ရန်မိန့်တော်မူရှာ၊
ဝိညာဉ်ဆုကျေးဇူး၊ ယနေ့သတင်းပေး၊
လမ်းခရီးကိုထွန်းလင်းစေ။
သိုးငယ်များတွက်အံ့ဖွယ်မေတ္တာတော်ကြီးမား၊
ငြိမ်သက်နက်ရှိုင်းရေရှိရာရှေ့ဆောင်မူရှာ၊
သိုးထိန်းတစ်ပါးသိုးခြံတောင်ဝှေးတစ်ခု၊
သိုးထိန်းရှင်နောက်တော်လိုက်မည်။

# ၄၈။ မင်္ဂလာမိုးသွန်းလောင်းရွာမည်ကျူး

| Key: A♭ | Showers of Blessing | SDAH.195 | CH.652 |
|---|---|---|---|

၁။ မင်္ဂလာမိုးသွန်းလောင်းရွာမည်၊ မေတ္တာတော်၏ကတိတည်း။
အားဖြည့်သောချိန်ရောက်ရလိမ့်မည်၊
ထက်ကယ်တင်ရှင်ထံမှတည်း။
*ထပ်ဆိုရန်*
ကောင်းချီးမိုးရွာစေ၊ ကောင်းချီးမိုးရွာခြင်းလိုပေ။
ကရုဏာမိုးပေါက်ကျနေပေ၊ သို့သော်မိုးရွာခြင်းလိုသေး။

၂။ မင်္ဂလာမိုးသွန်းလောင်းရွာမည်၊ တောင်ချိုင့်များမှသံကြားသည်။
တစ်ဖန်အားဖြည့်စေတော်မူမည်၊ များစွာမိုးရွာသွန်းလောင်းတည်း။

၃။ မင်္ဂလာမိုးသွန်းလောင်းရွာစေ၊ ကျွန်ုပ်ပေါ်တွင်ကြွယ်ဝစေ။
အားဖြည့်ခြင်းကိုမစမူလေ၊ နှုတ်ကပတ်တော်ချီးမြှင့်ပေ။

၄။ မင်္ဂလာမိုးသွန်းလောင်းရွာမည်၊ ယနေ့ပင်သွန်းလောင်းရွာစေ။
အပြစ်များကိုဖော်ပြပေသည်၊ ယေရှုထံဆုတောင်းကြလေ။

# ၄၉။ ကောင်းကင်ဘုံ၌အကျွန်ုပ်တို့အဖကျူး

| Key:G | I Am So Glad That Our Father | SDAH.423 | CH. |
|---|---|---|---|

၁။ ကောင်းကင်ဘုံရှိအကျွန်ုပ်တို့အဖ၊
ပေးတော်မူသောဗျာဒိတ်ကျမ်းကိုပြောပြ။
နှစ်မြို့ဖွယ်ကောင်းအမြတ်ဆုံးကိုဆိုမည်၊
ယေရှုကျွန်ုပ်ကိုသနားတော်မူသည်။

*ထပ်ဆိုရန်*

ယေရှုကျွန်ုပ်ကိုချစ်တော်မူသည်၊
အားရပေသည်၊ အားရပေသည်၊
ယေရှုကျွန်ုပ်ကိုချစ်တော်မူသည်၊
ကျွန်ုပ်ကိုပင်ချစ်သည်။

၂။ ကိုယ်တော်ကိုမေ့၍လမ်းလွဲတတ်သော်လည်း၊
ယေရှုငါတို့ကိုပင်အောက်မေ့သတည်း။
မေတ္တာတော်မြတ်ကိုအမှတ်ရပြန်လျှင်၊
ချစ်ဖွယ်ယေရှုထံတော်ပါးသို့ပြေးဝင်။

၃။ ယေရှုရှင်ကြီးသည်ဘုန်းတော်နှင့်ကြွလာ၊
သီချင်းတစ်ပုဒ်သာကျွန်ုပ်ဆိုနိုင်ပါ။
ယေရှုကျွန်ုပ်ကိုအံ့ဖွယ်ချစ်ပေသည်၊
ထိုသီချင်းထာဝရကာလဆိုမည်။

# ၅၀။ အိုကောင်းဆုံးသောမိတ်ဆွေယေရှုရှင်ကျူး

| Key:G | Oh, the Best Friend to Have Is Jesus | SDAH. | CH.528 |
|---|---|---|---|

၁။ အိုကောင်းဆုံးသောမိတ်ဆွေယေရှုရှင်၊
လောကစိုးရိမ်ခြင်းများဆိုက်ရောက်လျှင်၊
နာသောစိတ်ကိုပျောက်စေမည်၊ စွမ်းအားကောင်းချီးကိုပေးမည်၊
အိုကောင်းဆုံးသောမိတ်ဆွေယေရှုတည်း။
*ထပ်ဆိုရန်*
(ကောင်းဆုံးသောမိတ်ဆွေယေရှုတည်း)၂
သင်လဲသောခါထူမမည်၊ သင်ခေါ်သောခါနားညောင်းမည်၊
အိုကောင်းဆုံးသောမိတ်ဆွေယေရှုတည်း။

၂။ မိတ်ဆွေယေရှုကိုကျွန်ုပ်တွေ့ပြီ၊
စိတ်ငြိမ်သက်ချမ်းသာကိုဆောင်ခဲ့သည်၊
လက်ရုံးတော်တွင်မှီနေလျှင်၊ ဘေးအန္တရာယ်ကြောက်ခြင်းကင်း၊
အိုကောင်းဆုံးသောမိတ်ဆွေယေရှုတည်း။

၃။ ဝမ်းနည်းခြင်းဒုက္ခညဥ့်လျှောက်သော်လည်း၊
ယော်ဒန်မြစ်အေးသောလှိုင်းလိမ့်သော်လည်း၊
ကြောက်ရွံ့စရာမရှိပါ၊ ကယ်တင်ရှင်သည်အနီးမှာ၊
အိုကောင်းဆုံးသောမိတ်ဆွေယေရှုတည်း။

၄။ နောင်ကာလပြည်တော်သို့စုရုံးလျှင်၊
စုတွေ့သောသစ္စာရှိသူတို့ပင်၊
ကိုယ်တော်မြတ်ကိုချီးမွမ်းစဉ်၊ သီဆိုမည်တစ်ဖက်ကမ်းတွင်၊
အိုကောင်းဆုံးသောမိတ်ဆွေယေရှုတည်း။

# ၅၁။ မေတ္တာတော်သည်ဆွဲနုတ်သည်ကျူး

| Key: B♭ | Love Lifted Me | SDAH. | GS.122 |
|---|---|---|---|

၁။ ကျွန်ုပ်အပြစ်မှာနစ်၍၊ ကမ်းပါးမှဝေးခဲ့ပြီ၊
အလွန်နက်စွာရှိသောခါ၊ ထွက်ခွာမရနိုင်ပါ။
သို့သော်ရေအရှင်သခင်၊ ကျွန်ုပ်အသံကြားပြီ၊
ရေမှကျွန်ုပ်ကိုဆွဲထုတ်ခလုံခြုံပြီ။

*ထပ်ဆိုရန်*

မေတ္တာတော်သည်၊ ဆွဲယူထုတ်သည်၊
ခပ်သိမ်းမကူညီလျှင်၊ မေတ္တာဆွဲသည်၊
မေတ္တာတော်သည်၊ ဆွဲယူထုတ်သည်၊
ခပ်သိမ်းမကူညီလျှင်၊ မေတ္တာဆွဲသည်။

၂။ ကိုယ်တော်အားနလုံးအပ်ပြီ၊ ကိုယ်တော်ကိုမှီခိုသည်၊
မြတ်သောရှေ့တော်၌အစဉ်၊ ချီးမွမ်းသီချင်းဆိုမည်။
မေတ္တာတော်အစစ်ဖြစ်သည်၊ ချီးမွမ်းခြင်းခံထိုက်သည်၊
စိတ်နလုံးဝိညာဉ်နှင့်နောက်တော်သို့လိုက်မည်။

၃။ ဘေးရောက်သူထက်သို့ကြည့်ပါ၊ ယေရှုကယ်တော်မူမည်၊
ခတ်သောလှိုင်းတံပိုးထဲမှ၊ ဆွဲ၍နုတ်တော်မူမည်။
ပင်လယ်အရှင့်စကားကို၊ ပင်လယ်သည်နားထောင်၏၊
သင်၏ကယ်တင်ရှင်ဖြစ်ရန်အလိုရှိ၏။

# ၅၂။ ယေရှုအံ့ဖွယ်မေတ္တာတော်ကျူး

| Key: B♭ | Sweeter As the Years Go By | SDAH. | GS.239 |
|---|---|---|---|

၁။ ယေရှုအံ့ဖွယ်မေတ္တာတော်၊ ပြစ်ရှိကျွန်ုပ်ကိုရှာ၊
ခြံသို့ပို့ဆောင်ကျေးဇူးတော်၊ တုမဲ့ကရုဏာထား၊
သမုဒ္ဒရာထက်နက်ပေ၊ ကောင်းကင်ဘုံထက်မြင့်လေ။
ထိုမေတ္တာတော်မြတ်ကြောင်းကို၊ ကျွန်ုပ်သီချင်းကျူးဆို။
*ထပ်ဆိုရန်*
ယေရှုအံ့ဖွယ်မေတ္တာတော်၊
တစ်နှစ်ထက်တစ်နှစ်တိုးသိ၊
နက်နဲကျယ်ဝန်းမြင့်သောအံ့ဖွယ်မေတ္တာတော်သည်၊
ကြားလေတိုးနာလည်ရ၏။

၂။ ရှေးခါယုဒပြည်တစ်ဝိုက်၊ ကိုယ်တော်သွားလာနေခိုက်၊
ကယ်ဆယ်ကျေးဇူးသိလိုင့်၊ နောက်တော်လူတို့လိုက်ရှာ၊
ကြေကွဲနလုံးချမ်းသာပေး၊ ကန်းသူများကိုမြင်စေ။
မြင့်မြတ်လှမဟာမေတ္တာ၊ ကျွန်ုပ်ကိုပင်လိုက်ရှာ။

၃။ ကပ်တိုင်တော်၌ဝေဒနာ၊ ကျွန်ုပ်တို့တွက်ရှုံးလေ၊
ညည်းသံမှုပြဘဲခံရှာ၊ ထိုမေတ္တာတော်မြတ်ပေ၊
သန့်ရှင်းသူတို့နှင့်မသဝေ၊ အသံလွှင့်ချီးမြှောက်လေ။
ကယ်တင်ရှင်အားချီးမွမ်းသံ၊ ကောင်းကင်ဘဝဂ်လုံးလျှံ။

# ၅၃။ ပြစ်သားများယေရှုလက်ခံကျူး

| Key:C | Christ Receiveth Sinful Men | SDAH. | CIS.24 |
|---|---|---|---|

၁။ ပြစ်သားများယေရှုလက်ခံ၊ ကရုဏာသတင်းပြောလော့၊
ကောင်းကင်လမ်းမှလွဲသူထံ၊ လဲကျသူထံပေါ်ပြောလော့။
*ထပ်ဆိုရန်*
သီဆိုလော့၊ ထပ်ခါကျူးလော့၊ ပြစ်သားများယေရှုလက်ခံ၊
သတင်းပြောလော့ပြစ်သားထံ၊ ယေရှုရှင်ပြစ်သာလက်ခံ။

၂။ လာကြလော့ချမ်းသာပေးမည်၊ ကိုးစားလော့ယေရှုမိန့်သံ၊
အယုတ်ဆုံးပင်လက်ခံမည်၊ ပြစ်သားများယေရှုလက်ခံ။

၃။ ခုသြတ္တပ္ပစိတ်ရှင်းပြီ၊ ပညတ်ရှေ့၌စင်ကြယ်ပြီ၊
ငါ့ကိုစင်ကြယ်စေသူပင်၊ ပီတိဖြစ်မှာအမှန်ပင်။

၄။ ပြစ်သားများယေရှုလက်ခံ၊ ယုတ်ဆုံးငါ့ကိုပင်လက်ခံ၊
ရှိသမျှပြစ်ဆေးကြောပြီ၊ ကောင်းကင်သို့သူနှင့်ဝင်မည်။

# ၅၄။ နှုတ်ဖြင့် မြွက်ဆို မမှီကျူး

| Key:C | More Than Tongue Can Tell | SDAH. | SS.648 |
|---|---|---|---|

၁။ ယေရှုကျွန်ုပ်ကိုချစ်သည်မှာ၊
ဝိညာဉ်အပြစ်မှလွတ်ခြင်းငှါ။
တိုင်ပေါ်တွင်ခံ၊ သွေးတော်သွန်းရာ၊
နှုတ်ဖြင့်မြွက်ဆိုမမီ။

*ထပ်ဆိုရန်*

ကိုယ်တော်ရှင်၏ချစ်ခြင်းမေတ္တာ
နှုတ်ဖြင့်မြွက်ဆိုမမီနိုင်ရာ၊
ယေရှုကျွန်ုပ်အားချစ်သည်ကို
နှုတ်ဖြင့်မြွက်ဆိုမမီ။

၂။ ကျွန်ုပ်အသက်ရှင်စေလိုငှါ၊
ဝမ်းနည်းဒုက္ခခံပါတကား။
ဆူးရစ်ခေါင်းတော်မြတ်ပေါ်တင်ရာ၊
နှုတ်ဖြင့်မြွက်ဆိုမမီ။

၃။ ပလ္လင်တော်ဝယ်ရွှေ့ဆောင်သခင်၊
ကိုယ်တော်မြတ်၌ငြိမ်သက်သာခြင်း။
အသွေးတော်မြတ်ကုသိုလ်တော်ပင်၊
နှုတ်ဖြင့်မြွက်ဆိုမမီ။

၄။ အနီးတွင်နေလျှင်ဝမ်းမြောက်ခြင်း၊
ကြောက်ရွံ့ခြင်းကင်းသောငြိမ်သက်ခြင်း။
မျှော်လင့်ခြင်းထူးသဖြင့်ကြည်လင်၊
နှုတ်ဖြင့်မြွက်ဆိုမမီ။

# ၅၅။ လူမျိုး တကာအား ပြောကြားကျူး

| Key: A♭ | Hail Him the King of Glory | SDAH.202 | CH.543 |
|---|---|---|---|

၁။ ကမ္ဘာရှိလူမျိုးတကာအားပြောကြား၊
နီးဝေးပြောရမည်။
ကမ္ဘာမှောင်ဆုံးညဥ့်အရုဏ်တက်ပျောက်သွား၊
ယေရှုကြွလာလုပြီ။
*ထပ်ဆိုရန်*
ကြွပါ၊
ဘုန်းတော်ရှင်ဘုရင်ပြစ်သားများတွက်သက်စွန့်ရှင်၊
ပြောကြ၊ အံ့သြဖွယ်ဝတ္ထု၊ စိုးစံယေရှုရှင်။

၂။ လူမျိုးတို့သည်တစ်ဖန်စစ်မက်ဖြစ်ပွား၊
သတိပေး၍ထား။
ကောင်းကင်တွင်နိမိတ်မှန်သောအတိတ်များ၊
ဘုန်းတော်နေ့ကိုညွှန်ကြား။

၃။ ကိုယ်တော်ရှင်လူများဝမ်းမြောက်လျက်မျှော်ကြည့်၊
သီချင်းကျူးအေးကာ။
မျှော်လင့်လျက်စောင့်သူများမင်္ဂလာရှိ၊
လင်းရောင်ခြည်ကိုကြည့်ပါ။

# ၅၆။ ခရစ်တော်နှင့်မျက်နှာချင်းဆိုင်ကျူး

| Key: B♭ | Face to Face With Christ | SDAH.206 | CH.545 |
|---|---|---|---|

၁။ ယေရှုနှင့်မျက်နှာချင်းဆိုင်သော်၊
ဘယ်ကဲ့သို့ဖြစ်လိမ့်မည်နည်း။
ကျွန်ုပ်တွက်သေခံရှင်ကိုယ်တော်၊
ဝမ်းမြောက်စွာဖူးတွေ့မည်တည်း။

*ထပ်ဆိုရန်*

မျက်နှာချင်းဆိုင်ဖူးမြင်ရမှာ၊
ကောင်းကင်ကြယ်များတစ်ဖက်မှာ၊
ဘုန်းကြီးအရှင်မျက်နှာတော်အား၊
နောက်နောင်ဖူးရလိမ့်တကား။

၂။ ရှေ့တော်မှောက်တွင်ဝမ်းမြောက်ဝမ်းသာ၊
ဝမ်းနည်းနာခြင်းကွယ်ပျောက်ကင်း။
ကောက်သောလမ်းများဖြောင့်တန်းစေရာ၊
မှောင်မိုက်အရာထင်ရှားလင်း။

၃။ ဖူးတွေ့ရသောချိန်မင်္ဂလာ၊
မျက်နှာချင်းဆိုင်သိမြင်ရာ။
ရွေးနုတ်ရှင်နှင့်မျက်နှာဆိုင်မှာ၊
ယေရှုရှင်မည်မျှချစ်ရှာ။

# ၅၇။ နံနက်ချိန်ပေါ်လာကျူး

| Key:C | It May Be at Morn | SDAH.207 | CH.536 |
|---|---|---|---|

၁။ နံနက်ချိန်ပေါ်လာနေ့အချိန်ရောက်ရှိလာမည်၊
နေလင်းရောင်ခြည်သည်ညဥ့်မှောင်ရိပ်ကိုကွယ်ပြီးရာ၊
ယေရှုရှင်ဘုန်းတော်နှင့်ကြွလာတော်မူလိမ့်မည်၊
ပိုင်ထိုက်သူတို့ခေါ်ခြင်းငှါ။

*ထပ်ဆိုရန်*

အရှင်ယေရှုဘယ်မျှ၊ ဘယ်မျှ၊ ကြာသော်ကျူးအေးရကြ၊
ယေရှုကြွလာ၊ ဟာလေလုယ၊ ဟာလေလုယအာမင်၊
ဟာလေလုယ၊ အာမင်။

၂။ နေ့လယ်ချိန်ရောက်မူနေဝင်ချိန်လည်းမြင်ရမည်၊
သို့မဟုတ်လျှင်လည်းသန်းခေါင်ယံ၌လည်းဖြစ်ခဲ၊
ဘုန်းတော်ရောင်ခြည်ဖြင့်အလင်းတော်ထွန်းတောက်လိမ့်မည်၊
ယေရှုပိုင်သူခေါ်ရန်လာ။

၃။ အိုဝမ်းမြောက်ဖွယ်တည်းမရဏာမှလွတ်ကင်းရှင်း၊
နာခြင်းဝမ်းနည်းခြင်းကြောက်ရွံ့ခြင်းငိုခြင်းများကင်း၊
အာကာသထက်ဝယ်အရှင်နှင့်ဘုန်းတော်တွင်ပါ၊
ယေရှုပိုင်သူခေါ်ရန်လာ။

# ၅၈။ မှောင်သောချိုင့်များကင်းမည်ကျူး

| Key: E♭ | There'll Be No Dark Valley | SDAH.208 | CIS.854 |
|---|---|---|---|

၁။ မှောင်သောချိုင့်များကင်းမည်ယေရှုကြွလျှင်၊
မှောင်သောချိုင့်များကင်းမည်ယေရှုကြွလျှင်၊
မှောင်သောချိုင့်များကင်းမည်ယေရှုကြွလျှင်၊
ချစ်သူတို့စုသိမ်းဖို့ပင်။
*ထပ်ဆိုရန်*
ချစ်သူတို့စုသိမ်းဖို့ပင်၊ ချစ်သူတို့စုသိမ်းဖို့ပင်။
မှောင်သောချိုင့်များကင်းမည်ယေရှုကြွလျှင်၊
ချစ်သူတို့စုသိမ်းဖို့ပင်။

၂။ ဝမ်းနည်းခြင်းများကင်းမည်ယေရှုကြွလျှင်၊
ဝမ်းနည်းခြင်းများကင်းမည်ယေရှုကြွလျှင်၊
လှသောအရုဏ်လင်းမည်ယေရှုကြွလျှင်၊
ချစ်သူတို့စုသိမ်းဖို့ပင်။

၃။ နှုတ်ဆက်သီချင်းကျူးအေးယေရှုကြွလျှင်၊
နှုတ်ဆက်သီချင်းကျူးအေးယေရှုကြွလျှင်၊
ဝမ်းမြောက်ခြင်းနှင့်ဖူးတွေ့ယေရှုကြွလျှင်၊
ချစ်သူတို့စုသိမ်းဖို့ပင်။

# ၅၉။ ယေရှု ကြွလာလိမ့်ဦးမည်ကျူး

| Key:A | Jesus Is Coming Again | SDAH.213 | CH.541 |
|---|---|---|---|

၁။ တံပိုးခရာယူသံကျယ်စွာမှုတ်ကြ၊
ယေရှုကြွလာလိမ့်ဦးမည်။
အားယူခရီးသည်ဝမ်းမြောက်လျက်သီကြ၊
ယေရှု ကြွလာလိမ့်ဦးမည်
*ထပ်ဆိုရန်*
ကြွလာဦးမည်၊ ကြွလာဦးမည်၊
ယေရှု ကြွလာလိမ့်ဦးမည်

၂။ တောင်များသံပြန်ကြလွင်ပြင်များကြေညာ၊
ယေရှုကြွလာလိမ့်ဦးမည်။
သတ်ခြင်းခံသိုးငယ်ဘုန်းတော်နှင့်ကြွလာ၊
ယေရှု ကြွလာလိမ့်ဦးမည်

၃။ ထွေကြာသောမြေကြီးလူစုကိုပြောသည်၊
ယေရှု ကြွလာလိမ့်ဦးမည်
မုန်တိုင်းနှင့်လေပွေသီချင်းရှည်ဆိုသည်၊
ယေရှု ကြွလာလိမ့်ဦးမည်

၄။ လူမျိုးအမျက်ထွက်ကျွန်ုပ်တို့သိသည်၊
ယေရှု ကြွလာလိမ့်ဦးမည်
ပညာဉာဏ်တိုးပွားသွားလာခြင်းများသည်၊
ယေရှု ကြွလာလိမ့်ဦးမည်

# ၆၀။ သခင်ဘုရား ကြွလာလုနီးပြီကျူး

| Key:D♭ | Tis Almost Time for the Lord to Come | SDAH.212 | CH.182 |
|---|---|---|---|

၁။ သခင်ဘုရား ကြွလာလုနီးပြီ ၊ လူများပြောဆိုသံကြား။
ကောင်းကင်ကြယ်များမှိန်လျက်နေပြီ၊
မိုးသောက်လင်းချိန်ရောက်လုပြီတကား။
*ထပ်ဆိုရန်*
အိုမိုးသောက်လင်းချိန်ရောက်လုပြီတကား၊
အိုမိုးသောက်လင်းချိန်ရောက်လုပြီတကား၊
နေ့ချိန်ရောက်လုနီး၍၊ ညဥ့်ချိန်ကုန်လုတကား။
အိုမိုးသောက်လင်းချိန်ရောက်လုပြီတကား။

၂။ နေလကောင်းကင်မြေကြီးပင်လယ်တွင်၊ နိမိတ်များထင်ရှားရာ။
သခင်ကြွလာချိန်နီးကြောင်းပင်၊
လူတို့အားကျယ်စွာ ကြွေးကြော်နေပါ။

၃။ စောင့်နေအသင်းတော်မာနပယ်ရှား၊ အချိန်ကျရောက်လေပြီ။
မီးခွက်ထွန်းလျက်ခါးပန်းစည်းထား၊
ရောက်လာမည့်နေ့ကိုမျှော်လင့်သင့်ပြီ။

၄။ ကျယ်သောလမ်းမလမ်း ကြိုလမ်းကြားသို့၊
လျင်မြန်စွာထွက်သွားကာ။
ရောက်လာမည့်နေ့မှာသင့်ရှိဖို့၊
ကျိုးသူကန်းသူနာသူခေါ် ဖိတ်ပါ။

# ၆၁။ ထိုရပ်မှာနာမည်ခေါ်သောခါကျူး

| Key:G | When the Roll Is Called Up Yonder | SDAH.216 | CH.865 |
|---|---|---|---|

၁။ ကိုယ်တော်ရှင်၏တံပိုးမှုတ်၍အချိန်ဆုံးခန်းရောက်သောခါ၊
ထွန်းတောက်သာယာထာဝရအရုဏ်တက်ကာ။
မြေကြီးမှကယ်တင်ခံသူတို့တစ်ဖက်ကမ်း၌စုရုံးကာ၊
နာမည်ခေါ်သော်ကျွန်ုပ်ရှိမည်ထိုရပ်မှာ။
*ထပ်ဆိုရန်*
ထိုရပ်မှာ နာမည်ခေါ်သောခါ၊
ထိုရပ်မှာ နာမည်ခေါ်သောခါ၊
ထိုရပ်မှာ နာမည်ခေါ်သောခါ၊
နာမည်ခေါ်သော်ကျွန်ုပ်ရှိမည်ထိုရပ်မှာ။

၂။ ခရစ်တော်၌သေသူတို့ထိုသာယာနံနက်ထမြောက်ကြ၊
ကိုယ်တော်ထမြောက်ခြင်းဘုန်းစည်းစိမ်ဝင်စားကာ။
ရွေးကောက်ခြင်းကိုခံသူတို့ကိုယ့်အိမ်သို့စုရုံးကြကာလ၊
နာမည်ခေါ်သော်ကျွန်ုပ်ရှိမည်ထိုရပ်မှာ။

၃။ နေထွက်မှနေဝင်တိုင်အောင်မှုတော်မြတ်ကိုဆောင်ရွက်ကြစို့၊
အံ့ဖွယ်မေတ္တာတော်အကြောင်းပြောကြကုန်ရာ။
မြေကြီးပေါ်တွင်ပြုရန်မှုပြီးအသက်ကုန်သော်ကျွန်ုပ်တို့၊
နာမည်ခေါ်သော်ကျွန်ုပ်ရှိမည်ထိုရပ်မှာ။

# ၆၂။ ကြွလာသောခါကျူး

| Key:D | When He Cometh | SDAH.218 | CH.418 |
|---|---|---|---|

၁။ ကြွလာသောခါ၊ ကြွလာသောခါ၊
ကျောက်မြတ်များစုသိမ်းသွင်း၊
အားလုံးကျောက်မြတ်များဖိုးထိုက်စွာ၊
ပိုင်ထိုက်ချစ်အသင်း။

*ထပ်ဆိုရန်*

သရဖူတော်ထွန်းတောက်စွာ
မိုးသောက်ကြယ်နီပမာ။
စီထားကျောက်မြတ်များတို့သည်
တင့်တယ်ထွန်းလင်းသည်။

၂။ ကိုယ်တော်သိမ်းမည်၊ ကိုယ်တော်သိမ်းမည်၊
နိုင်ငံဖို့ရတနာ။
သန့်ရှင်းသူသည် ဖြူစင်သူသည်၊
ချစ်သင်းပိုင်ထိုက်စွာ။

၃။ သူငယ်လေးများ၊ သူငယ်လေးများ၊
ရွေးနုတ်ရှင်ကိုချစ်သူ၊
မြတ်သောကျောက်များဖိုးထိုက်ကျောက်များ၊
ချစ်သင်းပိုင်ထိုက်သူ။

# ၆၃။ တရားစီရင်လျှင်ဘယ်ကဲ့သို့ဖြစ်မှာကျူး

| Key:F | When Jesus Shall Gather the Nations | SDAH. | CH.538 |
|---|---|---|---|

၁။ လူမျိုးမျိုးထံတော်၌စုရုံးပေါ်လာ၊
ယေရှုဆုံးတွင်ခေါ်တော်မူလျှင်၊
တရားစီရင်လျှင်ဘယ်ကဲ့သို့ဖြစ်မှာ၊
စီရင်ချက်ချရန်ခေါ်မူလျှင်။

*ထပ်ဆိုရန်*

ကိုယ်တော်စပါးကျီတွင်စပါးသိမ်းလျှင်၊
ဖျင်းဖုန်ကိုကိုယ်တော်ပယ်ရှားလိမ့်တည်း။
ထမြောက်ခြင်းနေ့ကြီးတရားစီရင်၊
ကျွန်ုပ်တို့ဘယ်သို့တွေ့မည်နည်း။

၂။ သာဓုငယ်သားကောင်းသစ္စာရှိပေစွ၊
ယေရှုနှုတ်ကကြားရမည်လော၊
သို့မဟုတ်တုန်လှုပ်လျက်ပလ္လင်တော်မှ၊
နှင်ထုတ်ခြင်းကိုခံရမည်လော။

၃။ ထိုပြင်မီးခွက်များထွန်းလင်းပြင်ဆင်ကာ၊
မအိပ်ဘဲသင့်စောင့်နေကြလေ၊
မင်္ဂလာလုလင်ခေါ်တော်မူသောခါ၊
လိုက်ရန်ပြင်ဆင်လျက်နေကြစေ။

၄။ ကောင်းကင်ကိုစိတ်ဆန္ဒပြင်းစွာတောင့်တ၊
ကျွန်ုပ်တို့သည်းခံလျက်စောင့်ကြ၊
ခရီးနေ့ရက်များကုန်လွန်သွားပြီးလျှင်၊
ထံတော်၌ခံစားကြမည်စဉ်။

# ၆၄။ မြော်လျက်စောင့်နေသည်ကျူး

| Key:E | Waiting and Watching | SDAH. | CH.542 |
|---|---|---|---|

၁။ ကိုယ်တော်လာမည့်အချိန်မသိချေ၊ နံနက်ညနေသန်းခေါင်ဖြစ်မည်။
နေဝင်ဖျိုးဖျဖြစ်ကောင်းဖြစ်လိမ့်လေ၊ အရုဏ်တက်စဖြစ်ကောင်းဖြစ်မည်။
စောင့်နေ၍အသင့်ရှိရန်မိန့်ပြန်၊ ထိုမီးခွက်များမမှိန်စေရ။
ကြွလာသောခါကျွန်ုပ်တို့တွေ့ရန်၊ အားလုံးစောင့်လျက်မြော်လင့်နေကြ။
*ထပ်ဆိုရန်*
မြော်လျက်စောင့်နေသည်၊ မြော်လျက်စောင့်နေသည်၊
မြော်လျက်စောင့်နေသည်၊ ကိုယ်တော်ကိုမြော်လျက်စောင့်နေသည်။

၂။ ဘုန်းတောက်သောဗိမာန်တို့ကိုစွန့်ကာ၊ ဆုံးရှုံးသူတွက်သေခံခြင်းငှါ။
ကယ်တင်တော်မူခြင်းအဖို့ဖြစ်သော၊ အံ့ဖွယ်မေတ္တာစဉ်းစားမိသော်။
ကယ်တင်ရန်သေခံသောကိုယ်တော်အား ကြွလာခြင်းမြော်လင့်ဝမ်းမြောက်သင့်။
ကိုယ်တော်နှစ်သက်စေလိမ့်မည်တကား၊
ကိုယ်တော်မြတ်ကိုစောင့်လျက်မြော်လင့်။

၃။ အိုယေရှုချစ်မြတ်နိုးရွေးနတ်ရှင်၊ ကိုယ်တော်ကိုဖူးရန်မြော်လင့်သည်။
ခေါ်ဖိတ်သောအသံတော်ကိုကြားချင် နှစ်သက်ကြောင်းကိုကိုယ်တော်သိမည်။
တရားပိုင်ရှင်အဖြစ်ကြွမူလျှင်၊ ရှေ့တော်မှမည်သူပြေးနိုင်နည်း။
ချစ်မိတ်ဆွေအဖြစ်နှုတ်ဆက်လာလျှင်၊
ကိုယ်တော်ကိုစောင့်လျက်မြော်သတည်း။

# ၆၅။ လာမည့်ဘုရင်တံခါးမှာရှိကျူး

| Key:G | The Coming King Is at the Door | SDAH. | CH.546 |
|---|---|---|---|

၁။ လာမည့်ဘုရင်တံခါးမှာရှိ၊ တိုင်ပေါ်ပြစ်တွက်တစ်ခါခံ၏၊
ခုဖြောင့်မတ်သောသူတို့ကိုသာ၊ အိမ်သို့စုသိမ်းရန်လာ။
*ထပ်ဆိုရန်*
တံခါးမှာ၊ တံခါးမှာ၊ တံခါးမှာအေတံခါး၀ရောက်ပြီ။
လာလျက်နေသည်၊ လာလျက်နေသည်၊
ကြွလာချိန်အနီးရောက်ပြီ။

၂။ လာချိန်နီးလက္ခဏာထင်ရှား၊ မြန်စွာနှစ်တိုင်းပြည့်စုံအများ၊
ဘုန်းတော်မိုးသောက်မကြာခင်မြင်၊ ကောင်းကင်နံ့နက်ဖို့ပင်။

၃။ လောကဥ္စစ်တိုက်ခြင်းမရှင်း၊ ၀မ်းမြောက်ခြင်းငြိမ်သက်ခြင်းမဲ့ကင်း၊
ကယ်တင်ရှင်ပြန်လာသောအခါ၊ အပြစ်သေခြင်းလွတ်ရာ။

၄။ ဘုန်းထွန်းသောကမ္ဘာသစ်ရောက်ခါ၊ အနန္တကာလနေကြရာ၊
သေခြင်းသည်ရှင်ခြင်းသို့ပြောင်းပြီ၊ အနန္တကာလတည်း။

# ၆၆။ မကြာယေရှုလာမည်ကျူး

| Key: E♭ | Jesus Is Coming Soon | SDAH. | AY.111 |
|---|---|---|---|

၁။ ဒုက္ခဆင်းရဲခြင်းများ၊ စိတ်နလုံးကိုချောက်ချား၊
သက်တာလွတ်လပ်မှုများ၊ ဆုံးခန်းရောက်လာ၊
စိတ်နလုံးနှိမ့်ချကြ၊ ဆုံးမခြင်းကြိမ်လွတ်ငြိမ်း၊
သူတော်စင်ခြေရာနင်း၊ နီးကြားကြစေ။

*ထပ်ဆိုရန်*

မကြာယေရှုလာမည်၊ နံနက်၊ ညဥ့် (သို့) မွန်းတည့်၊
ပြစ်ဒဏ်ခံသူများပြား၊ တံပိုးမှုတ်သံ၊
သေလွန်သူများနိုးထ၊ မိုးကောင်းကင်၌ဆုံကြ၊
သေခြင်းကင်းဝေးသောရပ်၊ နိုင်ငံတော်လမ်း။

၂။ အပြစ်များတိုးပွားမည်၊ မေတ္တာခေါင်းပါးကြကာ၊
ရွှေအိမ်တော်ဆုံးရှုံးခါ၊ ကျမ်းဟောခဲ့ပြီ၊
ဤနိမိတ်ပေါ်သောခါ၊ ဆုံးရောက်ဖို့လွန်နီးပြီ၊
လျင်မြန်စွာဖြစ်ပျက်မည်၊ တံပိုးမှုတ်မည်။

၃။ မကြာဒုက္ခကုန်ဆုံး၊ ထာဝရပျော်မဆုံး၊
ကမ်းတစ်ဖက်၌တွေ့ဆုံ၊ စိတ်ချသက်သာ၊
ထက်ရပ်သို့တက်ကြွလျက်၊ ဤကမ္ဘာကိုနှုတ်ဆက်၊
အိမ်တော်သို့သွားကြလျက်၊ ဘုန်းတော်ဝင်စား။

# ၆၇။ ယေရှုနာမတန်ခိုးချီးမြှောက်ကျူး

| Key:F | All Hail the Power of Jesus' Name | SDAH.229 | CH.156 |
|---|---|---|---|

၁။ ယေရှုနာမတန်ခိုးချီးမြှောက်၊ သရဖူတော်ဆောင်းစေ။
ကောင်းကင်တမန်အပေါင်းဒူးထောက်၊ အထွတ်ဘုရင်တင်လေ။
ကောင်းကင်တမန်အပေါင်းဒူးထောက်၊ အထွတ်ဘုရင်တင်လေ။

၂။ ရွေးကောက်ကြသရေလလူမျိုး၊ ရွေးချယ်ခံသင်တို့တွေ။
ကျေးဇူးတော်နှင့်ကယ်တင်ခြင်းကျိုး၊ အထွတ်ဘုရင်တင်လေ။
ကျေးဇူးတော်နှင့်ကယ်တင်ခြင်းကျိုး၊ အထွတ်ဘုရင်တင်လေ။

၃။ ဤလောကရှိလူမျိုးလုံးစုံ၊ ကယ်တင်ခြင်းကျေးဇူးတွေ။
ကိုယ်တော်ကိုဦးချဝပ်တွားကုန်၊ အထွတ်ဘုရင်တင်လေ။
ကိုယ်တော်ကိုဦးချဝပ်တွားကုန်၊ အထွတ်ဘုရင်တင်လေ။

၄။ ချီးမွမ်းသောသန့်ရှင်းသူတို့ချင်း၊ ခြေရင်း၌ဒူးတုပ်စေ။
ပြိုင်တူဆိုထာဝရသီချင်း၊ အထွတ်ဘုရင်တင်လေ။
ပြိုင်တူဆိုထာဝရသီချင်း၊ အထွတ်ဘုရင်တင်လေ။

# ၆၈။ ကိုယ်တော်ကိုချစ်၏ကျူး

| Key: E♭ | I Love Thee | SDAH.236 | CH.343 |
|---|---|---|---|

၁။ ကိုယ်တော်ရှင်၊ ကိုယ်တော်ကို၊ ကျွန်ုပ်ချစ်ပါ၏၊
ယေရှုကျွန်ုပ်ဘုရား၊ ကိုယ်တော်အားချစ်သည်။
ကိုယ်တော်ကိုချစ်ကြောင်းကို၊ ကိုယ်တော်သိမှု၏၊
ဘယ်မျှလောက်ချစ်ကြောင်းကို၊ ကျင့်ဝတ်ဖြင့်ပြမည်။

၂။ ဝမ်းမြောက်ပေ၊ ဝမ်းမြောက်ပေ၊ အံ့သြဖွယ်ဖြစ်ထွေ၊
တောင်ပေါ်မှာ၊ ငါရပ်နေ၊ ထာဝရဝမ်းမြောက်လေ။
ပြည်တော်ကိုအာရုံပြု၊ ထိုမှာရောက်လိုမှု၊
ယေရှုရှင်တမန်များ၊ ချစ်မိတ်ဆွေနှင့်တူ။

၃။ အိုယေရှု၊ ကယ်ချွတ်ရှင်၊ တူနေလျှင်ချမ်းသာ၊
အသက်တာ၊ ကယ်တင်ခြင်း၊ ဝမ်းမြောက်ခြင်းချမ်းသာ။
နာမတော်၊ မေတ္တာတော်၊ ကျွန်ုပ်၏သီချင်း၊
ကျွန်ုပ်နလုံးအထိ၊ ကျေးဇူးတော်စိုင်းပြင်း။

၄။ ယေရှုလို၊ လူမရှိ၊ ရှုလင့်မြို့ဘုရင်၊
ပြုံးတော်မူ၊ ချစ်မှု၏၊ တေးဆိုရန်ကူညီ။
ကျယ်လောင်သောတေးသံဖြင့်၊ ထောမနာပြုချင်၊
အားရဖွယ်သီချင်းဖြင့်၊ ငါ့ဝိညာဉ်ရွှင်ပြီ။

# ၆၉။ တင့်တယ်လှသခင်ကျူး

| Key: E♭ | Fairest Lord Jesus | SDAH.240 | CH.165 |
|---|---|---|---|

၁။ တင့်တယ်လှသခင်၊ လောကအုပ်စိုးရှင်ကို၊
လူသားယေရှု၊ ဘုရားသားတော်။
ကျွန်ုပ်နှစ်သက်ရာ၊ ဝါကြွားချီးမွမ်းလို၊
ကြည်ညိုမြတ်နိုးပါမည်ကိုယ်တော်။

၂။ တင့်တယ်ရာလွင်ပြင်၊ သာ၍တင့်တယ်လှစွာ၊
တောင်ကုန်းများရွက်နုခြုံထားသည်။
ငြိုငြင်သောစိတ်အား၊ သီချင်းဆိုစေရာ၊
ယေရှုသာတင့်တယ်ဖြူစင်သည်။

၃။ နေရောင်ခြည်တင့်တယ်၊ လရောင်သာ၍တင့်တယ်၊
မိုတ်တုတ်ကြယ်များ၊ အပေါင်းတို့ထက်။
ယေရှုထွန်းလင်းလှ၊ သာ၍ဖြူစင်ကြယ်၊
ကောင်းကင်ဗိုလ်ခြေအပေါင်းတို့ထက်။

# ၇၀။ ထိုက်တန်၊ ထိုက်တန်သိုးသငယ်ကျူး

| Key:C | Worthy, Worthy, Is the Lamb | SDAH.246 | CH.168 |
|---|---|---|---|

၁။ ထိုက်တန်ထိုက်တန်သိုးသငယ်၊
ထိုက်တန်ထိုက်တန်သိုးသငယ်၊
ထိုက်တန်ထိုက်တန်သိုးသငယ်၊ ကွပ်မျက်ခံ။

*ထပ်ဆိုရန်*

ဘုန်းတော်ဟာလေလုယ၊
ချီးမွမ်းဟာလေလုယ၊
ဘုန်းတော်ဟာလေလုယ၊
သိုးသငယ်။

၂။ နိုင်ငံတော်တည်ထောင်ပါစေ၊
အပြစ်တန်ခိုးလောင်ကျွမ်းပြီ၊
မိလေနိကာလပေါ်လေ၊
သိုးသငယ်။

၃။ မိနစ်တိုင်းဤသဘောရှိ၊
ကိုယ်တော်ကိုစဉ်ချီးမွမ်းဘိ၊
ဇိအုန်တောင်ရောက်သည်တိုင်အောင်၊
ကြည့်သိုးငယ်။

# ၇၁။ ချီးမွမ်းကျူး

| Key:G | Praise Him! Praise Him! | SDAH.249 | CH.645 |
|---|---|---|---|

၁။ ချီးမွမ်း၊ ချီးမွမ်း၊ ကျွန်ုပ်တို့၏ကယ်တင်ပိုင်ရှင်၊
လူအပေါင်းတို့မေတ္တာတော်ကိုကြွေးကြော်။
ဘုန်းအာနုဘော်ကိုယ်တော်၌မြဲရှိပါစေသော်၊
ကောင်းကင်တမန်မင်းများတို့ပြောကြလော့။
သိုးထိန်းကဲ့သို့ယေရှုသည်သူငယ်များအား၊
တစ်နေ့လုံးလက်တော်နှင့်ပွေ့ဆောင်ပို့လို။
*ထပ်ဆိုရန်*
ချီးမွမ်း၊ ချီးမွမ်း၊ ဂုဏ်သရေအကြောင်းကိုပြောပါ၊
ချီးမွမ်း၊ ချီးမွမ်း၊ စဉ်မပြတ်သီချင်းဆို။

၂။ ချီးမွမ်း၊ ချီးမွမ်း၊ ကျွန်ုပ်တို့၏ကယ်တင်ပိုင်ရှင်၊
ကိုယ်တော်မြတ်သည် လက်ဝါးကပ်တိုင်ပေါ်မှာ။
ကျွန်ုပ်တို့၏ပြစ်များကြောင့်ခံထိုက်သောဒဏ်ပင်၊
ခံတော်မူကာအမှန်ကယ်တင်မူရှာ။
ကျွန်ုပ်တို့ဝမ်းနည်းကြေကွဲခြင်းဆောင်မူရှာ၊
ချီးမွမ်း၍မကုန်မေတ္တာတော်ဂုဏ်ကို။

၃။ ချီးမွမ်း၊ ချီးမွမ်း၊ ကျွန်ုပ်တို့၏ကယ်တင်ပိုင်ရှင်၊
ကောင်းကင်ဘုံမှာနာမတော်ချီးမွမ်းကြ။
စဉ်မပြတ်အုပ်စိုးတော်မူမည်ယေရှုသခင်၊
သရဖူကိုခေါင်းတော်ပေါ်မှာဆောင်းရ။
ရန်သူတို့ကိုအောင်ခြင်းငှါကိုယ်တော်ကြွလာ၊
ဘုန်းတန်ခိုးကိုယ်တော်၌တည်စေသတည်း။

# ၇၂။ ကိုယ်တော်သက်ရှင်ကျူး

| Key: A♭ | He Lives | SDAH.251 | SY.34 |
|---|---|---|---|

၁။ ထမြောက်ကိုယ်တော်ငါကိုးကွယ်လောကတွင်ယနေ့ရှိ၊
လူများမည်သို့ပြောဆိုနေကိုယ်တော်သက်ရှိပါသိ၊
ကရုဏာလက်ငါတွေ့မြင်၊ အားပေးသံငါကြားနေ၊
ကိုယ်တော်ကိုလိုချိန်မှာပင်၊ စဉ်နီးရှိပေ။

*ထပ်ဆိုရန်*

သက်ရှင်၊ သက်ရှင်၊ ယေရှုယနေ့သက်ရှင်၊
သက်တာကျဉ်းမြောင်းသောလမ်းတစ်လျှောက်၊
ကိုယ်တော်နှင့်တူအစဉ်၊
သက်ရှင်၊ သက်ရှင်၊ ကယ်တင်ခြင်းပေးမူ၏၊
သက်ရှင်ကြောင်းဘယ်သို့သိသနည်း၊
ကိန်းဝပ်မှုခြင်းဖြင့်သိ။

၂။ ငါ့ပတ်လည်ကမ္ဘာလုံးတွင်စောင့်ရှောက်ခြင်းငါတွေ့မြင်၊
စိတ်နလုံးမောပန်းငြားလည်းစိတ်မပျက်ပါအရှင်၊
မုန်တိုင်းကြားမှကိုယ်တော်သည်၊ ပို့ဆောင်ကြောင်းကိုသိသည်၊
ပေါ်ထွန်းသောနေ့နောက်ဆုံးမှာရောက်လာလိမ့်မည်။

၃။ ဝမ်းမြောက်လော့အိုခရစ်ယာန်သီချင်းသံကြွေးကြော်လေ၊
ခရစ်ဘုရင်ထာဝရဟာလေလုယကျူးအေး၊
ရှာဖွေသူတွက်မျှော်လင့်ခြင်း၊ တွေ့သူတွက်ကူမခြင်း၊
ကိုယ်တော်ကိုချစ်သနားသူမရှိအလျှင်း။

# ၇၃။ ယေရှုလို ခြားနာမ မရှိကျူး

| Key:F | There's No Other Name Like Jesus | SDAH.253 | CH.517 |
|---|---|---|---|

၁။ ယေရှုလိုခြားနာမ မရှိ၊ ချစ်ဆုံးသောနာမအမှန်။
ကောင်းကင်သားတို့ဝမ်းမြောက်နည်းတူ၊
ခရစ်ယာန်များရွှင်လန်းကာ။
*ထပ်ဆိုရန်*
ချစ်ဖွယ်၊ နာမ၊ ယေရှုလိုခြားနာမ မရှိ။
ချစ်ဖွယ်၊ နာမ၊ ယေရှုလိုခြားနာမ မရှိ။

၂။ ယေရှုလိုခြားနာမ မရှိ၊ စိတ်ဒုက္ခများရောက်ခဲ့လျှင်။
ယေရှုလိုခြားနာမ မရှိ၊ စိတ်သည်ဝမ်းမြောက်လွတ်လပ်လျှင်။

၃။ ဘုန်းတော်နှင့်ကြွလာတော်မူကာ၊ ဖူးနိုင်၍ရွှင်လန်းဝမ်းသာ။
လက်ခံမူမည်ဟုမျှော်လင့်ရာ၊ ကျွန်ုပ်အားနည်းစိတ်သာယာ။

၄။ ကျွန်ုပ်သည်ဉယျာဉ်၌နေစဉ်၊ လုပ်ရန်အလိုတော်ရှိလျှင်။
ကျွန်ုပ်ပြောဆိုလုပ်သမျှတွင်၊ ကောင်း၏ကောင်းချီးခံရလျှင်။

၅။ သေမင်းလက်အေးကျွန်ုပ်ခန္ဓာ၊ ထိစေရန်လိုတော်ရှိလျှင်။
ယေရှုကျွန်ုပ်ခိုရာဖြစ်ပါ၊ ကောင်းစွာစိတ်ချမည်သခင်။

# ၇၄။ သမားတော်ကြီးသင့်နားနီးသည်ကျူး

| Key:D♭ | The Great Physician Now Is Near | SDAH.254 | CH.530 |
| --- | --- | --- | --- |

၁။ သမားတော်ကြီးသင့်နားနီးသည်၊ ကြင်နာသောယေရှုရှင်ပေ။
ညှိုးနွမ်းစိတ်ကိုဝမ်းမြောက်စေသည်၊ ယေရှုခေါ်သံနားထောင်လေ။

*ထပ်ဆိုရန်*

ကောင်းကင်သားချီးမွမ်းမြွက်ဆို၊
နာမတော်မြတ်ကိုအေးကျူး၊
ဆိုရာသီချင်းလွန်သာချို၊ မင်္ဂလာရှိယေရှု။

၂။ ထမြောက်သိုးငယ်ဘုန်းကြီးစေသော၊ ယေရှုကိုကျွန်ုပ်ယုံကြည်။
ကယ်ချွတ်ပိုင်ရှင်၏နာမတော်၊ ကျွန်ုပ်အလွန်မြတ်နိုးသည်။

၃။ နာမတော်ကြောက်ဖွယ်ရာပယ်ရှား၊ ယေရှုနာမတော်တစ်ပါး။
ငါ့ဝိညာဉ်မြတ်သောယေရှုရှင်၊ ဝမ်းမြောက်စွာကြားရအစဉ်။

၄။ ဘုန်းကြီးသက်သရဖူယူလာ၊ စောင့်လျက်ကြွလာတော်မူသော်။
ငါတို့သည်ထံတော်၌ထိုင်မှာ၊ ရွှေးနတ်ခြင်းဝတ္ထုကိုပြော။

# ၇၅။ ယခုဖြည့်ပါကျူး

| Key:F | Hover O'er Me, Holy Spirit | SDAH.260 | CH.212 |
|---|---|---|---|

၁။ သန့်ရှင်းဝိညာဉ်ကျွန်ုပ်ပေါ်တွင်၊ ပျံဝဲ၍ဆေးကြောမူပါ။
ကိုယ်တော်လေးမြတ်သောရှိခြင်းပင်၊ ကြွလာ၍ယခုဖြည့်ပါ။

*ထပ်ဆိုရန်*

ခုဖြည့်ပါ၊ ခုဖြည့်ပါ၊ ယေရှုကြွ၍ခုဖြည့်ပါ။
ကိုယ်တော်လေးမြတ်သောရှိခြင်းနှင့်၊
ကြွလာ၍ယခုဖြည့်ပါ။

၂။ ကျွန်ုပ်ဘယ်သို့မသိသော်လည်း၊ ဝိညာဉ်ဘုရားဖြည့်နိုင်ရာ။
ကိုယ်တော်ကိုကျွန်ုပ်လိုပါသည်၊ ကြွလာ၍ယခုဖြည့်ပါ။

၃။ ကျွန်ုပ်များးစွာအားနည်းပါသည်၊ ခြေတော်ရင်း၌ဒူးထောက်ရာ။
ထာဝရသန့်ရှင်းဝိညာဉ်တည်၊ မေတ္တာနှင့်ခုဖြည့်စေပါ။

၄။ ဆေးကြောနှစ်သိမ့်ကယ်တင်မူပြီ၊ နလုံးနဖူးကိုဆေးပါ။
ကိုယ်တော်နှစ်သိမ့်ကယ်တင်နေပြီ၊ ခရိုသာစွာဖြည့်နေရာ။

# ၇၆။ သန့်ရှင်းဝိညာဉ်၊ လမ်းပြရှင်ကျူး

| Key:G | Holy Spirit, Faithful Guide | SDAH. | CH.211 |
|---|---|---|---|

၁။ သန့်ရှင်းဝိညာဉ်လမ်းပြရှင်၊ တပည့်တော်နားနေအစဉ်၊
ကောင်းကင်ခရီးလျှောက်သွားစဉ်၊ ဖြည်းညင်းစွာလမ်းပြသခင်၊
မောပန်းဝိညာဉ်ဝမ်းမြောက်ချေ၊ ချိုသာသံတော်နားထောင်လေ၊
ခရီးသည်နောက်သို့လိုက်လာ၊ ပို့ဆောင်မည်အိမ်တော်သာယာ။

၂။ မိတ်ဆွေစစ်ဝိညာဉ်တော်ရှင်၊ မစရန်ရှိနေအသင့်၊
ကျွန်ုပ်တို့ကိုမှောင်မိုက်တွင်၊ စိုးရိမ်ရာမစွန့်ပါနှင့်၊
ပြင်းထန်စွာမုန်တိုင်းကျလာ၊ စိတ်ငယ်မျှော်လင့်မဲ့သောခါ၊
နောက်တော်လိုက်ရန်ခေါ်မူပါ၊ ပို့ဆောင်မည်အိမ်တော်သာယာ။

၃။ ဆောင်ရွက်ရန်အမှုပြီးလျှင်၊ ခေါ်တော်မူချိန်စောင့်နေစဉ်၊
ဆုတောင်းလျက်မျှော်လင့်တောင့်တ၊ ကောင်းကင်ဘုံဝင်ရန်တသသ၊
သေခြင်းမြစ်ကိုကူးသောခါ၊ သွေးတော်မြတ်မှီခိုကိုးစား၊
နောက်တော်လိုက်ရန်ခေါ်မူပါ၊ ပို့ဆောင်မည်အိမ်တော်သာယာ။

# ၇၇။ ဥပဇ္ဈာယာယ်ရောက်လာပြီကျူး

| Key: C | The Comforter Has Come | SDAH. | CH.526 |
|---|---|---|---|

၁။ အိုသတင်းတော်ကြော်ငြာ၊ လူရှိသောရပ်တိုင်းမှာ။
လူစိတ်နှလုံးများနှင့်၊ သောကများသောရပ်မှာ၊
ခရစ်ယာန်တိုင်းတို့သည်၊ ဝမ်းမြောက်သံကိုကြော်ငြာ၊
ဥပဇ္ဈာယ်ရောက်လာပြီ။

၂။ ရှည်ကြာသောညဥ့်လွန်သည်၊ နံနက်ချိန်ရောက်လာပြီ။
မြည်တမ်းခြင်းကိုရပ်စေ၊ ဒေါသမုန်တိုင်းလွန်သည်၊
လှပတောင်ထိပ်များပေါ်၊ ယခုနေ့တွင်ရောက်ပြီ၊
ဥပဇ္ဈာယ်ရောက်လာပြီ။

၃။ ထွတ်ဘုရင်ကိုကြည့်ပါ၊ အတောင်တော်ဖြင့်ချမ်းသာ။
ချုပ်ထားဝိညာဉ်တိုင်းကို၊ ကယ်တင်ခြင်းဆောင်ယူလာ၊
တောင်ခေါင်းဂူပေါက်တို့မှ၊ အောင်သံကျူးကြကုန်လေ၊
ဥပဇ္ဈာယ်ရောက်လာပြီ။

၄။ အနန္တချစ်မေတ္တာ၊ ကျွန်ုပ်၏နှုတ်နှင့်သာ။
လူမျိုးအားမပြောနိုင်၊ မတုပြိုင်ကျေးဇူးများ၊
အပြစ်သားကျွန်ုပ်သည်၊ ကိုယ်တော်ကဲ့သို့ဖြစ်ရာ၊
ဥပဇ္ဈာယ်ရောက်လာပြီ။

# ၇၈။ အသက်မုန့်ကျွန်ုပ်အားပေးပါဘုရားကျူး

| Key:D | Break Thou the Bread of Life | SDAH.271 | CH.218 |
|---|---|---|---|

၁။ အသက်မုန့်ကျွန်ုပ်အားပေးပါဘုရား၊
အိုင်နားမှာပြုနည်းတူကျွန်ုပ်တို့အား။
ကျမ်းစာတော်မြတ်အပြင်ကိုယ်တော်အသား၊
ငတ်မွတ်သောဝိညာဉ်အားကျွေးပါဘုရား။

၂။ သမ္မာတရားတော်ဖြင့်ကျွန်ုပ်တို့အား၊
မင်္ဂလာဖြစ်စေအောင်ပြုပြင်မူပါ။
သို့မှပြစ်ရှိသမျှကင်းစေပါမည်၊
တို့ဝိညာဉ်ငြိမ်သက်ခြင်းတည်စေသတည်း။

၃။ ကိုယ်တော်အကြံတော်မှာသုံးတော်မူပါ၊
ကျွန်ုပ်ကိုခိုင်းလိုလျှင်စေခိုင်းမူပါ။
သို့လျှင်ငတ်မွတ်သောသူအားနည်းသူလည်း၊
အသက်မုန့်စားရန်အခွင့်ရပေမည်။

# ၇၉။ ကျမ်းစာမြတ်ပေးပါကျူး

| Key:G | Give Me The Bible | SDAH.272 | CH.655 |
|---|---|---|---|

၁။ ကျမ်းစာမြတ်ပေးပါ၊ ဝမ်းမြောက်ကြယ်လိုတောက်ပ၊
တစ်ကိုယ်တည်းလမ်းလွဲသူနစ်သိမ့်စေရာ။
ပျောက်သူကယ်ရန်ယေရှုရှင်ကြွလာချိန်မှ၊
ထိုငြိမ်သက်လင်းမုန်တိုင်းမကွယ်နိုင်ပါ။
*ထပ်ဆိုရန်*
ကျမ်းစာမြတ်ပေးပါသန့်ရှင်းသတင်းထွန်းရာ၊
ကျဉ်းမြောင်းလမ်းတွင်အလင်းတော်လမ်းပြသည်။
ကျင့်ဝတ်နှင့်ကတိ၊ ပညတ်မေတ္တာပေါင်းရာ၊
ညဉ့်သည်ထာဝရနေ့ဖြင့်ဖုံးအုပ်မည်။

၂။ ကျမ်းစာမြတ်ပေးပါ၊ ကျွန်ုပ်စိတ်ပျက်ချိန်မှာ၊
အပြစ်ဝမ်းနည်းခြင်းဖြင့်ကြောက်ရွံ့ကာလ။
ယေရှုဟောတရားအလျင်အမြန်ပေးပါ၊
ကိုယ်တော်အနီးရှိကြောင်းယုံကြည်မီးပြ။

၃။ ကျမ်းစာမြတ်ပေးပါ၊ သွားရာလမ်း၌လင်းရာ၊
လောကရှိဘေးရန်ကိုပြသသွန်သင်။
ဘေးကင်းမီးတိုင်ကိုမျှော်၍လင်းစေမူပါ၊
ထိုအလင်းသာငြိမ်သက်လမ်းပြနိုင်ပင်။

၄။ ကျမ်းစာမြတ်ပေးပါ၊ အသက်ဆီမီးဖြစ်ပေ၊
ထိုအလင်းကိုပွင့်သောသချိုင်းဖြင့်ပြ။
ထွန်းတောက်ကောင်းကင်တံခါးမှမီးရောင်ပြလေ၊
ယော်ဒန်လှိုင်းတွင်ဟပ်သောဘုန်းရောင်ခြည်ပြ။

# ၈၀။ ကိုယ်တော်မြတ်ကိုသာယုံကြည်ပါကျူး

| Key:G | Only Trust Him | SDAH.279 | CH.567 |
|---|---|---|---|

၁။ ပြစ်နိုပ်စက်ခြင်းခံသူတိုင်းလာ၊ ကိုယ်တော်ကရုဏာရှိ။
မိန့်တော်မြတ်ကိုယုံကြည်မှသာ၊ ငြိမ်ခြင်းအမှန်ရရှိ။

*ထပ်ဆိုရန်*

ကိုယ်တော်မြတ်ကိုသာယုံကြည်ပါ၊ ယခုယုံကြည်ပါ။
သင့်အပြစ်မှကယ်ချွတ်မူမည်၊ ယခုကယ်ချွတ်မည်။

၂။ အပြစ်မှကယ်နုတ်မူလိုပေ၊ သွေးတော်မြတ်သွန်းမူပြီ။
မိုးပွင့်ကဲ့သို့ဖြူအောင်ဆေးလေ၊ သွေးတော်၌နစ်မြုပ်ပြီ။

၃။ ယေရှုသမ္မာတရားလမ်းပေ၊ ငြိမ်သက်ခြင်းသို့ပို့ဆောင်။
ကိုယ်တော်ကိုယုံကြည်ဆိုင်းမနေ၊ သင်မင်္ဂလာရှိအောင်။

၄။ ဝင်ပါသန့်ရှင်းသူစည်းဝေးရာ၊ ချီတက်ဘုန်းတော်ခံရန်။
ဝမ်းမြောက်ခြင်းအစဉ်ပြည့်စုံရာ၊ ကောင်းကင်အိမ်တွင်နေရန်။

# ၈၁။ သင့်တွက်ငါ့ါသက်စွန့်ပြီကျူး

| Key: A♭ | I Gave My Life for Thee | SDAH.281 | CH.230 |
| --- | --- | --- | --- |

၁။ သင့်တွက်ငါ့ါသက်ပေးပြီ၊ ငါ့သွေးမြတ်သွန်းလောင်းသည်။
သင်သည်ရွေးခြင်းခံပြီ၊ သေခြင်းမှရှင်ရမည်။
ငါသည်သင့်တွက်ငါ့ါသက်ပေးပြီ၊ ငါ့တွက်သင်ဘာပေးနည်း။
ငါသည်သင့်တွက်ငါ့ါသက်ပေးပြီ၊ ငါ့တွက်သင်ဘာပေးနည်း။

၂။ အဖအလင်းအိမ်တော်၊ ဘုန်းရံသောငါ့ပလ္လင်။
တစ်ကိုယ်တည်းမြေကြီးပေါ်၊ လှည့်လည်ရန်ငါစွန့်ဆင်း။
ငါသည်သင့်တွက်စွန့်ခဲ့လေပြီ၊ ငါ့တွက်သင်ဘာစွန့်နည်း။
ငါသည်သင့်တွက်စွန့်ခဲ့လေပြီ၊ ငါ့တွက်သင်ဘာစွန့်နည်း။

၃။ ငါသည်မပြောနိုင်အောင်၊ ဒုက္ခများစွာခံပြီ။
ငရဲမှသင်လွတ်အောင်၊ ဝေဒနာငါခံပြီ။
ငါသည်သင့်တွက်အားလုံးခံပြီ၊ ငါ့တွက်သင်ဘာခံနည်း။
ငါသည်သင့်တွက်အားလုံးခံပြီ၊ ငါ့တွက်သင်ဘာခံနည်း။

# ၈၂။ သံတော်ကျွန်ပ်ကြားရပြန်ကျူး

| Key:D♭ | I Hear Thy Welcome Voice | SDAH.282 | CH.224 |
|---|---|---|---|

၁။ ကပ်တိုင်ထက်တွင်သွန်းသော၊ သွေးတော်ဖြင့်ဆေးကြောရန်။
ကိုယ်တော်ရှင်မြတ်ထံသို့ခေါ်သော၊ သံတော်ကျွန်ုပ်ကြားပြန်။
*ထပ်ဆိုရန်*
ကိုယ်တော်ထံလာသည်၊ ယခုပင်လာပြီ။
သွန်းလောင်းသောသွေးတော်ဖြင့်သာ၊
ဆေးကြောစင်ကြယ်စေပါ။

၂။ အားနည်းယုတ်ညံ့သော်လည်း၊ ကိုယ်တော်အားတိုးစေပေ။
ကိုယ်တော်ကျွန်ုပ်ပြစ်ဆေးကြောသည်၊ ဖြူစင်အောင်ပြုပါလေ။

၃။ ယေရှုရှင်ကိုယ်တော်သာ၊ ပြုပြင်စောင့်မမူပေ။
ကျေးဇူးတော်တစ်ပါးမှတစ်ပါး၊ ထပ်ဆင့်ပေးတော်မူလေ။

၄။ ယုံကြည်ချစ်ခင်သူတို့၊ ဝိညာဉ်သက်သေတော်ပေး။
ကတိတော်မြတ်ပြည့်စုံစေဖို့၊ ယုံကြည်ခြင်းကုသိုလ်ရေး။

# ၈၃။ အံ့ဖွယ်သက်ရှင်စကားကျူး

| Key:F | Wonderful Words of Life | SDAH.286 | CH.574 |
|---|---|---|---|

၁။ ထပ်မံသီချင်းဆိုကြပါကုန်၊ အံ့ဖွယ်ကောင်းလှစကား။
တိုး၍နားလည်ချင်သေးလုံးစုံ၊ သက်ရှင်စေသောစကား။
ကောင်းလှသက်ရှင်ရလေ၊ ယုံကြည်နားထောင်စေပေ။
*ထပ်ဆိုရန်*
ကောင်းလှစကား၊ အံ့ဖွယ်စကား၊ အံ့ဖွယ်သက်ရှင်စကား။
ကောင်းလှစကား၊ အံ့ဖွယ်စကား၊ အံ့ဖွယ်သက်ရှင်စကား။

၂။ ယေရှုအားလုံးကိုဖိတ်ကြား၏၊ အံ့ဖွယ်ကောင်းလှစကား။
ပြစ်ရှိသူတို့နားထောင်သင့်၏၊ သက်ရှင်စေသောစကား။
ဖိုးမယူဘဲပေးဝေ၊ ကောင်းကင်သွေးဆောင်ခေါ်လေ။

၃။ ဝမ်းသာသတင်းတော်ကြော်ငြာလေ၊ အံ့ဖွယ်ကောင်းလှစကား။
ပြစ်လွှတ်ငြိမ်သက်နေခြင်းကိုပေး၊ သက်ရှင်စေသောစကား။
ယေရှုသာကယ်ချွတ်ရှင်၊ သန့်ရှင်းစေထာဝစဉ်။

# ၈၄။ ဖြည်းညင်းသိမ်မွေ့စွာကျူး

| Key:G | Softly and Tenderly | SDAH.287 | CH.563 |
|---|---|---|---|

၁။ ဖြည်းညင်းသိမ်မွေ့စွာယေရှုရှင်ခေါ်နေသည်၊
သင်နှင့်ငါ့အားခေါ်နေသည်။
စိတ်နှလုံးတံခါးမှာကိုယ်တော်စောင့်နေသည်၊
သင်နှင့်ငါ့အားစောင့်နေသည်။
*ထပ်ဆိုရန်*
အိမ်သို့ပြန်လာ၊ စိတ်ပင်ပန်းသူအိမ်သို့လာ၊
ဖြည်းညင်းစိတ်နှင့်လွန်စွာယေရှုခေါ်နေရှာ၊
ခေါ်သည်အိုပြစ်သားပြန်လာ။

၂။ ယေရှုတောင်းပန်စဉ်ဘယ်ကြောင့်ကြန့်ကြာနှောင့်နှေး၊
ကျွန်ုပ်တို့ကိုတောင်းပန်နေ။
ကရုဏာတော်မှုမထားဘယ်ကြောင့်နှောင့်နှေး၊
သင်နှင့်ငါ့ကိုပေးလျက်နေ။

၃။ အောက်မေ့အံ့ဖွယ်မေတ္တာကတိတော်ထားသည်၊
သင်နှင့်ငါ့ဖို့ထားမူ၏။
ပြစ်များသော်လည်းကရုဏာနှင့်ပြစ်လွှတ်မည်၊
သင်နှင့်ငါ့ကိုပြစ်လွှတ်၏။

# ၈၅။ ပွင့်လျက်နေသောတံခါးပေါက်မှကျူး

| Key:C | There is a Gate that Stands Ajar | SDAH. | CH.561 |
|---|---|---|---|

၁။ ပွင့်လျက်နေသောတံခါးပေါက်မှ၊
ကပ်တိုင်ကရောင်ခြည်တော်သည်။
ကယ်တင်ရှင်မေတ္တာတော်ဖော်ပြ၊
ဝေးရပ်မှာထွန်းတောက်နေသည်။
*ထပ်ဆိုရန်*
ဟုတ်မည်လောအနန္တမေတ္တာ၊
ထိုတံခါးကျွန်ုပ်ဖို့ပွင့်ရှာ၊
ကျွန်ုပ်၊ ကျွန်ုပ်၊ ကျွန်ုပ်ဖို့ပွင့်နေရှာ။

၂။ ကယ်တင်ခြင်းရှာသူတိုင်းအဖို့၊
ထိုတံခါးသည်ပွင့်လျက်နေ။
ချမ်းသာဆင်းရဲကြီးငယ်ပေါင်းတို့၊
လူမျိုးတကာဝင်နိုင်လေ။

၃။ ကရုဏာတံခါးသည်ပွင့်နေ၊
ရန်သူမုန်းသော်လည်းရှေ့တက်။
ထာဝရမေတ္တာတော်သက်သေ၊
ကပ်တိုင်ယူမကိုင်ရှုံအောင်လျက်။

၄။ သည်မှာပေးသောတိုင်တော်မြတ်ကို၊
မြစ်တစ်ဖက်မှချထားမည်။
အသက်သရဖူကိုဆောင်းလို၊
ထက်ရပ်မှာတိုး၍ချစ်မည်။

# ၈၆။ ဧည့်သည်တံခါးမှာစောင့်သည်ကျူး

| Key:D♭ | There's a Stranger at the Door | SDAH. | CH.566 |
|---|---|---|---|

၁။ ဧည့်သည်တံခါးမှာစောင့်သည်၊ ဝင်ပါစေ၊
ကြိမ်ဖန်များစွာလာခဲ့ပြီ၊ ဝင်ပါစေ၊
မသွားမီဝင်ဖို့ခွင့်ပေး၊
သန့်ရှင်းကိုယ်တော်မြတ်ဝင်စေ၊
ယေရှုခရစ်သားတော်ပေ၊ ဝင်ပါစေ။

၂။ ခုဝိညာဉ်တံခါးဖွင့်လော့၊ ဝင်ပါစေ၊
ဆိုင်းလျှင်သွားတော်မူလိမ့်မည်၊ ဝင်ပါစေ၊
မိတ်ဆွေဖြစ်တော်မူမှန်တော့၊
သင့်ဝိညာဉ်ကိုစောင့်မသော၊
ကယ်တင်ရှင်ဖြစ်တော်မူသည်၊ ဝင်ပါစေ။

၃။ ခုချိုလှသံကြားသလော၊ ဝင်ပါစေ၊
ယနေ့ပင်လက်ခံပါလော့၊ ဝင်ပါစေ၊
တံခါးပြင်မှာရပ်နေသည်၊
ဝမ်းသာခြင်းတိုးတက်စေမည်၊
နာမတော်ကိုချီးမွမ်းမည်၊ ဝင်ပါစေ။

၄။ ယခုကောင်းကင်မှဧည့်သည်၊ ဝင်ပါစေ၊
ကောင်းကင်မုန့်ကိုကျွေးလိမ့်မည်၊ ဝင်ပါစေ၊
သင့်အပြစ်လွှတ်ကြောင်းပြောမှာ၊
မိတ်ဆွေများနှင့်ကွဲသောခါ၊
ကောင်းကင်သို့ပို့ရန်ကြွလာ၊ ဝင်ပါစေ။

# ၈၇။ ယေရှုသိမ်မွေ့စွာခေါ်နေကျူး

| Key: C | Jesus Is Tenderly Calling | SDAH. | CH.569 |
|---|---|---|---|

၁။ ယေရှုအိမ်တော်သို့သိမ်မွေ့စွာခေါ်နေ၊
ယနေ့ခေါ်နေ၊ ယနေ့ခေါ်နေ၊
ဘယ်ကြောင့်မေတ္တာရောင်ခြည်လင်းမှပြေးပေ၊
ဝေးစွာလှည့်လည်သွားလိုချေ။

*ထပ်ဆိုရန်*

ယနေ့ခေါ်နေ၊ ယနေ့ခေါ်နေ၊
ယေရှုရှင်ခေါ်နေသိမ်မွေ့စွာ
ယနေ့ခေါ်လျက်နေ။

၂။ ယေရှုရှင်မောပန်းသူနားရန်ခေါ်နေ၊
ယနေ့ခေါ်နေ၊ ယနေ့ခေါ်နေ။
သင့်ဝန်ကိုယူခဲ့၍ကောင်းချီးခံလေ၊
ကိုယ်တော်သင့်ကိုမပယ်ချေ။

၃။ ယေရှုရှင်စောင့်နေအိုယခုလာချေ၊
ယနေ့စောင့်နေ၊ ယနေ့စောင့်နေ။
အပြစ်နှင့်လာခြေတော်ရင်းဦးချလေ၊
ဆိုင်းမနေယခုလာချေ။

၄။ ယေရှုတောင်းပန်နေသံကိုနားထောင်ပါ၊
ခုနားထောင်လေ၊ ခုနားထောင်လေ။
နာမတော်ယုံကြည်သူတို့ဝမ်းမြောက်ရာ၊
မြန်စွာထနောက်တော်လိုက်လေ။

# ၈၈။ လာလိုသောသူများကျူး

| Key: D | Whosoever Will | SDAH. | CH.571 |
|---|---|---|---|

၁။ ကြားရသောသူများသတင်းကိုကြော်ငြာ၊
ထိုမင်္ဂလာသတင်းလောကလုံးလွှတ်ပါ၊
ဝမ်းမြောက်ဖွယ်သတင်းလူရှိရပ်မှာပြောလေ၊
လာလိုသူများလာနိုင်ချေ။
*ထပ်ဆိုရန်*
လာလိုသောသူများ၊ လာလိုသောသူများ၊
ကြော်ငြာခြင်းကိုအရပ်တိုင်းသို့ဆောင်ယူသွား။
ချစ်သောအဖခေါ် နေလမ်းလွဲသောသူတွေ၊
လာလိုသူများလာနိုင်ချေ။

၂။ လာလိုသောသူများဖင့်နွဲ့မရှိရာ၊
ခုခါတံခါးဖွင့်ထားဝင်နိုင်စဉ်ဝင်ပါ၊
ယေရှုရှင်သာသစ္စာသက်ရှင်လမ်းပြပေ၊
လာလိုသူများလာနိုင်ချေ။

၃။ ကတိတော်မြတ်ကားခိုင်လုံစိတ်ချရာ၊
လာလိုသောသူကားအစဉ်သည်းခံကြရာ၊
လာလိုသောသူအားထာဝရသက်ရပေ၊
လာလိုသူများလာနိုင်ချေ။

# ၈၉။ ချစ်သိုးထိန်းရှင်ယေရှုသည်ကျူး

| Key: F | Jesus, the Loving Shepherd | SDAH. | CH.572 |
|---|---|---|---|

၁။ ချစ်သိုးထိန်းရှင်ယေရှုသည်၊ သင့်ကိုလာရန်ခေါ်သည်၊
လုံခြုံသောသိုးခြံတွင်းမှာ၊ နားရန်အခန်းရှိပါ၊
အရွယ်ကောင်းစဉ်ခါလာလေ၊ နုနယ်စဉ်ခါလာချေ၊
လုံခြုံသောခြံတွင်းဝင်ပါ၊ သစ္စာလမ်းသို့ဝင်လေ။
*ထပ်ဆိုရန်*

မေတ္တာနှင့်သိမ်မွေ့စွာကိုယ်တော်ခေါ်နေ၊
လမ်းလွဲသူ၊ လမ်းလွဲသူ၊ ငါ့ထံလာချေ။
သည်းခံလျက်ထိုမှာရပ်နေကြောင်းမြင်လေ၊
ယေရှုကျွန်ုပ်သိုးထိန်းပေ။

၂။ ချစ်သိုးထိန်းရှင်ယေရှုသည်၊ သင့်တွက်သက်တော်စွန့်ရှာ၊
ဖြည်းညင်းစွာသင့်ကိုခေါ်သည်၊ လမ်းလွဲသူငါ့ထံလာ၊
ခြံပြင်မှာဘေးရန်ရှိပေ၊ မြန်စွာဝင်ရန်ခေါ်သည်၊
လုံခြုံသောခြံသို့ဝင်လေ၊ နားရန်အခန်းရှိသည်။

၃။ ဖင့်နွဲခြင်းသည်မိုက်မဲပေ၊ ယနေ့တောခွေးတို့မှာ၊
လမ်းလွဲသိုးများကိုရှာနေ၊ သိုးငယ်များသတ်ဖို့ရှာ၊
ချစ်သိုးထိန်းရှင်ယေရှုသည်၊ သင့်ကိုလာရန်ခေါ်၏၊
လုံခြုံသောသိုးခြံတွင်းမှာ၊ နားရန်အခန်းရှိ၏။

# ၉၀။ ယေရှုကျွန်ုပ်လာပြီကျူး

| Key: G | Jesus, I Come | SDAH.292 | GM.63 |
|---|---|---|---|

၁။ ချည်နှောင်ဝမ်းနည်းခြင်းတို့မှကင်းဖို့၊
ကိုယ်တော်ထံသို့ကျွန်ုပ်လာသည်၊
လွတ်လပ်ခြင်းနှင့်ဝမ်းသာခြင်းထဲသို့၊ ယေရှုကျွန်ုပ်လာပြီ။
ဤရောဂါကကျန်းမာခြင်းမြတ်သို့၊ ဆင်းရဲခြင်းမှဝပြောခြင်းရမည်။
ဒုစရိုက်များမှကိုယ်တော်ထံသို့၊ ယေရှုကျွန်ုပ်လာပြီ။

၂။ အလွန်ရှက်ကြောက်ဖွယ်ဆုံးရှုံးခြင်းမှ၊
ကိုယ်တော်ထံသို့ကျွန်ုပ်လာသည်၊
တိုင်တော်ဖြင့်ရသောအောင်မြင်ခြင်းမှ၊ ယေရှုကျွန်ုပ်လာပြီ။
ခံရသောဒုက္ခဝေဒနာမှ၊ ကိုယ်တော်၏ငြိမ်သက်ဝမ်းသာခြင်းသည်။
ငိုကြွေးခြင်းမှသီချင်းဆိုဖို့ရာ၊ ယေရှုကျွန်ုပ်လာပြီ။

၃။ လောဘမာနထောင်လွှားခြင်းထဲမှ၊
ကိုယ်တော်ထံသို့ကျွန်ုပ်လာသည်၊
အလိုတော်ကိုအစဉ်လိုက်ဖို့ရာ၊ ယေရှုကျွန်ုပ်လာပြီ။
ကျွန်ုပ်စိတ်ပျက်ခြင်းအားလျော့ခြင်းမှ၊
ကိုယ်တော်၏မဟာမေတ္တာတော်သည်။
ချိုးငှက်ကဲ့သို့ပျံတက်နေဖို့ရာ၊ ယေရှုကျွန်ုပ်လာပြီ။

၄။ ကြောက်မက်ဖွယ်သောသင်္ချိုင်းတွင်းထဲမှ၊
ကိုယ်တော်ထံသို့ကျွန်ုပ်လာသည်၊
ကောင်းကင်အလင်းချမ်းသာခြင်းသုခ၊ ယေရှုကျွန်ုပ်လာပြီ။
တိုင်းမသိသောပျက်စီးခြင်းထဲမှ၊ ကိုယ်တော်၏သိုးခြံမှာလုံခြုံသည်။
မျက်နှာတော်ကိုဖူးမြော်နေဖို့ရာ၊ ယေရှုကျွန်ုပ်လာပြီ။

# ၉၁။ အသွေးတော်မြတ်၌တန်ခိုးတော်ရှိကျူး

| Key: B♭ | Power In the Blood | SDAH.294 | CIS.27 |
|---|---|---|---|

၁။ အပြစ်ဝန်ထုပ်မှသင်လွတ်လိုသလော၊
အသွေးတော်မြတ်၌တန်ခိုးတော်ရှိ၊
သင်သည်အပြစ်ကိုအောင်မြင်လိုသလော၊
ထူးဆန်းတန်ခိုးသွေးတော်၌ရှိ။
*ထပ်ဆိုရန်*
တန်ခိုးတော်မြတ်၊ ထူးဆန်းသောတန်ခိုး၊
သိုးသငယ်တော်၏သွေး၊
တန်ခိုးတော်မြတ်၊ ထူးဆန်းသောတန်ခိုး၊
သိုးသငယ်ဖိုးထိုက်သောအသွေး။

၂။ ဒေါသမာနမှသင်လွတ်လိုသလော၊
အသွေးတော်မြတ်၌တန်ခိုးတော်ရှိ၊
ကရာနီသို့ပြစ်ဆေးကြောရန်လာလော့၊
ထူးဆန်းတန်ခိုးသွေးတော်၌ရှိ။

၃။ သင့်ဘုရင်ယေရှုဖို့မှုဆောင်မည်လော၊
အသွေးတော်မြတ်၌တန်ခိုးတော်ရှိ၊
ကျေးဇူးမြတ်နေ့စဉ်ချီးမွမ်းနေမည်လော၊
ထူးဆန်းတန်ခိုးသွေးတော်၌ရှိ။

# ၉၂။ အိမ်တော်သို့ပြန်မည်ကျူး

| Key: A♭ | Lord, I'm Coming Home | SDAH.296 | CH.560 |
|---|---|---|---|

၁။ ဘုရားမှဝေးစွာသွားမိပြီ၊ ခုထံတော်ပြန်မည်၊
အပြစ်လမ်းကိုလိုက်ခြင်းကြာပြီ၊ အိမ်တော်သို့ပြန်မည်။
*ထပ်ဆိုရန်*
ပြန်လာပြီ၊ ပြန်လာပြီ၊ နောင်ဘယ်မျှမလည်၊
မေတ္တာလက်ဖြန့်တော်မူသည်၊ အိမ်တော်သို့ပြန်ပြီ။

၂။ ဖိုးထိုက်နှစ်များဖြုန်းတီးခဲ့ပြီ၊ ခုထံတော်ပြန်မည်၊
မျက်ရည်ကျလျက်နောင်တရပြီ၊ အိမ်တော်သို့ပြန်ပြီ။

၃။ ပြစ်၌ကျင်လည်ခြင်းရွံ့ရှာပြီ၊ ခုထံတော်ပြန်မည်၊
မေတ္တာတော်နှင့်ကတိယုံကြည်၊ အိမ်တော်သို့ပြန်ပြီ။

၄။ မျှော်လင့်ခြင်းနှင့်ထုချေချက်မှာ၊ ခုထံတော်ပြန်မည်၊
ယေရှုကျွန်ုပ်တွက်သေခံရှာ၊ အိမ်တော်သို့ပြန်ပြီ။

၅။ ကိုယ်တော်သွေး၌ဆေးကြောလိုပါ၊ ခုထံတော်ပြန်မည်၊
မိုးပွင့်ထက်ဖြူစွာဆေးကြောပါ၊ အိမ်တော်သို့ပြန်မည်။

# ၉၃။ မြဲတည်ကျောက်ကျူး

| Key: B♭ | Rock of Ages | SDAH.300 | CH.474 |
|---|---|---|---|

၁။ မြဲတည်ကျောက်ကျွန်ုပ်ဖို့ကွဲ၊ ကိုယ်တော်၌ခိုစေမိုဝဲ။
နံတော်မှစီးသောသွေးရည်၊ အပြစ်အနာဆေးကြောစေ၊
ပြစ်တန်ခိုးဒုစရိုက်မှ၊ ကယ်တင်တော်မူခြင်းခံရ။

၂။ ပညတ်တော်မြတ်စုံလင်စွာ၊ မဆောင်ရွက်မကျင့်နိုင်ပါ။
မည်မျှစိတ်အားကြီးသော်လည်း၊ မျက်ရည်အစဉ်ကျယိုစီး၊
ပြစ်အားလုံးမဖြေနိုင်ရာ၊ ကိုယ်တော်သာလျှင်ကယ်နိုင်ပါ။

၃။ ကျွန်ုပ်၌ကုသိုလ်မရှိ၊ ကိုယ်တော်သာမှီတွယ်ရာရှိ။
လက်ချည်းသက်သက်ထံတော်သို့၊ လာသည်ကျေးဇူးတော်ခိုဖို့၊
ဆိုးယုတ်လျက်ထံတော်ပြေးလာ၊ မကယ်လျှင်အမှန်သေရာ။

၄။ အသက်ရှူရှိုက်နေစဉ်ခါ၊ မျက်စိမှိတ်၍စုတေရာ။
မြင့်ရွှေဘုံသို့ပြန်တက်ကြွ၊ ပလ္လင်တော်ကိုဖူးမြင်ရ၊
မြဲတည်ကျောက်ကျွန်ုပ်ဖို့ကွဲ၊ ကိုယ်တော်၌ခိုစေမိုဝဲ။

# ၉၄။ နီးစေ၊ သာ၍နီးစေကျူး

| Key:D♭ | Nearer, Still Nearer | SDAH.301 | CH.390 |
|---|---|---|---|

၁။ နီးစေ၊ သာနီးစေ၊ နှလုံးတော်နှင့်။
ဖိုးထိုက်ကိုယ်တော်ထံဆွဲပါကယ်တင်ရှင်။
ပိုက်ပါကျွန်ုပ်ကိုရင်ခွင်တော်မှာ၊
(နားရန်ဆိပ်ကမ်းတွင်ကွယ်ကာတော်မူပါ။)၂

၂။ နီးစေ၊ သာနီးစေ၊ ဘာမျှမပါ။
ယေရှုဘုရင်ဖို့ယဇ်ပူဇော်သကာ။
အပြစ်ကြောင့်နှောင်တရနှလုံးသား၊
(သွေးတော်ဖြင့်စင်ကြယ်စေရန်မစပါ။)၂

၃။ နီးစေ၊ သာနီးစေ၊ ကိုယ်တော်ပိုင်ရန်။
ပျော်မွေ့ခြင်းအမျိုးမျိုးမာနပဟိတ်ဟန်။
မိုက်မဲခြင်းဒုစရိုက်စွန့်ပယ်ရာ၊
(ကပ်တိုင်သေခံရှင်ယေရှုသာပေးပါ။)၂

၄။ နီးစေ၊ သာနီးစေ၊ သက်ရှင်သမျှ။
ဘုန်းပွင့်ရာကျောက်ဆူးချသည်တိုင်ကာလ။
အနန္တကာလစဉ်ထာဝရ၊
(ကျွန်ုပ်ကယ်တင်ရှင်သာ၍နီးစေပါ။)၂

# ၉၅။ သွေးတော်၌တည်လျက်နေကျူး

| Key: A | Deeper Yet | SDAH.302 | CH.275 |
|---|---|---|---|

၁။ ကပ်တိုင်မှသွေးတော်ဖြင့်၊ ကျွန်ုပ်ဆေးကြောမှုပေ။
ချေးညှော်ကင်းလှခြင်းနှင့်၊ သွေးတော်၌တည်လျက်နေ။
*ထပ်ဆိုရန်*
သွေးတော်တွင်၊ သွေးတော်တွင်
နက်ရှိုင်းစွာတည်လျက်နေ။
သွေးတော်တွင်၊ သွေးတော်တွင်
စဉ်မပြတ်တည်လျက်နေ။

၂။ နေ့ရက်တိုင်းနာရီတိုင်း၊ များစွာကောင်းချီးသွန်းလောင်း။
တန်ခိုးရရန်ကိုင်းရှိုင်း၊ မပြတ်အစဉ်ဆုတောင်း။

၃။ ကိုယ်တော်၏နောက်တော်ကို၊ နီးကပ်စွာလိုက်လိုပေ။
လိုက်လျောမည်တောင်းသလို၊ ယုံကြည်ခြင်းနှင့်တောင်းလေ။

၄။ ပြစ်ကဲ့မှာ၌ရှိစဉ်၊ ငြိမ်သက်ခြင်းရရှိပြီ။
ကိုယ်တွင်သန့်သည်ထိပင်၊ စဉ်မပြတ်ဆုတောင်းမည်။

# ၉၆။ လက်ဝါးကပ်တိုင်တော်အောက်တွင်ကျူး

| Key:D♭ | Beneath the Cross of Jesus | SDAH.303 | CH.280 |
|---|---|---|---|

၁။ လက်ဝါးကပ်တိုင်တော်အောက်တွင်၊ ကျွန်ုပ်ခိုလှုံလိုလေ၊
နေပူပြင်းသောဒေသ၌ပင်၊ ကျောက်လုံးကြီးရိပ်လိုပေ။
ဒေါသမုန်တိုင်းကျသောအခါ၊ ဘေးပေါင်းကွယ်ကာရာတည်း။
ဝန်လေးသောသူဝန်ချထားရာ၊ မောသူနားရာပေတည်း။

၂။ ထိုတိုင်တော်မြတ်အပေါ်တွင်၊ တစ်ရံတစ်ခါကြည့်သော်၊
ကျွန်ုပ်တွက်သေခံသဏ္ဍာန်ပင်၊ ကျွန်ုပ်မြင်သည်ထင်ပေါ်။
မြင်ရတိုင်းမျက်ရည်ကျသဖြင့်၊ အံ့ဖွယ်နှစ်ခုတွေ့သည်။
အတုမရှိမေတ္တာတော်နှင့်၊ ကိုယ်၏ယုတ်ညံ့ခြင်းတည်း။

၃။ ထိုတိုင်တော်မြတ်အရိပ်သာ၊ ကျွန်ုပ်ခိုရာဖြစ်စေ၊
မျက်နှာရောင်ခြည်ထွန်းတောက်မှုရာ၊ ကျွန်ုပ်အလင်းဖြစ်လေ။
လောကဆင်းရဲစည်းစိမ်ထဲဝယ်၊ အရှုံးအမြတ်မထင်။
ကိုယ့်ပြစ်ကိုသာရှက်ရာဖြစ်ဖွယ်၊ တိုင်တော်၌ဝါကြွားချင်။

# ၉၇။ ဘိုးဘေးတို့ယုံကြည်ခြင်းကျူး

| Key: G | Faith of Our Fathers | SDAH.304 | CH.349 |
|---|---|---|---|

၁။ ဘိုးဘေးတို့ယုံကြည်ခြင်းများကား၊
တောင်တန်းမီး၊ ဓါးဘေးရှိသော်ငြား။
ကျွန်ပ်တို့တွင်ခုတည်သေးသည်၊
ထိုအကြောင်းကြားသော်ဝမ်းမြောက်သည်။
ဘိုးဘေးတို့သည်သန့်ရှင်းယုံကြည်၊
သေသည်တိုင်အောင်စွဲမြဲကြမည်။

၂။ မှောင်မည်းထောင်တွင်းချည်နှောင်ထားမူ၊
ဩဝါဒပွင့်စိတ်၊ လွတ်ကင်းစေကြ။
သားမြေးများလည်းသူတို့နည်းတူ၊
သေခံနိုင်လျှင်ဘယ်မျှကောင်းစွ။
ဘိုးဘေးတို့သည်သန့်ရှင်းယုံကြည်၊
သေသည်တိုင်အောင်စွဲမြဲကြမည်။

၃။ ဘိုးဘေးတို့ယုံကြည်ခြင်းထောက်ချင့်၊
မိတ်ဆွေနှင့်ရန်သူကိုချစ်မည်။
ကြင်နာသောသူ၏စောင့်ခြင်းဖြင့်၊
မေတ္တာတရားကိုလည်းဟောမည်။
ဘိုးဘေးတို့သည်သန့်ရှင်းယုံကြည်၊
သေသည်တိုင်အောင်စွဲမြဲကြမည်။

# ၉၈။ ခေါ်တော်မူသံကိုကျွန်ုပ်ကြားရပြီကျူး

| Key: G | Draw Me Nearer | SDAH.306 | CH.594 |
|---|---|---|---|

၁။ ခေါ်တော်မူသံကိုကျွန်ုပ်ကြားရပြီ၊
ကိုယ်တော်ချစ်ကြောင်းကိုသိသည်၊
ယုံကြည်ခြင်းဖြင့်ကိုယ်တော်ထံပျံတက်မည်၊
ခြေတော်ရင်းမှာနေလိုသည်။

*ထပ်ဆိုရန်*

ကိုယ်တော်သေခံကပ်တိုင်တော်နားကို၊
ကျွန်ုပ်သာ၍နီးစေပါ၊
သာ၍နီးစေ၊ နီးစေ၊ နီးစေတော်မူလို၊
နီးစေပါကိုယ်တော်အပါး။

၂။ ကိုယ်တော်မှုဆောင်ရန်ခွဲခန့်မှတ်သားပေ၊
ထူးဆန်းမေတ္တာတန်ခိုးတွင်၊
ကျွန်ုပ်၏ဝိညာဉ်မျှော်လင့်မြဲမြဲစေ၊
လိုရာကိုယ်တော်၌ရှာချင်။

၃။ ကိုယ်တော်မြတ်ရှေ့တွင်ဆုတောင်း၍နေချင်၊
ပလ္လင်တော်နားချဉ်းကပ်ကာ၊
မိတ်ဆွေချင်းကဲ့သို့တောင်းပန်ပြောဆိုချင်၊
ထူးပင်ကျွန်ုပ်နှစ်သက်ပါ။

# ၉၉။ ကပ်တိုင်သို့ကျွန်ုပ်လာသည်ကျူး

| Key: F | I Am Coming to the Cross | SDAH.307 | CH.600 |
|---|---|---|---|

၁။ ကပ်တိုင်သို့ကျွန်ုပ်လာသည်၊
ဆင်းရဲမျက်စိကန်းနွမ်းပါး၊
ကောင်းမှုများလျှင်းမရှိပြီ၊
ကယ်တင်ခြင်းမှန်တွေ့နိုင်ရာ။
*ထပ်ဆိုရန်*
မင်္ဂလာရှိသိုးငယ်ရှင်၊
ကိုယ်တော်ကိုကျွန်ုပ်ကိုးစား၊
ရှိသေစွာဦးညွှတ်လိုက်ချင်၊
ယေရှုခုကယ်တင်မူပါ။

၂။ ကြာကြာကျွန်ုပ်ဆိုးအားကြီး၊
ကြာမြင့်စွာကိုယ်တော်မြော်တွေး၊
ယေရှုချိုသံကြားသတည်း၊
သင့်အပြစ်ငါ့သွေးနှင့်ဆေး။

၃။ ကိုယ်တော်သည်အပိုင်ယူဖို့၊
မိတ်ဆွေများအချိန်ဥစ္စာ၊
နံဝိညာဉ်ကိုယ်ခန္ဓာတို့၊
အားလုံးဆက်ကပ်ပူဇော်ပါ။

၄။ ကိုယ်တော်၏ကတိယုံကြည်
သွေးတော်သွန်းအကျိုးဆက်ဆံ၊
စိတ်နှလုံးနှိမ့်ချပါပြီ။
ယေရှုနှင့်သေခြင်းကိုခံ။

# ၁၀၀။ ကိုယ်တော်ဖို့သာကျွန်ုပ်ဖြစ်စေပါကျူး

| Key: G | Wholly Thine | SDAH.308 | CH.597 |
| --- | --- | --- | --- |

၁။ ကိုယ်တော်ဖို့သာကျွန်ုပ်ဖြစ်စေပါ၊
မည်သို့နည်းသွန်သင်မူ။
လိုက်ပါမည်ကိုယ်တော်အလိုတော်သာ၊
ကူညီပါယခု။

*ထပ်ဆိုရန်*

ကိုယ်တော်ဖို့ လုံးလုံးသာ၊
ကျွန်ုပ်သစ္စာပြုပါပြီ။
ကိုယ်တော်ဖို့ လုံးလုံးသာ၊
အိုသခင်ယခုအပ်မည်။

၂။ ကိုယ်တော်မပါလျှင်လောကီချမ်းသာ၊
ဂုဏ်ကျက်သရေမဲ့သည်။
နာမတော်ဖို့လုံးစုံစွန့်ပယ်ရာ၊
ကျွန်ုပ်ဘဏ္ဍာတည်း။

၃။ မြေမရှိလောကီစည်းစိမ်စွန့်ပြီ၊
ကိုယ်တော်ရှင်နီးကြွပါ။
ကိုယ်တော်ထံလုံးစုံကျွန်ုပ်တွေ့ပြီ၊
နှစ်သိမ့်ခြင်းရရာ။

# ၁၀၁။ ရှိသမျှအပ်မည်ကျူး

| Key: D | I Surrender All | SDAH.309 | CH.573 |
|---|---|---|---|

၁။ ယေရှုရှင်သို့အားလုံးအပ်ထား၊
လုံးလုံးကိုယ်တော်ကိုအပ်မည်။
ကိုယ်တော်ကိုစဉ်ချစ်ခင်ကိုးစား
ရှေ့တော်တွင်နေ့စဉ်နေမည်။
*ထပ်ဆိုရန်*
ရှိသမျှအပ်မည်၊ ရှိသမျှအပ်မည်၊
မင်္ဂလာရှိကယ်တင်ရှင်ကို၊
ရှိသမျှအပ်မည်။

၂။ ယေရှုရှင်သို့အားလုံးအပ်မည်
ခြေတော်ကိုလေးမြတ်ဦးတိုက်။
လောကီပျော်မွေ့ခြင်းများစွန့်ပြီ၊
ရှင်ယေရှုယခုသိမ်းပိုက်။

၃။ ယေရှုရှင်သို့အားလုံးအပ်မည်၊
ကိုယ်တော်ပိုင်လုံးလုံးဖြစ်စေ။
ဝိညာဉ်တော်ကိုခံစားစေသည်၊
ကိုယ်တော်ကျွန်ပ်ဘုရားပေ။

၄။ ယေရှုရှင်သို့အားလုံးအပ်မည်၊
သန့်ရှင်းမီးလျှံခုခံစား။
ကယ်တင်ခြင်း၏ဝမ်းမြောက်ခြင်းသည်၊
နာမတော်ဘုန်းကြီးစေသား။

# ၁၀၂။ ယေရှုနှင့်နီးကပ်စွာနေမည်ကျူး

| Key:B♭ | I Would Draw Nearer To Jesus | SDAH.310 | SY.72 |
|---|---|---|---|

၁။ ယေရှုနှင့်နီးကပ်စွာနေမည်၊
သာယာသောမျက်မှောက်၌ပေ၊
ကိုယ်တော်တွက်စဉ်စေခံလိုပြီ၊
ကိုယ်တော်အနီးလှုံခြံလေ။

*ထပ်ဆိုရန်*

ယေရှုနှင့်နီးကပ်စွာနေမည်၊
ကိုယ်တော်နှင့်နီးကပ်စွာနေ၊
မိနစ်တိုင်းအပြည့်ဆက်ကပ်နေ၊
ကိုယ်တော်နှင့်နီးကပ်စွာနေ။

၂။ ယေရှုနှင့်နီးကပ်စွာနေမည်၊
ရှိသမျှလက်တော်အပ်ပြီ၊
ကျေးဇူးခံရမည်အသိဖြင့်၊
ကိုယ်တော်၏အနီးနေမည်။

၃။ ယေရှုနှင့်နီးကပ်စွာနေမည်၊
ကိုယ်တော်ခွန်အားရယူပေ၊
ကောင်းမြတ်တော်မူခြင်းပြောကြားမည်၊
လိုတော်ဝမ်းမြောက်စွာဆောင်လေ။

# ၁၀၃။ ယေရှုနှင့်စဉ်တူမည်ကျူး

| Key: G | I Would Be Like Jesus | SDAH.311 | SY.70 |
|---|---|---|---|

၁။ လောကီပျော်မွေ့ခြင်းမလိုပြီ
ယေရှုနှင့်စဉ်တူမည်။
လောကီစွဲလမ်းမှုများပယ်၍
ယေရှုနှင့်စဉ်တူမည်။
*ထပ်ဆိုရန်*
ယေရှုနှင့်တူမည်အစဉ်
အိမ်နှင့်ပရိသတ်ထဲတွင်၊
ယေရှုနှင့်တူမည်နေ့စဉ်
ယေရှုနှင့်စဉ်တူမည်။

၂။ နှောင်ကြိုးရှိသမျှကိုချိုးပေး
ယေရှုနှင့်စဉ်တူမည်။
ကိုယ်တော်ကိုသာလွန်ဆက်ကပ်စေ
ယေရှုနှင့်စဉ်တူမည်။

၃။ လောကလမ်းမှနိုင်ငံတော်တိုင်
ယေရှုနှင့်စဉ်တူမည်။
ကိုယ်တော်ကြောင်းကိုထပ်ခါပြောနိုင်
ယေရှုနှင့်စဉ်တူမည်။

၄။ နိုင်ငံတော်၌တွေ့ဆုံကြရန်၍
ယေရှုနှင့်စဉ်တူမည်။
သာဓု ခေါ်ရန်ကြံမည်အမှန်၊
ယေရှုနှင့်စဉ်တူမည်။

# ၁၀၄။ တိုင်တော်နားပို့ဆောင်မူပါကျူး

| Key: F | Near the Cross | SDAH.312 | CH.595 |
|---|---|---|---|

၁။ တိုင်တော်နားပို့ဆောင်မူပါ၊
ဖိုးထိုက်စမ်းရေတည်ရာ၊
လူတို့အားဖိုးမဲ့သနား၊
ကရာနီမှစီးရာ။

*ထပ်ဆိုရန်*

မြစ်တစ်ဖက်၊ နားနေရာ၊
ကျွန်ုပ်ပီတိတွေ့ရာ၊
တိုင်တော်သာဝါကြွားစရာ
စဉ်မြဲဖြစ်စေမူပါ။

၂။ တိုင်တော်နားတုန်လှုပ်နေရာ
မေတ္တာကျေးဇူးတွေ့ရ၊
ထိုမှာမိုးသောက်ကြယ်ပေါ်လာ၊
ကျွန်ုပ်ပတ်လည်ထွန်းပ။

၃။ သိုးသငယ်တော်ကပ်တိုင်မှာ
ဖြစ်သမျှဖော်ပြပါ၊
သက်တာလမ်းနေ့တိုင်းလျှောက်ရာ၊
တိုင်တော်ရိပ်လွှမ်းစေပါ။

၄။ မြစ်တစ်ဖက်ရွှေပြည်တော်ဘောင်၊
ကျွန်ုပ်ရောက်သည့်တိုင်အောင်၊
မျှော်လင့်ကိုးစားလျက်နေသည်၊
တိုင်တော်နားစောင့်နေမည်။

# ၁၀၅။ ရှိသည်အတိုင်းကုသိုလ်မရှိကျူး

| Key: D | Just as I Am | SDAH.314 | CH.222 |
|---|---|---|---|

၁။ ရှိသည်အတိုင်းကုသိုလ်မရှိ၊
သို့သော်ငါ့တွက်သွေးတော်သွန်းပြီ၊
ထံတော်ချဉ်းရန်ခေါ် တော်မူ၏၊
သိုးငယ်ဘုရားကျွန်ုပ်လာပြီ။

၂။ ရှိသည်အတိုင်းမဆိုင်းလင့်ဘဲ၊
အပြစ်လွှတ်ရန်စွန်းထင်းမှောင်မည်း၊
ကိုယ်တော်သွေးတော်မြတ်ဖြင့်စင်ကြယ်၊
ကျွန်ုပ်လာပြီဘုရားသိုးငယ်။

၃။ ရှိသည်အတိုင်းရန်သူဝိုင်းလျက်၊
အတွင်းတိုက်ခိုက်အပြင်နှောင့်ယှက်၊
ဆိုင်ပြိုင်တိုက်ယုံမှားသော်ငြား၊
ကျွန်ုပ်လာပြီသိုးငယ်ဘုရား။

၄။ ရှိသည်အတိုင်းမျက်ကန်းနွမ်းပါး၊
အလင်းစည်းစိမ်စိတ်ချမ်းသာသည်၊
ကိုယ်တော်၌သာတွေ့ရှိရသား၊
သိုးငယ်ဘုရားကျွန်ုပ်လာပြီ။

# ၁၀၆။ ကျွန်ုပ်၌ကိန်းဝပ်ပါကျူး

| Key: D | Live Out Thy Life Within Me | SDAH.316 | CH.279 |
|---|---|---|---|

၁။ ဘုရင်တို့၏ဘုရင်မြတ်၊ ကျွန်ုပ်၌ကိန်းဝပ်ပါ၊
ပြဿနာလုံးစုံပယ်ရှား၊ ကိုယ်တော်ဖြေရှင်းမူပါ၊
ကျွန်ုပ်၌ကိန်းဝပ်မူပါ၊ အလိုတော်အတိုင်းသာ၊
အသုံးပြုတော်မူခြင်းငှါ၊ ဘုန်းတော်ထင်ရှားစေပါ။

၂။ ဗိမာန်တော်ကိုပြုပြင်ပြီး၊ အပြစ်နှင့်ကင်းစင်ပါ၊
ကိုယ်တော်၏ဘုန်းတန်ခိုးကြီး၊ အတွင်းမှထွန်းလင်းရှာ၊
ကပ်ကမ္ဘာကြီးတိတ်ဆိတ်နေ၊ ကိုယ်တော်၏ကျေးကျွန်များ၊
ယခုအချိန်မှစပေ၊ လိုတော်အတိုင်းလှုပ်ရှား။

၃။ အသင်းတော်သားတိုင်းမကျန်၊ ခေါ်တော်မူသံနာခံ၊
မှုတော်ကိုထမ်းဆောင်ရွက်ရန်၊ အဆင်သင့်ရှိသည်မှန်၊
မပြတ်ထံတော်တွင်ခံစား၊ ပင်ပန်းညည်းညူမဲ့စွာ၊
ကိုယ်တော်ရှင်ပြုသမျှအား၊ ကိုယ်တော်ဖြေရှင်းမူပါ။

၄။ ငဲ့ကွက်ပြင်းဆန်ခြင်းမဲ့လျက်၊ ထံတော်တွင်စံစားပေ၊
အလိုတော်များကိုဆောင်ရွက်၊ အဆင်သင့်ရှိလျက်နေ၊
ဘုရင်တို့၏ဘုရင်မြတ်၊ ကျွန်ုပ်၌ကိန်းဝပ်ပါ၊
ပြဿနာလုံးစုံပယ်ရှား၊ ကိုယ်တော်ဖြေရှင်းမူပါ။

# ၁၀၇။ ကရာနီသို့ပို့လေကျူး

| Key: D♭ | Lead Me to Calvary | SDAH.317 | CH.89 |
|---|---|---|---|

၁။ သက်သခင်ကျွန်ုပ်ချီးမြှောက်မည်၊
ဘုန်းတော်နှင့်ပြည့်ပါစေ။
ဆူးဦးရစ်တော်ငါအောက်မေ့ပြီ၊
ကရာနီသို့ပို့လေ။

*ထပ်ဆိုရန်*

ဂေသရေမန်ကိုမမေ့လို၊
ဝေဒနာများစဉ်မှတ်မိပေ၊
အမြဲအောက်မေ့မေတ္တာတော်ကို၊
ကရာနီသို့ပို့လေ။

၂။ သချိုင်းတော်ကျွန်ုပ်အားပြပါ၊
ညည်းတွားငိုကြွေးကြရာ။
ကောင်းကင်တမန်များစောင့်ရှောက်ရာ၊
ကိုယ်တော်အိပ်နေစဉ်ခါ။

၃။ မာရိနည်းတူဝမ်းနည်းစွာဖြင့်၊
လက်ဆောင်လာဆက်ပါစေ။
ပွင့်သောသချိုင်းခုပို့ဆောင်လင့်၊
ကရာနီသို့ပို့လေ။

၄။ ကိုယ်တော်အတွက်ကပ်တိုင်ထမ်းရန်
နေ့စဉ်အလိုရှိပေ။
ဆင်းရဲဒုက္ခခွက်ဖလားမှန်၊
သောက်ဖို့အသင့်ရှိလေ။

# ၁၀၈။ မိုးပွင့်ထက်သာဖြူစင်စေကျူး

| Key: G | Whiter than Snow | SDAH.318 | CH.592 |
|---|---|---|---|

၁။ ယေရှုရှင်အကျွန်ုပ်သည်သန့်ရှင်းလိုပါ၊
ကျွန်ုပ်၏ဝိညာဉ်အတွင်းကိန်းအောင်းမူပါ၊
ရန်သူမျိုးမျိုးနှင့်ကာဆီးရာများပယ်ရှား၊
ဆေးကြောလျှင်ဖြူစင်နိုင်ပါမိုးပွင့်ထက်သာ။

*ထပ်ဆိုရန်*

မိုးပွင့်ထက်သာဖြူစင်စေလိုငှါ၊
ဆေးကြောလျှင်ဖြူမည်မှန်ပါမိုးပွင့်ထက်သာ။

၂။ ယေရှုရှင်မစင်ကြယ်ခြင်းကင်းစင်အလျှင်း၊
သွေးတော်မြတ်ဖြင့်ဆေးကြောလျှင်ပြစ်မျိုးကင်းရှင်း။
စွန့်ပစ်မည်မှုများစင်ကြယ်ခြင်းရစိမ့်ငှါ၊
ဆေးကြောလျှင်ဖြူစင်နိုင်ပါမိုးပွင့်ထက်သာ။

၃။ ယေရှုရှင်ကိုယ်တော်ကိုသာတောင်းပန်လိုပါ၊
စောင့်နေမည်ကိုယ်တော်မြတ်၏ခြေတော်ရင်းမှာ။
ယုံခြင်းဖြင့်သွန်းသွေးတော်ကျွန်ုပ်မြင်ရပါ၊
ဆေးကြောလျှင်ဖြူစင်နိုင်ပါမိုးပွင့်ထက်သာ။

၄။ သည်းခံလျက်စောင့်နေခြင်းကိုယ်တော်မြတ်မြင်ပေ၊
သစ်သဘောကျွန်ုပ်အတွင်းနှုပြုပြင်သွင်းပေး။
ကိုယ်တော်ကိုရှာသူအားမငြင်းမပယ်ရှား၊
ဆေးကြောလျှင်ဖြူစင်နိုင်ပါမိုးပွင့်ထက်သာ။

# ၁၀၉။ ကိုယ်တော်နှင့်ကျွန်ုပ်ဆိုင်သောကြောင့် ချစ်ပါသည်ကျူး

| Key: F | My Jesus, I Love Thee | SDAH.321 | CH.276 |
|---|---|---|---|

၁။ ကိုယ်တော်နှင့်ကျွန်ုပ်ဆိုင်သောကြောင့်ချစ်ပါသည်။
ပြစ်ပျော်မွေ့ခြင်းမျိုးမျိုးကိုယ်တော်ဖို့စွန့်မည်။
ကိုယ်တော်မြတ်သည်ကျွန်ုပ်၏ကယ်ချွတ်ရှင်ပေ။
ကိုယ်တော်ကိုချစ်ဖူးလျှင်ယခုပင်ဖြစ်ချေ။

၂။ အလျင်ကျွန်ုပ်အားချစ်သောကြောင့်ချစ်ပါသည်။
တိုင်ပေါ်တွင်ကျုပ်တွက်ပြစ်လွှတ်ရန်သေခံပြီ။
ဆူးရစ်ကိုဆောင်းသောကြောင့်ကိုယ်တော်ကိုချစ်ပေ။
ကိုယ်တော်ကိုချစ်ဖူးလျှင်ယခုပင်ဖြစ်ချေ။

၃။ သက်ရှင်စဉ်ချစ်မည်သေသည့်တိုင်အောင်ချစ်မည်။
သက်ရှူခွင့်ရသမျှကာလချီးမွမ်းမည်။
သေချိန်ရောက်လုနီးသောအခါမြွက်ဆိုစေ။
ကိုယ်တော်ကိုချစ်ဖူးလျှင်ယခုပင်ဖြစ်ချေ။

၄။ အစဉ်ဝမ်းမြောက်ဖွယ်ရာပြင်ထားအိမ်တော်မှာ။
ကောင်းကင်တွင်ကိုယ်တော်ကိုကိုးကွယ်မည်မှန်ပါ။
သရဖူကိုဆောင်းလျက်သီးချင်းအေးကျူးမည်။
ကိုယ်တော်ကိုချစ်ဖူးလျှင်ယခုပင်ဖြစ်ချေ။

# ၁၁၀။ ကပ်တိုင်ထမ်းရသောသူသည်ကားကျူး

| Key: G | Must Jesus Bear the Cross Alone? | SDAH.328 | CH.274 |
| --- | --- | --- | --- |

၁။ ကပ်တိုင်ထမ်းရသောသူသည်ကား၊
ယေရှုတစ်ပါးသာလော၊
တပည့်တော်တိုင်းထမ်းရန်ရှိရာ၊
ကျွန်ုပ်လည်းထမ်းစေတော့။

၂။ အထက်ရောက်ပြီးသန့်ရှင်းသူများ၊
ဒုက္ခခံဖူးသော်လည်း၊
ယခုမေတ္တာပြည့်ဝချမ်းသာ၊
မျက်ရည်သုတ်ကုန်လေပြီ။

၃။ စီရင်တော်ကပ်တိုင်ကိုထမ်းလျှင်
သေချိန်စေ့သော်လွတ်ခါ၊
အမြဲနေအိမ်သို့ပြန်တက်ဝင်၊
သက်သရဖူဆောင်းမှာ။

# ၁၁၁။ လောကကိုယူယေရှုကိုပေးကျူး

| Key: F | Take the World, But Give Me Jesus | SDAH.329 | CH.596 |
|---|---|---|---|

၁။ လောကကိုယူယေရှုကိုပေး
ပျော်ခြင်းဗလာနတ္ထိတည်း၊
မေတ္တာတော်သည်အမြဲတည်ပေ၊
ထာဝရမပြောင်းလဲတည်း။

*ထပ်ဆိုရန်*

အိုကရုဏာအတိုင်းအရှည်၊
အိုမေတ္တာအနံအလျား၊
အိုရွေးနုတ်ခြင်းပြည့်စုံခြင်းသည်၊
သက်စဉ်မြဲကတိတော်ထား။

၂။ လောကကိုယူယေရှုကိုပေး၊
ကျွန်ုပ်ဝိညာဉ်သက်သာစေ၊
ကိုယ်တော်ရှင်စောင့်ထိန်းနေစဉ်ခါ၊
လှိုင်းထသော်လည်းကျူးအေးရာ။

၃။ လောကကိုယူယေရှုကိုပေး၊
ပြုံးရယ်ခြင်းဖြင့်ဖူးရစေ၊
လောကခရီးတစ်လျှောက်လုံးတွင်၊
အလင်းအားပေးမည်အစဉ်။

၄။ လောကကိုယူယေရှုကိုပေး၊
ကပ်တိုင်တော်ကျွန်ုပ်ယုံမည်၊
ကြည်လင်စွာမြင်ရသည့်တိုင်လေ၊
မျက်နှာချင်းဆိုင်ဖူးမြင်မည်။

# ၁၁၂။ ကျွန်ုပ်အသက်လက်ခံပါကျူး

| Key: F | Take My Life and Let It Be | SDAH.330 | CH.273 |
|---|---|---|---|

၁။ ကျွန်ုပ်အသက်လက်ခံပါ၊ ကိုယ်တော်ကိုပူဇော်ဆက်သ၊
ကိုယ်တော်ချစ်ခြင်းနှိုးဆော်ရာ၊ ကျွန်ုပ်လက်မှုဆောင်စေပါ၊
ကျွန်ုပ်လက်မှုဆောင်စေပါ။

၂။ ကိုယ်တော်ရှင်မြတ်အဖို့သာ၊ ကျွန်ုပ်ခြေလျင်မြန်စေပါ၊
ကျွန်ုပ်အသံလက်ခံပါ၊ ကိုယ်တော်ကိုချီးမွမ်းကျူးရာ၊
ကိုယ်တော်ကိုချီးမွမ်းကျူးရာ။

၃။ နှုတ်ကပတ်တော်မြတ်နှင့်သာ၊ ကျွန်ုပ်နှုတ်ကိုဖြည့်စေပါ၊
ကျွန်ုပ်ရွှေငွေရှိသမျှ၊ ကိုယ်တော်မြတ်လက်ခံမူပါ၊
ကိုယ်တော်မြတ်လက်ခံမူပါ။

၄။ ကျွန်ုပ်အလိုလက်ခံပါ၊ ကိုယ်တော်အလိုဖြစ်စေပါ၊
ကျွန်ုပ်စိတ်ကိုယ်တော်ပိုင်ပေ၊ ကိန်းဝပ်ရာပလ္လင်ဖြစ်စေ၊
ကိန်းဝပ်ရာပလ္လင်ဖြစ်စေ။

၅။ ကျွန်ုပ်ချစ်ခြင်းလက်ခံပါ၊ ခြေတော်ရင်းမှာချထားပါ၊
ကျွန်ုပ်ကိုယ်တော်မူလျှင်၊ ကိုယ်တော်ဖို့ဖြစ်မည်အစဉ်၊
ကိုယ်တော်ဖို့ဖြစ်မည်အစဉ်။

# ၁၁၃။ ကျွန်ုပ်ကတိထားပေးကျူး

| Key: F | O Jesus, I Have Promised | SDAH.331 | CH.288 |
|---|---|---|---|

၁။ အိုယေရှုဆုံးတိုင်လိုက်မှာ၊ ကျွန်ုပ်ကတိထားပေ။
ကျွန်ုပ်အနီးစဉ်နေပါ၊ ကျွန်ုပ်သခင်မိတ်ဆွေ၊
ကိုယ်တော်အနားတွင်ရှိစဉ်၊ တိုက်ခိုက်ရန်မကြောက်ပါ၊
ကိုယ်တော်လမ်းကိုပြမူလျှင်၊ လမ်းမှမလွဲနိုင်ရာ။

၂။ ကိုယ်တော်ရှိကြောင်းစဉ်သိစေ၊ လောကသည်စဉ်နီးရှိ။
ပြိုးပြက်ရောင်များငါမြင်၏၊ သွေးဆောင်သံများကြားမိ၊
ရန်သူတို့သည်ဝိုင်းနေရှာ၊ တွင်းပြင်ရှိသည်အစဉ်၊
အပြစ်မှုပြရန်ကွယ်ကာ၊ ချဉ်းကပ်ပါယေရှုရှင်။

၃။ ကိုယ်တော်နောက်သို့လိုက်သူအား၊ ကတိတော်ထားသည်မှာ။
ဘုန်းသရေတော်လွှန်ကြီးမား၊ ငါတို့လည်းအတူပါ၊
ယေရှုရှင်ဆုံးတိုင်လိုက်မှာ၊ ကျွန်ုပ်ကတိထားပေ၊
လိုက်နိုင်စေရန်ခွင့်ပြုပါ၊ ကျွန်ုပ်သခင်မိတ်ဆွေ။

# ၁၁၄။ အဖကျွန်ုပ်တို့လာသည်ကျူး

| Key: F | Father, We Come to Thee | SDAH. | CH.599 |
|---|---|---|---|

၁။ အဖသားတို့လာသည်၊ အားကိုးရာမဲ့ဖြစ်ပြီ၊
ကိုယ်တော်သာမှီခိုရာ၊ လျှောက်ထားကြရာ၊
လောကအားငြီးငွေ့ရာ၊ ကိုယ်တော်သာမရှိရာ၊
သက်သာခြင်းမျိုးပေးပါ၊ အဖမြတ်စွာ။
*ထပ်ဆိုရန်*
အဖကျွန်ုပ်လာသည်၊ လက်ခံသခင်။
ခိုကိုးရာမဲ့လာပြီ၊ နားညောင်းမူရှင်။

၂။ ရန်သူများမှထွက်ကာ၊ ဒုက္ခမှကယ်ဆယ်ပါ၊
ဝိညာဉ်ငြိမ်သက်စေပါ၊ လိုသောခါမှာ၊
အားနည်းကြောက်ရွံ့တတ်ချေ၊ အားပေးမစမူလေ၊
လက်ရုံးတော်ကိုရှာဖွေ၊ မိန့်မြွက်မူပေ။

၃။ ကျေးဇူးတော်မြတ်မစ၊ တံဆိပ်ခတ်ထာဝရ၊
အပြစ်ခြေလှမ်းတို့မှ၊ ဝေးကွာစေရ၊
ထွန်းတောက်ရွှေပြည်ကမ်းသို့၊ ကိုယ်တော်နှင့်တူနေဖို့၊
သေသည့်တိုင်ပို့ဆောင်ပြန်၊ လျှောက်ထားတောင်းပန်။

# ၁၁၅။ မျှော်လင့်တောင့်တကျူး

| Key: F | Longing for Jesus | SDAH. | GS.117 |
|---|---|---|---|

၁။ မိတ်ဆွေအစ်ကိုမြတ်စွာသောကယ်တင်ရှင်၊
ခပ်သိမ်းသောအရာထက်ချစ်သည်၊
ကျေးဇူးတော်ကျွန်ုပ်ပေါ်ရောက်သည်အစဉ်၊
ကယ်တင်ရှင်ကိုတောင့်တပါသည်။

*ထပ်ဆိုရန်*

ကိုယ်တော်ကိုတောင့်တအစဉ်တောင့်တနေ၊
ယေရှုမြင်ရသောချိန်မြန်စွာရောက်စေ၊
ကယ်တင်ရှင်ကိုတောင့်တနေသည်၊
အစဉ်ယေရှုကိုတောင့်တသည်။

၂။ ကျွန်ုပ်၏ကယ်တင်ရှင်မေတ္တာတော်သည်၊
ပင်လယ်ထက်နက်၍ကြီးကျယ်၏၊
ကိုယ်တော်မျက်နှာကြည့်၍စိတ်ဝမ်းမြောက်သည်၊
ကယ်တင်ရှင်ကိုတောင့်တပါသည်။

၃။ မိတ်ဆွေစွန့်သော်လည်းမစွန့်ယေရှုရှင်၊
အံ့သြဖွယ်ကောင်းသောကယ်တင်ရှင်၊
ကိုယ်တော်မေတ္တာတော်ကျွန်ုပ်ဖို့လောက်သည်၊
ကယ်တင်ရှင်ကိုတောင့်တပါသည်။

# ၁၁၆။ ယေရှုတွက်သက်ရှင်ကျူး

| Key: F | Living for Jesus | SY. 2 | AY. 124 |
|---|---|---|---|

၁။ ယေရှုတွက်သက်ရှင်၊ သစ္စာရှိသက်တာ၊
ဆောင်ရွက်သမျှတွင်၊ ကိုယ်တော်စိတ်ကြိုက်သော၊
ဝမ်းမြောက်လွတ်လပ်စွာ၊ ကိုယ်တော်သစ္စာခံ၊
ကောင်းချီးရရှိရန်၊ ဤနည်းလမ်းအမှန်။

*ထပ်ဆိုရန်*

အိုယေရှုကယ်ချွတ်သခင်၊ ငါ့ကိုယ်ကိုအပ်နှံပြီ၊
ရန်ပြေမာန်ပြေဖြစ်စေရန်၊
ကိုယ်တော်သက်တော်စွန့်၏။
အခြားသခင်မရှိပြီ၊ နလုံးကိုယ်တော်ပလ္လင်၊
ငါ၏သက်တာလမ်းကိုယ်တော်အပ်၊
အိုရှင်ခရစ်သခင်။

၂။ ယေရှုတွက်သက်ရှင်၊ သခင်သေခံမူ၊
ကရာနီတွင်ပြစ်လုံးစုံကိုခံယူ၊
ကိုယ်တော်မေတ္တာသည်၊ ခေါ်သံနားညောင်းစေ၊
နောက်တော်သို့လိုက်၍၊ ရှိသမျှအပ်ပေ။

၃။ ယေရှုတွက်သက်ရှင်၊ လောက၌ရှိစဉ်၊
ကိုယ်တော့်ပြီးရယ်ခြင်း၊ ငါချစ်ဘကျွာပင်၊
လမ်းလွဲသူများရွေးနုတ်ရန်သေခံပြီ၊
မောပန်းသူများကို၊ နားရာသို့ဆောင်၏။

# ၁၁၇။ မိုးပွင့်ထက်ဖြူမည်ကျူး

| Key: F | Blessed Be the Fountain of Blood | SDAH. | CIS. 20 |
|---|---|---|---|

၁။ လောကီသားတို့အားထင်ရှားသော၊ သွေးစမ်းတွင်မင်္ဂလာရှိ၏၊
သားတော်၌သြဘာဖြစ်စေလော့၊ ဒဏ်ရာတော်ဖြင့်အနာငြိမ်း၏၊
သိုးခြံတော်မှဝေးစွာခွာစဉ်၊ ဝမ်းနည်းခြင်းဒုက္ခခံသော်လည်း၊
သိုးငယ်သွေးတော်နှင့်ဆေးကြောလျှင်၊
ကျွန်ုပ်မိုးပွင့်ထက်ဖြူလိမ့်မည်။
*ထပ်ဆိုရန်*
မိုးပွင့်ထက်ဖြူမည်၊ မိုးပွင့်ထက်ဖြူမည်၊
သိုးငယ်သွေးတော်နှင့်ဆေးကြောသည်၊
ကျွန်ုပ်မိုးပွင့်ထက်ဖြူလိမ့်မည်။

၂။ ဆောင်းတော်မူဦးရစ်ဆူးဖြစ်ပေ၊ ကပ်တိုင်ခန္ဓာတော်ကိုအောင်ရာ၊
ပြင်းစွာဒုက္ခခံတော်မူလေ၊ ထိုဒုက္ခချည်းနှီးမဟုတ်ပါ၊
အပြစ်စင်ကြယ်စေရန်ဖြစ်စေ၊ စမ်းတွင်းတော်သို့ပို့ဆောင်မူမည်၊
သွန်းသောသွေး၌ကျွန်ုပ်ဆေးကြော၊ ကျွန်ုပ်မိုးပွင့်ထက်ဖြူလိမ့်မည်။

၃။ အဖထံတော်မှလမ်းလွဲအောင်၊ ကြိမ်ဖန်များစွာကျူပ်စိတ်လေငြား၊
ပြစ်များအလွန်နီသောအရောင်၊ ရေအားဖြင့်မဖြူနိုင်တကား၊
ယေရှုကိုယ်တော်စမ်းရေတွင်းသို့၊
ကတိတော်အားကိုးလျက်သွားသည်၊
တန်ခိုးတော်ဖြင့်စင်ကြယ်စေဖို့၊ ကျွန်ုပ်မိုးပွင့်ထက်ဖြူလိမ့်မည်။

# ၁၁၈။ အသေခံသောချစ်ခြင်းကျေး

| Key: G | Saviour! Thy Dying Love | CIS.614 | CH.283 |
|---|---|---|---|

၁။ ကယ်တင်ပိုင်သောဘုရား၊ မေတ္တာတော်ရှင်၊
စဉ်မြဲထံတော်ပါးမှ၊ ဆုတ်မခွာသင့်၊
ရှေ့တော်၌နိမ့်ချစွာ၊ စိတ်ထဲ၌သစ္စာထား၊
ကိုယ်တော်အားလှူရန်ယဇ်၊ ယူဆောင်ခဲ့သည်။

၂။ ကရုဏာပလ္လင်ရှေ့၊ တောင်းပန်ရန်ဝင်၊
ယုံကြည်အားနည်းမျှော်ကြည့်၊ ယေရှုသခင်၊
ကပ်တိုင်ကိုထမ်း၍သာ၊ အံ့ဖွယ်မေတ္တာကြော်ငြာ၊
ဆုတောင်းခြင်းချီးမွမ်းခြင်း၊ ယူဆောင်ခဲ့သည်။

၃။ ကိုယ်တော်နှင့်တူစေရန်၊ တည်ကြည်စိတ်သွင်း၊
တစ်နေ့တစ်နေ့လွန်ပြန်၊ တိုး၍သိမြင်၊
ချစ်မေတ္တာမှုတော်ဆောင်၊ ကြင်နာခြင်းပြခဲ့ကြောင်း၊
ကိုယ်တော်ထံပျောက်သူကို၊ ယူဆောင်ခဲ့သည်။

၄။ ကျွန်ုပ်ပိုင်ဆိုင်သမျှ၊ ကိုယ်တော်ပိုင်ရာ၊
ဝမ်းနည်းဝမ်းသာသက်တာ၊ ကိုယ်တော်ဖို့သာ၊
မျက်နှာတော်ဖူးမြင်လျှင်၊ ငါ့ဝိညာဉ်ကိုယ်တော်အား၊
မြဲထာဝရပတ်လုံး၊ ဆက်သပါသည်။

# ၁၁၉။ နေ့ရက်တိုင်းနာရီတိုင်းကျူး

| Key: A♭ | Every Day and Hour | SDAH. | CIS.491 |
|---|---|---|---|

၁။ ကယ်ချွတ်ရှင်ကိုယ်တော်ကိုသာ၊
အကျွန်ုပ်သည်မှီတွယ်လျက်နေပါ၊
သွေးတော်ဖြင့်ဆေးကြောပြစ်များ၊
ကိုယ်တော်ပါးတွင်အစဉ်နေစေပါ။

*ထပ်ဆိုရန်*

နေ့ရက်တိုင်း၊ နာရီတိုင်း
သွေးတော်တန်ခိုးသိစေပါ၊
ချစ်ခြင်းမေတ္တာတော်ကြီးဖြင့်၊
အကျွန်ုပ်ကိုစည်းနှောင်တော်မူပါ။

၂။ ပြောင်းလဲတတ်သောလောကတွင်၊
ကျွန်ုပ်ကိုဖြည်းညင်းစွာလမ်းပြပါ၊
ကိုယ်တော်မြတ်ကိုသာယုံလျှင်၊
ဘယ်သောခါမျှလမ်းမလွဲနိုင်ရာ။

၃။ သေဆုံးချိန်ရောက်သည့်တိုင်အောင်၊
ကိုယ်တော်ကိုသာတိုး၍ချစ်စေပါ၊
ကောင်းကင်သို့ဝင်သည်တိုင်အောင်၊
ကိုယ်တော်မြတ်ကိုချစ်လျက်နှင့်မခွာ။

# ၁၂၀။ ရှိသည်အတိုင်းယူပါကျူး

| Key: A♭ | Take Me As I Am | SDAH. | CIS.103 |
|---|---|---|---|

၁။ အို၊ ယေရှုရှင်နားညောင်းမူပါ၊ ကယ်တော်မမူလျှင်မှန်သေရ၊
ကယ်တင်ခြင်းကိုချပေးသနား၊ ရှိသည်အတိုင်းယူပါ။
*ထပ်ဆိုရန်*
ရှိသည်အတိုင်းယူပါ၊ ရှိသည်အတိုင်းယူပါ၊
ယေရှုသေခံကျွန်ုပ်ကုသိုလ်၊ ရှိသည်အတိုင်းယူပါ။

၂။ မစရာမဲ့၊ ပြစ်များလှပါ၊ သို့သော်ကိုယ်တော်သွေးတော်သွန်းရာ၊
အလိုတော်ရှိပြပြင်နိုင်ပါ၊ ရှိသည်အတိုင်းယူပါ။

၃။ မပြင်ဆင်နိုင်ဘယ်အရာမျှ၊ ကတိသစ္စာဖျက်ဆီးတတ်လှ၊
နာမတော်ကြောင့်သာကယ်တင်ပါ၊ ရှိသည်အတိုင်းယူပါ။

၄။ ခြေတော်ရင်းမှာကြည့်တော်မူပါ၊ တော်လျော်စွာစီရင်ဆုံးမပါ၊
မှုတော်စလျှင်ပြည့်စုံစေပါ၊ ရှိသည်အတိုင်းယူပါ။

# ၁၂၁။ သက်ရှင်ပြန်စေမှုတော်ကျူး

| Key: E | Revive Thy Work, O Lord | CIS.711 | SS.309 |
|---|---|---|---|

၁။ သက်ရှင်ပြန်စေမှုတော်၊
သန့်ရှင်းသူထံကြွလာ၊
တန်ခိုးတော်နှင့်လူတိုင်းတို့အား
ပြောလျှင်နားထောင်စေပါ။
*ထပ်ဆိုရန်*
သက်ရှင်ပြန်စေမှုတော်
ရှေ့တော်တွင်ဒူးထောက်စဉ်၊
အိုကျေးဇူးရှင်ဆင်းကြွပြီးသော်
ကောင်းချီးပေးပါအလျင်။

၂။ သက်ရှင်ပြန်စေမှုတော်၊
နာမတော်ချီးမြှောက်ပါ၊
လူတိုင်းတို့၏စိတ်အတွင်းမှာ၊
ကိုယ်တော်ချစ်ခြင်းသွင်းပါ။

၃။ သက်ရှင်ပြန်စေမှုတော်၊
ဝိညာဉ်တော်သွန်းလောင်းပါ၊
ကိုယ်တော်မြတ်ဘုန်းထင်ရှားစေသော်၊
ကျုပ်တို့ကောင်းချီးခံရ။

# ၁၂၂။ ယေရှုသာလျှင်အလိုဖြည့်နိုင်ကျူး

| Key: F | None But Christ Can Satisfy | SDAH. | SS.853 |
|---|---|---|---|

၁။ အိုယေရှုရှင်၊ ကျွန်ုပ်ဝိညာဉ်၊
ကိုယ်တော်မြတ်အားဖြင့်သာ၊
ကြာမြင့်စွာရှာသောဝမ်းသာခြင်း၊
နှစ်သိမ့်ခြင်းတွေ့ရပါ။
*ထပ်ဆိုရန်*
ယေရှုအပြင်ခုဘယ်သူမျှ၊
အလိုမဖြည့်စေနိုင်။
ချစ်ခြင်း၊ အသက်၊ မြို့ရွှင်မြူးရာ၊
ကိုယ်တော်အားဖြင့်ရပြီ။

၂။ စိတ်ချမ်းသာခြင်းကိုရှာစဉ်တွင်၊
ကိုယ်တော်ကိုမေ့လျော့သည်၊
ကယ်တင်ရှင်မြတ်ကိုငြင်းပယ်စဉ်
မေတ္တာတော်သွေးဆောင်၏။

၃။ လောကီစည်းစိမ်၊ နှစ်သက်ခြင်းဖြင့်၊
ကျွန်ုပ်စိတ်အေးစိမ့်ငှါ၊
အထူးသဖြင့်ကြိုးစားစဉ်တွင်၊
စိတ်ပျက်ခြင်းသာတွေ့ရ။

၄။ ယေရှုချစ်ဖွယ်ကောင်းခြင်းဖူးရန်၊
ကျေးဇူးမခံမီက၊
ပျောက်သောပျော်မွေ့ခြင်းစိတ်စွဲလမ်း၊
ကိုယ်တော်ကိုမတောင့်တ။

# ၁၂၃။ စင်ကြယ်စမ်းရေကျူး

| Key: D | The Cleasing Wave | SDAH.332 | CH.598 |
|---|---|---|---|

၁။ ခုခါနီသောလှိုင်းကိုမြင်သည်၊
ထိုစမ်းနက်၍ကျယ်၏၊
ကယ်ရန်စွမ်းသောယေရှုရှင်သည်၊
ဒဏ်ရာနံဘေးညွန်၏။
*ထပ်ဆိုရန်*
စင်ကြယ်စမ်းရေကိုကျွန်ုပ်မြင်၊
ပြစ်ဖြေရှင်းကျွန်ုပ်ချိုးရာတွင်၊
အိုချီးမွမ်းကျွန်ုပ်စင်ကြယ်ပြီ၊
ကျွန်ုပ်စင်ကြယ်အေးစင်ကြယ်ပြီ။

၂။ အသစ်ဖန်ဆင်းခြင်းငါဝင်စား
သွေးတော်ပြောသံငါကြား၊
သို့ပြောသော်စင်ကြယ်သွေးအောက်မှာ၊
ညစ်ညမ်းဇာတိသေရာ။

၃။ ကောင်းကင်လင်းနှင့်ငါ့ထံလျှောက်လျှင်
လောကအပြစ်ကျော်သွား၊
ချွတ်ပြီးနလုံးအဝတ်ဖြူစင်၊
ခရစ်တော်စိုးစံရာ။

၄။ ကောင်းကင်အလားမြေကြီးပေါ်တွင်၊
အံ့ဖွယ်သွေးတော်ပြုသည်၊
ကျွန်ုပ်တွက်သေခံယေရှုရှင်၊
ထိုအကြောင်းကိုသိသည်။

# ၁၂၄။ အသွေးတော်မြတ်သာကျူး

| Key: G | What Can Wash Away My Sin? | SDAH. | CIS.93 |
|---|---|---|---|

၁။ လူ့အပြစ်စွန်းဆေးအံ့ငှါ၊
ရှင်ယေရှုအသွေးတတ်စွမ်းလေ၊
ကျွန်ုပ်ကျန်းမာစိမ့်သောငှါ၊
ရှင်ယေရှုအသွေးတတ်စွမ်းလေ။
*ထပ်ဆိုရန်* -
အိုမြတ်လှစီးသောသွေး၊
မိုးပွင့်လိုဖြူစင်စေ၊
ရှာမတွေ့ခြားစမ်းရေ၊
ရှင်ယေရှုအသွေးတတ်စွမ်းလေ။

၂။ ကျွန်ုပ်စင်ကြယ်စေဖို့ရာ၊
ရှင်ယေရှုအသွေးတတ်စွမ်းလေ၊
ကျွန်ုပ်ပြစ်ဖြေလွှတ်စိမ့်ငှါ၊
ရှင်ယေရှုအသွေးတတ်စွမ်းလေ။

၃။ ကျွန်ုပ်အပြစ်တွက်ခံရန်၊
ရှင်ယေရှုအသွေးတတ်စွမ်းလေ၊
လူ့ကိုယ်စားကုသိုလ်သွင်းရန်၊
ရှင်ယေရှုအသွေးတတ်စွမ်းလေ။

၄။ လူ့မျှော်လင့်စိတ်ငြိမ်စေရန်၊
ရှင်ယေရှုအသွေးတတ်စွမ်းလေ၊
လူ့ဖြောင့်မတ်ခွင့်ရစေရန်၊
ရှင်ယေရှုအသွေးတတ်စွမ်းလေ။

# ၁၂၅။ အသင်းတော်၏အမြစ်ကားကျူး

| Key: D | The Church Has One Foundation | SDAH.348 | CH.433 |
|---|---|---|---|

၁။ အသင်းတော်၏အမြစ်ကား၊ ယေရှုသခင်ပေတည်း၊
ခရစ်တော်နှုတ်ကပတ်တော်၊ အသင်းတော်ဖန်ဆင်းပြီ၊
သတို့သမီးမြတ်စေရာ၊ ရာရန်ဆင်းသက်မူပါ၊
သွန်းလောင်းသွေးတော်ဝယ်ယူရာ၊ စွန့်သက်တော်ရှင်စေပါ။

၂။ လူမျိုးမျိုးထဲမှရွေးကာ၊ တစ်လုံးတစ်ဝတည်းတည်၊
ဘုရားတရားဖွားခြင်းမှာ၊ တစ်ပါးတည်းသာရှိသည်၊
နာမတော်ကြီးမြတ်သန့်ရှင်း၊ သန့်ရှင်းပွဲတော်တည်သည်၊
တစ်ခုတည်းသောမြော်လင့်ခြင်း၊ မီအောင်ကြိုးစားရမည်။

၃။ သင်းတော်ကွဲပြားဒုက္ခများ၊ ခံစားတော်မူရာရ၊
လောကီသားများလွန်စော်ကား၊ မထီမဲ့မြင်ပြုကြ၊
သန့်ရှင်းသူများယုံကြည်ပုံ၊ တောင်းပန်ပေကြာပြီလေ၊
ညဥ့်လွန်ပြီးမှနေ့အရုဏ်၊ သာယာစွာတက်မည်လေ။

၄။ ညှဉ်းဆဲမျိုးမျိုးဒုက္ခစုံ၊ သင်းတော်စင်ပြိုင်နေစဉ်၊
မကုန်မဆုံးချမ်းသာပုံ၊ မြင်ရန်ဆိုင်းလင့်နေလျှင်၊
မြင့်မြတ်သောရူပါရုံတော်၊ မျက်စိတွေ့မြင်သောခါ၊
ဘုန်းတော်ပြည့်စုံသောသင်းတော်၊ ရှင်လန်းမည်သာယာစွာ။

# ၁၂၆။ မေတ္တာနှောင်ဖွဲ့ခြင်းများကျူး

| Key: F | Blest Be the Tie That Binds | SDAH.350 | CH.432 |
|---|---|---|---|

၁။ ခရစ်ယာန်ညီကိုချင်း၊
မေတ္တာနှောင်ဖွဲ့ခြင်းများ၊
ကောင်းကင်ဘုံသားများနှင့်ချစ်ခြင်း၊
ညီညွတ်တူလှတကား။

၂။ အဖပလ္လင်ရှေ့တွင်၊
ဆုမင်္ဂလာတောင်းကြ၊
ကြောက်ရွံ့ကြံရွယ်နှစ်သိမ့်မျှော်လင့်၊
တစ်ခုတည်းသာရှိကြ။

၃။ ဒုက္ခဝန်ဝေမျှလျက်၊
အချင်းချင်းဆောင်ရွက်ခြင်း၊
မကြာမကြာတစ်ဦးအတွက်၊
ကြင်နာမျက်ရည်ယိုဆင်း။

၄။ ချစ်မိတ်ဆွေနှင့်ခွဲခွါ၊
ဝမ်းနည်းစိတ်ပူခြင်းရှိ၊
သို့သော်တစ်ဖန်တွေ့ကြုံခြင်းငှါ၊
မျှော်လင့်စိတ်အေးခြင်းရှိ။

# ၁၂၇။ မင်္ဂလာဆုပေါင်းဖြစ်ပွားရာကျူး

| Key: D | Come, Thou Fount of Every Blessing | SDAH.334 | CH.291 |
|---|---|---|---|

၁။ မင်္ဂလာဆုပေါင်းဖြစ်ပွားရာ၊ ယေရှုရှင်မတော်မူပါ၊
နေ့ရက်တိုင်းခံရာဆုကျေးဇူး၊ နေ့ရက်တိုင်းချီးမွမ်းလိုမူ၊
ကောင်းကင်ဘုံသားကျူးသောလင်္ကာ၊ တူပြိုင်လျက်ချီးမွမ်းလိုပါ၊
မေတ္တာတော်တိုင်းထက်လွန်ကြီးပေ၊ မေတ္တာပင်ပြန်ပို့လိုလေ။

၂။ ခုတိုင်အောင်မစတော်မူလို၊ ဧဗနေဇာထူထောင်လို၊
မစတော်မူကျေးဇူးကြောင့်ပေ၊ အိမ်တော်ကျွန်ုပ်စောင့်စားလေ၊
လမ်းလွှဲလျက်ဘေးရောက်မူသောခါ၊ ယေရှုရှင်ကျွန်ုပ်ကိုရှာ၊
ကျွန်ုပ်သက်ကိုကယ်မူလိုငှါ၊ သက်တော်မြတ်စွန့်လေတကား။

၃။ ကျေးဇူးတော်သည်ထူးမြတ်လွန်းလေ
ကျေးဇူးတော်အောက်မေ့လိုပေ၊
ကျေးဇူးရှင်ထိုကျေးဇူးအားဖြင့်၊ ကျွန်ုပ်စိတ်ကိုနှောင်စေချင်၊
မှားမိလွန်းလို့စိတ်ပျက်လုပါ၊ ချစ်ဖွယ်ရှင်ကယ်မသနား၊
ကျွန်ုပ်စိတ်ကိုယူတော်မူလျှင်၊ ကောင်းကင်ဘုံကပြင်ပါရှင်။

# ၁၂၈။ အံ့ဖွယ်ကောင်းလှကယ်တင်ရှင်ကျူး

| Key: D | What A Wonderful Saviour | SDAH.335 | CH.644 |
|---|---|---|---|

၁။ ခရစ်တော်ပြစ်ဖြေရာပြုပြီ၊
အံ့ဖွယ်ကောင်းလှကယ်တင်ရှင်၊
ကျွန်ုပ်ရွေးနုတ်ခြင်းဖိုးပေးပြီ၊
အံ့ဖွယ်ကောင်းလှကယ်တင်ရှင်။

*ထပ်ဆိုရန် -*

အံ့ဖွယ်ကောင်းလှကယ်တင်ရှင်
ယေရှုကျွန်ုပ်အရှင်၊
အံ့ဖွယ်ကောင်းလှကယ်တင်ရှင်
ယေရှုရှင်သခင်။

၂။ နလုံးမှပြစ်အားလုံးဆေးပေ၊
အံ့ဖွယ်ကောင်းလှကယ်တင်ရှင်၊
အတွင်း၌အုပ်စိုးတော်မူနေ၊
အံ့ဖွယ်ကောင်းလှကယ်တင်ရှင်။

၃။ ခရီးဆုံးတိုင်နံဘေးမှာနေ၊
အံ့ဖွယ်ကောင်းလှကယ်တင်ရှင်၊
နေ့တိုင်းကျွန်ုပ်သစ္စာစောင့်စေ၊
အံ့ဖွယ်ကောင်းလှကယ်တင်ရှင်။

၄။ စုံစမ်းခြင်းများငါတွေ့ခဲ့သည်၊
အံ့ဖွယ်ကောင်းလှကယ်တင်ရှင်၊
အောင်မြင်တန်ခိုးပေးတော်မူသည်၊
အံ့ဖွယ်ကောင်းလှကယ်တင်ရှင်။

# ၁၂၉။ သွေးနှင့်ပြည့်သောစမ်းတွင်းရှိသည်ကျူး

| Key: B♭ | There Is A Fountain | SDAH.336 | CH.163 |
|---|---|---|---|

၁။ သွေးနှင့်ပြည့်သောစမ်းတွင်းရှိသည်၊ ဧမာနွေလအသွေး၊
ထိုသွေးတွင်နစ်မြုပ်သောသူသည်၊ အပြစ်ဘေးမှကင်းဝေး။

၂။ ဓါးပြသေစဉ်ထိုစမ်းမြင်သော်၊ ထိုချိန်၌ရွှင်လန်းသည်၊
သူလိုပင်ကျွန်ုပ်ဆိုးပြားသော်၊ အပြစ်မှဆေးကြောမည်။

၃။ သတ်ခြင်းခံသိုးငယ်မြတ်သွေးသည်၊ တန်ခိုးစဉ်မြဲတည်ပေ၊
ရွေးနုတ်သောအသင်းတော်မြတ်သည်၊ အပြစ်ကိုအောင်မြင်ချေ။

၄။ ဒဏ်ရာမှယိုစီးသောသွေးကို၊ ယုံခြင်းဖြင့်မြင်သည်မှ၊
ရွေးနုတ်မေတ္တာတော်အကြောင်းကို၊ သေသည်တိုင်ကျူးအေးကြ။

၅။ သွေးဖြင့်ဝယ်သောသူမင်္ဂလာ၊ မထိုက်ကျွန်ုပ်တွက်တာ၊
ထာဝရအသက်ပြင်ထားရာ၊ ကျွန်ုပ်ယုံကြည်ကိုးစား။

၆။ သံချိုင်းမှဤလေးဆွံ့လျှာကို၊ ကယ်တင်ရွေးနုတ်ပြီးနောက်၊
မြင့်မြတ်တန်ခိုးကယ်တင်သည်ကို၊ ဂုဏ်တော်သီချင်းချီးမြှောက်။

# ၁၃၀။ ရွေးပြီကျူး

| Key:A | Redeemed! How I Love to Proclaim It! | SDAH.337 | CH.635 |
|---|---|---|---|

၁။ ရွေးပြီးကြောင်းပြောရန်ဘယ်မျှဝမ်းသာ၊
အသွေးတော်ဖြင့်ရွေးခြင်းခံပြီ။
ကိုယ်တော်ထာဝရသနားခြင်းသည်၊
ကိုယ်တော်သားပင်အစဉ်ဖြစ်သည်။

*ထပ်ဆိုရန်*

ရွေးပြီ၊ ရွေးပြီ၊
သိုးငယ်အသွေးတော်ဖြင့်ရွေးသည်၊
ရွေးပြီ၊ ရွေးပြီ၊
ကိုယ်တော်သားပင်အစဉ်ဖြစ်သည်။

၂။ ရွေးပြီး၍ယေရှုဦးရှင်လန်းသည်၊
စကားကုန်ပြောမပြနိုင်ပြီ။
အစဉ်ကျွန်ုပ်လိုက်လျှောက်သောလမ်းသည်၊
ကိုယ်တော်အလင်းပေးတော်မူမည်။

၃။ လင်းသောဗိမာန်တော်၌ကျွန်ုပ်ဖို့၊
သရဖူသိုထားလျက်ရှိသည်။
စုံလင်သောသူနှင့်အိမ်တော်မြတ်ဖို့၊
သခင်နှင့်မကြာမီနေမည်။

# ၁၃၁။ ယေရှုရှင်ကယ်ချွတ်တင်ကျူး

| Key: F | Jesus Saves | SDAH.340 | CH.637 |
|---|---|---|---|

၁။ ဝမ်းမြောက်သံကိုတို့ကြားရ၊ ယေရှုရှင်ကယ်ချွတ်တင်၊
ဝမ်းမြောက်ခြင်းကိုကြေညာကြ၊ ယေရှုရှင်ကယ်ချွတ်တင်၊
ထိုသတင်းကိုရပ်တိုင်းယူ၊ တောင်ပေါ်ကျော်ပင်လယ်ကူးစေ၊
ရှေ့သို့တိုးရန်မိန့်မှာမူ၊ ယေရှုရှင်ကယ်ချွတ်ပေ။

၂။ ပင်လယ်ကျော်လျက်သံလွှင့်ပါ၊ ယေရှုရှင်ကယ်ချွတ်တင်၊
နီးဝေးပြစ်ရှိသူပြောပါ၊ ယေရှုရှင်ကယ်ချွတ်တင်၊
ကျွန်းများတို့သီချင်းအေးကျူး၊ ပင်လယ်ပေါ်ပွဲတင်ထပ်စေ၊
လောကတွင်ဝမ်းမြောက်ရွှင်မြူး၊ ယေရှုရှင်ကယ်ချွတ်ပေ။

၃။ စစ်ပွဲပေါ်မှာကြွေးကြော်ကြ၊ ယေရှုရှင်ကယ်ချွတ်တင်၊
သေခြင်းနှင့်သက်ထာဝရ၊ ယေရှုရှင်ကယ်ချွတ်တင်၊
ကရုဏာတောင့်တစဉ်ခါ၊ မှောင်တွင်းသို့ကျူးအေးသာယာ၊
သေခြင်းအောင်ကြောင်းကြွေးကြော်ပါ၊ ယေရှုရှင်ကယ်ချွတ်ပါ။

၄။ လေများတွင်ကျယ်စွာဟစ်ကြော်၊ ယေရှုရှင်ကယ်ချွတ်တင်၊
လူမျိုးပေါင်းခုဝမ်းမြောက်ပျော်၊ ယေရှုရှင်ကယ်ချွတ်တင်၊
ကယ်တင်ခြင်းဖိုးမဲ့ကြောင်းအော်၊ ချိုင့်နက်နှင့်တောင်ထိပ်များပေါ်၊
ငါတို့အောင်မြင်သီချင်းသည်၊ ယေရှုရှင်ကယ်ချွတ်သည်။

# ၁၃၂။ ဘုရားကိုချီးမွမ်းကြကျူး

| Key: G | To God Be the Glory | SDAH.341 | CH.647 |
|---|---|---|---|

၁။ အံ့ဖွယ်မှုများတွက်မြတ်ဘုရားချီးမွမ်းပါ၊
လောကီသားတို့ကိုချစ်ရှာသားတော်စွန့်ကာ၊
သက်တော်စွန့်ခြင်းဖြင့်အပြစ်တွေပြေစေပါ၊
အသက်တံခါးဖွင့်ထားဝင်လိုသူများလာ။

*ထပ်ဆိုရန်*

ချီးမွမ်းကြ၊ ချီးမွမ်းကြ၊ လောကသံတော်ကြားစေ၊
ချီးမွမ်းကြ၊ ချီးမွမ်းကြ၊ လူအပေါင်းဝမ်းမြောက်စေ၊
သားတော်ယေရှုအားဖြင့်ခမည်းတော်ထံလာ၊
အံ့ဖွယ်မှုများတွက်မြတ်ဘုရားချီးမွမ်းပါ။

၂။ ယုံကြည်သူပေါင်းအောင်စေကြောင်းသွေးတော်ကြောင့်ပင်၊
စုံလင်သောရွေးနုတ်ခြင်းကတိတော်ကိုပင်၊
အဆိုးဆုံးသောသူသည်အမှန်ယုံကြည်လျှင်၊
ယေရှုမှပြစ်လွှတ်ခွင့်ရထိုခဏတွင်။

၃။ အံ့ဖွယ်မှုများကျွန်ုပ်အားပြတော်မူပြီ၊
ယေရှု၌ကျွန်ုပ်တို့ဝမ်းမြောက်ခြင်းရှိသည်၊
သို့သော်ယေရှုရှင်ကိုဖူးတွေ့ရသောအခါ၊
အံ့သြဝမ်းမြောက်ခြင်းသာ၍ကြီးမည်မှန်ပါ။

# ၁၃၃။ ကျွန်ုပ်ရွေးနုတ်ခြင်းခံပြီးနောက်ကျူး

| Key: G | Since I Have Been Redeemed | SDAH. | CH.638 |
|---|---|---|---|

၁။ ကျွန်ုပ်ရွေးနုတ်ခြင်းခံပြီးနောက်၊ သီချင်းကိုဆိုချင်သည်၊
ကျွန်ုပ်ရွေးနုတ်ကယ်တင်ရှင်ကြောင့်၊ ကျွန်ုပ်ရွေးခြင်းခံပြီ။

*ထပ်ဆိုရန်*

ကျွန်ုပ်ရွေးခြင်းခံပြီ၊ ကျွန်ုပ်ရွေးခြင်းခံပြီ၊
နာမတော်ကိုချီးမွမ်းမည်၊
ကျွန်ုပ်ရွေးခြင်းခံပြီ၊ ကျွန်ုပ်ရွေးနုတ်ရှင်ကိုချီးမွမ်းမည်။

၂။ ကျွန်ုပ်ရွေးနုတ်ခြင်းခံပြီးလျှင်၊ ကျွန်ုပ်စိတ်ကျေနပ်ပြီ၊
အစဉ်အလိုတော်ကိုလိုက်ချင်၊ ကျွန်ုပ်ရွေးခြင်းခံပြီ။

၃။ ကျွန်ုပ်ရွေးနုတ်ခြင်းခံပြီးမှ၊ ခိုင်လုံသက်သေရှိသည်၊
ယုံမှားသံသယကင်းဝေးရ၊ ကျွန်ုပ်ရွေးခြင်းခံပြီ။

၄။ ကျွန်ုပ်ရွေးနုတ်ခြင်းခံပြီးလျှင်၊ အိမ်တော်ကိုပြင်ထားသည်၊
ထိုတွင်ကျွန်ုပ်နေမည်အစဉ်၊ ကျွန်ုပ်ရွေးခြင်းခံပြီ။

# ၁၃၄။ ယေရှုရှင်ကျွန်ုပ်စိတ်တွင်ကိန်းစဉ်ကျူး

| Key: A | Since Jesus Came Into My Heart | SDAH. | GS.44 |
|---|---|---|---|

၁။ အံ့သြဖွယ်သောပြောင်းလဲခြင်းကျွန်ုပ်သက်တာတွင်၊
ယေရှုရှင်ကိန်းဝပ်စဉ်ကပင်၊
ကျွန်ုပ်ဝိညာဉ်ကြာမြင့်စွာတောင့်တသည့်အလင်း၊
ကျုပ်စိတ်တွင်ကိန်းဝပ်စဉ်ကပင်။

*ထပ်ဆိုရန်*

ယေရှုရှင်ကိန်းဝပ်စဉ်ကပင်၊
ကျုပ်စိတ်တွင်ကိန်းဝပ်စဉ်ကပင်၊
ဝမ်းမြောက်ခြင်းကျုပ်စိတ်တွင်
ပင်လယ်လှိုင်းလွှမ်းသည့်ပင်၊
ယေရှုရှင်ကျုပ်စိတ်တွင်ကိန်းစဉ်။

၂။ လမ်းလွဲခြင်းလှည့်လည်ခြင်းကျွန်ုပ်သည်ရပ်စဲပြီ၊
ယေရှုရှင်ကိန်းဝပ်စဉ်ကပင်၊
ကျွန်ုပ်၏များစွာသောအပြစ်များဆေးကြောပြီ၊
ကျုပ်စိတ်တွင်ကိန်းဝပ်စဉ်ကပင်။

၃။ သေမင်းရိပ်လွှမ်းသောချိုင့်၌ကျွန်ုပ်တွက်အလင်း၊
ယေရှုရှင်ကိန်းဝပ်စဉ်ကပင်၊
ရွှေမြို့တော်တံခါးများဟိုဘက်မှာကျွန်ုပ်မြင်၊
ကျုပ်စိတ်တွင်ကိန်းဝပ်စဉ်ကပင်။

၄။ ထိုမြို့တော်၌စံနေဖို့ကျွန်ုပ်သွားရမည်၊
ယေရှုရှင်ကိန်းဝပ်စဉ်ကပင်၊
ထိုသို့သွားနေစဉ်ဝမ်းမြောက်သည်လွန်ဝမ်းမြောက်သည်၊
ကျုပ်စိတ်တွင်ကိန်းဝပ်စဉ်ကပင်။

# ၁၃၅။ ကြည့်ခြင်းဖြင့်အသက်ရှင်ရ၏ကျူး

| Key: E♭ | There's Life In a Look | SDAH. | CIS.65 |
|---|---|---|---|

၁။ ကပ်တိုင်တော်ကိုမျှော်ကြည့်ခြင်းဖြင့်သက်ရှင်၊
ငါ့ကိုကြည့်လော့ယေရှုမိန့်မှာ၊
မြေကြီးနှင့်ဘဏ္ဍာတို့အချေးပင်၊
ကပ်တိုင်တော်ဖြင့်ထက်ရပ်ဘဏ္ဍာမြင်ရာ။

*ထပ်ဆိုရန်*

ကြည့်ခြင်းဖြင့်၊ သင့်ဖို့သက်ရှိ၊
ကရာနီကိုကြည့်ခြင်းဖြင့်၊
ကယ်တင်ခြင်းသည်ဖိုးမရှိ၊
ကရာနီကိုကြည့်ခြင်းဖြင့်။

၂။ ကယ်တင်ရှင်မျက်နှာတော်ကိုဖူးမြော်ရာ၊
ပြုံးရယ်ခြင်းသည်ချိုသာလှ၏၊
စုံစမ်းခြင်းတိမ်များဖုံးအုပ်လာခါ၊
ကပ်တိုင်ကြည်ခြင်းဖြင့်ကျွန်ုပ်ခွန်အားရှိ။

၃။ တိုင်တော်ကိုနေ့ရက်နာရီတိုင်းကြည့်မည်၊
ထားတော်မူကတိမြတ်ယုံကြည်၊
ကောင်းကင်ခွန်အားကိုးစားယူသူသည်၊
သွေးဆောင်သူ၏တန်ခိုးနှင့်စဉ်ကင်းသည်။

# ၁၃၆။ ပြစ်လွှတ်၊ ငြိမ်သက်၊ တန်ခိုးကျူး

| Key: B♭ | Pardon, Peace and Power | SDAH. | CIS.195 |
|---|---|---|---|

၁။ ကိုယ်တော်မြတ်တွင်ဝမ်းမြောက်လိုလျှင်၊
ကြွယ်ဝခြင်းမျိုးရေတွက်၊
နှုတ်ကပတ်တော်ယုံကြည်လျက်နှင့်
ပေးမည့်ဆုများမှတ်သား။

*ထပ်ဆိုရန်*

ပြစ်လွှတ်ခြင်း၊ ငြိမ်သက်တန်ခိုး၊
စင်ကြယ်ခြင်းနှင့်သုခဘုံပင်၊
ခရစ်တော်ရှင်၊ ငါ့ဖို့ဖြစ်လျှင်၊
ဝမ်းမြောက်စွာကျူးအေးမည်ချီးမွမ်းသီချင်း။

၂။ ကရုဏာတော်မေတ္တာမြတ်ကြောင့်
ပြစ်မျိုးမျိုးလွှတ်ရသည်၊
ငြိမ်သက်ခြင်းလည်းသွေးတော်မြတ်
ကြောင့်၊ ပြစ်လွှတ်သောခါရ၏။

၃။ ပြစ်တန်ခိုးကိုချိုးဖဲ့စေဖို့၊
စွမ်းအားကိုလည်းပေး၏၊
အတွင်းစိတ်ကိုစင်ကြယ်စေဖို့၊
ဝိညာဉ်တော်ပြုပြင်၏။

၄။ သူငယ်ကဲ့သို့ယုံကြည်ခြင်းဖြင့်၊
ဤဆုများရကြသည်၊
ကိုယ်တော်မြတ်သည်ခရစ်တော်တွင်၊
ပေးမည်ကတိရှိပြီ။

# ၁၃၇။ ယေရှုထံတော်ရောက်ပြီလားကျူး

| Key: A♭ | Are You Washed In the Blood of the Lamb? | SDAH. | CIS.88 |
|---|---|---|---|

၁။ စင်ကြယ်ဖို့ရာယေရှုထံတော်ရောက်ပြီလား၊
သိုးငယ်သွေးတော်၌ဆေးကြောပြီလား၊
ကရုဏာတော်၌စိတ်ချယုံကြည်ပြီလား၊
သိုးငယ်သွေးတော်၌ဆေးကြောပြီလား။
*ထပ်ဆိုရန်*
သိုးသငယ်၊ သွေးတော်မြတ်၊
ဝိညာဉ်စင်ကြယ်စေရာသွေးတော်မြတ်၊
သင့်ဝတ်လုံမိုးပွင့်လိုဖြူစင်စေပြီလား၊
သိုးငယ်သွေးတော်၌ဆေးကြောပြီလား။

၂။ နေ့စဉ်ယေရှုဘေးမှာယှဉ်တွဲလျှောက်ပြီလား၊
သိုးငယ်သွေးတော်၌ဆေးကြောပြီလား၊
ကပ်တိုင်တင်ခံသူ၌စဉ်ခိုနားရဲ့လား၊
သိုးငယ်သွေးတော်၌ဆေးကြောပြီလား။

၃။ သတို့သားလာသော်ဝတ်လုံဖြူဖွေးမည်လော၊
သွေးတော်မြတ်၌ဖြူဖွေးစေပြီလား၊
တောက်ပအိမ်တော်တွက်ဝိညာဉ်ပြင်ဆင်ပြီလော၊
သွေးတော်၌ဆေးကြောခြင်းပြုပြီလား။

# ၁၃၈။ ဖိုးထိုက်သွေးတော်ကျူး

| Key: F | The Precious Blood | SDAH. | SS.138 |
|---|---|---|---|

၁။ သွေးတော်မြတ်စဉ်တန်ဖိုးကြီးပေ၊
ခင့်ါတွက်ဖိုးထိုက်ပေ၊
သွေးတော်ကြောင့်သာချမ်းသာခွင့်ရ၊
စိုးရိမ်ကြောက်ရွံ့ခြင်းမှ။
*ထပ်ဆိုရန်*
အိုသွေးတော်မြတ်နီရဲအံ့ဖွယ်၊
ကိုယ်တော်နံဘေးမှဆင်း၊
စဉ်ချီးမွမ်းမည်ကောင်းကင်ထက်ဝယ်၊
ဖိုးထိုက်သွေးတော်မြတ်ပင်။

၂။ သင့်ပြစ်ငါမအောက်မေ့တော့ပါ၊
ကျမ်းစာမြတ်၌မိန့်ပေ၊
မိုက်မဲခြင်းသင့်အပြစ်ကြောင့်သာ၊
ငါ့သားသွေးသွန်းခဲ့လေ။

၃။ ငါမှတ်မိသောအပြစ်တွက်ပင်၊
ကြောက်ရွံ့စိုးရိမ်မလို၊
ဖိုးထိုက်သွေးတော်ဖြင့်ဆေးကြောပြီ၊
ငါ့ပြစ်ကိုသယ်ဆောင်ပြီ။

၄။ ခွန်အားနည်းသောကျွန်ုပ်ခန္ဓာ၊
စုတေဖို့လဲလျောင်းသော်၊
ငြိမ်သက်မှုပေးသည်မှာသွေးတော်၊
ယင်းသွေးကြောင့်သေပျော်မှာ။

# ၁၃၉။ ငါ့ပြစ်သယ်ဆောင်သွားကျူး

| Key: A | He Has Taken My Sin Away | SDAH. | SS.788 |
|---|---|---|---|

၁။ စိတ်နှလုံးနှင့်သံဖြင့်ချီးမွမ်းမည်၊
ကိုယ်တော်၌ဝမ်းမြောက်နေမည်၊
အံ့ဖွယ်မေတ္တာသီချင်းဖြင့်ဆိုမည်၊
သီချင်းဖြင့်သီဆိုမည်။

*ထပ်ဆိုရန်*

ကိုယ်တော်ရှင်သည်ငါ့ပြစ်သယ်ဆောင်သွား၊
နာမတော်ချီးမွမ်း၊ နာမတော်ချီးမွမ်း၊
ကိုယ်တော်ရှင်သည်ငါ့ပြစ်သယ်ဆောင်သွား၊
ဟာလေလုယချီးမွမ်းပါ။

၂။ ပြစ်ဖိနှိပ်ခံလျက်ပြန်လာသောခါ၊
ငြိမ်သက်ရဖို့ကိုယ်တော်ထံ၊
ဆုတောင်းသံနားညောင်းလွှတ်မူမည်သာ၊
သီချင်းဖြင့်သီဆိုမည်။

၃။ အသက်ထွက်ချိန်၌ပင်ချီးမွမ်းမည်၊
သေမင်းကိုအောင်မြင်သောကြောင့်၊
ထာဝစဉ်ချီးမွမ်းမည်ကိုယ်တော်ကြောင့်၊
သီချင်းဖြင့်သီဆိုမည်။

# ၁၄၇။ ရိတ်သူများကိုခေါ်ခြင်းကျူး

| Key: F | Far and Near the Fields Are Teaming | SDAH.358 | CH.448 |
|---|---|---|---|

၁။ နီးဝေးရပ်မှာကောက်ပင်များကားမှည့်သောသီးနှံနှင့်ပြည့်ဝ၊
တောင်ယာလယ်ကွက်နီးဝေးရပ်များသီးနှံများဝါဝင်းတောက်ပ။
*ထပ်ဆိုရန်*
လယ်ရှင်ဘုရားရိတ်သူများအားရိတ်ကာလမလွန်သွားခင်၊
ကောက်လှိုင်းသိမ်းရန်ခုစေလွှတ်ပါ၊
တောင်းလျှောက်သံနားညောင်းသခင်။

၂။ နံနက်အချိန်မိုးလင်းစမှ မွန်းတည့်နေရောင် ထွန်းတောက်ခါ၊
ညဥ့်နေရောင်ခြည်မကွယ်ပျောက်ရရပ်တိုင်းသို့သိမ်းရန်ခိုင်းပါ။

၃။ အရှင်စေလွှတ်သောသူသင်တို့မှည့်သောကောက်လှိုင်းစုသိမ်းပါ၊
နေဝင်ချိန်တွင်ကောင်းကင်လမ်းသို့ ရောက်လာလိမ့်မည်ရွှင်လန်းစွာ။

# ၁၄၁။ နားထောင်ရှင်ယေရှု ကြွေးကြော်သည်ကျူး

| Key: D♭ | Hark! the Voice of Jesus Calling | SDAH.359 | CH.447 |
|---|---|---|---|

၁။ နားထောင်ရှင်ယေရှုကြွေးကြော်သည်၊ ခုဘယ်သူမှုဆောင်မည်နည်း၊
လယ်ပြင်တို့သည်မှည့်လျက်ရှိပြီ၊ တံစဉ်ဘယ်သူကိုင်မည်နည်း၊
ကျယ်သောအသံနှင့်ခေါ်ဖိတ်သည်၊ ဆုလာဘ်များစွာပေးပါမည်၊
အသင့်စောင့်လျက်ကျွန်ုပ်ရှိသည်၊ အဘယ်သူဝန်ခံမည်နည်း။

၂။ ပင်လယ်ကြီးကိုမကူးနိုင်လျှင်၊ နီးသောအရပ်သို့သွားလော့၊
နီးသောရပ်တွင်တွေ့နိုင်ခဲ့လျှင်၊ တံခါးတွင်းသို့သွင်းကြလော့၊
ကောင်းကင်သားလိုမပြောနိုင်လျှင်၊ ယေရှုချစ်ခြင်းဖော်ပြလော့၊
ပေါလုလိုလည်းမဟောနိုင်လျှင်၊ အသေခံခြင်းပြောပြလော့။

၃။ စောင့်သောသူသင်မလုပ်နိုင်လျှင်၊ ဇိအုန်တောင်သို့ပြေးတက်လော့၊
လမ်းလွဲသောသူပြန်စိမ့်သောငှါ၊ ကောင်းကင်လမ်းကိုညွှန်ပြလော့၊
လှူဒါနဆုတောင်းခြင်းနှင့်ပင်၊ ကောင်းကင်အလိုကိုဖြည့်နိုင်၊
သစ္စာရှိအာရုန်ကဲ့သို့သင်၊ မောရှေလက်ကိုထောက်မနိုင်။

၄။ လမ်းလွဲသောသူသေလုသောခါ၊ ယေရှုရှင်သင့်ကိုခေါ်ပေ၊
သင်ကဘာမျှမလုပ်နိုင်ပါ၊ ပျင်းရိစွာမဆိုရချေ၊
ပေးတော်မူအလုပ်ကိုင်စွဲနေ၊ ဝမ်းမြောက်စွာအားထုတ်ကြပါ၊
အသင့်စောင့်နေကျွန်ုပ်ရှိပေ၊ စိတ်အကြွင်းမဲ့လျှောက်ကြပါ။

# ၁၄၂။ ချစ်သိုးထိန်းသံကျွန်ုပ်ကြားရကျူး

| Key: G | Hark! 'Tis the Shepherd's Voice I Hear | SDAH.361 | CH.625 |
|---|---|---|---|

၁။ ချစ်သိုးထိန်းသံကျွန်ုပ်ကြားရ
သေွ့ခြောက်သဲကန္တာရထဲမှ၊
လမ်းလွဲသွားသောသိုးများခေါ်လေ၊
သိုးခြံမှသူတို့ထွက်ပြေးနေ။

*ထပ်ဆိုရန်*

ဆောင်ခဲ့ပါ၊ ဆောင်ခဲ့ပါ
ဆောင်ခဲ့ပါအပြစ်လယ်မှလာ၊
ဆောင်ခဲ့ပါ၊ ဆောင်ခဲ့ပါ၊
လမ်းလွဲသူယေရှုထံခေါ်လာ။

၂။ ချစ်သိုးထိန်းရှင်နှင့်မည်သူသည်၊
ပျောက်သောသိုးကိုကူရှာကြမည်၊
ချမ်းအေးကင်းသောခြံတော်တွင်းကို၊
မည်သူတစ်ဖန်ပြန်၍ပို့လို။

၃။ တောတောင်ကန္တာရကြီးထဲမှ
ကြွေးကြော်ခေါ်သံကျွန်ုပ်ကြားရ၊
နားထောင်ယေရှုသင့်အားပြောနေ၊
ရပ်တိုင်းမှာငါ့သိုးများရှာချေ။

# ၁၄၃။ ဇိအုန်အမြန်ကျူး

| Key: A♭ | O Zion, Haste | SDAH.365 | CH.449 |
| --- | --- | --- | --- |

၁။ ဇိအုန်အမြန်၊ သင့်လုပ်ငန်းပြီးဆုံးလုပ်ပါ၊
ဘုရားသခင်အလင်းဖြစ်ကြောင်းပြောလေ၊
လူမျိုးခပ်သိမ်းဖန်ဆင်းရှင်ဆန္ဒမပါ၊
ဝိညာဉ်တစ်ခုမျှမှောင်တွင်မပျောက်ချေ။
*ထပ်ဆိုရန်*
သတင်းကောင်းကြေညာ၊ ငြိမ်သက်သတင်း၊
ယေရှုကယ်ချွတ်ခြင်း၊ ရွေးနုတ်ခြင်းမြတ်သတင်း။

၂။ လူမျိုးတို့အား၊ ကြေညာရမည့်သတင်းတွင်၊
သူတို့ဘုရားမေတ္တာရှင်ဖြစ်ကေန်၊
ပျောက်ဆုံးသောသူရှိသမျှတို့ကိုကယ်တင်၊
လူထက်ရပ်စိုးစံခရစ်တော်သေခံ။

၃။ ဘုန်းတော်သတင်း၊ သင့်သားတို့အားဖြန့်ဖြူးစေ၊
မြန်စွာသွားရန်သင့်စီးပွားသူတို့ပေး၊
အောင်မြင်ခြင်းငှါသူတို့တွက်ဆုတောင်းပေးလေ၊
သင့်သုံးစွဲလေသမျှယေရှုဆပ်ပေး။

၄။ ကြွလာဦးမည်၊ အိုဇိအုန်သင်မတွေ့မီ၊
ကယ်တင်ကျေးဇူးလူတိုင်းအားပြောကြားလေ၊
ကိုယ်တော်ရွေးနုတ်သူတိုင်းကိုယ်တော်နှုတ်ဆက်မည်၊
သင်ပေါ့လျော့ခြင်းဖြင့်မပူထိုက်သူပေ။

# ၁၄၄။ ရိတ်သူများဘယ်မှာကျူး

| Key: G | O Where Are the Reapers? | SDAH.366 | CH.620 |
|---|---|---|---|

၁။ အပြစ်လယ်ပြင်မှကောက်လှိုင်းကောင်းများတွေ၊
စုသိမ်းရိတ်သူများဘယ်မှာရှိကြပေ၊
သမ္မာကျမ်းတံစဉ်နှင့်မှူတော်ဆောင်ရ၊
ကိုယ်တော်ရောက်အောင်မည်သူမျှမနားရ။

*ထပ်ဆိုရန်*

ရိတ်သူများဘယ်မှာ၊ သင်လာမည်လော၊
ကျီတွင်စုသိမ်းကာ၊ သင်ဘုန်းဝင်စားမည်လော၊
အပြစ်လယ်ပြင်မှ၊ ကောက်လှိုင်းကောင်းများ၊
ဘယ်မှာရှိကြ၊ စုသိမ်းရိတ်သူများ။

၂။ လယ်များတို့သည်နီးဝေးရပ်မှမှည့်နေ၊
လောကသည်စုသိမ်းချိန်ကိုဆိုင်းငံ့ပေ၊
သို့သော်ရိတ်ရန်များ၍ရိတ်သူနည်းပါး၊
ရိတ်ချိန်ကိုဆိုင်းလျှင်ပျက်စီးမည်အများ။

၃။ ထို့ကြောင့်တံစဉ်များယူအချင်းလူများ၊
မှည့်သောစပါးကိုစု၍သိမ်းကြပါ၊
လယ်ရှင်ကိုယ်တော်လာသည့်တိုင်အောင်ကြိုးစား၊
ကိုယ်တော်နှင့်အတူဘုန်းဝင်စားကြရာ။

# ၁၄၅။ ပျက်စီးသူကိုကယ်ပါကျူး

| Key: B♭ | Rescue the Perishing | SDAH.367 | CH.623 |
|---|---|---|---|

၁။ ပျက်စီးသူကိုကယ်ပါ၊ သေလုသူသနား၊
အပြစ်နှင့်သချိုင်းတွင်းမှဆွဲယူပါ၊
လမ်းလွဲသူဖို့ငိုကြွေး၊ လဲသူထူမလေ၊
စွမ်းကြီးယေရှုကယ်နိုင်ကြောင်းကိုပြောပေ။
*ထပ်ဆိုရန်*
ပျက်စီးသူကိုကယ်ပါ၊ သေလုသူသနား၊
ယေရှုကရုဏာရှင်၊ ယေရှုကယ်တင်။

၂။ မထီမဲ့ပြုသော်ငြား၊ ကိုယ်တော်စောင့်ရှောက်ရှာ၊
နောင်တရသောသားကိုလက်ခံခြင်းငှါ၊
စိတ်ပါလျက်နှိုးဆော်ကြ၊ သွေးဆောင်ဖြည်းညင်းစွာ၊
ကိုယ်တော်ကိုယုံလျှင်ပြစ်လွတ်မည်မှန်ပါ။

၃။ ပျက်စီးသူကိုကယ်ပါ၊ ဝတ္တရားဖြစ်ပေ၊
ဆောင်ရွက်နိုင်ရန်အားကိုကိုယ်တော်ပေးရာ၊
ကျဉ်းမြောင်းရာလမ်းထဲသို့ တစ်ဖန်ပြန်လာစေ၊
သက်တော်စွန့်ကြောင်းလမ်းလွဲသူအားပြောပါ။

# ၁၄၆။ တံပိုးမှုတ်လေကျူး

| Key: A♭ | Watchman, Blow the Gospel Trumpet | SDAH.368 | CH.619 |
|---|---|---|---|

၁။ ကင်းစောင့်ဓမ္မတံပိုးမှုတ်လေ၊
လူတိုင်းကိုသတိပေးပါ၊
သတင်းကြားသူအပေါင်းတို့တွေ
နောင်တပြောင်းလဲရှိအံ့ငှါ။

*ထပ်ဆိုရန်*

သစ္စာရှိကင်းစောင့်တံပိုးမှုတ်၊
ပင်လယ်ကုန်းကျော်လျက်ကျယ်စွာ၊
ဘုရားအမိန့်တော်ကြော်ငြာထုတ်၊
ချည်နှောင်ခံသူလွတ်အံ့ငှါ။

၂။ တောင်ထိပ်ကျော်၍ကျယ်စွာမှုတ်လေ
မှောင်ရိပ်နှင့်မြေပြင်ထွန်းလင်း၊
နက်နဲပင်လယ်ထပ်ဆင့်ပြန်ချေ၊
ကယ်တင်ခြင်းဝမ်းမြောက်သတင်း။

၃။ မှောင်မည်းအရပ်လမ်းမလမ်းကြား၊
ကျင်လည်သူဒုစရိုက်သား၊
အဖုကြိုရန်အသင့်စောင့်စား
ကြော်ငြာပါအားလုံးတို့အား။

၄။ ဝန်လေးသူတို့ဖို့မှုတ်ပါလေ၊
လွတ်လိုသောဝန်လေးသူတွေ၊
ကယ်တင်ရှင်ခေါ် ဖိတ်ကြောင်းပြောပေ၊
ငါ့ထံလာချို့စွာခေါ် နေ။

# ၁၄၇။ ကောက်လှိုင်းများသိမ်းလျက်ကျူး

| Key: B♭ | Bringing In the Sheaves | SDAH.369 | CH.621 |
|---|---|---|---|

၁။ နံနက်ချိန်တွင်စိုက်လျက်၊ စိုက်ပျိုးချစ်ခြင်းမျိုးစေ့၊
နေ့တွင်စိုက်သည့်နည်းတူ၊ ညဥ့်ဦးတွင်စိုက်မည်၊
စုသိမ်းချိန်ကိုဆိုင်းငံ့၊ ရိတ်ချိန်ကိုလည်းစောင့်နေ၊
ကောက်လှိုင်းများကိုသိမ်းလျက်ဝမ်းမြောက်စွာလာမည်။
*ထပ်ဆိုရန်*
ကောက်လှိုင်းများသိမ်းလျက်၊ ကောက်လှိုင်းများသိမ်းလျက်၊
ကောက်လှိုင်းများကိုသိမ်းလျက်၊ ဝမ်းမြောက်စွာလာမည်၊
ကောက်လှိုင်းများသိမ်းလျက်၊ ကောက်လှိုင်းများသိမ်းလျက်၊
ကောက်လှိုင်းများကိုသိမ်းလျက်၊ ဝမ်းမြောက်စွာလာမည်။

၂။ နေထွန်းလင်းရာစိုက်ပျိုး၊ အရိပ်မှာလည်းစိုက်လေ၊
ဆောင်းဥတုနှင့်မိုးတိမ်၊ စိုးရိမ်မဖြစ်ပြီ၊
နောက်နောင်စုသိမ်းချိန်ရောက်၊ အလုပ်လည်းပြီးစီးပေ၊
ကောက်လှိုင်းများကိုသိမ်းလျက်ဝမ်းမြောက်စွာလာမည်။

၃။ ငိုကြွေးလျက်နှင့်သွားသွားလေ၊ သခင်ဖို့စိုက်ပျိုးပါ၊
ပျက်စီးခြင်းကျွန်ုပ်ကို၊ ဝမ်းနည်းစေသော်လည်း၊
ငိုကြွေးခြင်းပြီးသောခါ၊ ကိုယ်တော်သာဓုခေါ်မှာ၊
ကောက်လှိုင်းများကိုသိမ်းလျက်ဝမ်းမြောက်စွာလာမည်။

# ၁၄၈။ မှုဆောင်ပါ ညဥ့်အချိန်ရောက်လာမည်ကျူး

| Key: E♭ | Work, For the Night Is Coming | SDAH.375 | CH.446 |
|---|---|---|---|

၁။ နံနက်ချိန်မှုဆောင်ရွက်ပါ၊ ညဥ့်အချိန်ရောက်လာမည်။
ဆီးနှင်းကောက်ချိန်မှုဆောင်ပါ၊ ပန်းလယ်မှုဆောင်မည်။
နေလင်းချိန်မှုဆောင်ရွက်ပါ၊ ရောင်ခြည်ထွန်းတောက်လျက်နေ။
လူ့ဆောင်ရွက်မှုပြီးသောခါ၊ ညဥ့်ချိန်ရောက်လာချေ။

၂။ မွန်းတည့်ချိန်၌မှုဆောင်ပါ၊ ညဥ့်အချိန်ရောက်လာမည်။
ရောင်ခြည်များချိန်မှုဆောင်ပါ၊ နားချိန်ရောက်လာမည်။
မိနစ်တိုင်းမှုဆောင်ခြင်းဖြင့်၊ အားထားရာသိုမှီးမည်။
လူ့ဆောင်ရွက်ဖို့ပြီးသည်နှင့်၊ ညဥ့်ချိန်ရောက်လာမည်။

၃။ နေဝင်ချိန်မှုဆောင်ရွက်ပါ၊ ညဥ့်အချိန်ရောက်လာမည်။
ရောင်ခြည်ရှိချိန်မှုဆောင်ပါ၊ ရောင်ခြည်လွင့်တတ်သည်။
နောက်ဆုံးရောင်ခြည်ထိမှုဆောင်၊ ရောင်ခြည်ကွယ်ပျောက်တတ်ပေ။
မှောင်ရိပ်ရောက်ရှိချိန်မှုဆောင်၊ လူမှုကုန်ဆုံးချေ။

# ၁၄၉။ ကြယ်အများရှိမည်လားကျူး

| Key: A | Will There Be Any Stars? | SDAH. | CH.626 |
|---|---|---|---|

၁။ နေဝင်သောကာလသို့ရောက်မည်တင့်တယ်ပြည်တော်၊
အကြောင်းကိုယနေ့တွင်စဉ်းစားရာ၊
ကျေးဇူးတော်ကြောင့်ကိုယ်တော်အပါးတွင်ရပ်ရသော်၊
ဦးရစ်တွင်ကြယ်အများရှိမည်လား။
*ထပ်ဆိုရန်* -
ဦးရစ်တွင်ကြယ်အများ၊ ကြယ်အများရှိမည်လား၊
နေဝင်သောခါညဥ့်ချမ်းအချိန်မှာ၊
သန့်ရှင်းသူနှင့်နားရန်၊ အိမ်တော်မြတ်တွင်စံမှာ၊
ဦးရစ်တွင်ကြယ်အများရှိမည်လား။

၂။ သခင်၏ခွန်အားနှင့်ဆောင်ရွက်ဆုတောင်းပါစေ၊
ဝိညာဉ်များကယ်သူလိုစောင့်ပါလေ၊
ဘုန်းထွန်းနေ့တော်မြတ်တွင်တောက်ပကြယ်များပိုင်ချေ၊
ရှီးမွမ်းခြင်းလိုင်းများလိုမြဲထလေ။

၃။ မျက်နှာတော်ဖူးတွေ့ခါဘယ်မျှရွှင်မြူးသာယာ၊
ကျောက်မြတ်များခြေတော်ရင်းဆက်ကပ်လာ၊
ဦးရစ်တွင်ကြယ်ရှိလျှင်ရွှေပြည်တွင်မင်္ဂလာ၊
ဦးရစ်တွင်ကြယ်အများရှိမည်သာ။

# ၁၅၀။ အောက်ရှိမီးထွန်းလင်းတောက်စေလိုကျူး

| Key: B♭ | Brightly Beams Our Father's Mercy | SDAH. | CH.628 |
|---|---|---|---|

၁။ ခမည်းတော်မြတ်မီးပြတိုက်မှ၊
ကရုဏာရောင်ခြည်ထွန်းသည်၊
သို့သော်လည်းကမ်းခြေကမီးမှာ၊
ကျွန်ုပ်တို့အပ်ထားလေပြီ။

*ထပ်ဆိုရန်*

အောက်ရှိမီးထွန်းလင်းတောက်စေလို၊
လှိုင်းတစ်ဖက်မီးရောင်ထိုးပေး။
အားလျော့နစ်နေသင်္ဘောသားကို၊
ကယ်နိုင်ကောင်းကယ်နိုင်ရာသေး။

၂။ အပြစ်မှောင်မိုက်ညဥ့်ဆိုက်ရောက်လာ၊
လှိုင်းတံပိုးပြင်းထန်ခတ်ချေ၊
လူများကမ်းခြေရှိမီးကိုသာ၊
မက်ကြီးစွာတောင့်တမျှော်နေ။

၃။ အစ်ကိုမှုန်သောမီးခွက်ပြင်ပါ၊
သင်္ဘောသားလှိုင်းပုတ်နေပြီ၊
ကမ်းသို့ရောက်ရန်ကြိုးစားနေရှာ
မှောင်၌ပျက်စီးမည်စိုးသည်။

# ၁၅၁။ ကျွန်ုပ်သေးနုပ်သောစကားသည်ကျူး

| Key: G | If Any Little Word of Mine | SDAH. | CH.629 |
|---|---|---|---|

၁။ ကျွန်ုပ်သေးနုပ်သောစကားသည်၊
စိတ်ပျက်သူအားလန်းစေ၏။
ကျွန်ုပ်သေးနုပ်သောသီချင်းသည်၊
ဝမ်းနည်းစိတ်ကိုပျော့ပေါ့စေ၏။
*ထပ်ဆိုရန်*
မစသောစကားပြောစေပါ၊
သီချင်းဖြင့်ချီးအေးစေပါ၊
ပွဲတင်ထပ်သံများပြည့်စေငါ၊
ဆိတ်ငြိမ်ချိုင့်တွင်ကျစေပါ။

၂။ ကျွန်ုပ်သေးနုပ်သောမေတ္တာသည်၊
ပင်ပန်းသူသက်သာစေ၏။
ကျွန်ုပ်စောင့်မခြင်းစိုးစဉ်းသည်၊
မိတ်ဆွေအားလျင်မြန်စေ၏။

၃။ ကျွန်ုပ်ချီမခြင်းနည်းပါးငြား၊
လုပ်ဆောင်သူအားပေါ့စေသား။
ခွန်အားပေးတော်မူပါဘုရား၊
ငါးခြင်းဖြင့်သက်ရှင်တကား။

# ၁၅၂။ သင်၌ယေရှုတွေ့နိုင်မည်လားကျူး

| Key: A♭ | Can the World See Jesus in You? | SY.134 | AY.11 |
|---|---|---|---|

၁။ သက်တာလမ်းတွင်ယနေ့လျှောက်လိုက်စဉ်ခါ၊
ကိုယ်တော်နှင့်လွှန်နီးကပ်စွာနေသလား၊
ကရာနီကုန်းပေါ် သေခံရှင်သခင်၊
ငါတို့၌တွေ့နိုင်မည်လား။
*ထပ်ဆိုရန်*
ငါ၌ယေရှုတွေ့နိုင်မည်လား၊
သင်၌ယေရှုတွေ့နိုင်မည်လား၊
သင်၏ချစ်ခြင်းဆောင်ရွက်ခြင်း၊
သက်တာလမ်းပါမှန်၏လား၊
သင်၌ယေရှုတွေ့နိုင်မည်လား။

၂။ ကိုယ်တော်၏မေတ္တာမျိုးနှင့်ချစ်သလား၊
သတ္တဝါအားလုံးနစ်မွန်းပြစ်၌သာ၊
ပြစ်ရှိသူပြန်လည်သိမ်းပိုက်အလို့ငှါ၊
ဖိုးခမတွက်ကူမည်လား။

၃။ ငါတို့၏သက်တာစာအုပ်သို့လေ့လာ၊
အပြောနှင့်အလုပ်စေ့စပ်နားထောင်မှာ၊
ကရာနီကုန်းပေါ် သေခံရှင်ထံပါး
ပြစ်ရှိသူတွက်သွားမည်လား။

# ၁၅၃။ လက်ချည်းသက်သက်သေသွားရလောကျူး

| Key: D | Must I Go and Empty Handed? | SDAH. | SS.789 |
|---|---|---|---|

၁။ လက်ချည်းသက်သက်သေသွားရလော၊
ကယ်တင်ရှင်ဤသို့တွေ့သော်၊
မှုတော်မြတ်ကိုဆောင်ရွက်မပေး၊
ကိုယ်တော်အားဘာမျှမပေး။

*ထပ်ဆိုရန်*

လက်ချည်းသက်သက်သေသွားရလော၊
ဤသို့ကယ်တင်ရှင်ကြည့်တည်း၊
သွေးဆောင်ခေါ်ပြီးသူမပါသော်၊
ဘယ်သို့ထံတော်ဝင်မည်နည်း။

၂။ ခုသေရသော်လည်းမစိုးရိမ်၊
ကိုယ်တော်ကျွန်ုပ်ကိုကယ်တင်၊
လက်ချည်းသွားရသောကြောင့်စိုးရိမ်၊
စိတ်ဝမ်းနည်းခြင်းနှင့်မကင်း။

၃။ ချည်းနီးလွန်စေသောနှစ်များကို၊
တစ်ဖန်လွန်ပြန်စေနိုင်လျှင်၊
သက်ချိန်လုံးကိုယ်တော်အားပေးလို၊
ကိုယ်တော်နောက်သို့စဉ်လိုက်ချင်။

၄။ သန့်ရှင်းသူတို့နိုးကြားကြိုးစား၊
နေ့ချိန်မှုတော်ဆောင်ရွက်ထား၊
သေရသောကာလမရောက်မီ၊
သူတစ်ပါးကိုသွေးဆောင်ပြီ။

# ၁၅၄။ လုပ်ဆောင်လျက်ကျူး

| Key: F | To The Work! To The Work! | SDAH. | CIS.576 |
|---|---|---|---|

၁။ ကိုယ်တော်မြတ်လျှောက်ရာဖဝါးခြေထပ်လိုက်ကြစို့၊
ဘုရားပေးအပ်မှုတော်မြတ်မပြတ်ဆောင်ရွက်စို့၊
အမိန့်တော်မပြတ်နားထောင်၍အားယူရအောင်၊
တွေ့သမျှအမှုကိုအားထုတ်မသဝေထမ်းဆောင်။

*ထပ်ဆိုရန်*

လုပ်ဆောင်လျက်၊ လုပ်ဆောင်လျက်၊
လုပ်ဆောင်လျက်၊ လုပ်ဆောင်လျက်၊
မြော်လင့်လျက်၊ စောင့်ရှောက်လျက်၊
သခင်လာသည့်တိုင်လုပ်ဆောင်ကြ။

၂။ ဆာလောင်မွတ်သိပ်သောသူတို့ကိုလုပ်ဆောင်ကျွေးမွေး၊
မောပန်းသူတို့ကိုသက်စမ်းရေပေါက်သို့ပို့ဆောင်၊
တိုင်တော်နှင့်အလံတော်ကျွန်ုပ်ဝါ့ကြွားရာပေ၊
ကယ်တင်ခြင်းဖိုးမပေးဘဲရကြောင်းမြွက်ဆိုမည်။

၃။ မှုတော်မြတ်ဆုံးတိုင်အောင်အားထုတ်လျက်လုပ်ဆောင်လေ၊
ရိတ်ကာလရောက်လာ၍ရိတ်သူတို့ဆင်းသက်မည်၊
ဖြောင့်မတ်သူများတို့နှင့်စိုးစံသောအခါပေ၊
ကယ်တင်ခြင်းဖိုးမပေးဘဲရကြောင်းကြော်ငြာမည်။

# ၁၅၅။ ပြောပြရန်ဝတ္ထုရှိသည်ကျူး

| Key:F | We've a Story to Tell to the Nations | AY.200 | GM.166 |
|---|---|---|---|

၁။ လူမျိုးအားပြောပြရန်ဝတ္ထုရှိသည်၊ ထိုဝတ္ထုဖြင့်စိတ်ပြောင်းလဲမည်၊
ချိုသာသောဝတ္ထုတော်မှန်သည်၊ ငြိမ်သက်ခြင်းအလင်းနှင့်ပြည့်၊
ငြိမ်သက်ခြင်းအလင်းနှင့်ပြည့်။

*ထပ်ဆိုရန်*

မှောင်မိုက်ခြင်းသည်အလင်းဖြစ်လိမ့်မည်၊
နံနက်ချိန်မွန်းတည့်လိုလင်းမည်၊
နိုင်ငံတော်သည်မြေပေါ်မှာတည်မည်၊
မေတ္တာအလင်းနိုင်ငံတည်း။

၂။ လူမျိုးအားဆိုပြရန်သီချင်းရှိသည်၊ ကိုယ်တော်ကိုသူတို့ချီးမွမ်းမည်၊
ထိုသီချင်းအားဖြင့်ပြစ်အောင်မည်၊ ကြမ်းတမ်းမှုပပျောက်စေမည်၊
ကြမ်းတမ်းမှုပပျောက်စေမည်။

၃။ လူမျိုးအားပြရန်ကယ်တင်ရှင်ရှိသည်၊ ကိုယ်တော်သည်ဒုက္ခခံခဲ့ပြီ၊
မြေသားအပေါင်း၏ဘုရားသည်၊ သစ္စာတရားသိစေအံ့၊
သစ္စာတရားသိစေအံ့။

# ၁၅၆။ သွား၍လုပ်ဆောင်လော့ကျူး

| Key: C | Go and Work | SDAH. | SS.748 |
| --- | --- | --- | --- |

၁။ အိုခရစ်ယာန်အိပ်ရာမှနိုးလော့၊
နားမည်လောလူများငိုစဉ်၊
လက်ပိုက်လျက်ထိုင်ရက်မည်လော၊
ရှင်ကိုယ်တိုင်မိန့်တော်မူစဉ်။

*ထပ်ဆိုရန်*

လုပ်ဆောင်လော့၊ အချိန်တန်ပြီ၊
သွားရှာလော့၊ ပျောက်သူကယ်လေ၊
အပြစ်ရှိ၊ မှောင်မိုက်ထဲမှ၊
ပွဲတော်သို့၊ အိုဆောင်ခဲ့လေ။

၂။ နာမတော်၊ သင်ချစ်ရှဲလား၊
ကတိတော်၊ စိတ်ချရှဲလား၊
ရှိသမျှ၊ ကတိပြုပုံလော့၊ ခေါ်ဖိတ်သံ၊
နားထောင်မည်လော။

၃။ ဖြစ်သင့်တိုင်း၊ ကိုးစားရှဲလား၊
သွန်သင်တိုင်း၊ နေထိုင်ရှဲလား၊
ကိုယ်တော်တွက်၊ ငါဟုတ်ရှဲလား၊
ယုံကြည်ခြင်း၊ ကျင့်ဖြင့်ပြလော့။

၄။ ကပ်တိုင်ရှိ၊ ထမ်းဖို့လိုငှါ၊
သရဖူ၊ ဆောင်းလိုပါက၊
အားသစ်ဖြင့်၊ ရှေ့ချီတက်ပါ၊
ချိန်တိုတောင်း၊ ရက်များနည်းလှ။

# ၁၅၇။ ဖိုးထိုက်မျ ထိုက်မျိုးစေ့ကြဲလော့ကျူး

| Key: B♭ | Sowing the Precious Seed | SDAH. | SS.1080 |
|---|---|---|---|

၁။ ဖိုးထိုက်မျိုးစေ့ကြဲလော့၊ နံနက်အရုဏ်ဦးချိန်ကြဲလော့၊
ဖိုးထိုက်မျိုးစေ့ကြဲလော့၊ နေ့ခင်းလည်းကြဲလော့၊
ဖိုးထိုက်မျိုးစေ့ကြဲလော့၊ လူငယ့်နှလုံးတန်ဆာဆင်ဖို့၊
ဖိုးထိုက်မျိုးစေ့ကြဲလော့၊ ပြုစုပျိုးထောင်စို့။

*ထပ်ဆိုရန် -*

ဖိုးထိုက်မျိုးစေ့ကြဲလော့၊ ဖိုးထိုက်မျိုးစေ့ကြဲလော့၊
နီးဝေးရပ်သို့သည်းခံမေတ္တာဖြင့်ကြဲဖြန့်လော့၊
အသက်မုန့်ချိုးဖဲ့လော့၊
ဝမ်းမြောက်ဖွယ်သတင်းကြားပြောလော့၊
ဖိုးထိုက်မျိုးစေ့ကြဲလော့၊ တို့တိုင်းပြည်မှာရော။

၂။ ဖိုးထိုက်မျိုးစေ့ကြဲလော့၊ နေမွန်းစောင်းချိန်၌လည်းကြဲလော့၊
ဖိုးထိုက်မျိုးစေ့ကြဲလော့၊ နေဝင်ချိန်ကြဲလော့၊
ဖိုးထိုက်မျိုးစေ့ကြဲလော့၊ ကင်းစေလော့ယုံမှားအားနည်းချက်၊
ဘုရားကိုကိုးစားလျက်၊ အားလုံးပုံအပ်လော့။

၃။ ဖိုးထိုက်မျိုးစေ့ကြဲလော့၊ စိတ်အားထက်သန်စွာအားထုတ်ပါ၊
ဖိုးထိုက်မျိုးစေ့ကြဲလော့၊ ကြဲလေမျိုးရွေဝါ၊
ဖိုးထိုက်မျိုးစေ့ကြဲလော့၊ ဘယ်ခါမျှလက်ပိုက်ကြည့်မနေ၊
ဘုရားရှင်အားတောင်းလော့၊ နေရောင်နှင့်မိုးရေ။

# ၁၅၈။ လုပ်ဆောင်ကြကျူး

| Key: B♭ | Labour On | SDAH. | SS.754 |
|---|---|---|---|

၁။ လယ်ကွင်း၌မှည့်ဝင်းလျက်ရိတ်ရန်ရှိသည်၊
ရိတ်ချိန်တန်လေပြီ၊ ရိတ်သောလူနည်း၏၊
စေခိုင်းသည်အတိုင်း၊ လုပ်ဆောင်သောသူများ၊
ကိုယ်တော်ကိုယ်တိုင်ချီးမြှောက်လျက်ရှိ။

*ထပ်ဆိုရန်*

လုပ်ဆောင်ကြ၊ လုပ်ဆောင်ကြ၊
ထိုက်တန်သောဆုပေးမူမည်၊
ကိုယ်တော်ရှင်ပေးမူမည်၊ သစ်သောခွန်အားများ၊
ယေရှုပြန်လာသည့်တိုင်လုပ်ဆောင်။

၂။ အိမ်တော်ပြည့်လျှံအောင်၊ ပျောက်သူများခေါ်ယူ၊
ဝမ်းမြောက်စွာဂုဏ်တော်သီချင်းကျူးအေးလော့၊
မှောင်မိုက်ဖုံးလွှမ်း၍ညဥ့်ချိန်မရောက်မီ၊
လင်းရှိစဉ်ခွန်အားပြည့်လုပ်ဆောင်။

၃။ ထိုက်တန်သောဆုလာဘ်ပေးရန်သင့်ရှိသည်၊
ဖွဲ့မလျှော့လုပ်ဆောင်၊ ပင်ပန်းဆင်းရဲလည်း၊
ကိုယ်တော်ရှင်ဝမ်းမြောက်ခြင်းအကြောင်းဖြစ်ပေ၊
လင်းရှိစဉ်ခွန်အားပြည့်လုပ်ဆောင်။

၄။ ရိတ်သိမ်းချိန်ပြီး၍ကိုယ်တော်ခေါ်သောခါ၊
ဝမ်းမြောက်သောစိတ်နှင့်အမှန်ပြန်ရမည်၊
မေတ္တာတော်နှင့်ပြည့်ဖိတ်ခေါ်သံကြား၍၊
ထာဝရစဉ်စံစားရမည်။

# ၁၅၉။ အလင်းသို့ပို့ဆောင်ကြကျူး

| Key: A♭ | Send the Light | SDAH. | SS.1082 |
|---|---|---|---|

၁။ မှောင်မိုက်ဖုံးလွှမ်းပြစ်လောကမှဖိတ်ခေါ်သံ၊
အလင်းသို့ပို့ဆောင်ကြ၊
ချုပ်ထားစိညာဉ်ကယ်တင်ခြင်းကိုပေးအံ့ငါ၊
အလင်းသို့ပို့ဆောင်ကြ။
*ထပ်ဆိုရန်*
လင်းစေလော့၊ ကယ်တင်ခြင်းလင်းရောင်ကို၊
လင်းစေလော့၊ နေရာရပ်တိုင်း၊
လင်းစေလော့၊ ကယ်တင်ခြင်းလင်းရောင်ကို၊
လင်းစေလော့၊ လင်းမြဲလင်းစေ။

၂။ မာကေဒေါ်နီပြည်မှခေါ်သံကိုကြားရ၊
အလင်းသို့ပို့ဆောင်ကြ၊
လက်ဝါးကပ်တိုင်၏နက်နဲသောမေတ္တာဖြင့်၊
အလင်းသို့ပို့ဆောင်ကြ။

၃။ ပူပန်ခြင်းကင်းမေတ္တာတော်ခိုလှုံဖို့ရန်၊
အလင်းသို့ပို့ဆောင်ကြ၊
သက်သရဖူဆောင်းရန်ထိုက်တန်စွာပေးမည်၊
အလင်းသို့ပို့ဆောင်ကြ။

# ၁၆၀။ သန့်ရှင်းဥပုသ်ငြိမ်ရာနေ့ကျူး

| Key: E♭ | Holy Sabbath Day of Rest | SDAH.381 | GM.150 |
|---|---|---|---|

၁။ သန့်ရှင်းဥပုသ်ငြိမ်ရာနေ့၊
ဘုရားသခင်ကောင်းချီးပေး၊
မြတ်ဘုရားဖန်ဆင်းအောက်မေ့၊
သန့်ရှင်းမှုတွက်သီးခြားပေး။

*ထပ်ဆိုရန်*

သန့်ရှင်းဥပုသ်ငြိမ်ရာနေ့
မြတ်ဘုရားကောင်းချီးပေးလေ၊
ငါတို့ဖို့သက်သေဖြစ်ပေ၊
ထာဝရကာလတည်စေ။

၂။ မိုက်မဲဆိုးသွမ်းမှုပြည့်စုံ၊
ဤလောကစည်းစိမ်စွန့်ပါ၊
မြတ်စည်းစိမ်အပေါင်းရှိကုန်၊
ကမ်းတစ်ဖက်ကောင်းကင်ဘုံမှာ။

၃။ နေဝင်ချိန်ညနေအေးတွင်၊
ဥပုသ်အချိန်ရောက်သောခါ၊
ယုံကြည်သူပေါင်းစည်းဝေးစဉ်၊
သီဆိုဆုတောင်းကြစေရာ။

၄။ ကျေးဇူးတော်နှင့်ကယ်တင်ရန်၊
အောင်မြင်မှုတွက်တောင်းလျှောက်ရာ၊
နာရီတိုင်းသန့်ရှင်းစေရန်၊
တန်ခိုးတော်ဖြင့်မစပါ။

# ၁၆၁။ အိုငြိမ်သက်ရွှင်လန်းရာနေ့ကျူး

| Key: E♭ | O Day of Rest and Gladness | SDAH.383 | CH.463 |
|---|---|---|---|

၁။ အိုငြိမ်သက်ရွှင်လန်းရာနေ့၊ အိုပျော်မြူးအလင်းနေ့၊
အိုကြောင့်ကြဝမ်းနည်းကင်းနေ့၊ တင့်တယ်တောက်ပလှချေ၊
ယုတ်မြတ်သတ္တဝါပေါင်းတို့၊ ပလ္လင်တော်ရှေ့ဝပ်တွား၊
သန့်ရှင်း၊ သန့်ရှင်း၊ သန့်ရှင်းဆို၊ ထာဝရအရှင်အား။

၂။ ပတ်လည်မုန်တိုင်းကွယ်ကာလေ၊ လှုံခြုံဆိပ်ကိုယ်တော်တည်း၊
ပါရဒိမြစ်မှစီးပေ၊ ခြားထားသောဥယျာဉ်တည်း၊
ကိုယ်တော်စမ်းရေအေးဖြစ်ပါ၊ ခြောက်သွေ့ကန္တာရတွင်၊
ပိသဂါကိုယ်တော်မှသာ၊ ကတိတော်ပြည့်ကြည့်ချင်။

၃။ အောက်မေ့ရန်ချီသာသောနေ့၊ ချစ်ဖွယ်နေ့ဖြစ်လေရာ၊
ချစ်ခြင်းများတိုးတက်ရာနေ့၊ မြေမှကောင်းကင်သို့သာ၊
ကျေးဇူးသစ်များခံစားနေ၊ ဥပုသ်အနားနေ့တွင်၊
ကျန်သောနားနေရန်နေ့ပေ၊ ရှာမည်သန့်ရှင်းအိမ်တွင်။

# ၁၆၂။ ဘေးကင်း၍ဥပုသ်ပြန်လာကျူး

| Key: F | Safely Through Another Week | SDAH.384 | CH.462 |
|---|---|---|---|

၁။ ကျေးဇူးရှင်ပို့ဆောင်သောကြောင့်၊ ဘေးကင်း၍ဥပုသ်ပြန်လာ။
ဤနေ့မှာဆုတောင်းရအောင်၊ ဗိမာန်တော်၌စည်းဝေးပါ။
နေ့အပေါင်းတို့တွင်ကောင်းဆုံး၊ ထာဝရငြိမ်သက်ခြင်းပုံ။
နေ့အပေါင်းတို့တွင်ကောင်းဆုံး၊ ထာဝရငြိမ်သက်ခြင်းပုံ။

၂။ ရွေးနုတ်ရှင်အမှုပြပေ၊ ပြစ်လွှတ်ခြင်းခွင့်ရှာစဉ်ခါ။
မျက်နှာတော်ပြတော်မူလေ၊ ရှက်ကြောက်ဖွယ်ရာများပယ်ရှား။
ဤနေ့၌သောကကင်းစင်၊ ကိုယ်တော်မြတ်ငြိမ်သက်ခြင်းရှင်။
ဤနေ့၌သောကကင်းစင်၊ ကိုယ်တော်မြတ်ငြိမ်သက်ခြင်းရှင်။

၃။ နာမတော်ချီးမွမ်းရအောင်၊ ဗိမာန်တော်၌စုသောခါ။
ကိုယ်တော်သည်ကေန်ရှိကြောင်း၊ ဘုန်းတော်ဖြင့်ထင်ရှားစေပါ။
ထာဝရကောင်းကျိုးချမ်းသာ၊ သည်မှာမြည်းစမ်းချင်ဘုရား။
ထာဝရကောင်းကျိုးချမ်းသာ၊ သည်မှာမြည်းစမ်းချင်ဘုရား။

၄။ ဝမ်းမြောက်ဖွယ်သတင်းတရား၊ ဆိုးသူကောင်းသူနာသဖြင့်။
ကျေးဇူးတော်အမျိုးမျိုးပွား၊ ဆင်းရဲဒုက္ခများပယ်ရှင်း။
ထိုသို့ဥပုသ်စောင့်ကြကုန်၊ ကောင်းကင်ဘုံရောက်မှလမ်းဆုံး။
ထိုသို့ဥပုသ်စောင့်ကြကုန်၊ ကောင်းကင်ဘုံရောက်မှလမ်းဆုံး။

# ၁၆၃။ ဥပုသ်နေ့မမေ့နှင့်ကျူး

| Key: B♭ | Don't Forget the Sabbath | SDAH.388 | CH.653 |
|---|---|---|---|

၁။ ဥပုသ်နေ့မမေ့နှင့်၊ ဘုရားကောင်းချီးချီးမြှင့်၊
နေ့တကာတွင်သာယာဆုံး၊ နေ့တို့တွင်အကောင်းဆုံး၊
အလုပ်မှနားရန်ရသည်၊ ဘုရားဝမ်းမြောက်ခြင်းပြ၊
ရောင်ခြည်တော်ဆင်းသက်နေသည်
ကောင်းကင်အလင်းတောက်ပ။

*ထပ်ဆိုရန်*

ကြွပါ၊ ကြွပါ၊ အစဉ်ကြွပါ၊ သန့်ရှင်းဥပုသ်နေ့၊
ကြွပါ၊ ကြွပါ၊ အစဉ်ကြွပါ၊ သန့်ရှင်းဥပုသ်နေ့။

၂။ ဥပုသ်နေ့သန့်ရှင်းစေ၊ ယနေ့ဝတ်ပြုရချေ၊
ငါသည်အသက်လမ်းဖြစ်ပေ၊ တပည့်တို့အားမိန့်ပေ၊
လောကမှာနိမ့်ချ၍သာ၊ နောက်တော်သို့လိုက်ကြလျှင်၊
ထာဝရစီးလျက်နေရှာ၊ သက်စမ်းရေရမည်ပင်။

၃။ သန့်ရှင်းဝမ်းမြောက်နေ့ပေ၊ ကောင်းမွန်စွာစောင့်ထိန်းစို့၊
သူငယ်တို့ချစ်ဆုံးမိတ်ဆွေ၊ ယေရှုကိုချီးမွမ်းဖို့၊
ချစ်ဖွယ်သိမ်မွေ့ကယ်တင်ရှင်၊ ကောင်းမြတ်ကြင်နာသနား၊
စိတ်တိုင်း၌ကိန်းအောင်းနေစဉ်၊ ကတိဖိုးထိုက်တကား။

# ၁၆၄။ သန့်ရှင်းနေ့၊ ကိုယ်တော်နားနေ့ကျူး

| Key: G | Holy Day, Jehovah's Rest | SDAH. | CH.654 |
|---|---|---|---|

၁။ သန့်ရှင်းနေ့၊ ကိုယ်တော်နားနေ့၊ ဖန်ဆင်းပတ်အကောင်းဆုံးပေ။
ခုနစ်ရက်တွင်နောက်ဆုံးရက်၊ ပေးတော်မူလူမျိုးစဉ်ဆက်။

*ထပ်ဆိုရန်*

ကြိုဆို၊ ကြိုဆို၊ ကြိုဆို၊ ကြိုဆို၊
ကောင်းချီးနေ့ကိုဖိတ်ခေါ်လေ၊
ကိုယ်တော်ရှင်နားရက်ဖြစ်ပေ။

၂။ ဖန်ဆင်းခြင်းပြီးဆုံးသောခါ၊ ဥပုသ်နေ့အစုပြုလာ။
သတ္တမနေ့ကောင်းချီးပေး၊ နားခြင်းဖြင့်နားထောင်ရှိသေ။

၃။ ပထမနေ့နားခြင်းဖြင့်၊ ပြုကြသောအများအကျင့်။
ကျမ်းစာတော်ကြည့်လျှင်သိမည်၊ ထောက်ခံချက်ကားမရှိပြီ။

၄။ သစ္စာစကားဆိုကြမှာ၊ လူကသာပြောင်းလဲမှန်ပါ။
ပြောင်းလဲခြင်းကျမ်း၌မတွေ့၊ နှစ်ပေါင်းခြောက်ထောင်တည်သရွေ့။

၅။ ရှာသောခါတွေ့ရသည်မှာ၊ ဥပုသ်ပညတ်တစ်ခုသာ။
လျင်စွာကျွန်ုပ်နားထောင်ပေ၊ ထိုလမ်းသာအမှန်ဖြစ်လေ။

# ၁၆၅။ ဥပုသ်နေ့ကျူး

| Key: A♭ | My Sabbath Home | SDAH. | CIS.608 |
|---|---|---|---|

၁။ ဖန်ဆင်းသမျှလက်စသတ်မှ၊ သတ္တမနေ့ငြိမ်းရ၊
ဤနေ့သာလျှင်ကောင်းချီးပေးလေ၊ သန့်ရှင်းခြင်းဖြစ်ရပေ။
*ထပ်ဆိုရန်*
ချမ်းသာစွာ၊ ချမ်းသာစွာ၊
ဘုရားရှင်ပေးလေရာ၊ ကိုးကွယ်သမျှလူမျိုးရှိရှိ၊
ကေန်မှန်ငြိမ်းအေးဘိ။

၂။ ဥပုသ်နေ့မှာသန့်ရှင်းခြင်းငှါ၊ စောင့်ရှောက်ရန်ပညတ်လာ၊
ခြောက်ရက်ပတ်လုံးလုပ်ကိုကြိုးပမ်း၊ မိန့်သမျှသွားရာလမ်း။

၃။ သတ္တမနေ့ဥပုသ်စင်စစ်၊ သားသမီးကျွန်များနှင့်၊
တိရိစ္ဆာန်နှင့်ဧည့်သည်လည်းပါ၊ ထိုနေ့မှာစောင့်မှသာ။

၄။ သမုဒ္ဒရာအရပ်ရပ်တွင်၊ မိုးကောင်းကင်မြေကြီးပင်၊
ခြောက်ရက်တွင်ပင်ဖန်ဆင်းပြီးလျှင်၊ ငြိမ်းရရှင်သခင်ပင်။

# ၁၆၆။ မိုးပွင့်ထက်ဖြူသောသက်တော်ဖြင့်ဖုံးပါကျူး

| Key: D♭ | Cover With His Life | SDAH.412 | CH.593 |
|---|---|---|---|

၁။ အပြစ်နှင့်ကင်းသောယေရှုကိုကြည့်၊
ကျေးဇူးတော်ကိုငါ့ဉစ္စာမှတ်ပါ၊
နီမြန်းငါ့သက်တာပြစ်ဆင်းရဲပြည့်၊
မိုးပွင့်ထက်ဖြူသောသက်ဖြင့်ဖုံးပါ။
*ထပ်ဆိုရန်*
မိုးပွင့်ထက်ဖြူသောသက်တော်ဖြင့်ဖုံးပါ၊
အသက်တော်ပြည့်စုံကျွန်ုပ်သိမှာ၊
နီမြန်းငါ့သက်တာငါဆင်းရဲရှာ၊
မိုးပွင့်ထက်ဖြူသောသက်ဖြင့်ဖုံးပါ။

၂။ အပြစ်ဒဏ်ချက်များလွန်စွာနက်လေ၊
နီစွာစွန်းကျွန်ုပ်ဝိညာဉ်ကြောက်သည်၊
စီရင်သောတရားတော်နှင့်လွတ်စေ၊
ယေရှုနှင့်ဖုံးအုပ်ခြင်းလိုပါသည်။

၃။ သာယာလွတ်လပ်စွာခံစားလိုသည်၊
ဖြူသောဝတ်လုံကိုယေရှုကမ်းလှမ်း၊
ကိုယ့်ဝတ်စုတ်ပယ်သခင်လက်ခံပြီ၊
စင်ကြယ်အသက်တော်သာဝတ်ဆင်မြန်း။

၄။ သေတော်မူခြင်းဖြင့်မိတ်သဟာယ၊
ကိုယ်တော်အသက်ဖြင့်ဖြောင့်မတ်ခြင်းရ၊
ကျမ်းစာနားထောင်ခြင်းဖြင့်စင်ကြယ်ပေ၊
ကြွလာတော်မူလျှင်ချီးမြှောက်ခြင်းပေး။

# ၁၆၇။ တရားစီရင်မည်ကျူး

| Key: D♭ | The Judgment Has Set | SDAH.416 | CH.482 |
|---|---|---|---|

၁။ တရားစီရင်လျက်၊ စာအုပ်များဖွင့်ထားပြီ၊
မည်သို့ရှိမည်၊ ထိုနေ့ကြီးတွင်၊
ပြုမူပြောဆို၊ ကြံစည်လေသမျှ၊
ချိန်တော်မူပြီချိန်ခွင်တွင်။
*ထပ်ဆိုရန်*
မည်သို့ရှိမည်၊ ထိုနေ့ကြီးတွင်၊
မည်သို့ရှိမည်၊ ထိုနေ့ကြီးတွင်၊
ချိန်ခွင်တွင်ကျွန်ုပ်တို့လျော့မည်လား၊
အပြစ်များနှင့်တူမျှောမည်လား။

၂။ အိပ်ပျော်နေသူများ၊ စတင်စစ်ကြောနေသည်၊
သက်ရှင်သူများစစ်ကြောတော့မည်၊
မှတ်စုစာအုပ်၊ အတိုင်းစစ်ဆေးမည်၊
စီရင်ချက်အတည်ဖြစ်မည်။

၃။ ထိုစစ်ကြောချိန်၌၊ မည်သို့ရပ်တည်မည်နည်း၊
အပြစ်အားလုံးပေါ်လွင်လျက်ရှိ၊
ထိုရုံးတော်မှ၊ မူတိုင်းဆုံးဖြတ်ပြီး၊
အယူခံနိုင်ခွင့်မရှိ။

# ၁၆၈။ ဇိအုန်မြို့တော်မြတ်သို့ကျူး

| Key: F | Marching to Zion | SDAH.422 | CH.640 |
| --- | --- | --- | --- |

၁။ ယေရှုကိုချစ်သူလာ၊ ဓမ္မဉဒါန်းကျူးကုန်၊
စိတ်ဝမ်းမြောက်ရာမြတ်မင်္ဂလာ၊
စိတ်ဝမ်းမြောက်ရာမြတ်မင်္ဂလာ၊
သံပြိုင်ဖော်ပြကြကုန်၊ သံပြိုင်ဖော်ပြကြကုန်။
*ထပ်ဆိုရန်*
ဇိအုန်မြို့တော်မြတ်သို့၊ တင့်တယ်လှဇိအုန်မြို့တော်သို့၊
ဘုရားသခင်၏မြို့တော်သို့၊ ကျွန်ုပ်တို့ရွေးရှုချီတက်စို့။

၂။ မြတ်ထာဝရဘုရား၊ မသိသူတိတ်နေစေ၊
သားတော်အရာခံသူတို့ကား၊
သားတော်အရာခံသူတို့ကား၊
မြူးထူးအေးကျူးကြစေ၊ မြူးထူးအေးကျူးကြစေ။

၃။ ကောင်းကင်လယ်ကွက်ရောက်လျှင်၊ ရွှေစင်လမ်းမလျှောက်ခင်၊
အသီးမျိုးမျိုးထောင်သောင်းထွန်းပေါက်၊
အသီးမျိုးမျိုးထောင်သောင်းထွန်းပေါက်၊
ဇိအုန်တောင်ထိပ်ပေါ်တွင်၊ ဇိအုန်တောင်ထိပ်ပေါ်တွင်။

၄။ မျက်ရည်များဖယ်ရှားစေ၊ သီချင်းများစွာကျူးလေ၊
မောနွှေလမြေပေါ်လျှောက်နေ၊
မောနွှေလမြေပေါ်လျှောက်နေ၊
နိုင်ငံတော်သို့ရောက်ဖို့၊ နိုင်ငံတော်သို့ရောက်ဖို့။

# ၁၆၉။ ဘုရင်ကိုမြင်မည်ကျူး

| Key: A♭ | I Shall See the King | SDAH.426 | CH. |
|---|---|---|---|

၁။ ဘုရင်ကိုမြင်မည်၊ တမန်ကျူးနေ့ရာ၊
တစ်နေ့ဘုရင်ကိုမြင်မည်၊
သာယာသောပြည်ရှိ၊ ရွှေခင်းကမ်းပေါ်မှာ၊
ကိုယ်တော်နှင့်အစဉ်နေမည်။
*ထပ်ဆိုရန်*
ဘုန်းတော်မြတ်တွင်၊ ဘုရင်ကိုမြင်မည်၊
အစဉ်အမြဲသီဆိုချီးမွမ်းမည်၊
ကရာနီကုန်းတွင်ငါ့တွက်သေခံပြီ၊
ငါသည်ဘုရင်ကိုမြင်မည်။

၂။ ပျော်ရွှင်သောနေရာ၊ ဘုန်းဝင်သူနေကာ၊
ဘယ်ခါမျှမှောင်မိုက်မရှိ၊
ငါ့တွက်သေခံရှင်နှင့်စဉ်စိုးစံမည်၊
ဘုန်းတော်အလင်းတည်ရှိရာ။

၃။ ဘုရင်ကိုမြင်မည်၊ ရှိသေခစားမည်၊
မျက်နှာတော်ကိုဖူးမြော်မည်၊
ကိုယ်တော်ရွေးနုတ်ကြောင်း၊
ဝမ်းမြောက်သီဆိုမည်၊
ကျေးဇူးဖြင့်ငါ့ကိုကယ်ပြီ။

# ၁၇၀။ ထိုရပ်တွင်ည၌ကင်းရာကျူး

| Key: D♭ | No Night There | SDAH.427 | CH.588 |
|---|---|---|---|

၁။ နေ့ထက်သာယာလှသောပြည်ရှိပေ၊
ယုံကြည်ခြင်းဖြင့်ဝေးမှမြင်နိုင်ရာ၊
ကျွန်ုပ်တို့အဖလမ်း၌စောင့်နေ၊
ထိုမှာကျွန်ုပ်တို့အိမ်ဆောက်အံ့ငှါ။
*ထပ်ဆိုရန်*
သာယာပြည်၊ နောင်ကာလ၊
တင့်တယ်ကမ်းမှာငါတို့တွေ့ဆုံမည်၊
သာယာပြည်၊ နောင်ကာလ၊
တင့်တယ်ကမ်းမှာငါတို့တွေ့ဆုံမည်။

၂။ ကယ်တင်ခံသူတို့သာယာသီချင်း၊
တင့်တယ်ကမ်းတွင်ငါတို့ကျူးအေးမည်၊
ကျွန်ုပ်တို့ဝမ်းနည်းခြင်းအစဉ်ကင်း၊
နားရာရပ်တွင်ညည်းခြင်းမရှိပြီ။

၃။ ကျေးဇူးတော်ကြွယ်ဝသောအဖအား၊
ချီးမွမ်းသောထောမနာဆိုကြမည်၊
မေတ္တာတော်ဆုကိုပေးသောဘုရား၊
ကျွန်ုပ်တို့ရက်များသန့်ရှင်းစေပြီ။

# ၁၇၁။ သာယာပြည်နှောင်ကာလကျူး

| Key: G | Sweet By and By | SDAH.428 | CH.551 |
|---|---|---|---|

၁။ နေ့ထက်သာယာလှသောပြည်ရှိပေ၊
ယုံကြည်ခြင်းဖြင့်ဝေးမှမြင်နိုင်ရာ၊
ကျွန်ုပ်တို့အဖလမ်း၌စောင့်နေ၊
ထိုမှာကျွန်ုပ်တို့အိမ်ဆောက်အံ့ငှါ။
*ထပ်ဆိုရန်*
သာယာပြည်၊ နှောင်ကာလ၊
တင့်တယ်ကမ်းမှာငါတို့တွေ့ဆုံမည်၊
သာယာပြည်၊ နှောင်ကာလ၊
တင့်တယ်ကမ်းမှာငါတို့တွေ့ဆုံမည်။

၂။ ကယ်တင်ခံသူတို့သာယာသီချင်း၊
တင့်တယ်ကမ်းတွင်ငါတို့ကျူးအေးမည်၊
ကျွန်ုပ်တို့ဝမ်းနည်းခြင်းအစဉ်ကင်း၊
နားရာရပ်တွင်ညည်းခြင်းမရှိပြီ။

၃။ ကျေးဇူးတော်ကြွယ်ဝသောအဖအား၊
ချီးမွမ်းသောထောမနာဆိုကြမည်၊
မေတ္တာတော်ဆုကိုပေးသောဘုရား၊
ကျွန်ုပ်တို့ရက်များသန့်ရှင်းစေပြီ။

# ၁၇၂။ ဝမ်းမြောက်ခြင်းနောက်နောင်ရှိကျူး

| Key: B♭ | Joy By and By | SDAH.430 | CH. |
| --- | --- | --- | --- |

၁။ မှူပြီးသောခါဝမ်းသာဝမ်းမြောက်သည်၊
ရိတ်သူများအိမ်တော်ပြန်ကြပြီ၊
နေဝင်ချိန်ကောက်လှိုင်းများဆောင်မည်၊
ယေရှုရှလင်မြို့သစ်ချီ။

*ထပ်ဆိုရန်*

ဝမ်းမြောက်ခြင်းနောက်နောင်ရှိလိမ့်မည်၊
ဝမ်းမြောက်ခြင်းအစဉ်ရှိလိမ့်မည်၊
ဝမ်းမြောက်နေဝင်ချိန်နီးလာပြီ၊
ရိတ်သူများအိမ်တော်ပြန်ပြီ။

၂။ ကျူးရမည်သီချင်းသာယာလှပေ၊
ကျေးဇူးတော်စဉ်ချီးမွမ်းလျက်နေ၊
ခရစ်ဘုရင်ထံသို့ဆောင်စဉ်၊
ယေရှုရှလင်မြို့သစ်တွင်။

၃။ စင်ကြယ်သောဝမ်းမြောက်ခြင်းစောင့်ဆိုင်းနေ၊
နေရန်ဗိမာန်များလှပချေ၊
ယေရှုကိုယ်တိုင်စောင့်ကြပ်ဆောင်လာ၊
ယေရှုရှလင်မြို့သစ်မှာ။

# ၁၇၃။ မြစ်နားမှာစုရုံးကြမည်လားကျူး

| Key: D♭ | Shall We Gather at the River? | SDAH.432 | CH.555 |
|---|---|---|---|

၁။ ထွန်းတောက်တမန်တို့လျှောက်ကြသော၊
မြစ်မှာစုရုံးကြမည်လား၊
ဘုရားပလ္လင်တော်နားစီးသော၊
ထာဝရကြည်လင်စမ်းနား။

*ထပ်ဆိုရန်*

ဟုတ်ပေမြစ်နားမှာစုရုံးလာ၊
တင့်တယ်လှသော၊ တင့်တယ်လှသောမြစ်မှာ၊
သန့်ရှင်းသူများနှင့်မြစ်မှာစုလာ၊
ပလ္လင်တော်နားမှာစီးလာ။

၂။ နေရောင်ခြည်ပြောက်ထွန်းတောက်ထိုးသော၊
သက်စမ်းရေမြစ်ကမ်းပါးမှာ၊
အစဉ်ထာဝရသာယာသော၊
နေ့ဦးလမ်းလျှောက်ဝတ်ပြုရာ။

၃။ ထိုထွန်းတောက်မြစ်သို့မရောက်မီ၊
ကျွန်ုပ်တို့ဝန်ထုပ်များချ၊
ကျေးဇူးတော်ကျွန်ုပ်ကိုကယ်မည်၊
ဝတ်ရုံသရဖူများရ။

၄။ ထိုထွန်းတောက်မြစ်မကြာရောက်ရာ၊
ခရီးဆုံးခန်းရောက်လုပြီ၊
သီချင်းသံဖြင့်ငြိမ်သက်သာယာ၊
ကျွန်ုပ်တို့ရွှင်မြူးကြမည်။

# ၁၇၄။ တင့်တယ်သောဒေင်အရပ်တွင်ကျူး

| Key: E♭ | Beautiful Valley of Eden | SDAH. | CH. 550 |
|---|---|---|---|

၁။ တင့်တယ်သောဒေင်အရပ်တွင်၊
ငြိမ်သက်သာယာတကား။
မောပန်းသောသူ၏နလုံးတွင်၊
အားသစ်နှင့်ပြည့်စေသား။
*ထပ်ဆိုရန်*
တင့်တယ်သောဒေင်အရပ်တွင်၊
သန့်ရှင်းသူတို့စံရာ။
လှိုင်းတံပိုးများတိုက်ခတ်လျက်ရှိစဉ်၊
ငြိမ်သက်ခြင်းကိုစိတ်ကူးပါ။

၂။ ညည်းတွားမြည်တမ်းသူ၏စိတ်တွင်း၊
နစ်သိမ့်သက်သာစေ၏။
ကောင်းကင်တမန်များ၏သီချင်း၊
ဝေးရပ်မှပြန့်စေ၏။

၃။ ကယ်တင်ရှင်၏အိမ်တော်ထိုမှာ၊
သန့်ရှင်းသူများတူနေ။
တင့်တယ်သောကုန်းပြင်မြင့်များမှာ၊
သီချင်းသစ်ကျူးအေးပေ။

# ၁၇၅။ မြစ်တစ်ဖက်တွေ့ဆုံကြမည်လောကျူး

| Key: A | Shall We Meet Beyond the River? | SDAH. | CH.557 |
|---|---|---|---|

၁။ မြစ်တစ်ဖက်တွေ့ဆုံကြမည်လော၊
လှိုင်းတံပိုးမရှိနေရာ၊
ထိုလှပထာဝရပြည်တော်
နောင်တစ်ခါဒုက္ခမလာ။
*ထပ်ဆိုရန်*
ဆုံမည်လော၊ ဆုံမည်လော၊
မြစ်တစ်ဖက်တွေ့ဆုံကြမည်လော၊
မြစ်တစ်ဖက်တွေ့ဆုံကြမည်လော၊
လှိုင်းတံပိုးများစဲလေသော်။

၂။ ကောင်းချီးဆိပ်ကမ်း၌ဆုံမည်လော
ပြင်းထန်သောခရီးလွန်သော်၊
လှပသောကောင်းကင်ဆိပ်ကမ်းမှာ၊
ဆုံ၍ကျောက်ဆူးချမည်လော။

၃။ မြို့တော်၌တွေ့ဆုံကြမည်လော၊
ကျောက်သလင်းရဲတိုက်ထွန်းတောက်၊
နဂါးသွဲ့စီထားသည့်မြို့တော်၊
ကိုယ်တော်လက်တော်နှင့်တည်ဆောက်။

၄။ ခရစ်တော်နှင့်ဆုံကြမည်လော၊
ပိုင်ဆိုင်ရာသိမ်းရန်ကြွသော်၊
ကျွန်ုပ်တို့ကျေးဇူးသိမည်လော၊
ပလ္လင်ပေါ်မှာထိုင်မည်လော။

# ၁၇၆။ တောင်များတစ်ဖက်မှာကျူး

| Key:D♭ | Just Over the Mountains | SDAH. | CH.642 |
|---|---|---|---|

၁။ တောင်များတစ်ဖက်မှာကတိတော်ပြည်ရှိ၏၊
ကိုယ်တော်လက်ဖြင့်တည်ဆောက်သောပြည်ရှိပေ၏၊
မောပန်းခြေလှမ်းတောင်ထိပ်ပေါ်သို့ရောက်သောခါ၊
ထာဝရငြိမ်းချမ်းရာအိမ်တော်မြင်မည်သာ။

*ထပ်ဆိုရန်*

အိမ်တော်ရောက်လုပြီ၊ အိမ်တော်ရောက်လုပြီ၊
ဝေးသောအိမ်မှတောက်ပသောရောင်ခြည်မြင်ပေ၊
ပွင့်နေသောတံခါးမှထွက်ဘုန်းတော်ကြည့်လေ၊
ထိုမှဝင်သော်လေလွင့်ကင်းစင်နှောင်မမြင်၊
အိမ်ရောက်လုပြီ၊ တမန်များတေးသံနားဆင်၊
အိမ်တော်ရောက်လုပြီ။

၂။ ရွှေစင်ခင်းထားလမ်းများရှိသည့်ရွှေမြို့ကို၊
ပုရောဖက်များဂြိတင်ဟောကြားခဲ့သတည်း၊
ရူပါရုံတွင်ထိုမြို့တော်မြင်ခဲ့သည်ကို၊
ဖိုးတန်ကျောက်ဖြင့်ပြီးသောလှပမြို့တော်တည်း။

၃။ ရွေးချယ်လူနည်းစုတွေထိုမြို့ဝင်စားပေ၊
ယေရှုယုံကြည်၍ပညတ်တော်စောင့်သူတွေ၊
ထိုမှာငါတို့စဉ်မပြတ်သီချင်းဆိုမည်၊
ဝမ်းမြောက်သီချင်းဆာလံထောမနာပါမည်။

၄။ ညီအစ်ကိုနှမတို့ထိုရပ်မှာဆုံမည်လား၊
နေရောင်ထွန်းလင်းစိုးရိမ်မှုကင်းရှင်းပေသည်၊
ကိုယ်တော်သတင်းသစ္စာရှိစွာလက်ခံထား၊
ယေရှုကြွလာသောခါသင့်ကိုသိမ်းဆည်းမည်။

# ၁၇၇။ စုရုံးခြင်းသည်ဘယ်လောက်ကြီးကျယ်လိမ့်မည်နည်းကျူး

| Key:D | What a Gathering | SDAH. | GS.52 |
|---|---|---|---|

၁။ တံပိုးမှုတ်လျှင်သူတော်စင်အမှန်ပင်အိမ်တွင်စုရုံးလျှင်၊
ဖန်ရေကန်နားကျွန်ုပ်သွားကာနှုတ်ဆက်မည်။
ကောင်းကင်ဘုံရှင်မြတ်ထွတ်တင်
ဘုန်းတော်တွင်ခေါ် ဖိတ်တော်မူလျှင်၊
စုရုံးခြင်းသည်ဘယ်လောက်ကြီးကျယ်လိမ့်မည်နည်း။
*ထပ်ဆိုရန်*

အစုအရုံး၊ စုရုံး၊
ဝမ်းမြောက်ဝမ်းသာဂျူဗလီမှာရောက်လာသည်၊
အစုအရုံး၊ စုရုံး၊
စုရုံးခြင်းသည်ဘယ်လောက်ကြီးကျယ်လိမ့်မည်နည်း။

၂။ ကိုယ်တော်ကောင်းကင်သံတမန်လောကချိန်ကုန်ပြီဟုကြွေးကြော်၊
ထိုခါရွေးနုတ်ခံသူတို့ကိုမြင်ကြတည်း၊
ထိုခါထွန်းတောက်ကမ်းခြေစုရုံးမသဝေတွေ့ဆုံကြလေသော်၊
စုရုံးခြင်းသည်ဘယ်လောက်ကြီးကျယ်လိမ့်မည်နည်း။

၃။ အမှုဆုံးဖြတ်သောနေ့ကြီး၌ဝှက်ထားသောအရာပေါ် ကာ၊
မိမိဘုန်းအစွမ်းနှင့်ကိုယ်တော်ကိုမြင်မည်၊
ကျွန်ုပ်ကယ်တင်ရှင်ခေါ် သံကားမင်္ဂလာရှိသင်လာပါ၊
စုရုံးခြင်းသည်ဘယ်လောက်ကြီးကျယ်လိမ့်မည်နည်း။

၄။ ရွှေစောင်းများတီးကြ၍ကောင်းကင်သားများစုရုံးလျက်ကြွေးကြော်
အောင်မြင်သူဂျူဗလီသီချင်းတီးကြမည်၊
ထိုမှာမောရှေနှင့်သိုးသငယ်သီချင်းကိုဆိုကြလေသော်၊
စုရုံးခြင်းသည်ဘယ်လောက်ကြီးကျယ်လိမ့်မည်နည်း။

# ၁၇၈။ အခြားသူများနေအိမ်ရှာစေကျူး

| Key: F | Let Others Seek a Home Below | SDAH. | CH.662 |
|---|---|---|---|

၁။ အခြားသူများနေအိမ်ရှာစေ၊
ကျွန်ုပ်အိမ်တော်ရောက်မည်၊
မီးလျှံမျိုး၍လှိုင်းများလွှမ်းလေ၊
ကျွန်ုပ်အိမ်တော်ရောက်မည်။

*ထပ်ဆိုရန်*

လုပ်ကိုင်၊ ကြွလာချိန်တိုင်လုပ်ကိုင်၊
ကြွလာချိန်တိုင်လုပ်ကိုင်၊ ကြွလာချိန်၌၊
ကျွန်ုပ်အိမ်တော်ရောက်မည်။

၂။ ကျုပ်သက်တာဝမ်းမြောက်ဖွယ်ဖြစ်ပေ၊
ကျွန်ုပ်အိမ်တော်ရောက်မည်၊
ပလ္လင်နားကောင်းကင်အိမ်ဖြစ်လေ၊
ကျွန်ုပ်အိမ်တော်ရောက်မည်။

၃။ ကမ္ဘာနှင့်ကြယ်များယိုယွင်းကြ၊
ကျွန်ုပ်အိမ်တော်ရောက်မည်၊
နေနှင့်လထွန်းတောက်ရန်ပယ်ချ၊
ကျွန်ုပ်အိမ်တော်ရောက်မည်။

၄။ ကမ္ဘာတွင်ပျက်စီးခြင်းရှိမည်၊
ကျွန်ုပ်အိမ်တော်ရောက်မည်၊
ကောင်းကင်အိမ်တော်ကျုပ်ဖို့ဖြစ်ပေ၊
ကျွန်ုပ်အိမ်တော်ရောက်မည်။

# ၁၇၉။ သခင်နှင့်ငါကျူး

| Key:F | My Lord and I | SDAH.456 | CH.532 |
|---|---|---|---|

၁။ ငါ၌ဖိုးထိုက်မိတ်ဆွေရှိ၊ များစွာချစ်သောမိတ်ဆွေ၊
ကိုယ်တော်ကျွန်ုပ်အားချစ်ပါဘိသစ္စာနှင့်ချစ်မှုလေ၊
သူနှင့်ခွဲခွာမနေနိုင်ပြီ၊ အနီးတွင်ရှိစေချင်၊
ထို့ကြောင့်အတူနေကြသည်၊ သခင်နှင့်ငါ။

၂။ ကျွန်ုပ်မောပန်းနွမ်းတတ်သည်၊ အားနည်းကြောင်းသူသိပါ၊
ကိုယ်တော်ကိုအားထားရန်ခိုင်းသည်ကူမခြင်းကိုငါရှာ၊
အလင်းလမ်းသို့ငါ့ကိုပို့ဆောင်၊ မိုးအောက်နေရောင်ခြည်တွင်၊
ထို့ကြောင့်အတူနေကြသည်၊ သခင်နှင့်ငါ။

၃။ ဝမ်းနည်းခြင်းဝမ်းမြောက်ခြင်းကို၊ ကိုယ်တော်အားငါပြောပြ၊
နစ်သက်ခြင်းနှောင့်ယှက်ခြင်းများကို၊ ကိုယ်တော်အားငါပြောပြ၊
မည်သို့ပြသင့်ကြိုးစားသင့်ကြောင်း၊ ကိုယ်တော်ငါ့ကိုပြောစဉ်၊
ထို့ကြောင့်အတူနေကြသည်၊ သခင်နှင့်ငါ။

၄။ ကယ်ရန်စိတ်ဝန်လေးသူကိုကျွန်ုပ်တောင့်တသိပါ၊
ကိုယ်တော်တွက်မေတ္တာစကားကို၊ သွား၍ပြောရန်ခိုင်းရှာ၊
မေတ္တာတော်နှင့်သေခြင်းအကြောင်း၊ ပြောပြရန်မိန့်မှုစဉ်၊
ထို့ကြောင့်အတူနေကြသည်၊ သခင်နှင့်ငါ။

# ၁၈၇။ ဝတ္ထုတော်ကိုပြောချင်လေကျူး

| Key:G | I Love to Tell the Story | SDAH.457 | CH.518 |
|---|---|---|---|

၁။ ဝတ္ထုတော်ကိုပြောချင်လေ၊ အထက်မမြင်အရာ၊
ယေရှုနှင့်ဘုန်းတော်မြတ်ပေ၊ ယေရှုချစ်ခြင်းမေတ္တာ၊
ဝတ္ထုတော်ကိုပြောချင်လေ၊ မှန်ကြောင်းကိုသိ၍သာ၊
ကျွန်ုပ်ဆန္ဒပြည့်စုံစေ၊ အခြားမတတ်နိုင်ပါ။

*ထပ်ဆိုရန်*

ဝတ္ထုတော်ကိုပြောချင်လေ၊ ဘုန်းပြည်ကျွန်ုပ်သီချင်းပေ၊
ယေရှုနှင့်မေတ္တာတော်ပေ၊ ဝတ္ထုဟောင်းပြောပြလေ။

၂။ ဝတ္ထုတော်ကိုပြောချင်လေ၊ စိတ်ကူးဖန်တီးခြင်းထက်၊
သာလွန်အံ့ဖွယ်ထူးဆန်းချေ၊ ကောင်းမြတ်သောအိပ်မက်ထက်၊
ဝတ္ထုတော်ကိုပြောချင်လေ၊ ကျွန်ုပ်အကျိုးများစွာ၊
သင့်အားဖြစ်ကြောင်းကုန်စဉ်ထွေ၊ ကျွန်ုပ်ခုပြောချင်ပါ။

၃။ ဝတ္ထုတော်ကိုပြောချင်လေ၊ ထပ်ပြောရန်နှစ်သက်ပါ၊
ပြောသောခါတိုင်း၌ပင်လေ၊ တိုး၍အံ့ဖွယ်ချိုသာ၊
ဝတ္ထုတော်ကိုပြောချင်လေ၊ ချို့မကြားဖူးသေးကြ၊
ကယ်တင်ခြင်းသတင်းများတွေ၊ ကျမ်းစာတော်၌ဖော်ပြ။

၄။ ဝတ္ထုတော်ကိုပြောချင်လေ၊ ကြားဖူးသောသူများသည်၊
အခြားသူများကဲ့သို့ပေ၊ သာ၍ဆာမွတ်သေးသည်၊
ဘုန်းဝင်စားရသည့်ချိန်မှာ၊ သီချင်းသစ်ကိုဆိုမည်၊
သို့ဆိုရာနှစ်သက်ဖူးရာ၊ ဝတ္ထုဟောင်းပင်ဖြစ်မည်။

# ၁၈၁။ ကိုယ်တော်ကိုချစ်နိုင်မည်ကျူး

| Key:G | More Love to Thee | SDAH.458 | CH.385 |
|---|---|---|---|

၁။ ကိုယ်တော်ကိုချစ်နိုင်မည်၊ ခရစ်တော်ရှင်၊
စိတ်ပါလျက်နှင့်တောင်းသည်၊ နားညောင်းသခင်၊
ဤပတ္ထနာမပြတ်၊ အစဉ်လျှောက်မည်ရှင်မြတ်၊
ကိုယ်တော်ကိုသာ၊ ချစ်စေမူပါ။

၂။ လောကီပျော်မွေ့ခြင်းသာ၊ အထက်လိုလေ၊
ခန္ဓာအကျိုးကိုရှာ၊ ဝိညာဉ်ကိုမေ့၊
ယခုထိုသို့မဟုတ်၊ အပြစ်ရွံရှာစက်ဆုပ်၊
ကိုယ်တော်ကိုသာ၊ ချစ်စေမူပါ။

၃။ ဒုက္ခခံစေလျှင်လည်း၊ မညည်းမတွား၊
အလိုတော်နှင့်အညီ၊ ဖြစ်စေမြတ်စွာ၊
ထိုဒုက္ခအားဖြင့်လည်း၊ အကျိုးတိုးပွားနိုင်မည်၊
ကိုယ်တော်ကိုသာ၊ ချစ်စေမူပါ။

၄။ ထိုသို့ပြုပြင်မူလျှင်၊ မြတ်စွာဘုရား၊
နောက်ဆုံးရှူလျက်သက်ညှင်း၊ ဝမ်းမြောက်အားရ၊
သက်ချုပ်နေစဉ်တွင်ပင်၊ ဆုတောင်းဦးမည်ပျော်ရွှင်၊
ကိုယ်တော်ကိုသာ၊ ချစ်စေမူပါ။

# ၁၈၂။ ကိုယ်တော်ကိုသာချစ်သည်ကျူး

| Key: C | I Know I Love Thee Better, Lord. | SDAH. | CIS.301 |
|---|---|---|---|

၁။ လောကီစည်းစိမ်မျိုးမျိုးတို့ထက်၊
ကိုယ်တော်ကိုသာချစ်သည်၊
မပျက်စီးနိုင်ငြိမ်သက်ခြင်းတွက်၊
ပေးတော်မူသောကြောင့်တည်း။

*ထပ်ဆိုရန်*

ချစ်ခြင်းမေတ္တာတော်ကြောင်းစကား၊
တစ်ဝက်ကိုမျှမမီ၊
ဆေးကြောတော်မူကြောင်းပြောသော်ငြား၊
တစ်ဝက်ကိုမျှမရှိ။

၂။ လောကီမိတ်ဆွေအပေါင်းတို့ထက်၊
ကိုယ်တော်သာ၍နီးချေ၊
ကိုယ်တော်ကိုချီးသောသီချင်းထက်၊
အောက်မေ့ခြင်းသာချိုပေ။

၃။ အကျွန်ုပ်အားဝမ်းမြောက်စေပြီ၊
ထိုကြောင့်မြဲဝမ်းသာသည်၊
ချစ်ခြင်းမေတ္တာတော်မရှိလျှင်၊
အမှန်စိတ်ပျက်လိမ့်မည်။

# ၁၈၃။ နလုံးတွင်နေရောင်ထွန်းကျူး

| Key: G | There's Sunshine In My Soul Today | SDAH.470 | CH.607 |
| --- | --- | --- | --- |

၁။ ယနေ့နေရောင်ခြည်လင်းခြင်းသည်၊
ကျွန်ုပ်ဝိညာဉ်၌တည်၊
လောကအလင်းထက်ထွန်းတောက်သည်၊
ယေရှုအလင်းတော်တည်း။

*ထပ်ဆိုရန်*

အိုနေရောင်ခြည်၊ ကောင်းချီးရောင်ခြည်၊
ငြိမ်သက်ဝမ်းသာချိန်ကုန်လွန်စေသည်၊
ယေရှုမျက်နှာပြုံးတော်မူက
ကျွန်ုပ်ဝိညာဉ်ရောင်ခြည်ရ။

၂။ ဘုရင်ကိုချီးမွမ်းရာသီချင်း၊
ယနေ့ဝိညာဉ်၌တည်၊
ယေရှုသခင်နားသောတဆင်၊
လုံးလုံးသီချင်းကြားသည်။

၃။ ကိုယ်တော်ရှင်နီးတွင်ရှိမူလျှင်၊
ငါဝမ်းသာချိန်ဖြစ်၏၊
ငြိမ်သက်ခြင်းချိုးစိတ်တွင်ကူလျှင်
ကျေးဇူးတော်ပန်းပွင့်၏။

၄။ ဝမ်းမြောက်မြော်လင့်ချီးမွမ်းမေတ္တာ၊
ယနေ့ဝိညာဉ်၌ရှိ၊
နောင်ခံစားရန်ဝမ်းမြောက်ဖွယ်ရာ၊
ခုလည်းခံစားလျက်ရှိ။

# ၁၈၄။ ဝမ်းသာနေ့ကျူး

| Key: G | O Happy Day! That Fixed My Choice | SDAH. | CH.310 |
|---|---|---|---|

၁။ အိုဝမ်းသာယာ၊ ကျွန်ုပ်ဘုရား၊
ကယ်တင်ရှင်ကိုယုံကြည်နေ့ပေ၊
ကိုယ်စိတ်နှလုံး၊ ရွှင်မြူးချမ်းသာ၊
ပီတိဖြစ်ကြောင်းအများကြားစေ။

*ထပ်ဆိုရန်*

ဝမ်းသာနေ့၊ ဝမ်းသာနေ့၊
ကျွန်ုပ်အပြစ်ဆေးကြောသောနေ့၊
ဆုတောင်းစောင့်နေ၊ ကိုယ်တော်သင်ပေး၊
နေ့စဉ်မပြတ်ဝမ်းမြောက်လျက်နေ၊
ဝမ်းသာနေ့၊ ဝမ်းသာနေ့၊
ကျွန်ုပ်အပြစ်ဆေးကြောသောနေ့။

၂။ ကြီးသောအမှု၊ ခုပြီးလေပြီ၊
ယေရှုကျွန်ုပ်ပိုင်တော်မူ၏၊
ကိုယ်တော်ခေါ်ရာ၊ ကျွန်ုပ်လိုက်မည်၊
ခေါ်သံကြား၍ဝမ်းမြောက်လှ၏။

၃။ ကွဲပြားနှလုံး၊ ခုချမ်းသာယာ၊
သခင်ဘုရားမှီခိုတွယ်တာ၊
ရှိလေသမျှ၊ ချပေးရှင်အား၊
အသက်ထက်ဆုံးမခွဲခွာရာ။

၄။ ကောင်းကင်ဗိုလ်ခြေ၊ ထွန်းတောက်လှစွာ၊
မိုးမှမြေသို့ဆင်းသက်လာလျှင်၊
ကျွန်ုပ်သခင်၊ နှင့်အိမ်တော်မှာ၊
စိုးစံရအံ့အမြဲအစဉ်။

# ၁၈၅။ ယေရှုရှင်ကျွန်ုပ်စိတ်ချစရာကျူး

| Key: D♭ | Blessed Assurance, Jesus Is Mine! | SDAH. 462 | CH.608 |
|---|---|---|---|

၁။ ယေရှုရှင်ကျွန်ုပ်စိတ်ချစရာ၊
ဘုန်းတော်မြတ်ရသာမြည်းစမ်းခံစားရာ၊
ကယ်တင်ခြင်းအမွေဘုရားဝယ်ပေး၊
ဝိညာဉ်တော်မွေးဖွားသွေးတော်ဖြင့်ဆေး။
*ထပ်ဆိုရန်*
ကျွန်ုပ်ဝတ္ထုပေသီချင်းဖြစ်လေ၊
ချီးမွမ်းလျက်ကျူးအေးတစ်နေ့လုံးနေ၊
ကျွန်ုပ်ဝတ္ထုပေ၊ သီချင်းဖြစ်လေ၊
ချီးမွမ်းလျက်ကျူးအေး၊ တစ်နေ့လုံးနေ။

၂။ လုံးလုံးအပ်နှံလျှင်လုံးလုံးဝမ်းမြောက်၊
ပျော်မွေ့ရူပါရုံကျွန်ုပ်ရှေ့ပေါက်ရောက်၊
ထက်ရပ်မှဆောင်လာ၊ ကောင်းကင်သားများ၊
ကရုဏာပွဲတင်မေတ္တာစကား။

၃။ လုံးလုံးအပ်နှံလျှင်အားလုံးချမ်းသာ၊
ကိုယ်တော်၌ကျွန်ုပ်ဝမ်းမြောက်ဝမ်းသာပါ၊
စောင့်လျက်နှင့်မျှော်နေထက်ရပ်သို့ကြည့်၊
မေတ္တာတော်ပျော်မွေ့ကောင်းခြင်းနှင့်ပြည့်။

# ၁၈၆။ ထာဝရလက်ရုံးတော်ကိုမှီခိုကျူး

| Key: A♭ | Leaning on the Everlasting Arms | SDAH. 469 | CH.611 |
|---|---|---|---|

၁။ မည်မျှပေါင်းဖေါ်ခြင်း၊ မည်မျှဝမ်းမြောက်ခြင်း၊
ထာဝရလက်ရုံးတော်ကိုမှီခို၊
မည်မျှမင်္ဂလာ၊ မည်မျှဝမ်းမြောက်ခြင်း၊
ထာဝရလက်ရုံးတော်ကိုမှီခို။
*ထပ်ဆိုရန်*
မှီခို၊ မှီခို၊ ဘေးအန္တရာယ်နှင့်ကင်းလွတ်လို၊
မှီခို၊ မှီခို၊ ထာဝရလက်ရုံးတော်ကိုမှီခို။

၂။ ခရစ်ယာန်လမ်းမှာ၊ မည်မျှချိုသာစွာ၊
ထာဝရလက်ရုံးတော်ကိုမှီခို၊
လမ်းသည်နေ့စဉ်ပင်မည်မျှထွန်းလင်းလာ၊
ထာဝရလက်ရုံးတော်ကိုမှီခို။

၃။ ကြောက်ဖွယ်သောအရာဘာမျှမရှိပါ၊
ထာဝရလက်ရုံးတော်ကိုမှီခို၊
သခင်အနီးရှိကောင်းချီးငြိမ်ဝပ်စွာ၊
ထာဝရလက်ရုံးတော်ကိုမှီခို။

# ၁၈၇။ စိတ်နှလုံးရှိနေရောင်ခြည်ကျူး

| Key: A | There Is Sunlight on the Hilltop | SDAH. | CH. 612 |
|---|---|---|---|

၁။ တောင်ထိပ်တွင်နေရောင်ခြည်ထွန်းလင်း၊
ပင်လယ်ပေါ်လည်းထွန်းလင်းရာ၊
နူးညံ့စိမ်းလန်းမြေပြင်ပေါ်ချဉ်း၊ ရွှေရောင်ခြည်ထွန်းလင်းသာယာ၊
သာ၍လင်းသောရောင်ခြည်တော်မှာ၊ ကျွန်ုပ်နှလုံးသို့ဝင်သည်၊
ကယ်တင်ရှင်ကိန်းအောင်းသောကြောင့်သာ၊
ကိုယ်တော်ရှိရာနေလင်းတည်း။

*ထပ်ဆိုရန်*

အိုနေရောင်ခြည်၊ တင့်တယ်နေရောင်ခြည်၊
စိတ်နှလုံးရှိနေရောင်ခြည်၊ ယေရှုအုပ်စိုး၊ ဝမ်းနည်းဖုံးမည်၊
စိတ်အတွင်းမှာနေရောင်ခြည်။

၂။ ယခင်နေ့ကအဝတ်နွမ်းလို၊ ဝမ်းနည်းခြင်းကိုစွန့်ပစ်၍၊
ဝမ်းမြောက်ခြင်းဝတ်ရုံဆင်မှုလို၊ ချီးမွမ်းခြင်းနှင့်ပြည့်စေ၍၊
မေတ္တာတော်ဖြင့်ကျွန်ုပ်ရသော၊ ဘုန်းထွန်းသောရွှေပြည်တော်ကို၊
ကျွန်ုပ်စိတ်နှလုံးတို့တက်သော်၊ ကိုယ်တော်ထံသို့လိုက်သွားလို။

၃။ ချစ်ဖွယ်ရှင်ကျွန်ုပ်ကိုဝယ်ပြီ၊ သက်ရောကိုယ်ပါပိုင်မူရာ၊
မေတ္တာဖြင့်ထွန်းသောဆီမီးသည်၊ ဘုန်းတော်သို့ထွန်းတောက်စေပါ၊
မေတ္တာတော်ဖြင့်ကျွန်ုပ်ရသော၊ ဘုန်းထွန်းသောရွှေပြည်တော်ကို၊
ကျွန်ုပ်စိတ်နှလုံးတို့တက်သော်၊ ကိုယ်တော်ထံသို့လိုက်သွားလို။

# ၁၈၈။ အိုယေရှုကယ်ချွတ်ရှင်ကျူး

| Key:G | O Jesus, My Redeemer | SDAH. | CH.613 |
|---|---|---|---|

၁။ အိုယေရှုကယ်ချွတ်ရှင်မှာ၊ ဝမ်းမြောက်သီချင်းဖြစ်ပေ၊
ပူပန်သောကပိုင်းသောခါ၊ နှစ်သိမ့်သာယာဖြစ်ပေ။
*ထပ်ဆိုရန်*
အိုကယ်ချွတ်ရှင်ယေရှုသည်၊ ကျွန်ုပ်သီချင်းဖြစ်စေ၊
ကိုယ်တော်ကဲ့သို့မိတ်ဆွေသည်၊ လောကတွင်ရှာမတွေ့။

၂။ ကျွန်ုပ်မြော်လင့်ခြင်းသခင်၊ သက်တာလမ်းတစ်လျှောက်တွင်၊
မှောင်ရိပ်လွှမ်းမိုးလျက်ရှိစဉ်၊ မျက်ရည်များကျဆင်းလျှင်။

၃။ ကျွန်ုပ်လမ်းပြချစ်မိတ်ဆွေ၊ ကိုယ်တော်ကိုအားကိုးလေ၊
လောကတွင်ရှိသမျှတွေ၊ ကိုယ်တော်ချစ်ဖွယ်ဖြစ်ပေ။

၄။ ကျွန်ုပ်သီချင်းဝမ်းမြောက်ခြင်း၊ ပြစ်လောက၌ရှိစဉ်၊
ကျွန်ုပ်သီချင်းဝမ်းမြောက်ခြင်း၊ ကောင်းကင်တံခါးထဲတွင်။

# ၁၈၉။ ဘေးမဲ့ယေရှုရင်ခွင်ထက်ကျူး

| Key: G | Safe in the Arms of Jesus | SDAH. | CH. 615 |
|---|---|---|---|

၁။ ဘေးမဲ့ယေရှုရင်ခွင်ထက်၊ ရွှေလက်တော်ပိုက်ပွေ့ရာ၊
မေတ္တာတော်ရိပ်ခိုကိုးလျက်၊ ကျွန်ုပ်ဝိညာဉ်ချမ်းသာ၊
နားထောင်ကောင်းကင်သားကျူးသံ၊ ဘုန်းထွန်းသောဘုံတော်တွင်၊
ဖန်ရေကန်တော်ကိုကျော်ကာ၊ နားစွင့်ရာသို့ရောက်လာ။
*ထပ်ဆိုရန်*
ဘေးမဲ့ယေရှုရင်ခွင်ထက်၊ ရွှေလက်တော်ပိုက်ပွေ့ရာ၊
မေတ္တာတော်ရိပ်ခိုကိုးလျက်၊ ကျွန်ုပ်ဝိညာဉ်ချမ်းသာ။

၂။ ဘေးမဲ့ယေရှုရင်ခွင်မှ၊ သောကပူခြင်းငြိမ်းပေ၊
ဒုစရိုက်သွေးဆောင်ခြင်းမှ၊ ကင်းရှင်းလုံခြုံစွာနေ၊
ဒုက္ခဆင်းရဲသံဝေဂ၊ ကျွတ်လွတ်ကုန်ဆုံးလုပြီ၊
လောကီဘုံမှမျက်ရည်ကျ၊ နည်းစွာသာကျန်သေးသည်။

၃။ ကျွန်ုပ်အတွက်ယေရှုရှင်၊ မြတ်သောအသက်စွန့်ပြီ၊
မြဲစွာတည်သောကျောက်တော်တွင်၊ ခိုလှုံမှီဝဲပါမည်၊
ညဥ့်ချိန်မလွန်မသွားအောင်၊ သည်းခံလျက်စောင့်ပါစေ၊
အရုဏ်မတက်မီတိုင်အောင်၊ တသမြော်လင့်ပါလေ။

# ၁၉၀။ စိတ်နှလုံးတွင်နံနက်တည်းကျူး

| Key: B♭ | It is Morning in My Heart | SDAH. | GM. 17 |
|---|---|---|---|

၁။ ညဥ့်မှောင်မိုက်အပေါင်းပျောက်ကွယ်သွားလျက်ရှိပြီ၊
စိတ်နှလုံးတွင်နံနက်တည်း၊
နေ့အလင်းတွင်အသက်ရှင်လျက်နေရပြီ၊
စိတ်နှလုံးတွင်နံနက်တည်း။
*ထပ်ဆိုရန်*
နံနက်ဖြစ်ပေစိတ်နှလုံးတွင်နံနက်တည်း၊
မှောင်ရိပ်အပေါင်းယေရှုရှင်ပယ်ရှားသတည်း၊
သခင်ယေရှုတွက်ယခု၊ ဝမ်းမြောက်ကျွန်ုပ်ကျူးအေးတည်း၊
နံနက်ဖြစ်ပေစိတ်နှလုံးတွင်နံနက်တည်း။

၂။ ငှက်များသီချင်းကျူးအေးသံများကြားနိုင်ရာ၊
စိတ်နှလုံးတွင်နံနက်တည်း၊
ကျွန်ုပ်သက်တာသစ်စပြီကျွန်ုပ်သိပါ၊
စိတ်နှလုံးတွင်နံနက်တည်း။

၃။ ငါ့တွက်ပါရဒိသုဘုံဖန်ဆင်းမူပြီ၊
စိတ်နှလုံးတွင်နံနက်တည်း၊
တာဝန်တိုင်းမေတ္တာအလင်းတွင်မြင်ရပြီ၊
စိတ်နှလုံးတွင်နံနက်တည်း။

၄။ ဝမ်းမြောက်ခြင်းချမ်းသာကျွန်ုပ်၌မြဲတည်ပေ၊
စိတ်နှလုံးတွင်နံနက်တည်း၊
ကမ်းတစ်ဖက်မှာကျွန်ုပ်၏သီချင်းဖြစ်စေ၊
စိတ်နှလုံးတွင်နံနက်တည်း။

# ၁၉၁။ ကိုယ်တော်နှင့်နီးစေပါကျူး

| Key: F | Nearer, My God, to Thee | SDAH. 473 | CH. 382 |
|---|---|---|---|

၁။ ကိုယ်တော်နှင့်နီးစေပါ၊ ကျွန်ုပ်ဘုရား၊
ကျွန်ုပ်ကိုမြှောက်ထားရာ၊ ကပ်တိုင်ဖြစ်ငြား၊
စဉ်လျှောက်သီချင်းနှင့်သာ၊ ကိုယ်တော်နှင့်နီးစေပါ၊
ကိုယ်တော်နှင့်နီးစေပါ၊ ကျွန်ုပ်ဘုရား။

၂။ လှည့်လည်သောသူအလား၊ နေရောင်ကွယ်ဆုံး၊
ညဉ့်အချိန်ရောက်သော်ငြား၊ ကျောက်ကိုခေါင်းအုံး၊
အိပ်မက်ထဲမှာလိုရာ၊ ကိုယ်တော်နှင့်နီးစေပါ၊
ကိုယ်တော်နှင့်နီးစေပါ၊ ကျွန်ုပ်ဘုရား။

၃။ ကောင်းကင်သို့ထောင်ထားသည့်၊ လှေကားပေါ်လာ၊
မေးတော်မူသမျှသည်၊ မြတ်ကရုဏာ၊
ကောင်းကင်သားများခေါ်ရာ၊ ကိုယ်တော်နှင့်နီးစေပါ၊
ကိုယ်တော်နှင့်နီးစေပါ၊ ကျွန်ုပ်ဘုရား။

၄။ ထိုနောက်နိုးလတ်ပြန်က၊ ချီးမွမ်းပါသည်၊
ဝမ်းနည်းကျောက်များထဲမှ၊ ဗေသလတည်၊
ဒုက္ခဆင်းရဲနှင့်သာ၊ ကိုယ်တော်နှင့်နီးစေပါ၊
ကိုယ်တော်နှင့်နီးစေပါ၊ ကျွန်ုပ်ဘုရား။

၅။ ဝမ်းမြောက်သောတောင်ပံဖြင့်၊ ကောင်းကင်ဖြတ်လျက်၊
နေလကြယ်များလွန်လျက်၊ ထက်သို့ပျံတက်၊
စဉ်လျှောက်ဆုပတ္ထနာ၊ ကိုယ်တော်နှင့်နီးစေပါ၊
ကိုယ်တော်နှင့်နီးစေပါ၊ ကျွန်ုပ်ဘုရား။

# ၁၉၂။ ယေရှုမြတ်နာမတော်ယူပါကျူး

| Key: A♭ | Take the Name of Jesus With You | SDAH. 474 | CH. 523 |
|---|---|---|---|

၁။ ယေရှုမြတ်နာမတော်ယူပါ၊ ဝမ်းနည်းစိတ်ပင်ပန်းသောသူ၊
သင့်အားဝမ်းမြောက်နှစ်သိမ့်စရာ၊ သွားလေရာရာပါဆောင်ယူ။
*ထပ်ဆိုရန်*
မြတ်နာမချိုသာလှ၊ မြေနှင့်ကောင်းကင်ရွှင်မြူးရာ၊
မြတ်နာမချိုသာလှ၊ မြေနှင့်ကောင်းကင်ရွှင်မြူးရာ။

၂။ ယေရှုနာမမြဲဆွဲယူပါ၊ ကွယ်ကာခြင်းဒိုင်းလွှားပမာ၊
သွေးဆောင်ခြင်းများဝိုင်းလာသောခါ၊ နာမတော်ဖြင့်ဆုတောင်းပါ။

၃။ အိုမြတ်လှရှင်ယေရှုနာမ၊ ငါတို့စိတ်ရွှင်လန်းစေသည်၊
မေတ္တာလက်တော်ပွေ့ပိုက်ထားရ၊ သီချင်းမြတ်ကိုကျူးအေးမည်။

၄။ ယေရှုနာမတော်ကိုကြားလျှင်၊ ခြေတော်ရင်းပျပ်ဝပ်ခညောင်း၊
ခရီးဆုံးဆိုက်ရောက်သောခါတွင်၊ ဘုရားရှင်ဘိသိက်သွန်းလောင်း။

# ၁၉၃။ ပြောင်းလဲခြင်းမရှိသောအိမ်တွင်ကျူး

| Key: C | Wait, and Murmur Not | SDAH. | CH. 616 |
|---|---|---|---|

၁။ ပြောင်းလဲခြင်းမရှိသောအိမ်တွင်၊
နာကျင်ဝမ်းနည်းစိုးရိမ်ခြင်းကင်း၊
အေးထွန်းလင်းမင်္ဂလာအိမ်တော်၊
မသွားလိုသောသူရှိမည်လော။
*ထပ်ဆိုရန်*
စောင့်နေ၊ သည်းခံမငြီးဘဲစောင့်နေ၊
စောင့်နေ၊ သည်းခံမငြီးဘဲစောင့်နေ၊
စောင့်နေ၊ စောင့်နေ၊ စောင့်နေသည်းခံစောင့်နေ။

၂။ ဝန်ထုပ်များဖိစီးခံသောခါ၊
ကိုယ်တော်ခွင့်ပြုချက်အားဖြင့်သာ၊
မင်္ဂလာရှိထိုအိမ်ရောက်ပေ၊
စောင့်နေသည်းခံမငြီးစောင့်နေ။

၃။ သင့်လမ်းတွင်ဆူးများတွေ့သောခါ၊
ဆူးများဝတ်ဆင်ကိုယ်တော်စဉ်းစား၊
သင့်စိတ်အားနည်းခြင်းတွေ့သောခါ၊
သန့်ရှင်းကိုယ်တော်ထံသို့ရောက်လာ။

၄။ နာကျင်သော်လည်းရှေ့သို့ချီမည်၊
ညည်းတွားဆုတောင်းသံမကြားပေ၊
နားနေ့သည်သင့်တွက်ရောက်လာမည်၊
စောင့်နေသည်းခံမငြီးစောင့်နေ။

# ၁၉၄။ ကျွန်ုပ်နာမည်ရေးထားပြီလားကျူး

| Key: A♭ | Is My Name Written There? | SDAH. | CH. 617 |
|---|---|---|---|

၁။ ကြွယ်ဝခြင်းကိုမှုမထား၊ ရွှေငွေမတောင့်တပါ၊
ကောင်းကင်ကိုအလျင်ရှာမည်၊ သိုးခြံထဲသို့ဝင်မည်၊
နိုင်ငံတော်သက်စာစောင်တွင်၊ ကျွန်ုပ်၏နာမည်ပင်၊
ရေးမှတ်ထားလျက်ရှိပြီလား၊ ယေရှုရှင်ပြောကြားပါ။
*ထပ်ဆိုရန်*
ကျွန်ုပ်၏နာမည်မှာ၊ နိုင်ငံသက်စာစောင်တွင်၊
ဖြူစင်လှစွာစာရွက်မှာ၊ ရေးသားလျက်ရှိပြီလား။

၂။ ကျွန်ုပ်အပြစ်များလှပါ၊ ပင်လယ်သဲလုံးပမာ၊
သို့သော်ကိုယ်တော်သွေးတော်သည်၊ ကျွန်ုပ်ဖို့လောက်ပေသည်၊
ကိုယ်တော်ရှင်မြွက်ပေးသနား၊ ကတိတော်လာသည်ကား၊
သင်၏အပြစ်နီသော်လည်း၊ မိုးပွင့်လိုဖြူစေမည်။

၃။ တင့်တယ်သန့်ရှင်းမြို့တော်မှာ၊ အိမ်တော်ထွန်းလင်းလှပ၊
သန့်ရှင်းဘုန်းကြီးသောသူများ၊ ဝတ်လုံဖြူစင်ဝတ်ကြ၊
ထိုတင့်တယ်သောအရပ်မှာ၊ အန္တရာယ်မရှိသော၊
ကောင်းကင်သားများစောင့်နေရာ၊ နာမည်ရေးထားပြီလား။

# ၁၉၅။ ယေရှုခြေရင်းထိုင်နေစဉ်ခါကျူး

| Key: F | Sitting at the Feet of Jesus | SDAH. | CH. 618 |
|---|---|---|---|

၁။ ယေရှုခြေရင်းထိုင်နေစဉ်ခါ၊ ဘယ်လိုစကားကြားသည်မှာ၊
ဝမ်းမြောက်ဖိုးထိုက်သောထိုနေရာ၊ နေ့စဉ်ကျွန်ုပ်တွေ့စေပါ၊
ယေရှုခြေရင်း၌ထိုင်စဉ်မှာ၊ ရှေးအကြောင်းကျွန်ုပ်ကြည့်သည်၊
မေတ္တာတော်သည်ကျေးဇူးပြုရှာ၊ စိတ်ကိုဆုံး၌အောင်သတည်း။

၂။ ယေရှုခြေရင်းထိုင်နေစဉ်ခါ၊ သေသောသူမင်္ဂလာရ၊
အပြစ်ဝမ်းနည်းခြေတော်ရင်းမှာ၊ ပန်းသောခါနားဖို့တွေ့ရ၊
ယေရှုခြေရင်း၌ထိုင်စဉ်တွင်၊ ထိုမှာငို၍ဆုတောင်းချင်၊
ကိုယ်တော်၌ရှိမေတ္တာတော်သည်၊ ကျေးဇူးသာယာစဉ်ရမည်။

၃။ အိုကျွန်ုပ်ကိုကောင်းချီးပေးပါ၊ ခြေရင်းတော်၌စောင့်နေစဉ်၊
မေတ္တာတော်နှင့်ငုံ့၍ကြည့်ပါ၊ ချိုသောမျက်နှာမြင်လှချင်၊
ယေရှုသဘောမျိုးပေးပါရှင်၊ သန့်ရှင်းနည်းတူပြပေးပါ၊
ကျွန်ုပ်ဖြောင့်မတ်ခြင်းကိုယ်တော်တွင်၊ ရှိကြောင်းကျွန်ုပ်သိစေပါ။

# ၁၉၆။ ကိုယ်တော်နားသို့ဆွဲယူပါကျူး

| Key: A | Closer to Thee, My Father, Draw Me | SDAH. | CH. 632 |
|---|---|---|---|

၁။ အဖကိုယ်တော်နားသို့ဆွဲယူပါ၊
ရင်ခွင်တော်ကိုတောင့်တ၊
လက်ရုံးတော်ဖြင့်သာ၍ပွေ့ပိုက်ပါ၊
နားရန်ရပ်ရောက်ချင်လှ။

*ထပ်ဆိုရန်*

မေတ္တာတော်ကြိုးဖြင့်ဆွဲယူ၊
ကိုယ်တော်ထံထက်ရပ်ဆွဲယူ၊
နီးစွာဆွဲပါ၊ ကိုယ်တော်ထံသို့ယူ။

၂။ ကယ်တင်ရှင်ကိုယ်တော်နားဆွဲယူပါ၊
ဘယ်ခါမျှမခွဲချင်၊
ရင်ခွင်၌လက်တော်ဖြင့်ဖက်ထားပါ၊
ခရီးဆုံးပြီးမှတ်ထင်။

၃။ ချိုသာဝိညာဉ်တော်ဖြင့်ဆွဲယူပါ၊
ကိုယ်တော်နှင့်တူသည်တိုင်၊
ရှင်စေချွတ်ပေးဆေားကြောစင်စေပါ၊
ကျွတ်လွတ်သန့်ရှင်းသည့်တိုင်။

# ၁၉၇။ ကျွန်ုပ်ထက်မြင့်လှသောကျောက်တော်သို့ကျူး

| Key: A♭ | O Sometimes the Shadows are Deep | SDAH. | CH. 633 |
|---|---|---|---|

၁။ တစ်ခါတစ်ရံမှောင်မိုက်မည်းလေ၊
ပန်းတုံးတိုင်လမ်းကြမ်းတမ်းလှသည်၊
ဝမ်းနည်းခြင်းလည်းမုန်တိုင်းသို့ပေ၊
ကျွန်ုပ်၏ဝိညာဉ်ကိုလွှမ်းသည်။
*ထပ်ဆိုရန်*
ထိုခါကျောက်တော်သို့ပြေးစေပါ၊
ကျွန်ုပ်ထက်မြင့်လှသောကျောက်တော်သို့၊
ထိုခါကျောက်တော်သို့ပြေးစေပါ၊
ကျွန်ုပ်ထက်မြင့်လှသောကျောက်တော်သို့။

၂။ တစ်ခါတစ်ရံနေ့တာရှည်ပေ၊
တစ်ခါတစ်ရံခြေလှမ်းလေးသည်၊
လောကအသက်လမ်းလျှောက်စဉ်ပင်၊
ကျောက်တော်အရိပ်သာယာလှသည်။

၃။ ကျောက်တော်နားမှာနေပါရစေ၊
ကောင်းစားဒုက္ခရောက်သည်ဖြစ်စေ၊
တောင်စောက်လမ်းကိုတက်သည်ဖြစ်စေ၊
မှောင်ချိုင့်ဝှမ်းတွင်လျှောက်သည်ဖြစ်စေ။

# ၁၉၈။ နောင်ကာလ၌နားလည်လိမ့်မည်ကျူး

| Key: F | Farther Along | SDAH. | SMS 64 |
|---|---|---|---|

၁။ စုံစမ်းခြင်းဒုက္ခ၊ စဉ်ဆင်းရဲခံရ၊
ဘာကြောင့်ဖြစ်သနည်း၊ အံ့မဆုံးပေ၊
ပတ်ဝန်းကျင်လူတွေ၊ ပြစ်ကျူးလွန်သော်လည်း၊
တစ်ခါမျှဒုက္ခ၊ မရောက်ဖူးလေ။

*ထပ်ဆိုရန်*

နောက်နောင်ကာလ၌၊ ငါတို့သိလိမ့်မည်၊
နောက်နောင်ကာလ၌၊ နားလည်လိမ့်မည်၊
ညီကိုနှစ်သိမ့်လေ၊ ပျော်အောင်သာနေလေ၊
နောက်နောင်ကာလ၌၊ နားလည်လိမ့်မည်။

၂။ ငါတို့ချစ်သူအား၊ သေမင်းခေါ်ဆောင်ရာ၊
ကျန်ရစ်အိမ်ထောင်မှာ၊ ကြေကွဲရရှာ၊
ဆိုးသွမ်းသောသူကား၊ နှစ်စဉ်နှင့်အမျှ၊
ကြီးပွားချမ်းသာကြ၊ အံ့သြစရာ။

၃။ သေသည့်တိုင်သစ္စာ၊ စောင့်လော့သခင်မှာ၊
ချိန်မရောက်သေးပေ၊ သည်းခံစောင့်နေ၊
ကောင်းကင်တံခါးတော်၊ ငါတို့ဝင်လေသော်၊
ပင်ပန်းခဲ့သမျှ၊ မေ့ပျောက်လိမ့်မည်။

၄။ ဘုန်းတော်ဖြင့်ကြွလာ၊ ယေရှုကိုမြင်သော်၊
ကောင်းကင်အိမ်တော်မှ၊ ကြွလာလေသော်၊
တောက်ပအိမ်တော်မှာ၊ ကိုယ်တော်ဖူးတွေ့မည်၊
ထိုနောင်ကာလမှာ၊ နားလည်လိမ့်မည်။

# ၁၉၉။ ဆုတောင်းငြိမ်ချိန်ကျူး

| Key: C | Sweet Hour of Prayer | SDAH.478 | CH.316 |
|---|---|---|---|

၁။ ဆုတောင်းငြိမ်ချိန်၊ ဆုတောင်းငြိမ်ချိန်၊
သောကများနှင့်ကင်းရန်အချိန်၊
ပလ္လင်တော်ရင်း၌ဒူးထောက်မည်၊
အလိုကိုကျွန်ုပ်ပြောနိုင်သည်၊
ပူပန်ခြင်းဝမ်းနည်းခြင်းတွေ့သော်၊
သွေးဆောင်ခြင်းကိုခံသောအခါ၊
ဆုတောင်းငြိမ်ချိန်ရောက်ပြန်လေသော်၊
အောင်မြင်ခြင်းဝမ်းမြောက်ခြင်းတွေ့လာ။

၂။ ဆုတောင်းငြိမ်ချိန်၊ ဆုတောင်းငြိမ်ချိန်၊
တောင်းသောသူအားကောင်းချီးပေးချိန်၊
သစ္စာကိုစောင့်သောဘုရားအား၊
ကျွန်ုပ်လျှောက်သံပို့ဆောင်သနား၊
ကိုယ်တော်မျက်နှာကျွန်ုပ်ဖူးရန်၊
ကျေးဇူးတော်နှင့်နှုတ်တော်ယုံရန်၊
စိုးရိမ်ခြင်းကိုယ်တော်အားအပ်သည်၊
ဆုတောင်းချိန်ကိုကျွန်ုပ်စောင့်မည်။

၃။ ဆုတောင်းငြိမ်ချိန်၊ ဆုတောင်းငြိမ်ချိန်၊
ကျွန်ုပ်နှလုံးနှစ်သိမ့်စေစိမ့်၊
အိမ်တော်ကို ပိသကတောင်မှာ၊
ကျွန်ုပ်မြင်၍ သွားသောအခါ၊
ထာဝရသက်နှင့်ထမြောက်သည်၊
မြဲသောဆုကိုကိုင်ဆွဲလိမ့်မည်၊
ဆုတောင်းငြိမ်ချိန်လွန်ပြီလွန်ပြီ၊
ကောင်းကင်၌ဖြတ်လျက်ကြွေးကြော်မည်။

# ၂၁၀။ နာရီတိုင်းလိုပါသည်ကျူး

| Key: A♭ | I Need Thee Every Hour | SDAH.483 | CH.258 |
|---|---|---|---|

၁။ ကျေးဇူးတော်ရှင်ကြီးကို၊ ကျွန်ုပ်စဉ်လို၊
ဖြည်းညင်းသံတော်ကဲ့သို့၊ ငြိမ်းအေးရှိဖို့။
*ထပ်ဆိုရန်*
ကိုယ်တော်၊ အို- ကိုယ်တော်ကိုသာ၊
နာရီတိုင်းလိုပါသည်၊
အိုခုကောင်းချီးပေးမြတ်စွာ၊
ကျွန်ုပ်လာမည်။

၂။ ကိုယ်တော်ကိုစဉ်လိုပါ၊ အနီးနေပါ၊
အပါးတွင်ရှိမူလျှင်၊ စုံစမ်းကင်းစင်။

၃။ ကိုယ်တော်ကိုစဉ်လိုပါ၊ မွေကြာလာလျှင်၊
သုခဒုက္ခရှိမှာ၊ ရှုံးမည်သက်ပင်။

၄။ ကိုယ်တော်ကိုစဉ်လိုပါ၊ ကိုယ်တော်သင်ပေး၊
ကြွယ်ဝကတိတော်များ၊ ပြည့်စုံစေလေ။

# ၂၀၁။ ကျွန်ုပ်ယေရှုကိုပြောရကျူး

| Key: D | I Must Tell Jesus | SDAH. 485 | CH. |
| --- | --- | --- | --- |

၁။ ကျွန်ုပ်စုံစမ်းခြင်းယေရှုကိုပြောမည်၊
ဝန်မထမ်းနိုင်ကျွန်ုပ်တစ်ယောက်တည်း၊
ကျွန်ုပ်ဒုက္ခဦကိုယ်တော်မစမည်၊
ကိုယ်တော်ပိုင်သူကိုချစ်၍ကြည့်သည်။
*ထပ်ဆိုရန်*
ယေရှုကိုပြောရ၊ ယေရှုကိုပြောရ၊
ကျွန်ုပ်တစ်ယောက်တည်း၊ ဝန်မထမ်းနိုင်၊
ယေရှုကိုပြောရ၊ ယေရှုကိုပြောရ၊
ယေရှုတစ်ယောက်တည်းမစနိုင်သည်။

၂။ ကျွန်ုပ်ဒုက္ခများယေရှုကိုပြောမည်၊
ကိုယ်တော်ကြင်နာသောမိတ်ဆွေဖြစ်သည်၊
ကျွန်ုပ်တောင်းပန်လျှင်ကိုယ်တော်ရွေးနတ်ကာ၊
ကျွန်ုပ်ဒုက္ခများပျောက်ကင်းစေမှာ။

၃။ အပြစ်သို့လောကကျွန်ုပ်ကိုညှို့သည်၊
ကျွန်ုပ်လည်းစုံစမ်းခြင်းခံရသည်၊
လောကအောင်ဖို့ယေရှုကိုပြောရမည်၊
ယေရှုကျွန်ုပ်ကိုကယ်တင်မှုမည်။

# ၂၀၂။ ချစ်သနားယေရှုဘုရားကျူး

| Key: E♭ | Jesus, Lover of My Soul | SDAH.489 | CH. 401 |
|---|---|---|---|

၁။ ချစ်သနားယေရှုဘုရား၊ ကိုယ်တော်၌မှီခိုပါစေ၊
ပြင်းစွာသောမုန်တိုင်းကျလာ၊ လှိုင်းတံပိုးကအားကြီးလေ၊
ဤဘဝမုန်တိုင်းလွန်အောင်၊ လက်တော်ဖြင့်ကွယ်ကာအုပ်ထား၊
ကောင်းကင်ဆိပ်တော်တွင်းတိုင်အောင်၊ ဘေးမဲ့ပို့ဆောင်ဆိုက်စေပါ။

၂။ ကိုးကွယ်ခိုရာခြားမမြင်၊ ကိုယ်တော်၌သာမှီတွယ်ရာ၊
စွန့်ပယ်အိုမစွန့်ပယ်နှင့်၊ ထောက်မအားပေးတော်မူပါ၊
ကိုယ်တော်ကိုကိုးစားသဖြင့်၊ ကိုယ်တော်ကိုမြော်လင့်နေရာ၊
ကိုယ်တော်၏အတောင်တော်ဖြင့်၊ ကျွန်ုပ်ခေါင်းကိုဖုံးအုပ်ပါ။

၃။ ကျွန်ုပ်၌လိုလေသမျှ၊ ကိုယ်တော်၌ကြွယ်ဝစွာရှိ၊
လဲသူချီနွမ်းသူထောက်မ၊ နာသူကန်းသူချမ်းသာ၏၊
ကိုယ်တော်ဖြောင့်မတ်သန့်ရှင်းသည်၊ ကျွန်ုပ်မှာအပြစ်များသာ၊
ကျေးဇူးဂုဏ်တော်စုံလင်၏၊ ကျွန်ုပ်သာရွံရှာဖွယ်ရာ။

၄။ ကြွယ်ဝသောကျေးဇူးတော်ဖြင့်၊ များစွာသောအပြစ်ဖြေရာ၊
မေတ္တာတော်ရေများစွာနှင့်၊ ဆေးကြောစင်ကြယ်စေမူပါ၊
ကိုယ်တော်သာအသက်သခင်၊ ကိုယ်တော်အသက်ရေတိုက်ကျွေး၊
ကျွန်ုပ်စိတ်အတွင်း၌ပင်၊ ထာဝရစမ်းရေပေါက်စေ။

# ၂၀၃။ ငြိမ်သက်နားရာတစ်ခုရှိပါကျူး

| Key: D♭ | Near to the Heart of God | SDAH.495 | CH.681 |
|---|---|---|---|

၁။ ငြိမ်သက်နားရာတစ်ခုရှိပါ၊
ကိုယ်တော်နှလုံးနားမှာ၊
အပြစ်မနှောင့်ယှက်သောနေရာ၊
ကိုယ်တော်နှလုံးနားမှာ။

*ထပ်ဆိုရန်*

အိုယေရှုကယ်ချွတ်ရှင်မှာ၊
ဘုရားနှလုံးမှလာ၊
ကျွန်ုပ်တို့အားပိုင်မူပါ၊
ကိုယ်တော်နှလုံးနားမှာ။

၂။ နှစ်သိမ့်နေရာတစ်ခုရှိပါ၊
ကိုယ်တော်နှလုံးနားမှာ၊
ကယ်ချွတ်ရှင်နှင့်တွေ့သောနေရာ၊
ကိုယ်တော်နှလုံးနားမှာ။

၃။ လွတ်ငြိမ်းနေရာတစ်ခုရှိပါ၊
ကိုယ်တော်နှလုံးနားမှာ၊
ဝမ်းမြောက်ငြိမ်သက်ခြင်းရှိနေရာ၊
ကိုယ်တော်နှလုံးနားမှာ။

# ၂၀၄။ မိတ်ဆွေယေရှုရှိကျူး

| Key: F | What a Friend We Have in Jesus | SDAH.499 | CH.320 |
|---|---|---|---|

၁။ ကျွန်ုပ်ပြစ်နှင့်ဝမ်းနည်းခြင်းများ၊ ခံရန်မိတ်ဆွေယေရှုရှိ၊
ဆုတောင်းခြင်းဖြင့်ထံတော်ဝပ်တွား၊ ခွင့်သည်အံ့ဖွယ်ဖြစ်ပါဘိ၊
ငြိမ်သက်ခြင်းကိုကြိမ်ဖန်စွန့်ပစ်၊ မခံသင့်ဝန်ထမ်းခဲ့ပြီ၊
ကိုယ်တော်ထံတွင်ဆုတောင်းခြင်းဖြင့်၊
မယူဆောင်ခြင်းကြောင့်ဖြစ်သည်။

၂။ ကျွန်ုပ်တို့စုံစမ်းနှောင့်ယှက်ရာ၊ ဆင်းရဲဒုက္ခရှိသလား၊
ဘယ်ခါမျှစိတ်မပျက်စေရာ၊ ဆုတောင်းလျက်ထံတော်ချဉ်းပါ၊
ဝမ်းနည်းခြင်းမျိုးခံမိတ်ဆွေများ၊ သစ္စာရှိသူတွေ့မည်လား၊
အားနည်းခြင်းများယေရှုသိပေ၊
ဆုတောင်းလျက်ထံတော်ချဉ်းလေ။

၃။ ဝန်ထုပ်လေး၍ပင်ပန်းလှစွာ၊ အားနည်းလျက်ရှိကြသလား၊
ကယ်တင်ရှင်အားထားမှီခိုရာ၊ ဆုတောင်းလျက်ထံတော်ချဉ်းပါ၊
မိတ်ဆွေများရွံရှာစွန့်ပစ်လျှင်၊ ဆုတောင်းလျက်ထံတော်ချဉ်းပါ၊
လက်တော်ဖြင့်ကွယ်ကာစောင့်မစည်၊
ထိုမှနှစ်သိမ့်ရာကိုရှာ။

# ၂၀၅။ သန့်ရှင်းဖို့ချိန်ခန့်ထားကျူး

| Key: F | Take Time to Be Holy | SDAH.500 | CH.603 |
|---|---|---|---|

၁။ သန့်ရှင်းဖို့ချိန်ခန့်ထား၊ ကိုယ်တော်နှင့်တိုင်ပင်၊
ကိုယ်တော်၌မှီခိုပါ၊ နှုတ်ကပတ်တော်သင်၊
တပည့်တော်နှင့်ပေါင်းသင်း၊ အားနည်းသူမပါ၊
မှုအမျိုးမျိုးတို့တွင်၊ ကောင်းချီးကိုရှာပါ။

၂။ သန့်ရှင်းဖို့ချိန်ခန့်ထား၊ မြန်စွာချိန်လွန်သွား၊
ကိုယ်တော်နှင့်တိတ်ဆိတ်စွာ၊ ချိန်များကုန်စေပါ၊
ယေရှုရှင်ကိုကြည့်လျှင်၊ ကိုယ်တော်နှင့်တူလာ၊
သင်ပြုလေရာမှာပင်၊ ကိုယ်တော်ကိုမြင်ရာ။

၃။ သန့်ရှင်းဖို့ချိန်ခန့်ထား၊ လမ်းပြစေမူပါ၊
ဖြစ်သမျှအမှုမှာ၊ ကိုယ်တော်မလွန်သွား၊
ဝမ်းနည်းဝမ်းမြောက်ခြင်းမှာ၊ နောက်တော်သို့လိုက်ပါ၊
ယေရှုရှင်ကိုကြည့်ပါ၊ မိန့်တော်မြတ်ယုံပါ။

၄။ သန့်ရှင်းဖို့ချိန်ခန့်ထား၊ ဝိညာဉ်ငြိမ်စေပါ၊
ကြံစည်ရာများတို့ကား၊ အလိုတော်တိုင်းသာ၊
မေတ္တာတော်စမ်းရေသို့၊ ဝိညာဉ်တော်ဆောင်သွား၊
ထက်ဘုံမှာမှုဆောင်ဖို့၊ တော်သင့်မည်မကြာ။

# ၂၀၆။ ကောင်းချီးဆုတောင်းချိန်ကျူး

| Key: D♭ | Tis The Blessed Hour of Prayer | SDAH.501 | CH.324 |
|---|---|---|---|

၁။ အိုကောင်းချီးဆုတောင်းအချိန်ကျွန်ုပ်တို့စိတ်နှိမ့်ချ၊
မိတ်ဆွေကယ်တင်ရှင်ယေရှုထံသို့စည်းဝေးကြ၊
ကျွန်ုပ်တို့ကိုယ်တော်ယုံကြည်အားကိုးလျက်လာကြလျှင်၊
မောပန်းသူတို့အားပေးရန်၊ ဘယ်လောက်သာယာပျော်ရွှင်။
*ထပ်ဆိုရန်* -
ကောင်းချီးဆုတောင်းချိန်၊ ကောင်းချီးဆုတောင်းချိန်၊
မောပန်းသူတို့အားပေးရန်၊ ဘယ်လောက်သာယာပျော်ရွှင်။

၂။ အိုကောင်းချီးဆုတောင်းအချိန်ကယ်တင်ရှင်ချဉ်းကပ်ပါ၊
ချစ်သားတို့ကိုကြင်နာစွာနားထောင်တော်မူရာ၊
ခြေတော်ရင်းဝန်များချနိုင်ကိုယ်တော်မိန့်တော်မူထား၊
မောပန်းသူတို့အားပေးရန်၊ ဘယ်လောက်သာယာပျော်ရွှင်။

၃။ အိုကောင်းချီးဆုတောင်းအချိန်စုံစမ်းခြင်းကိုခံရ၊
သနားသောကယ်တင်ရှင်အားဝမ်းနည်းခြင်းဖော်ပြ၊
ကိုယ်တော်သည်ပူပန်ခြင်းများကြင်နာခြင်းနှင့်ပယ်ရှား၊
မောပန်းသူတို့အားပေးရန်၊ ဘယ်လောက်သာယာပျော်ရွှင်။

၄။ အိုကောင်းချီးဆုတောင်းအချိန်လိုသောမင်္ဂလာများ၊
အမှန်ရမည်ဟုကိုယ်တော်ကိုယုံကြည်ကိုးစား၊
ထိုသို့အားဖြင့်စိုးရိမ်ခြင်းအပေါင်းတို့ကွယ်ပျောက်သွား၊
မောပန်းသူတို့အားပေးရန်၊ ဘယ်လောက်သာယာပျော်ရွှင်။

# ၂၀၇။ ကိုယ်တော်ကျွန်ုပ်လိုပါကျူး

| Key:G | Blessed Lord, How Much I Need Thee! | SDAH. | CH.578 |
|---|---|---|---|

၁။ အိုရှင်ကိုယ်တော်ကျွန်ုပ်လိုပါ၊
ကန်းဆင်းရဲအားနည်းပြစ်ရှိ၊
တုန်လှုပ်လက်ကိုဆွဲ၍ဆောင်ပါ၊
အား၊ မြင်ခြင်း၊ ရှင်၌တွေ့ရှိ။
*ထပ်ဆိုရန်*
နာရီတိုင်း၊ နာရီတိုင်း၊
ကိုယ်တော်ကျွန်ုပ်လွန်စွာလိုပါ၊
နာရီတိုင်း၊ နာရီတိုင်း၊
အိုရှင်နာရီတိုင်းကယ်ပါ။

၂။ ပြစ်စွန်းသောကျွန်ုပ်ဝတ်လုံကို၊
နှိမ့်ချဝတ်လုံတော်နှင့်ဖုံး၊
အားနည်းခြင်းရှိကြောင်းသင်ကြားလို၊
ထိုနောက်ခွန်အားတော်တောင်းသုံး။

၃။ ကိုယ်တော်ဆောင်လျှင်လုံခြုံကြဖို့၊
ကိုယ်ကိုအားထားပြန်လဲကျ၊
ဘေးရှိ၍လမ်းကြမ်းလျှောက်သူတို့၊
အလင်းအသက်ကိုယ်တော်မှ။

# ၂၀၈။ ယေရှုနှင့်ဘယ်ရပ်မဆိုကျူး

| Key: D | Anywhere With Jesus | SDAH.508 | CH.589 |
|---|---|---|---|

၁။ ယေရှုနှင့်ဘယ်ရပ်မဆိုကျွန်ုပ်လိုက်မည်၊
ဤလောကတွင်လမ်းပြမှုရာလိုက်ပါမည်၊
ကိုယ်တော်မပါလျှင်ဝမ်းမြောက်ခြင်းများကင်းရှင်း၊
ယေရှုပါလျှင်ဘယ်ရပ်မဆိုကြောက်ခြင်းကင်း။

*ထပ်ဆိုရန်*

ဘယ်မဆို၊ ဘယ်မဆို၊ ကြောက်ဖွယ်ရာမရှိ၊
ယေရှုနှင့်ဘယ်ရပ်မဆိုကျွန်ုပ်လိုက်၏။

၂။ ယေရှုပါရာရပ်တွင်ကိုယ်တည်းမဟုတ်ပါ၊
ခြားမိတ်ဆွေစွန့်ပစ်သော်လည်းကိုယ်တော်ရှိရာ၊
မောပန်းလမ်းသို့ကိုယ်တော်ပို့ဆောင်ငြားသော်လည်း၊
ယေရှုနှင့်ဘယ်ရပ်မဆိုချီးမွမ်းအိမ်တည်း။

၃။ ယေရှုပါရာရပ်၌ကျွန်ုပ်အိပ်ဝံ့သည်၊
မှောင်မည်းအရိပ်ဝိုင်းဝန်းလွှမ်းမိုးငြားသော်လည်း၊
ချမ်းသာခြင်းနှင့်နိုးမည်ကိုသိသောကြောင့်သာ၊
ကိုယ်တော်မြတ်နှင့်ဘယ်မှာမဆိုအိမ်သာယာ။

# ၂၀၉။ ဘယ်သူကိုယုံကြည်၍ငါသိ၏ကျူး

| Key: D | I Know Whom I Have Believeth | SDAH.511 | CH. |
|---|---|---|---|

၁။ ကိုယ်တော်အံ့ဖွယ်ကရုဏာတော်၊
ကျွန်ုပ်ထံရောက်လာသည်၊
မထိုက်တန်ခရစ်တော်မေတ္တာ၊
ကျွန်ုပ်ကိုရွေးနုတ်သည်။

*ထပ်ဆိုရန်*

ဘယ်သူကိုယုံကြည်၍ငါသိ၏၊
သူ၌ငါအပ်ထားသောအရာကိုလည်း၊
ထိုနေ့ရက်တိုင်စောင့်နိုင်ကြောင်းကို၊
ငါသည်စိတ်ချယုံကြည်သည်။

၂။ ကယ်တင်သောဆုကျေးဇူးတော်ကို၊
ငါ့အားပေးခဲ့သည်၊
နှုတ်ကပတ်တော်ကိုယုံခြင်းသည်၊
ငြိမ်သက်ခြင်းစိတ်ပေးသည်။

၃။ ကိုယ်တော်လာမည့်အချိန်မသိ၊
ညဥ့်ချိန်၊ မွန်းတည့်ဖြစ်မည်၊
ချိုင့်တွင်ကိုယ်တော်နှင့်တူလျှောက်သော်၊
သို့လျှင်ထက်၌ဆုံမည်။

# ၂၁၀။ ကိုယ်တော်ကိုလိုချိန်ကျူး

| Key: D♭ | Just When I Need Him | SDAH.512 | CH.590 |
|---|---|---|---|

၁။ ယေရှုကိုလိုချိန်၊ ကိုယ်တော်နီးရှိ၊
ကြောက်ရွံ့တုန်လှုပ်လျက်မှောက်မှားသော်လည်း၊
ကူညီအားပေးရန်၊ ကိုယ်တော်သင့်ရှိ၊
လိုအပ်ဆုံးချိန်ကူမည်။

*ထပ်ဆိုရန်*

လိုအပ်ဆုံးအချိန်တွင်၊
လိုအပ်ဆုံးအချိန်တွင်၊
နှစ်သိမ့်အားပေးယေရှုနီးမှာပင်၊
ကူမည်လိုဆုံးချိန်တွင်။

၂။ ယေရှုသခင်သစ္စာရှင်မြဲတည်၊
ခရီးတစ်လျှောက်လုံးမစွန့်ပယ်ပြီ၊
ဝန်ထုပ်များအစား၊ အားသစ်လောင်းမည်၊ လို
အပ်ဆုံးချိန်ကူမည်။

၃။ ယေရှုကိုယ်တော်ကြံ့ခိုင်တော်မူပေ၊
တစ်နေ့လုံးကျွန်ုပ်ဝန်ထုပ်ထမ်းသည်၊
ဝမ်းနည်းခြင်းများတွက်၊ သီချင်းကိုပေး၊
လိုအပ်ဆုံးချိန်ကူမည်။

၄။ ယေရှုကိုယ်တော်ကျွန်ုပ်အားထားရာ၊
ကျွန်ုပ်ခေါ် သံကိုနားညောင်းမူမည်၊
ခြေများမချော်ရန်၊ ကြည့်တော်မူမှာ၊
လိုအပ်ဆုံးချိန်ကူမည်။

# ၂၁၁။ ဘုရားကျွန်ုပ်အလင်းကျူး

| Key: G | The Lord Is My Light | SDAH.515 | CH.577 |
|---|---|---|---|

၁။ ဘုရားငါ့အလင်း၊ ဘယ်ကြောင့်ကြောက်အံ့နည်း၊
နေ့ညဥ့်အစဉ်ကိုယ်တော်မျက်မှောက်အနီး၊
အပြစ်ဒုက္ခမှကျွန်ုပ်ကိုကယ်မူသည်၊
ဝိညာဉ်တော်သည်ထိုကောင်းချီးသဘောသွင်းသည်။
*ထပ်ဆိုရန်* -
(ဘုရားငါ့အလင်း၊ ဝမ်းမြောက်ရာသီချင်း၊
နေ့ညဥ့်စဉ်မပြတ်ငါ့ကိုမြဲဆောင်ကြဦး၊)၂

၂။ ဘုရားငါ့အလင်း၊ မိုးတိမ်တက်သော်လည်း၊
ယုံကြည်အားကြီးခြင်းဖြင့်ထက်ရပ်မျှော်ကြည့်၊
ထိုဘုန်းကြီးရပ်တွင်ယေရှုအစဉ်စိုးစံ၊
ထိုကြောင့်ကျွန်ုပ်မှောင်မိုက်နှင့်အစဉ်ကင်းမှန်။

၃။ ဘုရားငါ့အလင်း၊ ကျွန်ုပ်အားဗလ၊
တန်ခိုးတော်အားဖြင့်ကျွန်ုပ်မှန်အောင်ရ၊
ကျွန်ုပ်အားနည်းခြင်းကိုခွန်အားနှင့်ဖုံးအံ့၊
နာရီတိုင်းကျွန်ုပ်ကိုစောင့်တော်မူလတ္တံ့။

၄။ ဘုရားငါ့အလင်း၊ ကျွန်ုပ်ပြည့်စုံခြင်း၊
အထံတော်မြတ်တွင်မှောင်မိုက်အစဉ်ကင်း၊
ကျွန်ုပ်ရွေးနတ်ဘုရင်ကယ်တင်ရှင်ဖြစ်သည်၊
သန့်ရှင်းတမန်နှင့်ကိုယ်တော်ကိုချီးမွမ်းမည်။

# ၂၁၂။ ကယ်တင်ရှင်ငါ့ကိုလမ်းပြသည်ကျူး

| Key: G | All The Way | SDAH.516 | CH.259 |
|---|---|---|---|

၁။ ကယ်တင်ရှင်ငါ့ကိုလမ်းပြသည်၊ ဘယ်တောင့်တရန်ရှိသနည်း၊
ငါ့ကိုလမ်းပြတော်မူရှင်အား၊ ယုံမှားခြင်းရှိရမည်လား၊
ဤဘဝအသက်ရှင်သည်တွင်၊ စုံစမ်းခြင်းမျိုးမျိုးတို့ပင်၊
ဖိစီးနှိပ်စက်လာသောအခါ၊ ကိုယ်တော်စီရင်တိုင်းဖြစ်ပါ၊
ဖိစီးနှိပ်စက်လာသောအခါ၊ ကိုယ်တော်စီရင်တိုင်းဖြစ်ပါ။

၂။ ကယ်တင်ရှင်ငါ့ကိုလမ်းပြသည်၊ ထောက်မအားပေးလျက်နှင့်ပင်၊
စုံစမ်းခြင်းကိုခံနိုင်ဖို့ရာ၊ ကျွေးတော်မူအသက်မုန့်မှာ၊
ခွန်အားပြည့်လျက်မောပန်းခြင်းကင်း၊
သောက်လျက်နေသက်စမ်းရေတွင်း၊
ပလ္လင်တော်ရှေ့မှထွက်စီးလေ၊ ဝမ်းမြောက်ခြင်းစမ်းရေမြင်ပေ၊
ပလ္လင်တော်ရှေ့မှထွက်စီးလေ၊ ဝမ်းမြောက်ခြင်းစမ်းရေမြင်ပေ။

၃။ ကယ်တင်ရှင်ငါ့ကိုလမ်းပြသည်၊ ကိုယ်တော်ချစ်ခြင်းအံ့ဖွယ်တည်း၊
ထက်အဖအိမ်တော်တွင်ငြိမ်းစွာ၊ နေစိမ့်ဂှာကတိတော်ထား၊
ထာဝရရှင်ခြင်းသို့နိုးလျက်၊ ထွန်းတောက်ကောင်းကင်သို့ပျံတက်၊
ထိုအခါစဉ်သီချင်းဆိုမည်၊ ယေရှုငါ့ကိုလမ်းပြပြီ၊
ထိုအခါစဉ်သီချင်းဆိုမည်၊ ယေရှုငါ့ကိုလမ်းပြပြီ။

# ၂၁၃။ ကျွန်ုပ်ခိုလှုံအရှင်ကျူး

| Key: D | My Faith Looks Up to Thee | SDAH.517 | CH.246 |
|---|---|---|---|

၁။ ကျွန်ုပ်ခိုလှုံအရှင်၊ ကယ်တင်ပိုင်သောသခင်၊
သနားတော်မူ၊ ကျွန်ုပ်၏ပတ္တနာ၊ အသံနားညောင်းမူပါ၊
အပြစ်လွှတ်အံ့သောငှာ၊
ကယ်ချွတ်တော်မူ။

၂။ ကျွန်ုပ်အားနည်းစိတ်အား၊ မေတ္တာကြွယ်ဝသနား၊
ဝိညာဉ်တိုးပွား၊ ကိုယ်တော်သေခံသည့်တွက်၊
ကျွန်ုပ်မေတ္တာဆက်ကပ်၊ သန့်ရှင်းပြောင်းလဲကင်းကွာ၊
မီးသို့တောက်ရာ။

၃။ ဤလူ့ဘုံတွင်နေစဉ်၊ ဆင်းရဲတွေ့ကြုံရလျှင်၊
ကယ်မတော်မူ၊ မှောင်မိုက်ခြင်းလင်းစေပါ၊
ပူပန်ခြင်းကင်းစေပါ၊ ကိုယ်တော်နှင့်လျှင်းမကွာ၊
စောင့်ထိန်းတော်မူ။

# ၂၁၄။ ကတိတော်၌တည်မြဲနေကျူး

| Key: A♭ | Standing on the Promises of Christ | SDAH.518 | CH.219 |
|---|---|---|---|

၁။ ဘုရင်ခရစ်တော်ကတိတော်၌တည်နေ၊
အနန္တကာလဂုဏ်တော်ချီးမွမ်းကြစေ၊
ကောင်းကင်ဘဝင်ဘုန်းကြီးစေဟုဖွဲ့ကြေးကြော်လေ၊
ဘုရားကတိတော်၌တည်မြဲနေ။
*ထပ်ဆိုရန်*
တည်လျက်၊ မြဲနေ၊
မြတ်ဘုရားကတိတော်၌တည်မြဲလျက်နေသည်၊
တည်လျက်၊ မြဲနေ၊
ဘုရားကတိတော်၌တည်မြဲနေသည်။

၂။ မပျက်နိုင်သောကတိတော်များ၌တည်နေ၊
ယုံမှားကြောက်ရွံ့မုန်တိုင်းပြင်းထန်ပုတ်ခတ်ကာ၊
အသက်ရှင်သောကျမ်းစာမြတ်ဖြင့်အောင်မြင်ရာ၊
ဘုရားကတိတော်၌တည်မြဲနေ။

၃။ ခရစ်တော်ကတိမြတ်၌ကျွန်ုပ်တည်သည်၊
မေတ္တာကြိုးဖြင့်ထာဝရချည်နှောင်လေပြီ၊
ဝိညာဉ်တော်ဓားဖြင့်နေ့စဉ်အောင်လျက်နေသည်၊
ဘုရားကတိတော်၌တည်မြဲနေ။

# ၂၁၅။ ယေရှုကျွန်ုပ်အံ့ဖွယ်ကယ်ချွတ်ရှင်ဖြစ်ပေကျူး

| Key: C | He Hideth My Soul | SDAH.520 | CH.651 |
|---|---|---|---|

၁။ ယေရှုကျွန်ုပ်အံ့ဖွယ်ကယ်ချွတ်ရှင်ဖြစ်ပေ၊
ကျွန်ုပ်အံ့ဖွယ်ကယ်ရှင်ဖြစ်ပေ၊
ကျောက်ဆောင်ကျွန်ုပ်ဝိညာဉ်ကိုဝှက်ထားမူလေ၊
ထိုမှာဝမ်းမြောက်မြစ်များမြင်ပေ။

*ထပ်ဆိုရန်* -

ကျောက်ဆောင်တွင်ကျွန်ုပ်ဝိညာဉ်သို့ဝှက်ထားလေ၊
ခြောက်သွေ့မြေကာကွယ်ကျောက်ဆောင်ပေ၊
ကိုယ်တော်မေတ္တာ၌ကျွန်ုပ်သက်ဝှက်ထား၏၊
(လက်တော်ဖြင့်ကျုပ်ကိုကာကွယ်၏၊)၂

၂။ ယေရှုကျွန်ုပ်အံ့ဖွယ်ကယ်ချွတ်ရှင်ဖြစ်ပေ၊
ကျွန်ုပ်ဝန်ထုပ်ပယ်ရှားပစ်လေ၊
ကျွန်ုပ်ကိုမချီသဖြင့်မရွေ့လျော့ပေ၊
ကျွန်ုပ်ကိုခွန်အားနှင့်ပြည့်စေ။

၃။ မရေတွက်နိုင်သောကောင်းချီးများသွန်းလောင်းပေ၊
ကိုယ်တော်ပြည့်စုံခြင်းဖြင့်ပြည့်ချေ၊
ကျွန်ုပ်ဝမ်းမြောက်၍ဘုန်းတော်ကိုချီးမွမ်းမှာ၊
ကျွန်ုပ်ကယ်ရှင်မြတ်တွက်ဖြစ်ပါ။

၄။ ရောင်ခြည်ဆင်မြန်းကျွန်ုပ်ဝမ်းမြောက်စွာရပ်မှာ၊
မိုးတိမ်တွင်ကိုယ်တော်ဖူးတွေ့မှာ၊
ပြည့်စုံသောကယ်တင်ခြင်းနှင့်အံ့ဖွယ်မေတ္တာ၊
သန့်ရှင်းသူတို့နှင့် ကြွေးကြော်မှာ။

# ၂၁၆။ ကျွန်ုပ်မြော်လင့်ခြင်းမြစ်တည်ရာကျူး

| Key: F | My Hope Is Built on Nothing Less | SDAH.522 | CH.581 |
|---|---|---|---|

၁။ ကျွန်ုပ်မြော်လင့်ခြင်းမြစ်တည်ရာ၊
ယေရှုရှင်အသွေးတော်မြတ်သာ၊
ကျင့်ဝတ်များကိုမမှီဝံ့ပါ၊
နာမတော်ကိုသာမှီခိုရာ။

*ထပ်ဆိုရန် -*

ကျောက်မြဲယေရှုကျွန်ုပ်ခိုလှုံ၊
အခြားတည်ရာရှိရှိသဲနန်း၊
အခြားတည်ရာရှိရှိသဲနန်း။

၂။ ရွှေမျက်နှာတော်အလင်းကွယ်လျှင်၊
တည်မြဲကရုဏာတော်ခိုဝင်၊
လေပြင်းကျ၍လှိုင်းထလျှင်လည်း၊
ကန့်လန့်ကာထဲကျောက်စွဲနေမည်။

၃။ ရေလွှမ်းအားကြီးပတ်လည်ပြီသော်၊
ကတိပဋိညာဉ်နှင့်သွေးတော်၊
ကျွန်ုပ်ထောက်မကိုယ်တော်သာလျှင်၊
ကျွန်ုပ်မြော်လင့်မှီဝဲရာပင်။

၄။ တံပိုးမှုတ်သံနှင့်ကြွမူလျှင်၊
ပလ္လင်တော်ရှေ့အပြစ်ကင်းစင်၊
ကိုယ်တော်၏ဖြောင့်မတ်ခြင်းသာဆင်၊
ကျွန်ုပ်ရပ်မည်ကိုယ်တော်ရှေ့တွင်။

# ၂၁၇။ ယေရှုအားကိုးရန်လွန်သာချိုကျူး

| Key: G | Tis So Sweet to Trust In Jesus | SDAH.524 | CH.588 |
|---|---|---|---|

၁။ ယေရှုအားကိုးရန်လွန်သာချို၊
ကိုးစားပြောသည့်အတိုင်းသာ၊
အားကိုးရာကတိတော်မြတ်ကို၊
သိစေရန်ကိုယ်တော်မိန့်မှာ။
*ထပ်ဆိုရန်* -
ယေရှု၊ ယေရှု၊ ဘယ်မျှကိုးစား၊
ကြိမ်ဖန်များစွာစမ်းခဲ့လာ၊
ယေရှု၊ ယေရှု၊ မြတ်ယေရှုအား၊
တိုးကိုးစားရန်သနားပါ။

၂။ ယေရှုကိုးရန်မည်မျှချိုလေ၊
စင်ကြယ်စေသွေးတော်ကိုသာ၊
ကျွန်ုပ်ယုံကြည်ခြင်းအားဖြစ်ပေ၊
နစ်မြုပ်သန့်ရှင်းဆေးကြောပါ။

၃။ ဟုတ်ပေယေရှုကိုးရန်ချိုသာ၊
အပြစ်မာနကင်းစင်သည်၊
အသက်နားခြင်းဝမ်းမြောက်ငြိမ်ရာ
ယေရှုထံတော်မှယူမည်။

၄။ ဖိုးထိုက်ယေရှုကယ်ရှင်မိတ်ဆွေ၊
ကိုးစားရ၍ဝမ်းမြောက်နေ၊
ကိုယ်တော်ငါနှင့်ရှိကြောင်းသိပေ၊
အဆုံးတိုင်အောင်ရှိပါလေ။

# ၂၁၈။ ကိုယ်တော်၌သာကွယ်ကာနေပါကျူး

| Key: E♭ | Hiding In Thee | SDAH.525 | CH.586 |
| --- | --- | --- | --- |

၁။ ကျွန်ုပ်ထက်မြင့်သောကျောက်တော်တွင်လုံခြုံစွာ၊
ဝမ်းနည်းဒုက္ခတွင်ကျွန်ုပ်ဝိညာဉ်ခိုချင်၊
မောပန်းပြစ်များလှကိုယ်တော်ဖို့ဖြစ်စေပါ၊
ကျွန်ုပ်ခိုလှုံလျက်နေမြဲတည်ကျောက်တော်တွင်။

*ထပ်ဆိုရန်*

ကိုယ်တော်၌သာကွယ်ကာနေပါ၊
မြဲတည်ကျောက်တော်တွင်ကျွန်ုပ်ခိုလှုံကွယ်ကာ။

၂။ နေ့ချိန်ဆိတ်ငြိမ်၍ညဥ့်ချိန်ဝမ်းနည်းသောခါ၊
စုံစမ်းသွေးဆောင်ခြင်းတန်ခိုးအားကြီးလှလျှင်၊
သက်တာမုန်တိုင်းပင်လယ်လှိုင်းလိုထသောခါ၊
ကျွန်ုပ်ခိုလှုံလျက်နေမြဲတည်ကျောက်တော်တွင်။

၃။ ရန်သူနှင့်များစွာဆိုင်ပြိုင်တိုက်လှန်စဉ်ခါ၊
ကွယ်ကာရာကျောက်သို့ကျွန်ုပ်ပြေးသွားပြောဆို၊
ပင်လယ်လှိုင်းလိပ်လိုစုံစမ်းခြင်းရောက်သောခါ၊
ကျွန်ုပ်ဝိညာဉ်ကျောက်တော်ကိုယ်တော်၌မှီခို။

# ၂၁၉။ ယေရှုသက်ရှင်သောကြောင့်ကျူး

| Key: A♭ | Because He Lives | SDAH.526 | CH. |
| --- | --- | --- | --- |

၁။ ဘုရားရှင်၏သားတော်ယေရှုကား၊
ချစ်ခြင်းနှင့်ပြစ်လွှတ်ရန်ကြွလာ၊
ကျွန်ုပ်ပြစ်တွက်သက်ရှင်လျက်သေခံ၊
သေခြင်းကိုအောင်ယေရှုသက်ရှင်ကြောင်းထင်ရှားပြီ။

*ထပ်ဆိုရန်*

ယေရှုသက်ရှင်၊ နက်ဖြန်နေ့စိုးရိမ်ကင်း၊
ယေရှုသက်ရှင်၊ ကြောက်ရွံ့ခြင်းကင်း၊
နာဂတ်ပိုင်စိုးကြောင်းကျွန်ုပ်သိပြီ၊
ဖိုးထိုက်သက်ရှိခြင်းကြောင့်ကောန်သက်ရှင်နိုင်ပြီ။

၂။ လူဇာတိခံယူဆောင်သက်ရှင်လာ၊
မုန်းပွားခြင်းခံဝမ်းမြောက်ခြင်းဌာ၊
ငြိမ်သက်ခြင်းများကောန်ရှိနိုင်ရန်၊
စိတ်ချခြင်းမရှိနေ့ရက်တွက်ယေရှုသက်ရှင်။

၃။ တစ်နေ့သောခါမြစ်ကိုဖြတ်ကူးရာ၊
သက်တာလမ်းမှာပီတိတွေ့ရာ၊
သေခြင်းကိုအောင်ခြင်း၌နစ်မြုပ်ပြီ၊
ဘုန်းတန်ခိုးအလင်းနှင့်သက်ရှင်ကြောင်းမြင်နိုင်ပြီ။

# ၂၂၀။ မုန်တိုင်းကျစဉ်တွင်ခိုလှုံရာကျူး

| Key: F | A Shelter In the Time of Storm | SDAH.528 | CH.585 |
|---|---|---|---|

၁။ ခိုလှုံရာကျောက်ကိုယ်တော်ဖြစ်ပါ၊
မုန်တိုင်းကျစဉ်တွင်ခိုလှုံရာ၊
ဘယ်လိုပင်ဖြစ်လှုံခြုံစေပါ၊
မုန်တိုင်းကျစဉ်တွင်ခိုလှုံရာ။

*ထပ်ဆိုရန်*

စွမ်းကြီးကျောက်၊ နွမ်းရိုသောပြည်တွင်၊
အေးမြရိပ်၊ ပူပြင်းသဲပြင်မှာ၊
လမ်းပြရှင်၊ ခရီးသွားတို့တွင်၊
မုန်တိုင်းကျစဉ်တွင်ခိုလှုံရာ။

၂။ နေ့တွင်အရိပ်ညဥ့်တွင်အကာ၊
မုန်တိုင်းကျစဉ်တွင်ခိုလှုံရာ၊
ရန်သူမကြောက်မထိတ်လန့်ပါ၊
မုန်တိုင်းကျစဉ်တွင်ခိုလှုံရာ။

၃။ ထသောလှိုင်းများဝိုင်းဝန်းသော်လည်း၊
မုန်တိုင်းကျစဉ်တွင်ခိုလှုံရာ၊
ဘုရားရှင်ကား၊ ကွယ်ကာရာတည်း၊
မုန်တိုင်းကျစဉ်တွင်ခိုလှုံရာ။

၄။ အိုကျောက်တော်ရှင်အိုကာကွယ်ရှင်၊
မုန်တိုင်းကျစဉ်တွင်ခိုလှုံရာ၊
အနီးနေ၍မစသခင်၊
မုန်တိုင်းကျစဉ်တွင်ခိုလှုံရာ။

# ၂၂၁။ အတောင်တော်အောက်ကျူး

| Key: C | Under His Wings | SDAH.529 | CH.587 |
|---|---|---|---|

၁။ အတောင်တော်အောက်ဘေးကင်းစွာကျွန်ုပ်နေသည်၊
ညဥ့်သည်မှောင်၍လေပြင်းတိုက်ငြားသော်လည်း၊
ကိုယ်တော်စောင့်ထိန်းမည်ကိုသိ၍ယုံနိုင်သည်၊
ရွေးနုတ်တော်မူ၍သားရင်းဖြစ်သတည်း။
*ထပ်ဆိုရန်*
အတောင်တော်အောက်၊ အတောင်တော်မှ၊
မေတ္တာမှခွဲနိုင်အံ့နည်း၊
အတောင်တော်အောက်၊ ကျွန်ုပ်ဝိညာဉ်ခို၊
လုံခြုံအမြဲခိုရာတည်း။

၂။ အတောင်တော်အောက်ဝမ်းနည်းစဉ်ခိုလှုံရာပင်၊
ထိုငြိမ်သက်ခြင်းကျွန်ုပ်စိတ်တောင့်တလှ၊
လောကတွင်ခိုကိုးရာမဲ့ဖြစ်သောခါတွင်၊
ထိုမှာနစ်သိမ့်ခြင်းနှင့်ကောင်းချီးခံရာ။

၃။ အတောင်တော်အောက်ဘယ်မျှကြီးသောစည်းစိမ်နည်း၊
သောကများကင်းသည်တိုင်အောင်ခိုကိုးရာ၊
ကွယ်ကာဖုံးအုပ်ဘေးအန္တရာယ်မရောက်တည်း၊
ယေရှု၌ကိုးစားလျှင်အမြဲချမ်းသာ။

# ၂၂၂။ ကောင်းပေ၏ဝိညာဉ်ဖို့ကျူး

| Key: C | It Is Well With My Soul | SDAH.530 | CH.313 |
|---|---|---|---|

၁။ ငြိမ်သက်ခြင်းမြစ်လိုကျွန်ုပ်ကိုလမ်းပြကာ၊
လာမည်ဝမ်းနည်းခြင်းလှိုင်းကဲ့သို့၊
ဘာဖြစ်သည်မဆိုသင်ပေးသောအရာမှာ၊
ကောင်းပေ၏ကောင်းပေ၏ဝိညာဉ်ဖို့။

*ထပ်ဆိုရန်* -

ကောင်းပေသည်၊ ဝိညာဉ်ဖို့၊
ကောင်းပေသည်၊ ကောင်းပေသည်၊ ဝိညာဉ်ဖို့။

၂။ တစ်ခုမကျန်ရှိရှိပြစ်အားလုံးကိုပင်၊
ကပ်တိုင်၌ရိုက်ထားပြီးလေပြီ၊
ထိုကြောင့်ယခုကျွန်ုပ်၌ပြစ်များကင်းစင်၊
ကျွန်ုပ်ဝိညာဉ်ကိုယ်တော်ချီးမွမ်းမည်။

၃။ သန့်ရှင်းသူတောင့်တနေ့လျင်မြန်ရောက်ပါစေ၊
မိုးတိမ်များစာလိပ်လိုလွင့်သွား၊
တံပိုးမှုတ်လျက်ကိုယ်တော်ဆင်းသက်တော်မူချေ၊
ကျွန်ုပ်ဝိညာဉ်ဖို့ကောင်း၏တကား။

# ၂၂၃။ ကျောက်ပေါ်မှာတည်ဆောက်မည့်ကျူး

| Key: G | We'll Build on the Rock | SDAH.531 | CH.579 |
|---|---|---|---|

၁။ သက်ရှင်သောကျောက်ပေါ်မှာတည်ဆောက်မည်၊
ယေရှုရှင်မြဲတည်ကျောက်ဖြစ်၏၊
မုန်တိုင်းကျသောအခါတည်းခိုမည်၊
ကြောက်မက်ဖွယ်ဘေးမှလွတ်၏။
*ထပ်ဆိုရန်*
ကျောက်ဆောင်မြတ်ပေါ်မှာ၊ ငါတို့တည်ဆောက်ရာ၊
ခိုင်လုံသောခရစ်တော်ကျောက်မြတ်ပေါ်မှာ၊
ကျွန်ုပ်တို့တည်ဆောက်ရာ။

၂။ ချို့တို့ကားမမြဲသောသဲပေါ်မှာ၊
လောကဘဏ္ဍာများဖြင့်တည်ဆောက်၊
အချို့ကားအပြစ်လှိုင်းများပေါ်မှာ၊
ကျော်စောစည်းစိမ်ဖြင့်တည်ဆောက်။

၃။ အခြေခိုင်ခံ့သောကျောက်မြတ်ပေါ်မှာ၊
ထာဝရဖို့တည်ဆောက်ကြပါ၊
ကယ်တင်ရန်ငါတို့မြော်လင့်ခြင်းသာ၊
မြဲမြံတည်ကြည်ခြင်းဖြစ်ရာ။

# ၂၂၄။ ကျောက်ဆူးငါတို့၌ရှိပါကျူး

| Key: G | Will Your Anchor Hold? | SDAH.534 | CH.584 |
|---|---|---|---|

၁။ ဤဘဝမုန်တိုင်း၌မိုးတိမ်တိုက်လျှင်၊
သင်၏ကျောက်ဆူးသည်ခိုင်စွာစွဲမည်လော၊
ကြီးသောဒီရေထကျောက်ကြိုးတောင့်လာလျှင်၊
သင့်ကျောက်ဆူးကျွတ်မည်လောခိုင်မည်လော။

*ထပ်ဆိုရန်*

လှိုင်းတံပိုးထလျှင်ဝိညာဉ်မြဲစွာ၊
ထိန်းသောကျောက်ဆူးကျွန်ုပ်၌ရှိပါ၊
မလှုပ်သောကျောက်တော်တွင်တည်နေသည်၊
ကယ်တင်ရှင်မေတ္တာ၌တည်မြဲစေသည်။

၂။ ခိုင်စွာချည်ထားလျှင်မုန်တိုင်းကိုအောင်မည်၊
ကယ်တင်ရှင်လက်ဖြင့်ကောင်းစွာချည်နှောင်ပြီ၊
နှလုံးတော်မှသင့်နှလုံးထိရှည်သည်၊
ကြိုးများလေတိုက်ခြင်းတုပြိုင်နိုင်ပြီ။

၃။ ကျောက်ဆောင်နားရောက်ပြီးပုတ်ခတ်သံပြလျှင်၊
ကြောက်ဖွယ်လက်ကြားရောက်သော်ငြားကိုင်ထားမည်၊
မုန်တိုင်းလေပြင်းရိုက်ဆောင်သွင်းရှာလေလျှင်၊
လှိုင်းတံပိုးကျွန်ုပ်လှေမလွှမ်းပြီ။

၄။ အရှက်လင်းစဉ်ပုလဲတံခါးတို့တွင်၊
ကျွန်ုပ်တို့ဆိပ်ကမ်းမျက်စိနှင့်မြင်လျှင်၊
ကောင်းကင်လမ်းမှာခိုင်စွာကျောက်ဆူးချကြ၊
လှိုင်းတံပိုးများလွန်ပြီထာဝရ။

# ၂၂၅။ ယေရှုနှင့်သာလျှောက်ပါကျူး

| Key: D♭ | Keep Step With the Master | SDAH. | SS.1092 |
|---|---|---|---|

၁။ ကိုယ်တော်နှင့်တွဲသွားလေ၊ မည်သို့ပင်ဖြစ်စေ၊
သင့်လမ်းမှောက်မိုက်သော်လည်း၊ လမ်းပြချဉ်းကပ်ပါ၊
ရန်သူများသွေးဆောင်နေ၊ အွန္တရာယ်နီးလည်း၊
ယေရှုနှင့်သာလျှောက်ပါ၊ ကြောက်ခြင်းကင်းမည်တည်း။
*ထပ်ဆိုရန် -*
တွဲလျက်သွား၊ ရဲဝံ့စွာချီသွား၊
သင့်သတ္တိ၊ မွေးလော့အားသစ်၊
နေ့စဉ်ယေရှုကယ်ရှင်နှင့်သွား၊
ခရီးတစ်လျှောက်ကိုယ်တော်ပို့ဆောင်မည်။

၂။ ကိုယ်တော်နှင့်တွဲလျက်သွား၊ ဘယ်ကိုပဲသွားသွား၊
မှောင်မိုက်ရိပ်လွှမ်းမိုးလည်း၊ လမ်းပြတော်မူမည်၊
ကိုယ်တော်အလင်းတော်သည်၊ လမ်းကိုလင်းစေမည်၊
ခြောက်သွေ့ကန္တာရ၌၊ နှင်းပန်းပွင့်စေမည်။

၃။ ကိုယ်တော်နှင့်တွဲလျက်သွား၊ ရပ်တန့်ခြင်းကိုရှောင်၊
ကိုယ်တော်မိန့်သမျှကို၊ မနေးမြန်ရွက်ဆောင်၊
ကိုယ်တော်ရှင်ခွန်အားဖြင့်၊ ပေးလော့ဖိအားကို၊
ယေရှုနှင့်လျှောက်ခြင်းဖြင့်၊ မှားယွင်းခြင်းကင်းမည်။

# ၂၂၆။ ရှေ့ဆောင်မှုမည်ကျူး

| Key: C | He Leadeth Me | SDAH.537 | CH.393 |
|---|---|---|---|

၁။ ရှေ့ဆောင်မှုမည်ကတိတော်ထား၊
နှစ်သိမ့်ခြင်းနှင့်ပြည့်စုံတကား၊
ငါပြုမှုတိုင်းငါရှိလေရာ၊
ရွှေလက်တော်ဖြင့်ရှေ့ဆောင်မှုရှာ။

*ထပ်ဆိုရန်* -

ရှေ့ဆောင်မှုသည်၊ ရှေ့ဆောင်မှုသည်၊
ရွှေလက်တော်ဖြင့်ရှေ့ဆောင်မှုသည်၊
သစ္စာရှိလျက်နောက်တော်လိုက်မည်၊
လက်တော်မြတ်ဖြင့်ရှေ့ဆောင်မှုသည်။

၂။ တစ်ခါတလေဆင်းရဲတွေ့ကြုံ၊
တစ်ခါတလေချမ်းသာတွေ့ဆုံ၊
သုခဒုက္ခဖြစ်လေရာရာ၊
ရွှေလက်တော်ဖြင့်ရှေ့ဆောင်မှုရှာ။

၃။ လက်တော်မြတ်ကိုကိုင်ဆွဲပါမည်၊
ညည်းညူမြည်တမ်းမှုပြုပါပြီ၊
မည်သို့ဖြစ်လည်းသဘောကျရာ၊
ရွှေလက်တော်ဖြင့်ရှေ့ဆောင်မှုကာ။

၄။ မြေကြီးကိစ္စပြီးစီးကာလ၊
ကျေးဇူးမြတ်ဖြင့်အောင်မြင်ခြင်းရ၊
သေချိန်ရောက်လည်းကျွန်ုပ်မရှောင်
ရှေ့ဆောင်မှုပါယော်ဒန်လွန်အောင်။

# ၂၂၇။ ငယ်စဉ်ကယ်တင်ရှင်ကိုရှာမည်ကျူး

| Key: A♭ | I Will Early Seek the Saviour | SDAH.539 | CH.417 |
|---|---|---|---|

၁။ ငယ်စဉ်ကယ်တင်ရှင်ကိုရှာမည်၊
နေ့စဉ်ကိုယ်တော်ကိုသိရာ၊
ခြေတော်ရာကိုငါလျှောက်လိုက်မည်၊
ကျဉ်းသောလမ်းကိုလျှောက်လိုက်ရာ။
*ထပ်ဆိုရန်*
ချစ်တော်မူပေ၊ ချစ်တော်မူသည်၊
ယေရှုချစ်ကြောင်းကျွန်ုပ်သိ၊
ငါ့ကိုကယ်ရန်သေခံမူပြီ၊
ထို့ကြောင့်ကိုယ်တော်ကိုချစ်သည်။

၂။ နိုင်းသောနေရာမြန်စွာသွားမည်၊
သွားရန်ကျွန်ုပ်မငယ်ပါ၊
ပြတော်မူရာလမ်းသို့လိုက်မည်၊
လိုတော်သိရန်မငယ်ပါ။

၃။ ပြစ်မျိုးမျိုးလွှတ်ရန်တံခါး၌၊
ကိုယ်တော်ရပ်တန့်နေမူသည်၊
တံခါးခေါက်မည်ကတိအလိုက်၊
ကြား၍ဝင်စေတော်မူမည်။

# ၂၂၈။ ယေရှုသိုးထိန်းလိုလမ်းပြသည့်ကျူး

| Key: D♭ | Saviour, Like a Shepherd | SDAH.545 | CH.394 |
|---|---|---|---|

၁။ ယေရှုသိုးထိန်းလိုလမ်းပြသည်၊ စောင့်ထိန်းရန်များစွာလိုပါ၊
သာယာမြက်ခင်း၌ကျွေးမွေးသည်၊ ကျွန်ုပ်နေရန်ခြံပြင်ပါ၊
မင်္ဂလာရှိယေရှုသခင်၊ ဝယ်ယူသောကြောင့်သက်ပိုင်ရှင်၊
မင်္ဂလာရှိယေရှုသခင်၊ ဝယ်ယူသောကြောင့်သက်ပိုင်ရှင်၊

၂။ ကိုယ်တော်ပိုင်ဖြစ်၍ကူညီပါ၊ ကျွန်ုပ်တို့အားလမ်းပြမူ၊
သိုးစုကိုအပြစ်မှကွယ်ကာ၊ လမ်းလွဲသွားလျှင်လိုက်ရှာမူ၊
သခင်ယေရှုမြတ်မင်္ဂလာ၊ ဆုတောင်းသောခါနားညောင်းပါ၊
သခင်ယေရှုမြတ်မင်္ဂလာ၊ ဆုတောင်းသောခါနားညောင်းပါ။

၃။ ဆင်းရဲငြိုငြင်ပြစ်နှင့်ပြည့်လည်း၊ လက်ခံရန်ကတိရှိပေ၊
ကရုဏာနှင့်ချမ်းသာပေးမည်၊ ဆေးကြောပြစ်လွှတ်ရန်စွမ်းလေ၊
သခင်ယေရှုမြတ်မင်္ဂလာ၊ များမကြာပြောင်းလဲစေပါ၊
သခင်ယေရှုမြတ်မင်္ဂလာ၊ များမကြာပြောင်းလဲစေပါ။

# ၂၂၉။ ယေရှုရှင်ပို့ဆောင်မူပါကျူး

| Key: A♭ | Jesus, Saviour, Pilot Me | SDAH.551 | CH.398 |
|---|---|---|---|

၁။ ကျောက်ဆောင်စီးသောင်လွှန်ပေါ်များ၊
ရောလှိုင်းကြီးထလိမ့်လာ၊
အိမ်မြှောင်အိမ်ပင်လယ်ပုံကား
ယေရှုကိုယ်တော်မှဖြစ်ပါ၊
ကယ်တင်ရှင်သခင်ဘုရား၊
လမ်းပြပို့ဆောင်တော်မူပါ။

၂။ နို့စို့ငိုသံကိုမိခင်၊
တိတ်စေနည်းတူကိုယ်တော်သည်၊
မိုးသက်လှိုင်းတံပိုးသံပြင်း၊
သခင်ငြိမ်သက်စေမူသည်၊
သက်တာပင်လယ်ပိုင်ဘုရား၊
ယေရှုရှင်ပို့ဆောင်မူပါ။

၃။ လမ်းဆုံးကမ်းနားနီးကျွန်ုပ်
ကြောက်ဖွယ်ရိုက်ခတ်သောလှိုင်းချုပ်၊
လှိုင်းလုံးကြီးကိုမြင်သောခါ၊
ရင်တော်မှီလျက်ငြိမ်သက်စွာ၊
ငါရှိသည်မစိုးရိမ်နှင့်၊
မိန့်တော်ကြားပါစေအရှင်။

# ၂၃၀။ ကိုယ်တော်မြတ်နှင့်လျှောက်စေမူပါကျူး

| Key: G | O Let Me Walk With Thee | SDAH.554 | CH.395 |
|---|---|---|---|

၁။ ရှေးကာလ၌နောက်လိုပင်၊
ကိုယ်တော်မြတ်နှင့်လျှောက်စေမူပါ၊
တုန်သောကျွန်ုပ်လက်ကိုဆွဲငင်၊
မိတ်သဟာယဖွဲ့တော်မူပါ၊
သို့သော်လမ်းမမြင်ဘဲသွားရာ၊
ယေရှုကိုယ်တော်နှင့်လျှောက်စေပါ။

၂။ တစ်ကိုယ်တည်းမလျှောက်သွားဝံ့ပါ၊
ကောင်းကင်ယံမှမိုးသက်ဆင်းလာ၊
သွားရာလမ်းတွင်စုံစမ်းခြင်းနှင့်၊
ထောင်သောင်းရန်သူချောင်းနေအသင့်၊
လှိုင်းထပင်လယ်ငြိမ်စေသောရှင်၊
အိုသခင်လျှောက်စေမူအရှင်။

၃။ လက်တော်တွင်ကျွန်ုပ်လက်ရောက်လျှင်၊
လောကစည်းစိမ်မျိုးမျိုးပယ်ဖျက်၊
ရဲရင့်မြဲစွဲလျှောက်လိုက်ပါချင်၊
လက်ဝါးကပ်အလံတော်ထမ်းတက်၊
ဇီအုန်တံခါးမြင်သည့်တိုင်အောင်၊
ကယ်တင်ရှင်လျှောက်စေမူပို့ဆောင်။

# ၂၃၁။ ကပ်တိုင်လမ်းဖြင့်အိမ်ရောက်သည်ကျူး

| Key: A♭ | The Way of the Cross Leads Home | SDAH. | SY. 69 |
|---|---|---|---|

၁။ ကပ်တိုင်လမ်းဖြင့်သာအိမ်တော်ပြန်ရောက်နိုင်သည်၊
သည့်ပြင်အခြားလမ်းမရှိ၊
ရွှေမြို့တော်တံခါးရှုမြင်စိမ့်သောငှါ၊
ကပ်တိုင်လမ်းအားဖြင့်သာလျှောက်သွား။
*ထပ်ဆိုရန်*
ကပ်တိုင်လမ်းဖြင့်အိမ်ရောက်သည်၊
ကပ်တိုင်လမ်းဖြင့်အိမ်ရောက်သည်၊
ကပ်တိုင်လမ်းအကြောင်းသိဖို့ရန်လွန်ကောင်း၊
ကပ်တိုင်လမ်းဖြင့်အိမ်ရောက်သည်။

၂။ ကယ်တင်ရှင်လျှောက်ရာလမ်းမှာသွေးစက်ရှိသည်၊
ထိုလမ်းကိုပင်လျှောက်ရမည်၊
ထက်ကောင်းကင်ဘုံမှာဝိညာဉ်စံဖို့ရာ၊
ထိုလမ်းကိုမလွှဲဘဲလျှောက်ပါ။

၃။ အိမ်ပြန်ရန်ကျွန်ုပ်ကိုသခင်ခေါ်သောခါ၊
လောကီလမ်းကိုစွန့်ထွက်လာ၊
ထိုကြောင့်ထိုလမ်းမှာ၊ ခုမလျှောက်လိုပါ၊
ကိုယ်တော်သည်အိမ်ဝမှာစောင့်ရှာ။

# ၂၃၂။ ကောင်းချီးရေတွက်ကျူး

| Key: E♭ | Count Your Blessings | AY. 19 | GS.74 |
|---|---|---|---|

၁။ မြေကြီးပေါ်မှာဒုက္ခဆင်းရဲရောက်သောခါ၊
မြော်လင့်ခြင်းကင်းစိတ်ပျက်ခြင်းကိုခံရမည်၊
ခံစားရကောင်းချီးမင်္ဂလာရေတွက်ပါ၊
ပြုတော်မူသောကျေးဇူးတော်အံ့ဩလိမ့်မည်။
*ထပ်ဆိုရန်*
ကောင်းချီးရေတွက်တစ်ခုနောက်တစ်ခု၊
ပြုတော်မူသောကျေးဇူးရေတွက်မည်၊
ကောင်းချီးရေတွက်တစ်ခုနောက်တစ်ခု၊
ပြုတော်မူသောကျေးဇူးတော်အံ့ဩလိမ့်မည်။

၂။ ကြောင့်ကြဝန်ထုပ်ကိုသင်သည်ထမ်းရသလား၊
သင်ထမ်းရသောလက်ဝါးကပ်တိုင်လေးသလား၊
ခံစားရာကောင်းချီးမင်္ဂလာရေတွက်မည်၊
ယုံမှားခြင်းကင်းသီချင်းကိုသင်ဆိုလိမ့်မည်။

၃။ ဆင်းရဲဒုက္ခမျိုးမျိုးကိုခံရသောခါ၊
စိတ်မပျက်ရာကိုယ်တော်ကိုသာအားကိုးပါ၊
ခံစားရာကောင်းချီးမင်္ဂလာရေတွက်မည်၊
လမ်းဆုံးတိုင်အောင်သင့်ကိုစောင့်မပို့ဆောင်မည်။

# ၂၃၃။ ကိုယ်တော်မြတ်၌ဝမ်းမြောက်လော့ကျူး

| Key: F | Be Glad in the Lord | SDAH. | SS.207 |
|---|---|---|---|

၁။ စိတ်နှလုံးဖြောင့်မတ်သောသူတို့၊
ကိုယ်တော်မြတ်၌ဝမ်းမြောက်ကြလော့၊
ကိုယ်တော်မြတ်ကိုရွေးကောက်သူတို့၊
ဝမ်းနည်းပူပန်ခြင်းပယ်ရှောင်ချေ။

*ထပ်ဆိုရန်*

ဝမ်းမြောက်၊ ဝမ်းမြောက်၊
ကိုယ်တော်မြတ်၌ဝမ်းမြောက်ကြလေ၊
ဝမ်းမြောက်၊ ဝမ်းမြောက်၊
ကိုယ်တော်မြတ်၌ဝမ်းမြောက်ကြလေ။

၂။ ဝမ်းမြောက်ကြလော့ကိုယ်တော်မြတ်သည်၊
မြေပေါ်ကောင်းကင်ထက်အုပ်စိုးသည်၊
နှုတ်ကပတ်တော်မြတ်အားဖြင့်သာ၊
အုပ်စိုးစီရင်ကယ်တင်မူရှာ။

၃။ နေ့ချိန်မှောင်မိုက်ဝိုင်းဝန်းသဖြင့်၊
ညဥ့်ချိန်ကောင်းကင်ဖုံးအုပ်သော်လည်း၊
သင့်ဝိညာဉ်ကြောက်ရွံ့ခြင်းနှင့်ကင်း၊
ဘေးလွှန်သည်တိုင်အောင်ယုံရမည်။

၄။ ကိုယ်တော်မြတ်၌ဝမ်းသာအေးကျူး၊
ချီးမွမ်းထောမနာပြုကြလေ၊
တူရိယာမျိုးမျိုးနှင့်အေးကျူး၊
ဟာလေလုယသီချင်းဆိုချေ။

# ၂၃၄။ အလိုတော်ရှိရာပြုတော်မူပါကျူး

| Key: E♭ | Have Thine Own Way, Lord | SDAH.567 | CH.272 |
|---|---|---|---|

၁။ အလိုတော်ရှိရာပြုတော်မူပါ၊
ကိုယ်တော်ရှင်အိုးထိန်းကျွန်ုပ်အိုးမြေ၊
ကိုယ်တော်ရှင်မြတ်အားစောင့်နေစဉ်ခါ၊
သဘောတော်ရှိတိုင်း၊ ပုံသွင်းလုပ်ပေး။

၂။ အလိုတော်ရှိရာပြုတော်မူပါ၊
ယနေ့စုံစမ်း၍စစ်တော်မူပါ၊
ရှေ့တော်မှာနှိမ့်ချ၊ ဒူးထောက်စဉ်ခါ၊
မိုးပွင့်ထက်ဖြူအောင်ဆေးတော်မူပါ။

၃။ အလိုတော်ရှိရာပြုတော်မူပါ၊
ဒုက္ခရောက်သည့်ခါမတော်မူပါ၊
တန်ခိုးတော်မဟာကိုယ်တော်၌သာ၊
တို့တော်မူပြီးခါ၊ ချမ်းသာပေးပါ။

၄။ အလိုတော်ရှိရာပြုတော်မူပါ၊
ကိုယ်တော်ရှင်မြတ်သာအုပ်စိုးမူပါ၊
ဝိညာဉ်တော်မြတ်နှင့်ပြည့်စေပြီးခါ၊
ခရစ်တော်ဘုရား၊ စိတ်တွင်ကိန်းပါ။

# ၂၃၅။ လွန်မသွားပါနှင့်သိမ်မွေ့ရှင်ကျူး

| Key: G | Pass Me Not, O Gentle Saviour | SDAH.569 | CH.559 |
|---|---|---|---|

၁။ လွန်မသွားပါနှင့်သိမ်မွေ့ရှင် လျှောက်သံနားညောင်းလျှင်၊
အခြားသူထံကြွတော်မူစဉ် လွန်မသွားပါနှင့်။

*ထပ်ဆိုရန်*

ကယ်တင်ရှင်လျှောက်သံ နားညောင်းသဖြင့်၊
အခြားသူထံကြွတော်မူစဉ်၊ လွန်မသွားပါနှင့်။

၂။ ကရုဏာပလ္လင်တော်ရင်းတွင်၊ ချမ်းသာခြင်းတွေ့ရ၊
ကြေကွဲစိတ်နှင့်ဒူးထောက်နေစဉ်၊ မယုံခြင်းကယ်မ။

၃။ ကုသိုလ်တော်ကိုအားထားလျက်သာ၊ မျက်နှာတော်ရှာရာ၊
ကြေကွဲစိတ်ကိုကျန်းမာစေပါ၊ ကျေးဇူးဖြင့်ကယ်ပါ။

၄။ ကိုယ်တော်နှစ်သိမ့်ခြင်းမူလတည်း၊ အသက်ထက်ပို၏၊
ကိုယ်တော်အပြင်ကောင်းကင်မြေကြီး၊ ကျွန်ုပ်၌မရှိ။

# ၂၃၆။ မေတ္တာသည်ဝမ်းမြောက်စေသည်ကျူး

| Key: A♭ | 'Tis Love That Makes Us Happy | SDAH.579 | CH. |
| --- | --- | --- | --- |

၁။ မေတ္တာသည်ဝမ်းမြောက်စေသည်
မေတ္တာသည်သင့်တင့်လေ၊
စိတ်ကိုမစကြင်နာစေသည်၊
နေ့စဥ်ခြားသူဖို့ပေ။
*ထပ်ဆိုရန်*
ချစ်ဘုရား၊ ကျွန်ုပ်ကားသားသမီး၊
ချစ်ဘုရား၊ ကိုယ်တော်နှင့်တူပေ၊
မေတ္တာသည်ဝမ်းမြောက်စေသည်
မေတ္တာသည်သင့်တင့်လေ၊
စိတ်ကိုမစကြင်နာစေသည်
နေ့စဥ်ခြားသူဖို့တည်း။

၂။ နာခြင်းသေခြင်းလောကလုံး၊
ဝမ်းနည်းအပြစ်ပေါ်များ၊
ချစ်ခြင်းနလုံးတာဝန်ကိုသုံး၊
ဝိညာဉ်ရအောင်ကြိုးစား။

၃။ ဤအသက်တာကုန်ဆုံးလို့၊
ထက်ပြည်တော်သို့ခေါ် သော်၊
ကျွန်ုပ်သီဆိုထာဝရဖို့
ယေရှုနှင့်မေတ္တာတော်။

# ၂၃၇။ ကိုးစားနားထောင်ကျူး

| Key: F | Trust and Obey | SDAH.590 | CH.582 |
|---|---|---|---|

၁။ ကိုယ်တော်နှင့်တူလျှောက်လျှင်၊ နှုတ်ကပတ်အလင်းတွင်၊
ကျွန်ုပ်တို့လမ်း၌ဘုန်းထွန်းလင်းသည်၊
ကိုယ်တော်အလိုလိုက်ပေ၊ ကျွန်ုပ်တို့နှင့်နေမည်၊
ကိုးစားနားထောင်သူများတို့နှင့်ပေ။
*ထပ်ဆိုရန်*
ကိုးစားနားထောင်၊ အခြားလမ်းမရှိချေ။
ယေရှု၌ပျော်မွေ့လိုလျှင်၊ ကိုးစားနားထောင်ရလေ။

၂။ တိမ်မှောင်ရိပ်မရှိရာ၊ ဘေးရန်မျိုးမျိုးကင်းကွာ၊
ကိုယ်တော်၏ပြုံးခြင်းဖြင့်ပျောက်လွင့်ရာ၊
ယုံမှားကြောက်ရွံ့ကင်းကွာ၊ ညည်းတွားမျက်ရည်ကင်းစွာ၊
ကျွန်ုပ်တို့ကိုးစားနားထောင်စဉ်ခါ။

၃။ ကိုယ်တော်မေတ္တာတော်ကို၊ ဘယ်ခါမျှမနိုင်းဆို၊
ရှိသမျှကိုပလ္လင်တော်ရင်းမှာ၊
ကျေးဇူးများနှင့်ထားခါ၊ ဝမ်းမြောက်ခြင်းကိုပေးစဉ်၊
ကိုးစားနားထောင်သောသူတို့ဖို့ပင်။

၄။ မိတ်သဟာယဖွဲ့လေ၊ ခြေတော်ရင်း၌ထိုင်နေ၊
ကိုယ်တော်နှင့်တူနံဘေးမှာလျှောက်မည်၊
ခိုင်းရာကိုပြုလုပ်မည်၊ စေသောရပ်သို့သွားမည်၊
ကိုးစားနားထောင်လျှင်မကြောက်ရပြီ။

# ၂၃၈။ ကျွန်ုပ်ဖြောင့်မတ်မည်ကျူး

| Key: F | I Would Be True | SDAH. | CH.425 |
|---|---|---|---|

၁။ ကျွန်ုပ်ကိုယုံသောသူများကြောင့်ဖြောင့်မတ်မည်၊
ဂရုစိုက်သောသူများကြောင့်သန့်ရှင်းမည်၊
ဆောင်ရွက်ရာများသောကြောင့်ခွန်အားနှင့်ပြည့်မည်၊
ပင်ပန်းခံရန်များသောကြောင့်ရဲရင့်မည်၊
ပင်ပန်းခံရန်များသောကြောင့်ရဲရင့်မည်။

၂။ မိတ်ဆွေမဲ့သူနှင့်ရန်သူကိုမိတ်ဖွဲ့မည်၊
စွန့်ကြဲကြောင်းမေ့လျက်စွန့်ကြဲပေးကမ်းမည်၊
ကိုယ်အားနည်းကြောင်းကိုသိ၍စိတ်နှိမ့်ချမည်၊
မျှော်ကြည့်ချစ်ခင်ရွှင်လန်းလျက်ထူပင့်မည်၊
မျှော်ကြည့်ချစ်ခင်ရွှင်လန်းလျက်ထူပင့်မည်။

၃။ နှုတ်ကပတ်တွင်ခမည်းတော်သွန်သင်ရာတွေ၊
ကျွန်ုပ်နေ့စဉ်သင်ကြားလျက်နေပါမည်၊
ဖြည်းညင်းသံတော်နားထောင်ရန်အသင့်ရှိပေ၊
ကြားရအမှုချက်ချင်းဆောင်ရွက်ပါမည်၊
ကြားရအမှုချက်ချင်းဆောင်ရွက်ပါမည်။

# ၂၃၉။ မီးခွက်တိုင်းထွန်းလင်းနေပါစေကျူး

| Key: E♭ | Let Every Lamp Be Burning | SDAH.595 | CH.183 |
|---|---|---|---|

၁။ မီးခွက်တိုင်းထွန်းလင်းနေပါစေ၊
မှောင်မိုက်ဆုံးချိန်နီးကပ်ပြီ၊
လောကမှောင်မိုက်ဆုံးချိန်ဖြစ်ပေ၊
ကိုယ်တော်ရှင်မပေါ်ထွန်းမီ။

*ထပ်ဆိုရန်*

ချစ်မိတ်ဆွေများ၊ မီးခွက်ပြင်လေ၊
ချစ်ကြောက်ခြင်းဖြင့်ပြင်ဆင်နေကြ၊
သခင်ကြွလာချိန်နီးလာပေ၊
မီးခွက်တိုင်းထွန်းလင်းနေစေ။

၂။ အိပ်ပျော်လျက်နေကြလူအများ
နောက်ဆုံးသတင်းမလေးစား၊
ပြန်ကြွလာမည်ကတိတော်ထား၊
ငါတို့ယုံရမည်တကား။

၃။ နှုတ်ကပတ်တော်လမ်းပြပေတည်း၊
မှားယွင်းခြင်းမဖြစ်နိုင်လေ၊
အန္တရာယ်များဝိုင်းထားပြားလည်း၊
ကိုယ်တော်စွန့်ပစ်မထားပေ။

၄။ ကောင်းမှုကုသိုလ်များပေါ်လွင်စေ
လောကလုံးအရှက်ရလေ၊
နားထောင်ခြင်းသည်အကျိုးများပေ၊
ယုံကြည်စိတ်မြဲမြံနေစေ။

# ၂၄၀။ လာသည့်တိုင်စွဲကိုင်ကျူး

| Key: F | Hold Fast Till I Come | SDAH.600 | CH.548 |
|---|---|---|---|

၁။ ယုံကြည်သူပေါင်းအား၊ ကတိတော်ထားပြီ၊
ငါမြန်စွာလာမည်၊ ငါပိုင်သူများခေါ်မည်၊
လာသည့်တိုင်စွဲကိုင်၊ ဘေးဥပဒ်ကြီးလှ၊
ခြားသူကဲ့သို့မအိပ်၊ အသင့်စောင့်နေကြ။
*ထပ်ဆိုရန်*
လာသည့်တိုင်စွဲကိုင်၊ အထက်မှကတိ၊
နိုင်ငံတော်သစ်၌သင့်ဖို့နေရာရှိ၊
ငါ့ဘုန်းတွင်ဝင်စား၊ ငါ့ပလ္လင်ပေါ်ထိုင်၊
သရဖူများရမည်၊ လာသည့်တိုင်စွဲကိုင်။

၂။ မီးခွက်များထွန်းလျက်၊ ဆုတောင်းစောင့်နေမည်၊
အခြားသူများဖို့၊ သူခိုးကဲ့သို့လာသည်၊
နီးသည်ကိုသိ၏၊ နေ့ရက်ကိုမသိ၊
ဆောင်းချိန်ရောက်နွေချိန်ရောက်သည်ကဲ့သို့ဖြစ်၏။

၃။ ကျွန်ုပ်တို့မြော်လင့်၊ အမိန့်တော်ပေါ်မှာ၊
ကျွန်ုပ်တို့အရှင်၊ ဘုန်းတော်နှင့်ပေါ်ထွန်းလာ၊
ကတိအားလုံးတွင်၊ အချုပ်အခြာမှာ၊
ငါလျင်မြန်စွာလာမည်၊ လာသည်တိုင်မြဲပါ။

# ၂၄၁။ ညီတော်သစ္စာစောင့်ကျူး

| Key: G | O Brother, Be Faithful | SDAH.602 | CH.173 |
| --- | --- | --- | --- |

၁။
ညီတော်သစ္စာစောင့်
ယေရှုကြွလာလိမ့်မည်၊
ကျွန်ုပ်တို့ကြာစွာမျှော်နေသူ၊
ဘုန်းရှိအိမ်တော်သို့မကြာမီဝင်ရမည်၊
အောင်ပွဲတွင်ကျူးအေးပါဝင်သူ၊
ညီတော်သစ္စာစောင့်၊
ဘာကြောင့်ကျွန်ုပ်တို့သည်၊
ကိုယ်တော်အားသစ္စာမဲ့သနည်း၊
အကြွင်းမဲ့မဟာမေတ္တာပြတော်မူသည်၊
ရွေးနုတ်ရန်သေခံမူသတည်း။

၂။
ညီတော်သစ္စာစောင့်၊
သန့်ရှင်းသူတို့အဖို့၊
ရွှေမြို့တော်ကိုပြင်တော်မူပြီ၊
သင်သည်ငြိမ်သက်ခြင်းရရှိရန်ဝင်စေဖို့၊
ပုလဲတံခါးများဖွင့်ထားမည်၊
ညီတော်သစ္စာစောင့်
မောပန်းခြင်းဒုက္ခပြည်၊
ဖြစ်သောဤအရပ်မှထွက်မည်၊
ဝမ်းနည်းခြင်းပြည့်သော
ညဥ့်မှောင်မိုက်ကွယ်တော့မည်၊
ဘုန်းတော်နံနက်ကိုတောင့်တ၏။

၃။
ညီတော်သစ္စာစောင့်၊ အန္တရာယ်တန်ခိုးရှင်၊
ကောင်းကင်တမန်များခြံရံကာ၊
အောင်ခြင်းပန်းခက်များ၊
ယူဆောင်လျက်မကြာခင်၊
ကောင်းကင်မှဆင်းသက်တော်မူရှာ၊
ညီတော်သစ္စာစောင့်
များမကြာဝမ်းမြောက်စွာ၊
ဤသို့ကယ်တင်ရှင်မိန့်မူရာ၊
သာဓုသစ္စာရှိငယ်သားကောင်းငါနှင့်သာ၊
ကောင်းကင်ချမ်းသာသို့ဝင်စားပါ။

၄။
ညီတော်သစ္စာစောင့်၊
ထာဝရကာလတွင်၊
သင်၏တည်ကြည်ခြင်းထင်ရှားမည်၊
ခေါင်းပေါ် သရဖူ၊
များတောက်ပမျက်နှာတွင်၊
မျက်ရည်များကိုယ်တော်သုတ်မူမည်၊
ညီတော်သစ္စာစောင့်၊
ကတိတော်မှန်ကန်ပေ၊
တည်ကြည်သစ္စာရှိသောသူသည်၊
ယေရှုနှင့်သန့်ရှင်းဖြစ်စင်သောသူတို့တွေ၊
ဘုန်းတော်စိုးစံခွင့်ရလိမ့်မည်။

# ၂၄၂။ နာရီမသိကျူး

| Key: B♭ | We Know Not the Hour | SDAH.604 | CH.540 |
|---|---|---|---|

၁။ သခင်ပေါ်ထွန်းမည့်ချိန်ကျွန်ုပ်တို့မသိကြ၊
လာချိန်နီးကြောင်းကိုပုဗ္ဗနိမိတ်များဖော်ပြ၊
ပြန်ကြွလာမည်မှာစိတ်ချဖွယ်ကတိတော်ရှိ၊
သို့သော်နာရီမသိ။

*ထပ်ဆိုရန်*

ကြွလာမည်၊ ကျွန်ုပ်တို့သင့်စောင့်နေကြ၊
ကြွလာမည်၊ ဟာလေလုယ၊ ဟာလေလုယ၊
ခမည်းတော်ဘုန်းရောင်ခြည်တိမ်နှင့်တကွကြွလာမည်၊
သို့သော်နာရီမသိ။

၂။ ကယ်တင်ခြင်းရှာသောသူတို့ဖို့အလင်းရှိသည်၊
ဗျာဒိတ်ရကျမ်းတွင်သစ္စာစကားဖော်ထားသည်၊
အနာဂတ်စကားတိုင်းဆုံးခန်းချိန်ကြီးညွှန်ဘိ၊
သို့သော်နာရီမသိ။

၃။ ကျွန်ုပ်မီးခွက်များပြင်လျက်ဆုတောင်းစောင့်နေမည်၊
သခင်ပြန်လာသည်တိုင်အောင်ဆောင်ရွက်စောင့်နေမည်၊
နိမိတ်များမြင်တိုင်းရွှင်စွာသီချင်းဆိုလျက်ရှိ၊
သို့သော်နာရီမသိ။

# ၂၄၃။ ယုံခြင်းသည်အောင်ခြင်းတည်းကျူး

| Key: D | Faith is the Victory | SDAH.608 | CH. |
|---|---|---|---|

၁။ အလင်းတော်တောင်တစ်လျှောက်တပ်ချ၊ ခရစ်ယာန်စစ်သည်ထ၊
နေရောင်မကွယ်မီညဥ့်အစ၊ စစ်ပွဲသို့ချီတက်ကြ၊
ချိုင့်အောက်ရှိရန်သူများတို့အားစွမ်းအားရှိတိုက်ကြရာ၊
လောကကိုအောင်ခြင်းအရာမှာ၊ ယုံကြည်ခြင်းသာဖြစ်ပါ။

*ထပ်ဆိုရန်*

ယုံခြင်းသည်အောင်ခြင်းတည်း၊
ယုံခြင်းသည်အောင်ခြင်းတည်း၊
အိုဘုန်းကြီးသောအောင်ခြင်းသည်၊
လောကကိုအောင်ခြင်းတည်း။

၂။ ကိုယ်တော်အောင်လံမေတ္တာဖြစ်သည်၊ ကျမ်းစာကျွန်ုပ်ဓါးတည်း၊
သန့်ရှင်းသူတို့နင်းသောလမ်းကို၊ အောင်လံများနှင့်လျှောက်လို၊
ယုံကြည်ခြင်းအားဖြင့်သူတို့သည်လေပြင်းကဲ့သို့အောင်သည်၊
သေမင်းကိုအောင်သည်ယုံကြည်သူ၊ ငါတို့ဒိုင်းလွှားဖြစ်မူ။

၃။ ရန်သူများကိုရပ်တိုင်းတွေ့မှာ၊ ကြောက်မက်ဖွယ်စီတန်းနေ၊
ပေါ့လျော့ခြင်းများစွန့်လွှတ်ထားပါ၊ စစ်ပွဲသို့ချီတက်လေ၊
ကယ်တင်ခြင်းသံခမောက်ဆောင်းပါသစ္စာခါးပန်းစည်းလေ၊
ငါတို့ခြေသံရွှေကြားကြော်သံမှာ၊ မြေကြီးပဲ့တင်ခတ်စေ။

၄။ ရန်သူကိုအောင်မြင်သောသူအား၊ ဖြူဝတ်ရုံကိုပေးမည်၊
ကောင်းကင်တမန်အပေါင်းရှေ့တွင်၊ သူ့နာမဖော်ပြမည်၊
အလင်းတောင်မှရှေ့သို့တိုးတက်မေတ္တာစိတ်ရွှင်လန်းရ၊
ယေရှုအောင်မြင်နာမတော်မြတ်၊ ညတပ်ကိုအောင်မြင်ကြ။

# ၂၄၄။ သူရဲကဲ့သို့ရပ်ကျူး

| Key: G | Stand Like the Brave | SDAH.610 | CH.576 |
|---|---|---|---|

၁။ ခရစ်ယာန်နိုးလော့၊ သခင်မိန့်တော်ဖြစ်ပေ၊
သံခမောက်ဒိုင်းလွှားနှင့်ဓါးများလက်စွဲလေ၊
မာရ်နတ် နှင့်ပြိုင်ရန်ရဲရင့်စွာချီတက်ကြ၊
သူရဲကဲ့သို့ရပ်ရန်သူဘက်သို့လှည့်ကြ။
*ထပ်ဆိုရန်*
သူရဲကဲ့သို့၊ ရပ်တန့်နေလျက်၊
သူရဲကဲ့သို့၊ ရန်သူဘက်မျက်နှာလှည့်။

၂။ ဘေးနှင့်ကြုံကြိုက်သော်သတိပြုဖို့ရန်မှာ၊
နောက်သို့မလှည့်ရာကွယ်ကာရာမရှိပါ၊
ထောင်သောင်းသောမှောင်တပ်ကိုသင်အောင်လိုမူကာ၊
သူရဲကဲ့သို့ရပ်ရန်သူဘက်သို့လှည့်ကြ။

၃။ သခင်အမှုကိုစိတ်အားကြီးစွာခုခံ၊
စိတ်ထက်သန်လျက်စောင့်အဆုံးတိုင်အောင်တိုက်လှန်၊
ကိုယ်တော်ရှေ့ဆောင်လျှင်စွမ်းသတ္တိနှင့်တက်ရ၊
သူရဲကဲ့သို့ရပ်ရန်သူဘက်သို့လှည့်ကြ။

၄။ သင့်ဗိုလ်ချုပ်နီး၏ကျေးဇူးပြတော်မူမည်၊
ယုံမှားကင်းလျက်တိုးနစ်သိမ့်ဝမ်းသာစေမည်၊
မေတ္တာတော်ကန္တာရတွင်မြစ်လိုစီးကျ၊
သူရဲကဲ့သို့ရပ်ရန်သူဘက်သို့လှည့်ကြ။

# ၂၄၅။ တက်ကြခရစ်ယာန်စစ်သည်ကျူး

| Key: D | Onward, Christian Soldiers! | SDAH.612 | CH.360 |
|---|---|---|---|

၁။ တက်ကြခရစ်ယာန်စစ်သည်၊ တိုက်ဖို့ချီသည်နည်း၊
ယေရှုကပ်တိုင်ထမ်းပြီး၊ ရှေ့တက်စိတ်အားကြီး၊
ရန်သူတွေ့အောင်ခရစ်တော်၊ ကိုယ်တိုင်ကြွနှင့်သော်၊
စစ်ပွဲထဲသို့ဝင်လေ၊ အလံတော်ကြည့်ပေ။
*ထပ်ဆိုရန်*
တက်ကြခရစ်ယာန်စစ်သည်၊ တိုက်ဖို့ချီသည်နည်း၊
ယေရှုကပ်တိုင်ထမ်းပြီး၊ ရှေ့တက်စိတ်အားကြီး။

၂။ အားကြီးဗိုလ်ပါများလို၊ ခရစ်အသင်းသား၊
ရှေးသန့်ရှင်းသူများကိုခြေရာလိုက်၍သွား၊
ကွဲပြားဝါဒကင်းကာ၊ ကိုယ်တစ်ကိုယ်တည်းသာ၊
တသမျှော်လင့်ခြင်းပွား၊ မေတ္တာစိတ်တစ်ပါး။

၃။ မင်းစိုးအာဏာရွေ့သွား၊ တိုင်းပြည်ပေါ်ပျောက်ချေ၊
ယေရှုနိုင်ငံတော်ကား၊ မြဲတည်နေရလေ၊
မာရ်နတ်ဆိုး၏နိုင်ငံ၊ အောင်ခွင့်လျှင်းပယ်ရှား၊
ခရစ်ကိုယ်တိုင်မိန့်သံ၊ မြဲကတိတော်ထား။

၄။ လူမျိုးပေါင်းတို့ရှေ့တက်၊ ကျွန်ုပ်တို့နှင့်ရော၊
အသံချင်းပေါင်းဆိုလျက်၊ အောင်မြင်သီချင်းအော်၊
အရှင်မင်းခရစ်တော်၊ ဘုန်းကြီးပါစေသော်၊
လူနှင့်ကောင်းကင်သားတွေ၊ အစဉ်သီဆိုလေ။

# ၂၄၆။ စစ်တိုက်သံကြွေးကြော်ကျူး

| Key: A♭ | Sound the Battle Cry | SDAH.614 | CH.499 |
|---|---|---|---|

၁။ စစ်တိုက်သံကြွေးကြော်၊ ရန်သူနီးကြည့်လေ၊
မြင့်မားစွာမြှောက်ကိုင်အလံတော်၊
စစ်တန်ဆာဝတ်စေ၊ ရဲရင့်စွာရပ်လော့၊
နှုတ်ကပတ်တော်မြတ်ယုံလျက်တိုက်လော့။

*ထပ်ဆိုရန်*

ထလော့စစ်သည်၊ အလံတော်ကိုဝိုင်းလော့၊
အသင့်ရှိလော့၊ လူတိုင်းအားပြောပါ၊
ရှေ့သို့တိုးလျက်ဟောရုဏ္ဏာကြွေးကြော်လော့၊
ယေရှုရှင်စစ်ဗိုလ်ချုပ်ကြီးဖြစ်ပါ။

၂။ ရန်သူကိုတွေ့ဖို့၊ ရှေ့သို့တိုးတက်စို့၊
ကျွန်ုပ်တို့အမှုအောင်မြင်မည်၊
ဒိုင်းလွှားအောင်လံချီ၊ အလင်းတွင်တောက်ပ၊
အမှန်တို့စစ်တိုက်လျှင်စဉ်အောင်ရ။

၃။ ကောင်းကင်ရှင်ဘုရား၊ နားညောင်းတော်မူပါ၊
ကရုဏာတော်ဖြင့်မစပါ၊
စစ်မှုပြီးသောခါ၊ စစ်ပွဲအောင်သောခါ၊
ရှေ့တော်မှာသရဖူကိုပေးပါ။

# ၂၄၇။ ထွက်ကြ၊ ယေရှုဖို့တိုက်ကြကျူး

| Key: A♭ | Stand Up! Stand Up for Jesus! | SDAH.618 | CH.354 |
|---|---|---|---|

၁။ ထွက်ကြယေရှုဖို့တိုက်ကြ၊ ကပ်တိုင်စစ်သူရဲများ၊
အလံတော်ကိုချီမြှောက်ကြ၊ ရှုံးခြင်းမခံစေသား၊
အောင်မြင်ခြင်းမှအောင်သည့်တိုင်၊ တပ်တော်ဆောင်ပို့မူမည်၊
ရန်သူတိုင်းရှုံးနိမ့်သည့်တိုင်၊ ဗိုလ်ချုပ်ယေရှုလိုက်မည်။

၂။ ထွက်ကြယေရှုဖို့တိုက်ကြ၊ တံပိုးမှုတ်သံနားထောင်၊
စစ်ပွဲတွင်တိုက်ရန်ချီကြ၊ ဤနေ့တွင်စစ်ပွဲအောင်၊
တပ်တော်တွင်စစ်မှုထမ်းကြ၊ ရန်သူတို့များပြားပါ၊
ဘေးရောက်သည့်ခါရဲရင့်မှာ၊ အားချင်းဆိုင်၍တိုက်ကြ။

၃။ ထွက်ကြယေရှုဖို့တိုက်ကြ၊ ကိုယ်တော်မြတ်အားနှင့်သာ၊
သင်၏အားကိုကိုးစားက၊ ကေန်ရှုံးမည်မှတ်ပါ၊
ဧဝံဂေလိဒိုင်းလွှားဆောင်၊ ဆုတောင်းလျက်စောင့်နေပါ၊
တာဝန်ချပေးသော်ရှက်ဆောင်၊ အစဉ်အသင့်ရှိရာ။

၄။ ထွက်ကြယေရှုဖို့တိုက်ကြ၊ တိုက်ခြင်းမကြာစေရာ၊
ယနေ့တိုက်ခိုက်သံကြားရ၊ နက်ဖြန်အောင်သံကျူးမှာ၊
အောင်မြင်လေသောစစ်သားအား၊ သက်သရဖူပေးမည်၊
ဘုန်းကြီးဘုရင်၏အပါး၊ အစဉ်စိုးစံရမည်။

# ၂၄၈။ ဘုရားသခင်၌ခိုင်ခံ့လော့ကျူး

| Key: G | Be Ye Strong In the Lord | SDAH. | SS.686 |
|---|---|---|---|

၁။ ဘုရားတန်ခိုးတော်၌ခိုင်ခံ့ခြင်းရှိကြလော့၊
နှုတ်ကပတ်သမ္မာတရားစွဲကိုင်လေ၊
သင့်ကိုစောင့်ထိန်းလိမ့်မည်၊ ရန်သူလက်မှကယ်နုတ်၍၊
နာမတော်အားဖြင့်အောင်ပွဲခံရမည်။
*ထပ်ဆိုရန်*
ခိုင်ခံ့စွဲတည်မြဲလော့၊
မိန့်တော်မူသံကိုနားထောင်လျှောက်လိုက်၊
နာခံလျက်ရှေ့တက်ကြစို့၊
ကတိတော်၌မြဲတည်လျက်၊
တန်ခိုးတော်၌ခိုင်ခံ့ခြင်းရှိလော့။

၂။ ဘုရားတန်ခိုးတော်၌ခိုင်ခံ့ခြင်းရှိကြလော့၊
နောက်မဆုတ်ဘဲရှေ့တက်၍စစ်ချီလေ၊
သင့်ကိုစောင့်ထိန်းလိမ့်မည်၊ ရန်သူလက်မှကယ်နုတ်၍၊
တန်ခိုးတော်အားဖြင့်ရှေ့သို့စစ်ချီလော့။

၃။ ဘုရားတန်ခိုးတော်၌ခိုင်ခံ့ခြင်းရှိကြလော့၊
ကတိတော်လာသည့်တိုင်ရှုံးခြင်းမရှိ၊
လက်တော်ဖြင့်စွဲကိုင်မည်၊ ရန်သူလက်မှကယ်နုတ်၍၊
နှုတ်ကပတ်တော်တိုင်းတည်မြဲခြင်းရှိလော့။

# ၂၄၉။ လှိုင်းကြီးယော်ဒန်ကမ်းတွင်ကျူး

| Key: E♭ | On Jordan's Stormy Banks | SDAH. | CH.553 |
|---|---|---|---|

၁။ လှိုင်းကြီးယော်ဒန်ကမ်းတွင်ရပ်စဉ်၊
ကျွန်ုပ်ဘဏ္ဍာရှိရာ၊
ခါနာန်ပြည်တော်တင့်တယ်ပျော်ရွှင်၊
ကျွန်ုပ်လွန်တောင့်တပါ။

*ထပ်ဆိုရန်*

တင့်တယ်ပျော်ရွှင်ပြည်တော်တွင်တွေ့ဆုံမည်၊
မြစိမ်းလန်းသာယာကမ်းတစ်ဖက်မှာ၊
မောရှေနှင့်သိုးသငယ်သီချင်းထပ်ခါဆိုမည်၊
ယေရှုနှင့်အစဉ်နေကြရာ။

၂။ ကျယ်ပြန့်လွင်ပြင်တစ်လျှောက်လုံးတွင်၊
ထာဝရကာလတည်း၊
ခရစ်နေမင်းမြဲစိုးစံလျှင်၊
ညဥ့်မှောင်ရိပ်ကွယ်ပျောက်ပြီ။

၃။ ဘယ်ခါထိုပျော်ဖွယ်ပြည်ရောက်အံ့၊
အစဉ်ကောင်းချီးခံရန်၊
ဘယ်ခါမျက်နှာတော်ဖူးရအံ့၊
နိုင်ငံတော်ဝင်စားရ။

၄။ ဝမ်းမြောက်ရွှင်မြူးစိတ်နှင့်ပြည့်ဝ၊
ဤလောကစွန့်ခွာမည်၊
ယော်ဒန်လှိုင်းလုံးများလွန်စွာထ၊
ရဲရင့်စွာဖြတ်သွားမည်။

# ၂၅၀။ ကယ်တင်ရှင်နောက်တော်လိုက်ပါမည်ကျူး

| Key: A♭ | I Will Follow thee | SDAH.623 | CH.266 |
|---|---|---|---|

၁။ ကယ်တင်ရှင်နောက်တော်လိုက်ပါမည်၊
အရပ်ရပ်သို့ရောက်သော်လည်း၊
ကြွသောလမ်းရှိသမျှလိုက်မည်၊
သခင်နောက်တော်လိုက်ပါမည်။

*ထပ်ဆိုရန်*

ကယ်တင်ရှင်နောက်တော်လိုက်ပါမည်၊
ကျွန်ုပ်တွက်သွေးတော်သွန်းပြီ၊
လူအပေါင်းစွန့်ပစ်ကြားသော်လည်း၊
ကျေးဇူးတော်ဖြင့်လိုက်ပါမည်။

၂။ လမ်း၌ကျောက်ခဲဆူးတွေ့သော်လည်း၊
ပင်လယ်ကဲ့သို့ခြေရာကင်း၊
ဤလမ်းကိုကိုယ်တော်လျှောက်သတည်း၊
နောက်တော်သို့ဝမ်းမြောက်စွာချဉ်း။

၃။ ဒုက္ခသွေးဆောင်စုံစမ်းပါစေ၊
ကျွန်ုပ်များစွာတွေ့သော်လည်း၊
သွေးဆောင်ခံတော်မူခြင်းအောက်မေ့၊
သာယာစွာနောက်တော်လိုက်မည်။

၄။ ငါသည်ညှဉ်းဆဲဒုက္ခလမ်းတွင်၊
ဆင်းရဲစွန့်ပစ်ခြင်းခံစဉ်၊
ကိုယ်တော်နောက်ခိုကိုးရာမဲ့ကြား၊
ကိုယ်တော်နောက်သာလိုက်ပါမည်။

# ၂၅၁။ အထက်အရပ်ကျူး

| Key: A | Higher Ground | SDAH.625 | CH.631 |
|---|---|---|---|

၁။ ကျွန်ုပ်ထက်လမ်းသို့တက်နေသည်၊
အစဉ်အထက်သို့တက်နေသည်၊
လမ်းဆုံးရောက်ရန်ကြိုးစားသောခါ၊
ကျွန်ုပ်ကိုမြင့်ရပ်မှာထားပါ။

*ထပ်ဆိုရန်*

ယုံကြည်ခြင်းဖြင့်၊ မြင့်နေရာမှာ၊
ကျွန်ုပ်ကိုချီ၍ရပ်စေပါ၊
ရောက်ခဲ့သည်ထက်မြင့်နေရာမှာ၊
ကျွန်ုပ်ကိုမြင့်ရပ်မှာထားပါ။

၂။ ယုံမှားကြောက်ရွံ့ခြင်းများနေရာ၊
နေရန်ကျွန်ုပ်စိတ်မရှိပါ၊
တချို့ဤသို့လိုရှိသော်လည်း၊
ကျွန်ုပ်ထက်တက်ရန်ဆုတောင်းသည်။

၃။ စာတန်ကျွန်ုပ်ကိုမှူးသော်လည်း၊
မြင့်သောအရပ်၌နေချင်သည်၊
ထက်ရပ်သန့်ရှင်းသူများနှင့်လေ၊
အောင်မြင်သီချင်းကိုကျူးချင်ပေ။

၄။ အမြင့်ဆုံးနေရာတက်ချင်ပြီ၊
ဘုန်းရောင်ခြည်တော်ကိုမြင်ချင်သည်၊
ကောင်းကင်အိမ်တော်ရောက်သည်တိုင်အောင်၊
ကိုယ်တော်အထက်ရပ်သို့ပို့ဆောင်။

# ၂၅၂။ မကြာမီအိမ်တော်သို့သွားကြမည်ကျူး

| Key: E♭ | In a Little While We're Going Home | SDAH.626 | CH. |
|---|---|---|---|

၁။ လမ်းတစ်လျှောက်ငါတို့ပျော်ရွှင်စွာသီဆိုသွားကြ၊
မကြာမီအိမ်တော်သို့သွားကြမည်၊
ထာဝရနေ့ရောက်ညဥ့်မှောင်ရိပ်များပျောက်ကွယ်ရ၊
မကြာမီအိမ်တော်သို့သွားကြမည်။

*ထပ်ဆိုရန်*

မကြာမီကာလ၊ မကြာမီကာလ၊
လှိုင်းတံပိုးကျော်သွားကြမည်၊
မှန်တိုင်းလွန်သွားလျှင်အားလုံးနောင်ခါတွေ့ဆုံကြ၊
မကြာမီအိမ်တော်သို့သွားကြမည်။

၂။ ကိုယ်တော်ရှင်အပ်ထားမှုရှိသမျှဆောင်ရွက်စို့၊
မကြာမီအိမ်တော်သို့သွားကြမည်၊
ကျေးဇူးတော်မြတ်ဖြင့်နေ့စဉ်ခွန်အားရရှိဖို့၊
မကြာမီအိမ်တော်သို့သွားကြမည်။

၃။ ခရီးပန်းသူများအတွက်လမ်းပြင်ပေးလတ္တံ့၊
မကြာမီအိမ်တော်သို့သွားကြမည်၊
မေတ္တာရှင်သခင်ကရုဏာနှင့်စောင့်ရှောက်အံ့၊
မကြာမီအိမ်တော်သို့သွားကြမည်။

၄။ စိုးရိမ်ခြင်းအပေါင်းတို့မှချမ်းသာရကြရာ၊
မကြာမီအိမ်တော်သို့သွားကြမည်၊
လှပထွန်းတောက်မြို့တော်တွင်မျက်ရည်ကင်းရှင်းပါ၊
မကြာမီအိမ်တော်သို့သွားကြမည်။

# ၂၅၃။ ကောင်းကင်ကိုရောက်ရှိချိန်ခါကျူး

| Key: B♭ | When We All Get to Heaven | SDAH.633 | CH. |
|---|---|---|---|

၁။ ယေရှုအံ့ဖွယ်မေတ္တာတော်နှင့်၊
ကျေးဇူးကရုဏာချီးမွမ်း၊
ထွန်းတောက်အိမ်မင်္ဂလာရှိမှာ၊
နေရာများပြင်ဆင်လျက်ထား။

*ထပ်ဆိုရန်*

ကောင်းကင်ကိုရောက်ရှိချိန်ခါ၊
မည်မျှဝမ်းသာပျော်ရွှင်နေ့ဖြစ်မည်နည်း၊
ယေရှုအားဖူးတွေ့မည်၊
အောင်မြင်ခြင်းဟစ်ကြွေးကြွေးသီဆိုမည်။

၂။ ဘုရားဖူးလမ်းလျှောက်သွားစဉ်ခါ၊
ကောင်းကင်မိုးတိမ်များကွယ်လာ၊
ခရီးလမ်းဆုံးနေ့များလွန်သွား၊
မှောင်ရိပ်ညည်းတွားမရှိရာ။

၃။ နေ့စဉ်ကိုးစားဆက်ကပ်သက်ရှင်၊
မှန်ကန်ယုံကြည်ခြင်းဦးတည်၊
ဘုန်းတော်ခရာမှုမြင်ရလျှင်၊
ပင်ပန်းရာပျော်ရွှင်နိုင်မှာ။

၄။ ရှေ့မှာဆုလာဘ်မရောက်မီတိုင်၊
မကြာမီတင့်တယ်ခြင်းဖို့၊
ပုလဲတံခါးဖွင့်မည်မကြာ၊
လျှောက်လှမ်းသွားမည်ရွှေစင်လမ်း။

# ၂၅၄။ ကောင်းကင်ကြယ်ပမာထွန်းလင်းမည်ကျူး

| Key: A♭ | We Shall Shine as the Stars | SDAH. | AY.196 |
|---|---|---|---|

၁။ လောကမှာခေတ္တညှော့်ပမာနေကာ၊
ဘေးလူများသတိမမူလည်း၊
ကောင်းကင်မှာကယ်တင်ရှင်သရဖူပေးမှာ၊
ထွန်းလင်းမည်ကောင်းကင်ကြယ်ပမာ။
*ထပ်ဆိုရန်*
ထွန်းလင်းမည်ငါတို့မိုးသောက်ကြယ်ပမာ၊
ကပ်တိုင်တင်ခံယေရှုနှင့်သာ၊
ထမြောက်သောသူနှင့်တူမည်ထာဝရ၊
နေလိုထွန်းတောက်မည်စဉ်ကာလ။

၂။ လောကဥစ္စာမချမ်းသာဖူးသော်လည်း၊
ကျော်စောကိတ္တိမဖြစ်ဖူးလည်း၊
သူတော်စင်ဆုလာဘ်ချမ်းသာရမည်တည်း၊
ဓမ္မာနွေလနာမတော်၌။

၃။ ငါတို့သည်တဲကုပ်နှင့်နေရပြားလည်း၊
လူသူမသိထီးကျန်သော်လည်း၊
လျှို့ဝှက်လည်းခမည်းတော်တွေ့မြင်ပေသည်၊
သူ့ပိုင်သူတိုင်းအောက်မေ့ပေသည်။

# ၂၅၅။ မင်္ဂလာများလိုရှိသလားကျူး

| Key: D | Would You Win a Saviour's Blessing? | SDAH. | CH.479 |
|---|---|---|---|

၁။ မင်္ဂလာများလိုရှိသလား၊ ရက်ရောစွာလှူပါ၊
မှုတော်ကြီးပွားစေလိုသလား၊ ရက်ရောစွာလှူပါ၊
မေတ္တာစာတ်နှင့်ပြည့်ဝစေ၊ ရက်ရောစွာလှူဒါန်းပါလေ၊
မိန့်တော်တိုင်းလျှောက်လိုက်လိုမူ၊ ရက်ရောစွာလှူပါ။

၂။ ဝမ်းမြောက်လိုတူစိတ်သဘောဖြူ၊ ရက်ရောစွာလှူပါ၊
နှင်းပေါက်ပမာစက်ကျလိုမူ၊ ရက်ရောစွာလှူပါ၊
တတ်နိုင်သမျှလှူပါလေ၊
လှူသမျှကျေးဇူးဆပ်မှာ၊ ရက်ရောစွာလှူပါ။

၃။ သတင်းကောင်းကိုပြန့်ကြဲစေဖို့၊ ရက်ရောစွာလှူပါ၊
ရောင်ခြည်တော်ကိုမြန်စွာလင်းဖို့၊ ရက်ရောစွာလှူပါ၊
ရိတ်သိမ်းချိန်ရောက်လာသောခါ၊ ဆုလာဘ်အများလိုရှိမှာ၊
မိန့်တော်မူသမျှနာကာ၊ ရက်ရောစွာလှူပါ။

# ၂၅၆။ ဒံယေလကိုထောက်၍နိုးဆော်ကျူး

| Key: A♭ | Standing By a Purpose True | SDAH. | CH.497 |
|---|---|---|---|

၁။ ပညတ်တော်တိုင်းလိုက်လျှောက်ကြ
သေရည်သေရက်ကို၊
ချီးမွမ်းရှောင်ဝံ့ဒံယေလ၊
သာဓုခေါ်ကြစေလို။
*ထပ်ဆိုရန်*
တစ်ယောက်တည်းနေသော်လည်း၊
ဒံယေလကဲ့သို့၊
ယစ်မျိုးရွှေရည်မြဲရှောင်ကြဉ်၊
ကြားပြောဝံ့ကြစို့။

၂။ ဒံယေလကဲ့သို့မပြု
ရဲရင့်စွာမနေ၊
ရက်ကြောက်ခြင်းသဘောရှိသူ၊
ပျက်စီးခြင်းသို့ရောက်လေ။

၃။ လောဘဒေါသမောဟတို့၊
မိုက်မဲစွာစွဲလည်း၊
ဒံယေလနည်းလိုက်သူတို့၊
တိုက်လျှင်ကွယ်ပျောက်စေတည်း။

၄။ စာတန်ပိုလ်ခြေမကြောက်ရန်၊
ဒံယေလအောက်မေ့၊
ဧဝံဂေလိမြတ်အလံ၊
ခိုလှုံအောင်မြင်ကြလေ။

# ၂၅၇။ သွေးဆောင်လျှင်မပါနှင့်ကျူး

| Key: B♭ | Yield Not to Temptation | SDAH. | CH.498 |
|---|---|---|---|

၁။ သွေးဆောင်လျှင်မပါနှင့်၊ ပါလျှင်အပြစ်ပေ၊
သင်တစ်ခါအောင်သဖြင့်၊ နောက်တစ်ခါအောင်ပေ။
ရဲရင့်စွာတိုးတက်လေ၊ တပ်မက်ခြင်းချုပ်ရာ၊
ယေရှုကိုစဉ်ကြည့်ပေ၊ သင့်ဆုံးတိုင်ပို့မှာ။
*ထပ်ဆိုရန်*
နစ်သိမ့်အားပေးတည်ကြည်ရန်၊
ကယ်တင်ရှင်ထံဆုတောင်းပါ၊
ကိုယ်တော်လိုတော်မစရန်၊ သင့်ကိုဆုံးတိုင်ပို့မှာ။

၂။ မကောင်းမိတ်ရှောင်ရှားလေ၊ စကားယုတ်ရွံရှာ၊
ဘုရားနာမရိုသေ၊ မုသားမသုံးရာ၊
သတိစိတ်အားကြီးစွာ၊ သစ္စာရှိစိတ်ရှည်၊
ယေရှုကိုစဉ်ကြည့်ပါ၊ သင့်ဆုံးတိုင်ပို့မှာ။

၃။ အောင်မြင်လေသောသူကို သရဖူပေးမည်၊
ယုံခြင်းဖြင့်အောင်မြင်လို၊ မကြာရှုံးသော်လည်း၊
ကျွန်ုပ်တို့အရှင်သာ၊ အားအသစ်ပေးမည်၊
ယေရှုကိုစဉ်ကြည့်ပါ၊ သင့်ဆုံးတိုင်ပို့မှာ။

# ၂၅၈။ အောင်လံလွင့်ထူလေကျူး

| Key: G | Raise the Standard High | SDAH. | CH.500 |
|---|---|---|---|

၁။ အောင်လံလွင့်ထူလေ၊ လူစုသံကြွေးကြော်၊
ဆိုးသွမ်းလောကကျဆုံးစေ၊
ရည်မှန်းချက်မှန်သော်ဆန္ဒပြင်းပြစေ၊
လွတ်လပ်သူတို့လာကြလေ။
*ထပ်ဆိုရန်*
သေရည်ရှောင်အောင်လံလွင့်လေ၊
စစ်ချီသံ ကြွေးကြော်ကြပါ၊
ဆိုးသွမ်းလောကကျဆုံးစေ၊
လွတ်လပ်သူတို့လာကြလေ။

၂။ ပင်လယ်နှင့်ကုန်းတွင်၊ ကျပ်တည်းစည်းမျဉ်းသုံး၊
မင်းတရားကြီးအုပ်စိုးလျှင်၊
သူ့တန်ခိုးကျဆုံးငြိမ်သက်ခေတ်အတည်၊
ရွှေခေတ်ဝင်ရောက်လာချေမည်။

၃။ မှန်ကန်ခြင်းအောင်မြင်၊ ဆိုးညစ်ခြင်းကျဆင်း၊
ကြာရှည်ကြမ်းတမ်းတိုက်ပွဲတွင်၊
မူးယစ်ဆေးဝါးရှောင်အောင်ပွဲခံကြမည်၊
လွတ်လပ်ပျော်ရွှင်စွာနေမည်။

# ၂၅၉။ တရားတော်အောင်မြင်နေကျူး

| Key: B♭ | His Truth is Marching On | SDAH.647 | CH. |
|---|---|---|---|

၁။ ကိုယ်တော်ဘုန်းတော်ဖြင့်ကြွသည်ကိုကျွန်ုပ်မျက်စိဖြင့်မြင်ပြီ၊
အမျက်ဒေါသစပျစ်ရည်သိုထားရာကိုနင်းချေလေပြီ၊
လျှင်မြန်ကြောက်ဖွယ်ဖျက်ဆီးတတ်သည့်
လျှပ်စစ်ပြက်ဓါးစေလွှတ်ပြီ၊ တရားတော်အောင်မြင်နေ။
*ထပ်ဆိုရန်*
ဘုန်းတော်၊ ဘုန်းတော်၊ ဟာလေလုယ၊
ဘုန်းတော်၊ ဘုန်းတော်၊ ဟာလေလုယ၊
ဘုန်းတော်၊ ဘုန်းတော်၊ ဟာလေလုယ၊
သမ္မာတရားအောင်နေ။

၂။ နောက်သို့ဆုတ်ရန်အမိန့်မပေးဖူးသည့်တံပိုးမှုတ်လေပြီ၊
ပလ္လင်ရှေ့၌လူတို့စိတ်ကိုဆန်ခါချ၍စစ်လေပြီ၊
အိုငါ့ဝိညာဉ်အမြန်ဖြေပေး၊ အိုငါ့ခြေတို့အောင်မြင်လေ၊
ဘုရားချီတက်နေသည်။

၃။ ပင်လယ်ရပ်ခြားနှင်းပန်းလှကြား၌ခရစ်တော်ဖွားမြင်ပြီ၊
ရင်ခွင်တော်ရှိဘုန်းသည်ငါတို့ကိုဘုန်းရောင်ထင်ရှားစေပြီ၊
သန့်ရှင်းစေရန်သေခံနည်းတူ၊ လူသားလွတ်ဖို့သက်ရှင်စို့၊
ဘုရားချီတက်နေစဉ်။

# ၂၆၀။ အိမ်ထောင်မှာမေတ္တာကျူး

| Key: F | Love at Home | SDAH.652 | CH. |
|---|---|---|---|

၁။ ပတ်ဝန်းကျင်တင့်တယ်စေရာ၊ အိမ်ထောင်မှာမေတ္တာ၊
ချိုသာဝမ်းမြောက်သံကြားရာ၊ အိမ်ထောင်မှာမေတ္တာ၊
ချမ်းသာငြိမ်သက်ခြင်းပြည့်ဝ၊ ပြုံးရွှင်မျက်နှာသာတွေ့ရ၊
ချိန်တိုင်းသာယာချမ်းမြေ့ရာ၊ အိမ်ထောင်မှာမေတ္တာ။

*ထပ်ဆိုရန်*

အိမ်ထောင်မှာ၊ ချစ်မေတ္တာ၊
ချိန်တိုင်းသာယာချမ်းမြေ့ရာ၊
အိမ်ထောင်မှာမေတ္တာ။

၂။ ထက်ကောင်းကင်တွင်ပြုံးရွှင်ကာ၊ အိမ်ထောင်မှာမေတ္တာ၊
မြေအောက်တွင်မေတ္တာလွှမ်းရှာ၊ အိမ်ထောင်မှာမေတ္တာ၊
ရေစီးချောင်းများသီဆိုကြ၊ မိုးပေါ်ရောင်ဝါထွန်းတောက်ပ၊
ထက်ရပ်မှရွှင်ပြုံးမူခါ၊ အိမ်ထောင်မှာမေတ္တာ။

၃။ ငါ့သက်လုံးကိုယ်တော်ပိုင်ရာ၊ အိမ်ထောင်မှာမေတ္တာ၊
ကိုယ်တော်စွန့်နည်းလိုက်လျှောက်ရာ၊ မေတ္တာမှန်ပွားလာ၊
ဘေးရန်လုံးစုံမှကွာရှင်း၊ ပြစ်ကြောင့်စိတ်ပျက်ခြင်းနှင့်ကင်း၊
ကျေးဇူးတော်ဖြင့်ကယ်တင်လာ၊ မေတ္တာတော်ဖုံးပါ။

# ၂၆၁။ ကိုယ်တော်ထံသို့ပို့ဆောင်ကျူး

| Key: G | Lead Them, My God, to Thee | SDAH.653 | CH.410 |
|---|---|---|---|

၁။ ကိုယ်တော်ထံသို့ပို့ဆောင်၊ ပို့ဆောင်မူပါ၊
ဤချစ်သူငယ်များကို၊ ကိုယ်တော်ပေးရာ၊
အနန္တမေတ္တာဖြင့်၊ ကိုယ်တော်ထံသို့ပို့ဆောင်၊
ပို့ဆောင်မူပါအရှင်၊ ထံတော်ပို့ဆောင်။

၂။ ကမ္ဘာထွန်းလင်းလှပ၊ ပျော်ရွှင်သောခါ၊
လမ်းလွဲမှားခြင်းတို့မှ၊ ကယ်တော်မူပါ၊
စုံစမ်းခြင်းဘေးရန်မှ၊ ကိုယ်တော်ထံသို့ပို့ဆောင်၊
ပို့ဆောင်မူပါအရှင်၊ ထံတော်ပို့ဆောင်။

၃။ ငယ်သောသူများတို့ပင်၊ သူငယ်ဖြစ်လာ၊
ပြစ်များသောကမ္ဘာမှာ၊ ပြစ်ကင်းစေပါ၊
ကိုယ်တော်ကျွန်ုပ်ဆုတောင်း၊ ကိုယ်တော်ထံသို့ပို့ဆောင်၊
ပို့ဆောင်မူပါအရှင်၊ ထံတော်ပို့ဆောင်။

၄။ ယုံကြည်ခြင်းမှိန်သော်လည်း၊ ယုံကြည်နေမည်၊
ကိုယ်တော်ဆုကျေးဇူးကို၊ ခုလက်ခံမည်၊
သိမ်းယူပါနှလုံးများ၊ ကိုယ်တော်ထံသို့ပို့ဆောင်၊
ပို့ဆောင်မူပါအရှင်၊ ထံတော်ပို့ဆောင်။

# ၂၆၂။ ပျော်ရွှင်အိမ်ဖြစ်အစဉ်ကျူး

| Key: G | Happy the Home | SDAH.655 | CH.413 |
|---|---|---|---|

၁။ ဘုရားသခင်ကိန်းဝပ်မူလျှင်၊
ပြည့်မေတ္တာစိတ်တိုင်းတွင်၊
တစ်လုံးတစ်ဝတည်းရှိခြင်းပင်
ပျော်ရွှင်အိမ်ဖြစ်အစဉ်။

၂။ ယေရှုနာမတော်ရှိသေလျှင်၊
သူငယ်များပင်ချစ်ခင်၊
အမိများလည်းမြတ်နိုးစိတ်ပင်၊
ပျော်ရွှင်အိမ်ဖြစ်အစဉ်။

၃။ ကိုယ်တော်ကိုပတ္တနာပြုကာ၊
နာမတော်ချီးမွမ်းပါ၊
နှုတ်ကပတ်တော်မြတ်နိုးခုံမင်၊
ပျော်ရွှင်အိမ်ဖြစ်အစဉ်။

၄။ မင်္ဂလာရှိသောငြိမ်သက်ခြင်း၊
အိမ်များတွင်ရှိစေချင်၊
ကိုယ်တော်ကိုချစ်မြတ်နိုးအစဉ်၊
မေတ္တာစိုးမိုးမည်ပင်။

# ၂၆၃။ ကမ္ဘာ့လူငယ်များကျူး

| Key: B♭ | The Youth of the World | SDAH. | AY.187 |
|---|---|---|---|

၁။ ခေါ်တော်မူသံငါတို့ကြားပေ၊
ဝမ်းသာစွာတုံ့ပြန်ကြလေ၊
ကိုယ်တော်ကိုသစ္စာစောင့်ပါမည်၊
မှုတော်သာဆောင်ဖို့ဦးတည်။
*ထပ်ဆိုရန်*
ကမ္ဘာ့လူငယ်များ၊ ဂါလိလဲရှင်ဖို့ဖြစ်သည်၊
ကမ္ဘာ့လူငယ်များ၊ ပြစ်လုံးစုံမှကယ်ချွတ်ပြီ၊
စွမ်းရည်တိုင်းမှုတော်တွက်ဖြစ်စေ၊
ထာဝရကာလဦးတည်၊
ကမ္ဘာ့လူငယ်များ၊ ဂါလိလဲရှင်ဖို့ဖြစ်သည်။

၂။ ပေးတော်မူသမျှသောစွမ်းရည်၊
ကိုယ်တော်တွက်အသုံးပြုမည်၊
အချိန်ကိုငှားရမ်းတော်မူသည်၊
လိုတော်တိုင်းဆောင်ဖို့အတည်။

၃။ ငါတို့ပိုင်ဆိုင်သမျှတို့သည်၊
လိုတော်အတိုင်းဖြစ်ရမည်၊
မြတ်ဆုံးအလုပ်ပေးပါအရှင်၊
ဝမ်းသာဝမ်းမြောက်မည်သခင်။

# ၂၆၄။ နေ့ရက်များလွန်သွားစဉ်ကျူး

| Key: A♭ | While the Days are Going By | SDAH. | CIS.486 |
|---|---|---|---|

၁။ ညှိုးငယ်သောသူများကိုမစ၊ နေ့ရက်များလွန်သွားနေစဉ်၊
မောပန်းဝိညာဉ်များဆုံးရကြ၊ နေ့ရက်များလွန်သွားနေစဉ်၊
ငါတို့ခရီးလမ်းလျှောက်စဉ်၊ ဝမ်းမြောက်ရွှင်လန်းရယ်လျက်နှင့်၊
ကောင်းမှုများပြုကြအစဉ်၊ နေ့ရက်များလွန်သွားနေစဉ်။
*ထပ်ဆိုရန်*
နေ့ရက်များလွန်သွားစဉ်၊ နေ့ရက်များလွန်သွားစဉ်၊
ကောင်းမှုများပြုကြအစဉ်၊ နေ့ရက်များလွန်သွားနေစဉ်။

၂။ ချည်းနှီးသက်သက်ချိန်မကုန်စေ၊ နေ့ရက်များလွန်သွားနေစဉ်၊
သင့်မျက်နှာနံနက်လိုဖြစ်စေ၊ နေ့ရက်များလွန်သွားနေစဉ်၊
လောကမှာဝမ်းနည်းခြင်းများ၊ ငိုကြွေးပူပန်ခြင်းပြည့်ကြ၊
လဲသောညီအစ်ကိုမစ၊ နေ့ရက်များလွန်သွားနေစဉ်။

၃။ ချစ်ခြင်းဖြင့်ချည်နှောင်လေသမျှ၊ နေ့ရက်များလွန်သွားနေစဉ်၊
ငါတို့သည်စွန့်ပစ်ထားရကြ၊ နေ့ရက်များလွန်သွားနေစဉ်၊
ကောင်းသောမျိုးစေ့စိုက်သမျှ၊ အလင်းနှင့်အရိပ်အောက်မှာ၊
ပေါက်၍ငါတို့ဝမ်းမြောက်ရ၊ နေ့ရက်များလွန်သွားနေစဉ်။

# ၂၆၅။ တစ်နေ့နေ့တွင်ငွေကြိုးပြတ်ရာကျူး

| Key: F | Some Day the Silver Cord will Break | SDAH. | CH.630 |
|---|---|---|---|

၁။ တစ်နေ့နေ့တွင်ဝိညာဉ်ချုပ်ရာ၊
ခုလိုသီချင်းမဆိုရတည်း၊
သို့သော်နန်းတော်၌နိုးသောခါ၊
အိုမည်မျှဝမ်းသာလိမ့်မည်နည်း။

*ထပ်ဆိုရန်*

ကိုယ်တော်ကိုဖူးမြင်ရလိမ့်မည်၊
ကျေးဇူးတော်
ကယ်တင်ကြောင်းလျှောက်မည်၊
ကိုယ်တော်ကိုဖူးမြင်ရလိမ့်မည်၊
ကျေးဇူးတော်
ကယ်တင်ကြောင်းလျှောက်မည်။

၂။ တစ်နေ့နေ့ယာယီတဲပျက်မည်၊
ဘယ်သောပျက်မည်ကျွန်ုပ်မသိ၊
သို့သော်စိုးစံရန်အရှင်သည်၊
ကောင်းကင်၌ပြင်ဆင်ထားကြောင်းသိ။

၃။ တစ်နေ့နေ့အသက်တမ်းကုန်၍၊
ထာဝရနားရာဝင်စားမည်၊
သာခုသာခုငယ်သားဟူ၍၊
ကိုယ်တော်ရှင်မြတ်မိန့်တော်မူမည်။

## ၂၆၆။ နားညောင်းပါအရှင်ကျူး

| Key: D | Hear Our Prayer, O Lord | SDAH.684 | CH.688 |
|---|---|---|---|

နားညောင်းပါအရှင်၊ နားညောင်းပါအရှင်၊
ငြိမ်သက်ခြင်းမင်္ဂလာ၊ ပေးပါကိုယ်တော်ရှင်။ အာမင်။

## ၂၆၇။ ကောင်းချီးပေး၍သွားခွင့်ပြုအရှင်ကျူး

| Key: C | Dismiss Us, Lord, with Blessing | SDAH.690 | CH.702 |
|---|---|---|---|

ဝတ်ပြုရာမှထွက်ခွာသွားချိန်တွင်၊
ကောင်းချီးပေး၍သွားခွင့်ပြုအရှင်။
နေ့စဉ်တိုက်ပွဲတွင်စောင့်ရှောက်သခင်၊
ကယ်တင်တော်မူပါချီးမွမ်းမည်သာ။
အာမင်။

## ၂၆၈။ ကိုယ်တော်ရှင်ဗိမာန်တော်တွင်ရှိ၏ကျူး

| Key: D♭ | The Lord is in His Holy Temple | SDAH.692 | CH.690 |
|---|---|---|---|

ကိုယ်တော်ရှင်ဗိမာန်တော်တွင်ရှိ၏၊
ကိုယ်တော်ရှင်ဗိမာန်တော်တွင်ရှိ၏၊
အားလုံးတိတ်ဆိတ်စွာနေလော့၊
အားလုံးတိတ်ဆိတ်စွာနေလော့ရှေ့တော်မှာ၊
တိတ်ဆိတ်နေ၊ တိတ်ဆိတ်နေ၊ ရှေ့တော်မှာ။
အာမင်။

## ၂၆၉။ ကောင်းချီးပေးရှင်ကိုချီးမွမ်းစေကျူး

| Key: G | Praise God, From Whom All Blessings | SDAH.694 | CH.683 |
|---|---|---|---|

ကောင်းချီးပေးရှင်ကို၊ ချီးမွမ်းစေ၊
မြေကြီးသားတို့ချီးမွမ်းကုန်လော့။
ကောင်းကင်သားပေါင်းချီးမွမ်းစေသော၊
ခမည်းတော်၊ သားတော်၊ ဝိညာဉ်တော်။

## ၂၇၀။ ဘုန်းကြီးပါစေသောအရှင်ကျူး

| Key: E♭ | Glory Be to the Father | SDAH.660 | CH.689 |
|---|---|---|---|

ဘုန်းကြီးပါစေသောအရှင်၊
ခမည်းတော်၊ သားတော်၊ ဝိညာဉ်တော်၊ ဘုရား၊
အစအဦးကဲ့သို့ပင်လျှင်၊ ပစ္စုပ္ပန်အနာဂတ်တွင်၊
စဉ်တည်မြဲနေ၊ အာမင်၊ အာမင်။

# ကိုယ်တော်မိသားစုဝင်

| Key: G | The Family of God |
|---|---|

*ထပ်ဆိုရန်*

ငါ၌ဝမ်းမြောက်ခြင်းရှိ၊ ကိုယ်တော်မိသားစုဝင်၊
သွေးစမ်း၌ဆေးကြောပြီးကာ၊ စင်ကြယ်စေပြီ၊
ယေရှုအားဖြင့်သာ၊ ပြည်တော်အမွေခံရ၊
ကိုယ်တော်၏မိသားစုဝင် ငါရွေးခြင်းခံပြီ။

၁။ ဤကမ္ဘာဝယ်တစ်ယောက်နှင့်တစ်ယောက်မောင်ရင်းနှမသဖွယ်
လွန်စွာချစ်ရင်းနှီးကြတဲ့အိမ်ထောင်မိသားစုပင်၊
သောကပူဆွေးခြင်းပင်၊ မျှဝေခံစားကြတယ်၊
အောင်မြင်တိုင်း မိသားစုပင် အတူဝမ်းမြောက်ကြတယ်။

၂။ မိဘမဲ့အိမ်တံခါးဝမှ၊ ဘုရင်၏အိမ်တော်သို့၊
ပယ်ခံထီးကျန်မဟုတ်ပါ၊ ဂုဏ်တော်ကျူးအေးရမှာ၊
ဆင်းရဲမှချမ်းသာသို့၊ အားနည်းခြင်းမှခွန်အား၊
မွေတော်မခံယူထိုက်ငြား၊ ကြီးမြတ်ဘုန်းတော်ချီးမွမ်း။